# ကျွန်တော့်လင်

ဇဝန

# နိဒါန်း

မိန်းမနှင့်ယောကျ်ားဟူ၍ ကမ္ဘာပေါ် တွင် စတင်ဖြစ်ပေါ်လာကတည်းကပင် အကြင်မိန်းမတို့သည် အစဉ်သဖြင့် ယောကျ်ားတို့၏ စိုးမိုးအုပ် ချုပ်ခြင်း ကိုခံရကာ၊ အားနွဲ့သည့် မိန်းမသားဟူသော အဖြစ်ဖြင့် ယောကျ်ားတို့ပြု သမျှ နုခဲ့ကြရသည်မှာ ကမ္ဘာသက်ရှည်ကြာ လာခဲ့ပြီဖြစ်ပေ၏။ ထိုကဲ့သို့သော ယောကျ်ားတို့ထက် အောက်ကျသော ဘဝအခြေအနေတွင် ကာလရှည်လျက် ဤကမ္ဘာကြီး အိုဟောင်း၍ ခေတ်သစ်သို့ပြောင်းလာသောအခါမိန်းမတို့၏ အကြံဉာဏ်အယူအဆတို့သည် ခေတ်ကြီးနှင့်အတူပြောင်းလဲ၍လာကြကာ မိမိတို့၏ အောက်ကျနောက်ကျဘဝကို ငြီးငွေ့စပြုလာကြပြီးလျှင်ကမ္ဘာကြီး၏ လောကထုံးစံတို့ကို ပုန်ကန်လိုသော စိတ်ထားများ ဝင်စားပေါ်ပေါက်လာကြသည်။ ယောကျ်ားတို့ကဲ့သို့လွတ်လပ်ခြင်းကို လိုလားတောင့်တကြသည်။ထိုအခါမှစ၍ မိန်းမတို့သည် ယောကျ်ားတို့ထက် မသာနိုင်စေကာမူ ယောကျ်ားတို့နှင့် တန်းတူညီမျှသော အခွင့်အရေးကိုကြွေးကြော် တောင်းဆိုစပြုလာ ကြလေသည်။

မိန်းမတို့သည် ထိုကဲ့သို့သော အခွင့်အရေးကိုတောင်းဆိုခြင်းအားဖြင့် ယောကျ်ားတို့၏ အခြေအနေအဆင့်အတန်းကို ထိခိုက်ဆုတ်ယုတ်စေခြင်းသည် အစပြုခဲ့လေသည်။သို့ရာတွင်ယောကျ်ားတို့သည်မိန်းမတို့အားမိမိနှင့်တန်းတူညီမျှသော အခွင့်အရေးကို ပေးလိုက်ခြင်းအားဖြင့်ရှေ့ခေတ်ရှေ့အခါတွင်မိမိတို့၏ဘဝအခြေအနေ၌ မည်သို့မည်ပုံထိခိုက်မည်ကို မျှော်ခေါ် တွေးတောခြင်းမပြုကြ၊မိန်းမတို့အပေါ်တွင် မဟာကရုဏာမေတ္တာတော် ရှေ့ထား၍ မိမိတို့နှင့်မခြားနားသော တန်းတူလွပ်လပ်ခွင့် ပေးလိုက်လေရာကမ္ဘာကြီးဆွေးမြေ့ ကြေပျက်လုနီးပါးမျှကာလရှည်ကြာစွာ ယောကျ်ားတို့၏နိပ်ကွပ်ဖိစီးခြင်းကို ခံခဲ့ကြရကုန်သောမိန်းမတို့သည် ဖောင်းမှလွတ်လိုက်သောမြင်းကဲ့သို့လွတ်လပ်ခြင်း၏အရသာကို မီးကုန်ယမ်းကုန် အစွမ်းကုန်အကြွင်းမဲ့ စံစားအသုံးပြုကြလေကုန်တော့၏။

ထိုအခွင့်အရေးကိုရရှိသည့်အခါမှစ၍မိန်းမတို့သည်ရှေးယခင်ယောကျ်ားတို့သာ လျှင် လုပ်ကိုင်လျက်ရှိကြကုန်သော ဌာနဋ္ဌရအဝဝတွင်ဝင်ရောက်လုပ်ကိုင်ခြင်း ပြုကြရုံမကဘဲ၊ အပြုအမူအနေအထိုင်တို့ပင်လျှင်ယောကျ်ားတို့နှင့်မခြားနားသော အခြေအနေသို့ ဆိုက်ရောက်ခဲ့ကြလေ၏။ထိုအခါမှစ၍ခေတ်ကြီးပြောင်းလွဲလာပြီ ဟုဆိုကြလေကုန်တော့သည်။ထိုသို့ပြောင်းလွဲလာသော ခေတ်ကြီးတွင် မိန်းမတို့သည် စာရေးစာချီအလုပ်မှစ၍တိုင်းပြည်အုပ်ချုပ်သော မင်း–မှူး–မတ် ရာထူးများအထိ ထိုထိုသောအလုပ်အကိုင်များကို ယောကျ်ားတို့လက်ထဲမှ လုယက်၍ယူကြလေ၏။ ထိုသို့လျှင်မိန်းမတို့သည် ယောကျ်ားတို့၏နေရာကို တိုးဝင်၍လာကြခြင်းအားဖြင့် ယောကျ်ားတို့သည် မိန်းမတို့အားနေရာဖယ်၍ ပေးကြရသောအဖြစ်မျိုးသို့ ဆိုက်ရောက်လာခဲ့ကြကာ၊ မိန်းမတစ်ယောက်တိုးလျှင် ယောကျ်ားတစ်ယောက်အဖို့

အလုပ်ကင်းမဲ့လက်လါတ်ခြင်းအဖြစ်သို့ရောက်ခဲ့ရာ အလုပ်အကိုင်အသီးသီးတွင် မိန်းများ ပိုမိုဝင်တိုးလေလေ၊ ယောကျ်ားအလုပ်လက်မဲ့ပိုမိုများပြားလေလေ ဖြစ်လာတော့၏။ ဤခေတ်ကြီးတွင် ယောကျ်ားအလုပ်လက်မဲ့ဦးရေ တစ်နေ့တခြား ပိုမိုများပြားတိုးတက်နေခြင်းသည် မူလကပင်ယောကျ်ားတို့က မိန်းမတို့အပေါ်တွင် မဟာဂရုဏာ ထားလျက် တန်းတူအခွင့်ရေးပေးလိုက်မိမှားခြင်းကြောင့်ဖြစ်သည်မှာ အကြောင်းတစ်ရပ်အနေဖြင့်ထင်ရှားလှပေတော့၏။

ယင်းသို့မိန်းမတို့သည်လွတ်လပ်ခွင့်ကိုရရှိလိုက်ခြင်းအားဖြင့်ကမ္ဘာအစဉ်အဆက်က မိမိတို့လုပ်ငန်းဆောင်တာများဖြစ်သောစားဖိုချောင်လုပ်ငန်းတို့ကို စွန့်ပစ်ကြကာ ယောကျ်ားတို့နှင့် ရောနှောလုပ်ကိုင် နေကြရုံမျှဖြင့်တင်းတိမ်အားရခြင်းမရှိကြသေးဘဲ အနေ–အထိုင်–အသွား–အလာ–အပြု–အမူတို့ ၌ပင်ယောကျ်ားတို့ကို အတုယူ၍ လာကြတော့၏။ ထိုသို့မိန်းမတို့ပြောင်းလဲလာပုံကို ကမ္ဘာ နှင့်ချီ၍မကြည့်သေးဘဲ၊ ကျွန်ုပ်တို့မြန်မာပြည်လေးကိုကွက်၍ကြည့်လိုက်မည်ဆိုသော် များစွာသော မြန်မာ မိန်းကလေးကြီးငယ်တို့သည် ခေတ်ကာလယောကျ်ားကလေးများတမျှ ဘိုဆံတောက်ထားခြင်း၊ ရင်သား၊ပေါင်သားလက်ရုံးသားများ ပေါ်စေသော အနည်းငယ်မျှသော အဝတ်အစားဖြင့် ရေကူးခြင်း၊စက်ဘီးစီးခြင်း၊ကားမောင်းခြင်း၊ မြင်းစီးခြင်း၊ ဘောလုံးရိုက်ခြင်း၊ဘောလုံးကန်ခြင်း၊အရက်သောက်ခြင်း၊ ဖဲရိုက်ခြင်း၊ မြင်းလောင်းခြင်း၊ အချိန်အခါမရွေးတစ်ယောက်ထဲသွားခြင်း၊ ယောကျ်ားများနှင့် ရောနှောနေထိုင်သွားလာခြင်း စသည်ဖြင့်ရေတွက်၍မကုန်နိုင်အောင် များမြောင်လှစွာသော ပြောင်းလွဲခြင်းများဖြစ်ပေါ်လာသည်ကို တွေ့မြင်နေကြရပြီ ဖြစ်ပေသည်။အပြောင်းအလဲလျင်မြန်တိုးတက်သောအရှေ့တိုင်းအနောက်တိုင်းကြီးများ ကို ကြည့်လိုက် သည်ရှိသော်၊ယောကျ်ားတို့ကဲ့သို့ဝတ်စားသွားလာနေထိုင်ခြင်း၊ ယောကျ် ားတို့ကဲ့သို့ကစားခုန်စားခြင်း ယောကျ်ားများပင်အရှုံးပေးရလောက်အောင် ပြေးလွှားခုန်ပေါက်ပြိုင်ပွဲများတွင် ဝင်ရောက်ကြရုံမျှနှင့်မပြီးသေးဘဲ၊ သေနတ်ကို စွဲကိုင်၍စစ်တပ်ထဲသို့ဝင်ရောက်ကာယောကျ်ားများကိုပင်ရင်ဆိုင်ပြု၍ပစ်ခတ်တိုက်ခိုက် ကြကုန်သောအခြေအနေသို့ပင် ဆိုက်ရောက်ခဲ့ပြီကိုတွေ့ကြရကုန်၏။ သို့အားဖြင့် မိန်းမတို့သည် ယောကျ်ားတို့၏အဆင့်အတန်းကို ရရှိရုံမျှမကဘဲ ယောကျ်ားနှင့်မခြား တစ်နေ့တခြားယောကျ်ားဖြစ်လာကာ ယောကျ်ားကိုလင်အဖြစ် ပေါင်းသင်းမှုတစ်ခုသာ ကြွင်းကျန် သောကြောင့်မိန်းမဟူ၍ခေါ်ရတော့သည်ဖြစ်ပေ၏။

ထိုသို့ယောကျ်ားနှင့်မိန်းမ၏အဆင့်အတန်းတူညီနေခြင်းမှာ ယောကျ်ားများသည် မိန်းမများထက်မြင့်သော အခြေအနေအဆင့်အတန်းမှလျော့ကျသွားခြင်းပင်ဖြစ်ပေ၏။ ချိန်ခွင်၏နှစ်ဖက်သောအစွန်းတို့ကဲ့သို့တစ်ဖက်ကတင်သလောက် တစ်ဖက်က နိမ့်ကျရမည်ဖြစ်သည့်အတိုင်း ယောကျ်ားတို့၏အဆင့်အတန်းသည် ယခုထက်ပိုမို၍ တစ်စတစ်စ ဆုတ်ယုတ်ခဲ့သည်ရှိသော်၊ တစ်နေ့သို့ကျရောက်သောအခါ ယောကျ်ားတို့သည် ယခင်မိန်းမတို့၏အခြေအနေသို့ကျရောက်၍ မိန်းမတို့သည်

ယောက်ျားတို့၏အဆင့်အတန်းသို့တက်လှမ်းမည်မှာမလွဲနိုင်ဖွယ်ရာဖြစ်ပေ၏။ယခုပင်
လျင်မိန်းမတို့၏အဆင့်အတန်းသို့ ရောက်ရှိနေကြပြီးဖြစ်ကုန်သော ယောက်ျားတို့ကို
တွေ့မြင်စပြုနေကြရပြီးဖြစ်၏။ ပေါင်ဒါ မျက်နှာချေ၊ အလှဆီနှင်းပွင့်စသော
နံ့သာပြောင်းတို့ကို လိမ်းကာ တို့ပတ်ဆောင်ကုန်သောလူတစ်မျိုးကိုကျွန်ုပ်တို့
မျက်မှောက်တိုင် တွေ့မြင်ကြရပြီးဖြစ်ပေ၏။ အချို့မှာ ပေါင်ဒါနှင့် တို့ပတ်ဆောင်ရုံမျှ
မပြီးသေးဘဲ နူးညံ့ပါးလွှာသော ပိုးညွန့်၊ ဖဲတွန့်တို့ကို ဝတ်စားဆင်ယင်ကာ
အသွားအလာ ဟန်အမူအရာ၌ပင်လျှင် မိန်းမများ အသွားကဲ့သို့သိမ်မွေ့နနယ်စ
ပြုလာကြလေ၏။ ထိုသူတို့ကား လူစင်စစ်က ကာတစ်လှုပ်သည့် ပဏ္ဍုက် နပုန်း
လူဖြစ်ရုံးသူများ မဟုတ်ကြကုန်ဘဲ ပုရိသအင်္ဂါလက္ခဏာ အပြည့်အဝရှိသော
ယောက်ျားစင်စစ်ကေန်ဖြစ်ကြပေကုန်၏။

သို့ပါလျက် အဘယ့်ကြောင့် မိန်းမတို့၏ အမူကိုအတုယူပါသနည်းဟု
မေးဖွယ်ရှိသည်နှင့်အညီ အဖြေလည်းရှိပေသည်။ယောက်ျားတို့၏ အလုပ်ကို မိန်းမများ
ဝင်၍လုပ်ရာတွင် ယောက်ျားတို့မှာ အလုပ်လုပ်စရာနေရာမရှိတော့ဘဲပညာတတ်
အလုပ်လက်မဲ့အဖြစ်ဖြင့် အိမ်တွင်း၌ကုပ်၍ မို့တက်ခံနေကြရလေရာ ထိုကဲ့သို့
အိမ်တွင်း၌ကာလရှည် မြင့်စွာ နေရခြင်းသည် အချိန်အားလူအား အသားမွေး
အလှသွေးနေရသော ဘဝသို့ရောက်ရှိစေလျက် မိမိတို့ကိုယ်ကိုလှပနနယ်ပြေပြစ်အောင်
ဖန်တီးခြင်းသာလျင် အလုပ်ကြီးတစ်ခုဖြစ်လာပေတော့၏။ သို့ဖြစ်၍ ယောက်ျားတို့၏
အလုပ်ခွင်တွင် မိန်းမများ ပိုမိုဝင်ရောက် လာလေလေထိုလူမျိုးပေါ်များလေလေ
ဖြစ်ဘွယ်ရာရှိပေတော့၏။ သို့ဖြင့် မိန်းမဟူသ၍ အလုပ်လုပ်ကိုင်ကြလျှင်
ယောက်ျားတို့သည်အိမ်၌ကပ်ရပ်၍ နေထိုင်ကြရတော့မည်ဖြစ်ရာခေတ်ကြီးသည်
ယခုထက် ပိုမိုတိုးတက်လာခဲ့သည်ရှိသော်ယောက်ျားတို့၏လင့်ဝတ်ငါးပါးမှာ
(ထမင်းချက်ပြုတ်ကျွေးမွေးခြင်း၊ ကလေးထိန်းခြင်း၊ အနီးလျှော်ဖွတ်ခြင်းဈေးဝယ်ခြင်း၊
မယားအလုပ်ပြန်ချိန်စောင့်မျှော်ခြင်း စသောအချက်တို့သာလျင်ဖြစ်မည်ပင်တည်း။

ကမ္ဘာကြီးသည် တစ်နေ့တစ်ခြားပြောင်းလွဲနေ၏။ခေတ်ကြီးသည် တနေ့တခြား
ပြောင်းလွဲနေခြင်းသည် အလွန်လျင်မြန်လှ၏။ ထိုကဲ့သို့ အတောမသတ်ဒလစပ်
ပြောင်းလဲတိုးတက်နေခဲ့သည်ရှိသော် တစ်ခုသော ခေတ်သို့ရောက်ကြသောအခါဝယ်
မိန်းမတို့၏ဥစ္စာကားပညာ၊ ယောက်ျားတို့၏ဥစ္စာ ကား အဆင်းဟူသော အခြေအနေသို့
ဆိုက်ရောက်ကာ မိန်းမတို့သာလျှင် အရေးတကြီး ပညာသင်ကြားရမည်ဖြစ်ပါ၍
မိန်းမတို့သာလျှင် အလုပ်အကိုင်ရှာဖွေကျွေးမွေးသူများဖြစ်ကုန်ပြီး ယောက်ျားတို့မှာ
အိမ်တွင်းပုန်းများအဖြစ်သို့ ရောက်ရှိကြမည်မှာ မလွဲဟူ၍ယူဆဘွယ်ရာရှိပေတော့၏။

ထိုခေတ်ကြီးသို့ရောက်ခဲ့၍ ထိုခေတ်တွင်ကျွန်ုပ်တို့လူဖြစ်ကြရလျှင်မည်မျှ
ပျော်ဘွယ်ရာကောင်းလေမည်နည်း(ဝါ)မည်မျှစိတ်မချမ်း မြေ့ဘွယ်ရာကောင်းလေ
မည်နည်း ဟူသည်တို့ကို တွေးတောမျှော် ရှု၍ မဆုံးနိုင်ဘွယ်ရာရှိတော့၏။
ထိုခေက်သို့ရောက်အောင်နှစ်ပေါင်းမည်မျှ ကြာရှည်လေးမြင့်စွာစောင့်စား

ကြရမည်ကိုကား မခန့်မှန်းနိုင်သေးချေ။ ခေတ်ကြီးမှာ အပြောင်းအလဲမြန်လှသဖြင့် လာမည့်အနှစ်တစ်ရာလောက်မှာပင်ဖြစ်နိုင်ဘွယ်ရာရှိသကဲ့သို့ထင်ရပေ၏။ခေတ်ကြီးမှာ အမျိုးမျိုးပြောင်းလဲနေသဖြင့် နောင်ကို တစ်မျိုးတစ်မည် ပြောင်းလဲသွားကာ သက္ကရာဇ် အကြိမ်ကြိမ်ပြိုပြီးသည့်တိုင်အောင် ထိုခေတ်သို့ရောက်နိုင်မည်မဟုတ်သေးဟူ၍လည်း တွေးတောဘွယ်ရာရှိလေ၏။သို့ဖြစ်၍ထိုခေတ်ကြီးကိုမှီနိုင်ရန်မှာမအိုမနာမသေကြေရ အောင် ဝိဇ္ဇာ ဇော်ဂျီတပသီတို့ကပ်ရပ်၍ အသက်ရှည်ဆေးကိုမှီဝဲ၍လည်းကောင်း၊ သေသည်၏အခြား၌ နတ်ပြည်၌ နတ်ဖြစ်ပြီး ၊ထိုခေတ်သို့ရောက်သောအခါတွင် နတ်ဘဝမှစုတေ၍ လူ့ပြည်တွင်လူအဖြစ်ကိုရရန်ဘုရားရှိခိုးတိုင်း ဆုတောင်း၍ လည်းကောင်း စောင့်စားမျှော်လင့်ကြရန်သာ ရှိပေ၏။

ထိုသို့ မစောင့်စားနိုင်သူများ အဘို့ကို ထိုခေတ်တွင် မည်မျှပျော် ရွှင်ဘွယ်ရာ ကောင်းမည်ကို ယခုကပင် သိရှိကြစေရန် ကျွန်ုပ်သည် ဤမည်သော ဝတ္ထုကို ရေးသားဆက်သွင်း၍ အပျင်းတော် ဖြေလိုက်ရပါသတည်း။

* * * * * * * *

# အခန်း(၁)

ခင်သိန်း.. ခင်သိန်း ဟူသောနာမည်သည် ကျောင်းတော်သူအပေါင်းတို့နှင့်တကွ၊ မြို့တော်ရှိအပျို ကာလသမီး၊ နောက်ပိုးတို့၏ပါးစပ်ဖျား၌ ရေပန်းစားလျက်မပျောက်
မထွက်အောင် ရှိရကားထိုထိုမိန်းကလေးများက ကျွန်တော်၏နာမည်ကို ခေါ် ရသည်မှာအလွန်အရသာ ရှိဘိသကဲ့သို့ရေလဲနှင့် ခေါ် ဝေါ် နေကြသည်ကို ကျွန်တော်သိရှိရသောအခါတွင် ငါ့အား မိန်းကလေးများက ဤမျှလောက်စွဲစွဲလန်းလန်းဖြစ်နေကြပါကလားဟု အောက်မေ့ကာ ကျွန်တော်၏စိတ်တွင် အတော်ပင်မာနတက်ကြွလျက် တယ်လှတဲ့ငါပါကလားဟု များစွာသွေးကြီးမိပေ၏။

ကျွန်တော်မှာ လူပျိုရည်ဝင်စ၊ လူပျိုလုပ်ရမျှန်းသိစအရွယ်သို့ ရောက်ခဲ့ပြီဖြစ်လေရာထိုမိန်းကလေးများက ကျွန်တော့် အပေါ် တွင် အရေးယူကြခြင်း၊ စူးစိုက်ကြည့်ရှုလေ့ရှိကြခြင်းကိုတွေ့ရသည့်အခါ၊ တစ်ခါတစ်ရံ တွင်လည်း ရှက်သလိုလို ကြောက်သလိုလို ရင်တွင်းကဖိုလျက်မသွားတတ်မလာတတ် မျက်နှာမျှ မထားတတ်အောင်ဖြစ်မိတော့ပေ၏။

ကျွန်တော်တို့ တစ်ကျောင်းလုံးတွင် ယောကျ်ားကလေးဟူ၍ဆယ်လေးယောက်ခန့်မျှသာရှိလေရာ၊ ထိုအနက်တွင် ကျွန်တော်နှင့်တကွမောင်တင်မြင့်၊မောင်ကြည်ကြည်၊ မောင်လှရီတို့သာလျှင်အရွယ်အကြီးဆုံးအတန်းအကြီးဆုံးဖြစ်ကြကာကျောင်းတော်သူများ၏ ပိုးလောက်ပန်းလောက်သော အရွယ်သို့ ရောက်ကြပြီဖြစ်သဖြင့်တကျောင်းလုံးရှိအပျိုပေါက် အပျိုကြီးကာလသမီး မှန်သမျှတို့၏ဝိုင်းဝန်းပိုးပန်းခြင်းကို ခံကြရပေ၏။ အမှန်အတိုင်းဆိုသော် ကျွန်တော့်မှာ အားလုံးထက်ရုပ်ရည်ချောမောသောကြောင့် ပိုမို၍အပိုးအခံရဆုံးဖြစ်ပေသည်။

ရှေးကခေတ်ပညာသင်ကျောင်းများတွင်မိန်းကလေးများသာလျှင် ပညာသင်ကြားခဲ့ကြရာ ကျွန်တော်တို့ခေတ်သို့ ရောက်သောအခါမှယောကျ်ားလေးများကို မိဘများကစာသင်ကြားပေးလာစပြုလာကြကုန် သည်နှင့်အညီ ကျွန်တော်၏ မိဘများသည် သူတပါးသားသမီးများကို အားကျမခံလိုသဖြင့် ကျွန်တော်အား အစိုးရအထက်တန်းကျောင်းတွင်အပ်နှံ ထားကြလေရာယခုအခါတွင် ကျွန်တော်သည် ၈ တန်းသို့ ရောက်ရှိခဲ့ပြီဖြစ်ပေ၏။ ကျွန်တော်တို့အတန်းတွင်ယောကျ်ားလေး ဆိုလျှင် နှစ်ယောက်ထဲသာရှိကာကျွန်တော်နှင့် မောင်လှရီသာ ဖြစ်ကြပေ၏၊မောင်တင်မြင့်၊ မောင်ကြည်ကြည် တို့အပြင်အခြားယောကျ်ားလေး တစ်ယောက်မှာ ခုနစ်တန်းသားများဖြစ်ကြလေသည်။

လွန်ခဲ့သည့် နှစ်နှစ်သုံးနှစ်ကမူ ကျွန်တော်သည် ကလေးစိတ်ပင်ရှိသေးကာဝတ်တတ်စားတတ်ရမှန်း မသိခဲ့သေးချေ။ သို့ရာတွင် တစ်နေ့တစ်ခြား ကိုယ်အင်္ဂါအစိတ်အပိုင်းတို့သည်ကြီးမား ထွားကျိုင်း၍လာကာ စကားပြောဆိုရာမှာလည်း

အသံသြလာပြီးလျှင် သားအရေများလည်းတသွေးတမွေးတက်ကြွပြောင်းလဲလာသည်ကို တွေ့ရတော့မှ ကျွန်တော်သည် လူပျိုရည်ဝင် လူပျိုစင်ဖြစ်ပြီကို သိရှိကာ ရက်တတ်ကြောက်တတ်သောစိတ်များသည်ပေါ်ပေါက်လာခဲ့လေ၏။ထိုအခါမှစ၍ကျွန်တော်သည် ရှေးကကဲ့သို့ ပစ်စုတ်ဒေဝ နှင့်မဟုတ်တော့ဘဲ ကိုယ့်ကိုကိုယ်အမျိုးမျိုး ပြုပြင်ယုယကာ ဝတ်ချင်စားချင်စိတ် များပေါ် ပေါက်လာတော့၏။အပြောအဆိုအနေအထိုင်တို့ကိုလည်း ပြုပြင်ပြောင်းလဲလိုက်ကာ ရှေးကကဲ့သို့ ဣန္ဒြေကင်းမဲ့စွာ ပေါ်လွှားခုန်ပေါက်ဟစ်အော်ပြောဆိုခြင်းများကို ရှောင်ရှားကာ ယဉ်ကျေးသိမ်မွေ့စွာသွားလာနေထိုင်လျက် လူပျိုလုပ်ရမှန်းသိလာစေ၏။

ကျွန်တော်၏ ပြောင်းလဲလာခြင်းများကို ဦးစွာသိရှိကြသူများမှာ ကျွန်တော်၏ မိဘများပင်ဖြစ်ကြပေ၏။ မိဘများကလည်း ထိုသို့ကျွန်တော်လူပျိုဖြစ်လာသည်ကို သိရှိကြလျှင်ပင် ယောကျ်ားတို့ ဣန္ဒြေရွှေပေးလို့မရဟူသောစကားနှင့် လိုက်လျောညီညွတ်အောင် မိုင်းကောင်းကျောက်ဖိသကဲ့သို့ ပိပိပြားပြား ငြိမ်ဝပ်တည်ကြည်စွာ နေထိုင်စေလျက် ကျွန်တော့်အား အရိပ်တကြည့်ကြည့်နှင့် ရှိနေကြလေ၏။ ထိုမျှမကသေး ကျွန်တော်၏ ဖခင်ကြီးသည် ကျွန်တော်အား လိမ္မာရေးခြားရှိရန် တိုးတိုးတိတိတ်တိတ်ကြိတ်၍ ဆုံးမသွန်သင်ကာ ယောကျ်ားလေးအင်္ဂါ အဖြာဖြာနှင့် ပြည့်ဝအောင် အစဉ်သဖြင့်ပြောဆိုလေ့ရှိပေ၏။

ထိုသို့ကျွန်တော်လူပျိုရည်ဝင်လာသည်ကို ဒုတိယသိရှိသူတို့မှာ ကျောင်းတော်သူကာလသမီးတို့ဖြစ်ပေသည်။ ကျွန်တော်လည်းရှေးကနှင့်မတူ တမူကွဲပြားစွာ ဝတ်စားဖီးလိမ်းလျက် ကျောင်းတက်လာသည်ကိုသိရှိတွေ့မြင်ကြသောအခါ ၄င်းတို့သည် ကျွန်တော် မကြားတကြား 'ခင်သိန်း သိပ်ပြီးလူပျိုလုပ်နေပါလားဟေ့' ဟူ၍၄င်း 'ကြက်တူရွေး ခွေးကိုက်တယ်၊ ခင်သိန်းလေးကိုငါကြိုက်တယ်' စသည်ဖြင့်၄င်း၊ အမျိုးမျိုးပြောဆို ရှုပ်နောက်ကြ၏။ ထိုသို့ရှုပ်ကြနောက်ကြသည်ကို ယခင်ငယ်စဉ်ကကက်ကက်လန်အောင် ပြန်၍ ရန်တွေ့ကာနုတ်သီးစွာခဲ့သော်လည်း ယခုမှာမူ ဣန္ဒြေရှင်ဖြစ်နေသောကြောင့် ခေါင်းကိုငုံ့၍ခံကာ ၄င်းတို့ရှေ့တွင်မသွားတတ်မလာတတ်ဘဲ မနည်းပင်ဟန်လုပ်နေရလေ၏။

အချို့သောကျောင်းသူလေးတို့မှာမူ ထို့ထက်ပင် အကျီစားသန်ကာ ကျွန်တော်ကျောင်းပေါ်တက်လာသည်ကိုတွေ့ရလျှင် လှေကားတိုင်ထိပ်မှ လက်ရမ်းကိုခိုပြီးစီးကာ လျောစီး၍ချလာပြီးလျှင် 'အမလေးခင်ရဲ့ အောက်ကဖက်လိုက်ပါ၊ လိမ့်ကျလို့သေရချည်ရဲ့' ဟူ၍နောက်သူလည်းမရှား အချို့ကလည်း လှေခါးထိပ်မှဆီးကြို၍ 'ခင်စာအုပ်တွေသယ်လာရတာ လက်ညောင်းတော့မယ် မိမိကိုင်ခဲ့ပါ့မယ် ပေးပါ'ဟူ၍ ရဲရဲတင်းတင်းပြောသူတွေလည်းမရှားဘဲ ရှိလေရာကျွန်တော့်မှာသဘောကောင်းစွာထားလျက် အလိုက်သင့် ကြည့်၍ပြောရပေ၏။

ထိုမျှမကသေး အတန်းထဲသို့ရောက်ပြန်သည့်အခါတွင်လည်း စာပြသောသင်ပုန်းကြီးပေါ်တွင် စာအမျိုးမျိုး ရုပ်ပြောင်အမျိုးမျိုး ဖြင့်ရေးသားပြောင်လှောင်ထား

လေ့ရှိသည်ကိုလည်း တွေ့ရပေ၏ ကျွန်တော်နှင့်မောင်လှရီမှာ ယောကျ်ားလေးများဖြစ်သည့်အားလျော်စွာ အတန်းထဲတွင်ရှေ့ဆုံးခုံ ၌နေကြရလေသည်။ ကျွန်တော်တို့နောက်ခုံများ၌ ကျောင်းသူများသာရှိကြလေသတည်း။

နောက်ခုံများအနက် ကျွန်တော်တို့ခုံနှင့် အနီးကပ်ဆုံးဖြစ်သော ဒုတိယခုံရှိ ကျောင်းသူလေးတို့မှာ ကျွန်တော်တို့အား အနောက်ဆုံးအပြောင်ဆုံးဖြစ်ကြလေ၏။ ကျွန်တော်တို့အားမကြားတကြား ရှုပ်ပြောင်သောစကားများကို အလွန်ပြောကြ၏။ သူတို့ပြောဆိုသောစကားမှာ တခါတရံ ကျွန်တော်တို့အားအပျင်းပြေစေရန်ပျော်တော်ဆက်သကဲ့သို့ရှိ၍ ကျွန်တော်တို့စိတ်ထဲကကျိတ်၍ ပြုံးရယ်တော့၏။ တခါတရံ၌လည်း စိတ်ဆိုးစရာကောင်းတော့၏။

'ကိုယ်တော့ဖြင့်လေ အိပ်လည်းသူ့စိတ် စားလည်းသူ့စိတ် သိပ်ပြီးတော့ကြိုက်နေပြီဆရာ။ သူ့ကိုမရရင် ဘယ်ယောကျ်ားမှမယူဘူး၊ တကယ့်ကိုပါဘဲ.... ဘုရားအဆူဆူရွတ်လို့ မကျွတ်ဘဲရှိရစေရဲ့ ဘုရားရှိခိုးတဲ့အခါတိုင်းဆုတောင်းတာပဲ'

'အလို ...ဘယ်လိုများဆုတောင်းပါလိမ့်'

ဟော.. တပည့်တော်မနဲ့ သူနဲ့ ဘဝဆက်တိုင်းဆက်တိုင်း ဆင်ဖြစ်ရင်လည်း တကိုင်းထဲနား၊ ငှပြာရည်ဖြစ်ရင်လည်း တပုလင်းထဲ ဝင်ရတဲ့ကိုယ်ဖြစ်ရပါလို၏လို့ ဆုတောင်းတယ်' ဟုဆိုကာ ဟားတိုက်လိုက်ကြကာ ကျွန်တော်တို့မှာ ရှက်သလိုလို ရယ်ချင်သလိုလိုဖြစ်မိကာ မနည်းပင်ဣန္ဒြေဆယ်ထားကြရလေ၏။

သို့ရာတွင်မောင်လှရီမှာ ဣန္ဒြေမရှိဘဲ မျက်နှာရှူးလေးတစ်ယောက်ဖြစ်သဖြင့် ကျွန်တော့် နားသို့ကပ်ကာ တတောင်တွက်ပြီး 'ခင့်ကိုပြောနေတာ၊ သူတို့ခင့်ကိုကျနေပြီ' ဟုဆို၍ ရယ်မောသောကြောင့် ကျွန်တော့မှာ မျက်စိမျက်နှာပျက်ပြီး ရှက်ကိုးရှက်ကန်းဖြစ်လျက် ' တော်ပါ... ခင့်ကိုပြောတာမဟုတ်ပါဘူး၊ အလှကိုစောင်းပြီးပြောတာ လူများလာပြီးလွှဲမချပါနဲ့' ဟုဆိုရင်းသူ့ပခုံးကိုတွန်းပစ်လိုက်ရာ ကျွန်တော်တို့၏အရိပ်ကိုကြည့်၍ နေကြကုန်သောနောက်ခုံရှိကျောင်းသူတို့မှာ ၎င်းတို့၏စကား ကျွန်တော်တို့၏နားသို့ဝင်ပြီကို သိရှိကာ တခိခိနှင့်ကျေနပ်ကြလေ၏။

ထိုသို့ဒေါသဖြစ်အောင်ဆွပေးသကဲ့သို့ရှိကာ ရှက်ဒေါသဖြစ်မိကာ ငိုလိုက်ချင်မိတော့၏။သို့ရာတွင်ကျွန်တော့်မှာ သူတို့အပေါ် တွင်ဒေါသမဖြစ် မောင်လှရီအပေါ် တွင်သာ ဒေါသဖြစ်ကာနှုတ်ခမ်းကြီးစူလျက်နေမိလေရာ ကျွန်တော်စိတ်ကောက်နေသည်ကို မောင်လှရီရိပ်မိ၍ ကျွန်တော့်အား ချော့မော့ရန် အနားသို့ကပ်လျက် 'ခင်စိတ်ဆိုးလား' ဟုမေးလေသည်။

'စိတ်ဆိုးတာပေါ့အလှရဲ့၊ ဒီလိုစကားမျိုးတော့ ခင်ကနည်းနည်းမှမကြိုက်ဘူး' ကျွန်တော်ပြောလိုက်သောစကားကို နောက်ခုံမှ ကြားကြလေရော့သလားမသိ 'ဟောမကြိုက်ဘူးဆိုပါလား' ဟု တစ်ယောက်ကစတင်ပြောလိုက်ရာ 'မကြိုက်ရင်လည်း သူကြီးဒေါ် ကြွက်ဖြူတို့အိမ်သွားပြီးကွာရုံပေါ့' ဟုပြန်ပြောကာ သောလုံးထုတ်ကြပြန်သောကြောင့် ကျွန်တော်တို့မှာ စကားတခွန်းမှမဟာရဲအောင်ရှိကြပေ၏။

တတန်းလုံးမှ ကျွန်တော်နှင့်မောင်လုရီ နှစ်ယောက်ထဲသာလျင် ယောကျ်ားလေးဖြစ်ရကားကျွန်တော်တို့မှာ တစ်ယောက်ကိုတစ်ယောက် တိုင်ပင်ဖေါ် တိုင်ပင်ဖက်ပြု၍နေကြရလေ၏။ မောင်လုရီမှာ အသက် ၁၅ နှစ်ခန့်ရှိပြီး ဖြစ်၍ ကျွန်တော့်ထက် ရှစ်လမျှ အသက်ကြီးသော်လည်း ဣန္ဒြေမထားတတ် မျက်နှာမထားတတ် အသွားအလာ အပြောအဆိုလည်း မဟုတ်ဘဲ မိန်းကလေးများနှင့်ရောရော နှောနှော ရဲရဲတင်းတင်းနေတတ်ထိုင်တတ်သူဖြစ်၏။ သို့ရာတွင် မောင်လုရီ၌ ချစ်စရာကောင်းသော အချက်လေးများမှာ သဘောကောင်းခြင်းပျော်ရွှင်သောစိတ်နှလုံးရှိခြင်းတို့ဖြစ်သဖြင့် ကျွန်တော်သည်သူ့အပေါ် တွင်အထူးခင်မင်စိတ်ထားရှိခဲ့ပေသည်။

မောင်လုရီသည် ထိုသို့ပျော်ပျော်နေတတ်သည့်အတိုင်း ကျွန်တော့်အားမကြာခဏ စလေ့ရှိရာ ကျွန်တော့မှာလည်း အဘယ်ကြောင့်မသိ ကျွန်တော်စိတ်ကောက်လွယ်တတ်သည့် အတိုင်းမောင်လုရီအပေါ် တွင် မကြာခဏ စိတ်ဆိုးရလေ၏။သို့ရာတွင် မောင်လုရီမှာ ချက်ခြင်းပြန်၍ ချော့မော့လေ့ရှိသည့်အပြင် တတန်းလုံးတွင်စကားပြောဖော်ပြောဖက် သူတစ်ယောက်ထဲသာရှိသဖြင့် အစဉ်သဖြင့်စိတ်ကောက်၍ မနေနိုင်ဘဲ ပြန်၍စိတ်ကျေရတော့၏။ ထိုသို့စိတ်ကောက်လွယ်ခြင်းမှာ စတတ်နောက်တတ်သူတို့အဖို့ ၌ စ၍အရသာရှိသည့်အတိုင်း မောင်လုရီကလည်း ကျွန်တော့အားကျီစားလေ့ရှိခြင်းပင်ဖြစ်၏။

တခါတရံကျွန်တော် ခါတိုင်းထက် ပိုမိုလှပစွာ ဝတ်စားလာသည့်အခါ
'ခင်တော့ မညံ့ဘူး၊ ချစ်တဲ့သူရှိနေပြီထင်တယ်' ဟုဆိုရာ
'ဒီလိုစိတ်မျိုးမထားသေးပါဘူး အလုရယ် ခင်အပုံကြီးငယ်ပါသေးတယ်။ အခုနေအခါ ကြိုးစားဘို့လောက်ပဲစိတ်ရှိပါသေးတယ်' ဟုပြန်ပြောသော်လည်း လျှော့ပေးသည်မရှိဘဲ
'ခင်.. ဘုရားစူး'
'စူးရစေရဲ့'
'သွားလေရာအိမ်ထောင်ကျ'
'အို..ကြည့်စမ်းပါဦး အလုကလည်း ဘယ့်နှယ့်တွေပြောနေပါလိမ့်နော်။ရက်စရာကြီး' ဟုကျွန်တော်က မျက်နှာလေးအိုလျက် ငိုမလိုလိုပြောလိုက် သည်ကိုမောင်လုရီမှာ အလွန်ပင်စိတ်နှင့်တွေ့လျက်'အဟတ်ဟတ်' ဟု အသံကြောင်ကလေးနှင့် ရယ်မော၍နေသည်ကိုတွေ့ရပေတော့၏။

အမှန်အားဖြင့် ကျွန်တော်၏ စိတ်ထဲတွင် ရည်းစားထားဖို့ရန် တခါမျှ စိတ်မကူးခဲ့မိပေ။ထိုသို့စိတ်မကူးမိသေးသည်မှာ ရည်းစားလောင်းနှင့် မတွေ့သေးလို့လားဟူ၍တော့မပြောနိုင်ပေ။သို့ရာတွင် မောင်လုရီ၏ မကြာခဏ အချစ်နှင့်ပတ်သက်၍ ကြည်စယ်ခြင်းများ၊ ကျောင်းသူကလေးတို့က မကြားတကြား ပြောဆို ရွှတ်နောက်ဝိုင်းဝန်းပိုးပန်းခြင်းများသည် ကျွန်တော့်၏ မသိမနိုးကြားသေးသော စိတ်ကို လှုပ်ရှားတက်ကြွအောင် ပြုလုပ်ပေးသကဲ့သို့ရှိပေ၏။ ဤသို့အားဖြင့် အခြားယောကျ်ား

လေးများ ချစ်ကြကြိုက်ကြသည်ကို တွေးကြည့်မိကာ အချစ်ဆိုတာ ဘယ်လို အရသာ ရှိပါလိမ့်၊ ဘယ်လိုစည်းစိမ် ရှိပါလိမ့်ဟု စူးစမ်းသိလိုသော စိတ်များသည် ပေါ်ပေါက်လာမိပေ၏၊ သို့ဖြစ်၍ စိတ်ကူးနှင့်ကြည့်မိရာ တဦးတယောက်ကို စွဲလမ်းနေရခြင်းသည်ပင် အရသာခေါ် သလော၊တဦး တယောက်အတွက် လွမ်းဆွတ်ပူဆွေး စိတ်မအေးရခြင်းသည်ပင်လျှင် အရသာပေလော ဟုတွေးတောရ၍မရနိုင်ပဲရှိကာ စိတ်ကူးနှင့်မချစ်ဘဲ တကယ်ချစ်ကြိုက်ပြီးမှ အချစ်အရသာကို သိနိုင်မည်ကို တွေးမိသောကြောင့် တခါတရံမှာမူ (ပြောရမှာလည်းခက်ပါရဲ့) ရည်းစားထားချင်သော စိတ်များ သည် ပေါ် ပေါက်လာမိပေ၏။ သို့ရာတွင်ကျွန်တော့်စိတ်ထဲတွင် ချစ်ခြင်းကြိုက်ခြင်း အလုပ်ကိုရှက်စရာကောင်းသော အလုပ်ကြီးတစ်ခု ကဲ့သို့ ထင်မြင်အောက်မေ့မိသောကြောင့် ထိုသို့ပေါ် လာသောစိတ်ကို နုနုနယ်နယ် ကပင် ဖျက်ဆီးချေမှုန်း ပစ်လိုက်မိပေ၏။ သို့ဖြစ်သော်လည်း ကျွန်တော်၏ ကိုယ်ကိုကျွန်တော် လူပျိုဖြစ်ပြီ ကျွန်တော့်အားပိုးမည့် ပန်းမည့်သူတွေ ပေါသည်ဟု သိရှိနေရခြင်းသည် ထိုစိတ်ကို အစဉ်သဖြင့် ပျက်စီးအောင် ဖျောက်ဖျက်ပစ်၍ မရဘဲ ထိုစိတ်တို့သည် မကြာခဏ ပင် ထကြွ၍ လာလေတော့။ ဤနည်းအားဖြင့်ကျွန်တော်သည် ကိုယ့်ကိုယ်ကို ပို၍လှအောင် ပို၍ကြည့်ချင်အောင် ပိုးတွန့်၊ ဖဲတွန့်၊ ဇာညွန့် အမျိုးမျိုးဖြင့် ဆင်ယင်ဝတ်စားကာ လူပျိုလုပ်ခြင်းကို အစွမ်းကုန်ပြုတော့၏။

အဝတ်အထည်ဆန်းဆန်းပြားပြား ပေါထွက်လာသည်နှင့် တပြိုင်နက် ကျွန်တော်၏ ကိုယ်ပေါ် သို့ရောက်ရလေ၏။ ကျွန်တော့မှာ တစ်ဦးတည်းသောသားဖြစ်သည့်အတိုင်း မိဘများက ပူဆာလေသမျှ ရရှိတော့မည်ဖြစ်ကာ မတောင့်မတမကြောင့် မကျ ရသော ဘဝတွင်နေထိုင်နိုင်လေ၏။ သို့ဖြစ်သည့်အတိုင်း ကျွန်တော်သည် ပိုးဖဲရှန်သား အပြားပြားဖြင့် ချုပ်လုပ်သော ကျွန်တော်၏ ရုပ်အင်္ကျီမှန်သမျှတွင် ကော်လာအနားတွင် ဇာညွန့်၊ ဇာတွန့် တို့ဖြင့်တပ်ဆင်ကာ ကျွန်တော်၏ ကိုယ်ကို ပြုချင်တိုင်းပြု လျက် နချင်တိုင်းန၍နေလေရာ ခင်သိန်းလေးတစ်ယောက် လုရန်ကော ချောရန်ကော နှင့်မြင်သူတိုင်းပြောရသော အခြေသို့ဆိုက်ရောက်လေ အပျိုပေါက်စ၊ အပျိုလှ၊ အပျိုယဉ်၊ အပျိုစဉ်၊ အပျိုရိုင်း၊ အပျိုဟိုင်း၊ အပျိုသိုး တို့သည် ကျွန်တော့်အား ပိုးချင်တိုင်းပိုး၊ ပန်းချင်တိုင်းပန်း စန်းထ၍နေလေတော့၏။ ကျောင်းသွားကျောင်းပြန်၊ လမ်းသွားလမ်းလာတွင် တောက်တဲ့ကပ် ကပ်၍ လိုက်သူမရှား၊ မနီးမဝေးမှ ရစ်သူရစ်၊ စက်ဘီးဖြင့် လိုက်သူလိုက် ကာလသမီးတသိုက်တို့မှာ ကောက်ကောက်ပါအောင် လိုက်လံ၍ ပိုးကြသည်ကိုတွေ့ရလေ၏။

အချို့တို့ကလည်း အိမ်ရှေ့မှထွက်လာ၍ ရစ်သူရစ်၊ နောက်ဖေးမှ ချောင်းသူချောင်း၊ စောင်းမြောင်းကြည့်ရှု ညုတုတု ခရာတာတာ ဘာလိုလို ညာလိုလို မျက်နှာထား ချိုချိုဖြင့်စာကိုထောင်ပြ၍ ပြသူပြ၊ လျှာထုတ် မျက်စပစ်၍ ဖြစ်ချင်သလိုဖြစ်၍ နေကြလေတော့၏၊ ဤမည်မျှလောက်ဖြစ်နေကြသည်ကိုထောက်သော် ဥသျှစ်တတင်း နမ်းတတင်း ခေတ်ကြီးသို့ရောက်ခဲ့ပြီဖြစ်၍ ယောက်ျားတွေ ဈေးတက်ကုန်ပြီဟုစိတ်

ထဲတွင် စွဲယူမှတ်သားကာ တလွှားလွှား မာနဝင်လျက် မိန်းကလေးတိုင်းကိုအရေး မစိုက်လိုသော စိတ်များသည် ပေါ် ပေါက်လာလေတော့၏။

အပျိုဂျပိုး အပျိုသိုးတို့မှာကား ညညအခါတွင် စောင်းသံတယောသံတို့ဖြင့် အိမ်ရှေ့မှ လာရောက်ဖြေဖျော်ကာ လျောက်ပြန်သံပေး လူရေးဟန်ပြကြလေကုန်၏။ အချို့တို့ကလည်း ကျွန်တော့အား စောင်းမြှောင်းရိပ်ကာသီချင်းဆိုလျက် အချို့မှာမူ သီချင်းပျက်၊ သီချင်းပြောင်တို့ဖြင့် ရှုးကြောင်ကြောင်ဟစ်အော်၍ပိုးကြလေ၏။ဤကဲ့သို့ ပိုးပန်းသူတွေများလွန်းရကားထိုအကြောင်းကိုဖခင်ကြီးရိပ်မိသဖြင့်တစ်ဦးတည်းသော သားကလေးကို မတော်တရော်ဖြစ်သွားမည်ကိုစိုးရိမ်လှသောကြောင့် အိမ်အတွင်းမှ အိမ်ပြင်သို့မထွက်စေချင်ဘဲရှိကာကျောင်းမှပင်နုတ်ထားရန်အကြံပြုလေ၏။

သို့ရာတွင်ကျွန်တော့်မိခင်ကိုတိုင်ပင်သောအခါ

'ကိုယ့်နှယ်နော် ပူစရာမရှိပူနေပြန်ပါပြီလောကမှာရည်းစားတသိန်းမိန်းမတယောက်ပါပဲ၊ လူပျိုလူရွယ်လေးဖြစ်လာရင် ပိုးမယ့်ပန်းမယ့်သူကတော့ ရှိပေမပေါ့၊ နို့ပေတဲ့ ကိုယ်ကောင်းခေါင်းဘယ်မှမရွေ့ ဆိုတာလို ကိုယ့်သားတစ်ယောက်ရဲ့သဘော ပါဘဲ၊ အဲဒါကိုယ်ကသာ ကိုယ့်သားကိုကြည့်ပြီး ဆုံးမသွန်သင်ရုံရှိတာပဲ၊ ..စားဖို့သောက်ဖို့ရှာရတာနဲ့ သားရေးသမီးရေး ဂရုမစိုက်နိုင်ဘူး၊ ကျုပ်တို့အလုပ်လည်း မဟုတ်ပါဘူး။ ကိုယ်တို့နဲ့ဘဲဆိုင်တာပဲ၊ နို့ပေတဲ့...ကျောင်းနုတ်ချင်တယ်ဆိုတာတော့ သဘောမတူနိုင်ဘူး' ဟုတားမြစ်လေ၏။

'ဟုတ်တော့ဟုတ်တာပေါ့လေ၊ နို့ပေတဲ့ ယောကျ်ားကလေးပဲ၊ ဒါလောက်စာ တွေသင်ထားလို့ဘာထူးဦးမှာလဲလို့၊ ရေးတတ်ချွတ်တတ်ရင်တော်ရောပေါ့..စာတွေတတ် လို့ဘာအလုပ်လုပ်စရာရှိလဲ.. ယောကျ်ားလေးဆိုတာ အိမ်မှာ ချက်ဖို့ပြုတ်ဖို့ ကူဖေါ် လောင်ဖက်ရရင်ပြီးတာပဲ၊ ပညာတွေသင်လို့ငွေ ကုန်ရုံပဲရှိမှာပဲ မထူးပါဘူး'

'အဲဒါကြောင့် ကိုယ်တို့ယောကျ်ားတွေဟာ ခေတ်အကြောင်း ဘာမှနားမလည်ဘူးလို့ ပြောနေကြတာ၊ အခုခေတ်ကြီး တနေ့တခြားပြောင်းလဲနေတာ ဘာမှမသိဘူး၊ နောက်ကို ယောကျ်ားတွေ အလုပ်လုပ်လာကြမှာ ကိုယ်တွေးမိရဲ့လား ၊ ဒီခေတ်ကျရင် ကြက်မတွေတွန်လို့ မိုးမလင်း ကြက်ဖတွန်မှ မိုးလင်းမယ်ဆိုတဲ့စကားပုံကို သုံးလာကြလိမ့်မယ် ကိုယ့်သားကိုယ့်သမီးကို သူလိုငါလို ရေးတတ်ဖတ်တတ် ရုံလောက်ဖြင့် အစကထဲကဒီစာတွေ သင်မခိုင်းဘူး၊ သူများထက်ကိုထူးချွန်စေချင်လို့ သာ ဟောဒီလိုစာတွေသင်ခိုင်းတာပေါ့၊' ဟုပြောလိုက်ရာ ဖခင်ကြီးမှာ ဆင်ခြေကန်စရာ မရှိဘဲဖြစ်သွားသည့်အတိုင်းယောကျ်ားပီပီ လျှာရှည်တတ်သည့်အတိုင်းအလျော့မပေးဘဲ သရော်သလိုလို မျက်နှာထားလျက် 'ဟုတ်ပါတယ် .. အမိတို့မိန်းမသားတွေသာ လောကအကြောင်း ခေတ်အကြောင်းကောင်းကောင်းကြီးနားလည်ပါတယ်။ ကျုပ်တို့ယောကျ်ားတွေ ဘာမှနားမလည်ပါဘူး။ ခေတ်ကြီးက ကောင်းလွန်းလို့ တနေ့ကျ ကိုယ့်သားကို ကားတင်ခံရတော့မှ ခေတ်မှီတဲ့အမိကြီး ခေတ်အကြောင်း

ပိုပြီးနားလည်ပါလိမ့်မယ်' ဟုပြန်ပြောလိုက်ရာ ကျွန်တော်၏မိခင်ကြီးမှာ
သဘောကျသည့်အလား တဟားဟားရယ်နေလေ၏။

'ဟဲ ဟဲ ဒီစကားကိုလူမကြားပါစေနဲ့ ကိုမြရွှေရယ် ကျုပ်ယောကျ်ား အင်မတန်
အတယ် နတယ်ဆိုတာ လူသိသွားပါ့မယ်၊ ဒီကပြောတာက တခြား၊ ဟားဟား...
ခေတ်မှီတာနဲ့ကားတင်ခံရတာနဲ့ဘာဆိုင်လို့လဲ၊တခြားစီဟာပဲ၊ကိုယ်တို့ယောကျ်ားတွေ
ဟာဘာပြောလို့ပြောမှန်းလဲမသိဘူး၊လျှာရှည်မျိုးအူရှည်မျိုးပီပီလျှောက်ပြီးရှည်ဖို့
လောက်သာနားလည်တာပဲ၊ အဲဒါတွေပဲ ကိုယ်တို့တတွေ သိပ်ခက်တာ သိပ်ကြပ်တာပဲ'
'ကျုပ်မှန်းအခုမှသိသလား' ဟုဖခင်ကြီးက စကားနိုင်လုပြီး ပြောရာ မိခင်ကြီးမှာ
ဒေါသထွက်ပြီးလျှင် 'ဒါဘာစကားလဲ ၊ ဟင်း ...ကိုယ်ကကျုပ်ကိုစမ်းတယ်ပေါ့လေ၊
တော်ပေ့...တော်၊ ကျုပ်ဒေါသထွက်လာရင် ထပြီးရိုတ်မိလိမ့်မယ်' ဟုဆိုကာ ရှူးရှူး
ရှားရှားနှင့် ထ၍သွားရာ ဖခင်ကြီးမှာလည်းရှာ မရှည်ဝံ့တော့ဘဲ ငြိမ်သွားသောကြောင့်
ကျွန်တော့အား ကျောင်းနုတ်ရေး ပြဿနာ သည်မည်သို့မျှ အဆုံးအဖြတ်ပေါ်
မလာသဖြင့် ယခင်အတိုင်းတည်မြဲပင် တည်နေကာကျွန်တော်လည်းကျောင်းဆက်လက်
နေထိုင်နိုင်ခွင့် ရပြန်လေ၏။

* * * * * * * *

# အခန်း(၂)

ကျွန်တော့်မှာ မိန်းကလေးများ၏ အကြားတွင် စာသင်ရသဖြင့် ယောကျ်ား လေးပီပီ ဣန္ဒြေရရနှင့် လူချီးမွမ်းခံရအောင်နေထိုင်ရပေ၏၊ သို့ဖြစ်သည့်အလျောက် ယောကျ်ားကလေးချင်းသာလျင် သွားလာပြောဆို ၍ မိန်းကလေးများနှင့်မူ မည်သည့် အခါမှ ဆက်ဆံခြင်းမပြုခဲ့ပဲ အကြောင်းကိစ္စပေါ် ပေါက်လာသည့်အခါမှာမူ မေးထူး ခေါ် ပြောဆိုသလို ဆက်ဆံခြင်းပြုပေ၏။ ထိုသို့ မည်သည့်မိန်းကလေးနှင့်မျှအသိ မလုပ်သော်လည်း အတန်းတူ မိန်းကလေးအားလုံးကိုကား ၎င်းတို့၏ နာမည်ကို ကောင်းစွာသိပေ၏။

ကျွန်တော်နှင့် ရွယ်တူတန်းတူ မိန်းကလေးများမှာ အထက်တန်းသို့ရောက် နေကြသူများဖြစ်သည့်အတိုင်း အဝတ်အစားတွင် ကောင်းမွန်ကျနစွာ ဝတ်စားဆင် ယင်ကြသူများချည်းလိုလိုပင်ဖြစ်ကြ၏။ ၎င်းတို့သည်ကား ခေတ်ကာလအလျောက် ဘော့ဟဲယား ခေါ်သော ဗိုလ်ဆံတောက် အပြားထားသူထား၊ အီတွန်ကရော့ပ် ခေါ် ဆံတိုထားသူထားကြ၍ကျကျနနလိမ်းသပြုပြင် ထားလေ့ရှိကြပေ၏။ ၎င်းတို့မှာ လွတ်လပ်သောမိန်းကလေးများဖြစ်ကြသည့် အတိုင်း အဝတ်အစားတွင်လည်းလွတ် လပ်ပေါ့ပါးစွာ ဝတ်ဆင်သူများဖြစ်ကြလေသည်။

လွန်ခဲ့သောနှစ်ပေါင်းများစွာ ရှေးအခါတုန်းကမူ မိန်းကလေးများသည် ထူ ထဲသော အင်္ကျီများကို အထပ်ထပ် ဝတ်ဆင်ခဲ့ကြဖူးသော်လည်း ယခုခေတ်ရှိ မိန်းက လေးတို့မှာ များသောအားဖြင့် လက်မောင်းသားပေါ် ရင်ဟိုက်ကာ ရင်သားအထက် ပိုင်းပေါ်သော နုနုပျော့ပျော့ အဝတ်အစားတို့ကိုဝတ်ဆင်ကြလေသည်။ရှေးခေတ်တုန်း က ဝတ်ဆင်သည်ဟု ရာဇဝင်တွင် တွေ့ရဖူးသော အပေါ် အင်္ကျီဆိုသည်မှာ ယခုအ ခါတွင် မမြင်ရသလောက်ပင်ရှိတော့၏။

ထို့ပြင် မြန်မာသက္ကရာဇ် ၁၂၁ဝမှ ၁၃ဝဝ တန်းတွင်ပေါ် ပေါက်ခဲ့သောလုံချည် ခေါ် သည့်အဝတ်မျိုးမှာ ယခုအခါတွင် လုံးလုံးပပျောက်ခဲ့ပြီဖြစ်ပြီးလျင် လုံချည်နှင့် အလားတူ စကတ်ခေါ် သည့်လုံချည် တိုတိုကျပ်ကျပ်မျိုးကိုသာဝတ်ဆင်ကြပေ၏။

ခေတ်ဆန်လွန်းသူတို့မှာကား ဘောင်းဘီများကိုသာလျင် ဝတ်ဆင်ကြပေ ၏။ထိုသို့အဝတ်အစားပေါ့ပါးလွတ်လပ်ခြင်းကြောင့် မိန်းကလေးတို့မှာ စက်ဘီး စီးခြင်း၊ဘောလုံးကန်ခြင်း၊ ပြေးလွှားတန်းခုန်ခြင်းတို့၌ ရှေးကထက်ပိုမို၍ လွတ် လပ်ပေါ့ပါးစွာပြုနိုင်ကြပေ၏။

ကျွန်တော်တို့ ယောကျ်ားကလေးများမှာမူကား ဗိုလ်ဆံတောက် အတိုဘဝမှ အရှည်ဘဝသို့ ရောက်ရှိလာကာ နှစ်မုက်မျှသာရှိသော ဆံပင်ကို လှိုင်းကဲ့သို့ အဖျားတွန့်အောင်ပြုပြင်ကြတော့၏။ ကျွန်တော်တို့မှာ မိန်းမများ သတင်းစာများ၏ ကဲ့ရဲ့ဝေဖန်အပြစ်တင်ခြင်း၊ ကာတွန်းရေးဆွဲလှောင်ပြောင်ခြင်း တို့ကို ကြောက်ရွံ့

ကြရသူများဖြစ်သည့်အတိုင်း မိန်းကလေးများကဲ့သို့ လွတ်လပ်သော အဝတ်အစား များကို မဝတ်ဆင်ဝံ့ကြပေ၊ အတွင်းခံတစ်မျိုး၊ရုပ်အင်္ကျီတစ်မျိုး၊ ရုပ်အင်္ကျီ အပေါ် မှထပ်၍ ခါးရှည်အင်္ကျီကို ဝတ်ကြရပေ၏။ ထိုသို့အထပ်ထပ် ဝတ်ဆင်ကြရသည် ကိုပင် အနည်းငယ်ပါးလွှာသော အဝတ်အစားတို့ကို ဝတ်ဆင်မိချေက ချက်ချင်းပင် သတင်းစာ ထဲက အရေးခံကြရပေသေး၏။ ခါးဝတ်သာလျှင်အနည်းငယ်ပွယောင်း သောကြောင့် လမ်းလျှောက်ရခြင်း၏လွတ်လပ်ခြင်းကို ရရှိပေသည်။

ထို့မျှလောက် ကျွန်တော်တို့ယောကျ်ားလေးများမှာ မိန်းကလေး တို့၏နှိမ် ၍ထားခြင်းကို ခံကြရလေရာ အနေအထိုင်အပြောအဆိုများကို အလွန်တရာမှပင် သိပ်သိပ်သည်းသည်း ဣန္ဒြေ စောင့်စည်းလျက် ယောကျ်ားအင်္ဂါ ဆယ့်နှစ်ဖြာနှင့် ညီညွတ်အောင် နေထိုင်ကြရလေ၏။

အတန်းထဲတွင် ကျွန်တော်တို့အား ယောကျ်ားလေးဖြစ်ရာပေသည်ဟူ၍ ဆရာဖြစ်သော မိန်းမကြီးများက အရေးပေးဘို့ရန်မဆိုထားဘိ သာသာကြည်ကြည် ပြောဆိုဘို့ကိုပင် ခဲယဉ်းလှပေ၏။ တခါတရံ အနည်းငယ် ဣန္ဒြေမဲ့မိချေက "နင်" ဟူသော ရင့်သီးသည့် စကားလုံးများကို သုံးကာ "နင်တို့ဟာ ယောကျ်ားလေးပီပီ နေတာမဟုတ်ဘူး ၊..ဣန္ဒြေ မရဘာမရနဲ့ ဒီလိုနေရင် ကြီးရင် ပြည့်တန်ဆာဖြစ် ကုန်ကြမယ်" ဟုပြောဆိုကြခြင်း ကိုပင်ခံကြရပေ၏။ သို့ဖြစ်ရကား ကျွန်တော်တို့ မှာ ကျောင်းသူကြီးငယ်တို့၏ နောက်ပြောင်ခြင်းကို ဆရာမအား မတိုင်ကြားဝံ့ဘဲ ၎င်းတို့ မိန်းကလေးများ ဘက်သို့သာလျှင် မျက်နှာလိုက်သောကြောင့် မိန်းက လေးများ မှာအလွန်ရောင့်တက်ရဲတင်းကြပေတော့၏။

တတန်းလုံးတွင် ဣန္ဒြေ ရသောမိန်းကလေး ဟူ၍မရှိသကဲ့သို့ ပင်ဖြစ် ပေ၏။ မအောင်တင်နှင့် မချစ်ဦး သာလျှင်အားလုံးအနက် ဣန္ဒြေ အရဆုံးဖြစ်ပေ၏။ မချစ်ဦးမှာ ဣန္ဒြေရသည်ဟုဆိုရာ၌ မတုန်မလှုပ် မှုန်ကုပ်ကုပ် နေတတ်သောအစား မျိုးမဟုတ်ပေ။ ၎င်း၏ ဣန္ဒြေရခြင်းမှာ ယောကျ်ားကလေးများအား စခြင်းနောက်ခြင်း ရွှတ်ပြောင်ခြင်း မရှိသော သဘောပင်ဖြစ်၍ အနေအထိုင်မှာမူ အလွန်မိန်းမပီသလျက် ကိုယ်လုံးကိုယ်ပေါက်မှာလည်း မိန်းကလေးပီပီ သန်သန်မာမာ ထွားထွားကျိုင်းကျိုင်း ရှိလှပေ၏။ ထိုသို့ထွားကျိုင်းရသည်မှာ ကျန်းမာရေးကစားခုန်စားတွင် ကျွမ်းကျင် ထူးချွန် သောကြောင့်ဟု ဆိုကမမှားနိုင်ပေ။ လွန်ခဲ့သည့်နှစ်က ကျွန်တော်တို့ကျောင်း မှပြုလုပ်သော နှစ်လည်ပြေးပွဲ၌ မိန်းကလေးအားလုံးထဲတွင် ဗိုလ်စွဲခဲ့ရုံသာမက ကျောင်းပေါင်းစုံပြေးပွဲတွင်လည်း ပထမရရှိခဲ့သူဖြစ်ပေသည်။ ကျွန်တော်မှာ မချစ်ဦး နှင့် တကြိမ်နှစ်ကြိမ် စကားပြောဖူးရာ ပြောသည့်အခါတိုင်းတွင် ဣန္ဒြေသိက္ခာ စောင့် စည်းသည်ကို တွေ့ရ၏။

ကျွန်တော်မှတ်မိသမျှမှာ ပထမအကြိမ်မချစ်ဦးနှင့် စကားပြောသည့် အခါ သည်ကား ....

ကျွန်တော့်ထံမှ မှတ်စုစာအုပ်ငှားသည့်အခါကဖြစ်ပေ၏။ ထိုအခါကကျွန်တော်သည်

မချစ်ဦး၏ အပြောအဆိုအမူအရာကို ဂရုစိုက်၍ကြည့်မိလေရာ မချစ်ဦးမှာ တည်တည်ကြည်ကြည် ရှိသည်ကိုတွေ့ရပေ၏။ အကယ်၍သာမချစ်ဦးသည် ကျွန်တော်နှင့် စကားပြောရဖူးသည်ရှိအောင် ကျွန်တော့်အနားသို့ကပ်ရဖူးသည်ရှိအောင် လီဆယ်ဥာဏ်ဆောင် စာအုပ်ငှားခဲ့ခြင်း ဖြစ်ခဲ့လျှင် ရဲရဲတင်းတင်း ပြောဆိုဝံ့မည် မဟုတ်၊ ပြောသံဆိုသံက တုန်တုန်ရီရီ ရှိမည်မလွဲဟု ကျွန်တော်ထင်မိ၏။ ယခုမူ ထိုသို့မဟုတ်ဘဲ အမူအရာမပျက်ပြောဆိုခြင်းကိုတွေ့ရသဖြင့် စိတ်ကောင်း သဘောကောင်းနှင့် တောင်းဆိုခြင်းဖြစ်သည်ဟု နှလုံးပြုကာစာအုပ်ငှားလိုက်လေသည်။ သို့ရာတွင် မချစ်ဦး၏ အမူအရာမပျက်ဟုဆိုစေကာမူ အနည်းငယ်ပြောင်းလွဲထူးခြား သော အချက်ကိုကားတွေ့ရပေ၏။ ထိုအချက်မှာ အခြားမဟုတ်ဘဲ ကြည့်ရှု ပုံထူး ဆန်းခြင်းဖြစ်ပေတော့၏။

မချစ်ဦး၏ မျက်လုံးများမှာ တစ်ချက်ချက်တွင် ကျွန်တော့်အား စိုက်၍ ကြည့်လိုက်သကဲ့သို့၄င်း၊ တစ်ချက်ချက်တွင် မျက်စောင်းလှန်၍ထိုးလျက် ခိုးဝှက် ၍ကြည့်သကဲ့သို့၄င်း၊ ကြည့်ရှုပုံထူးခြားလှ၏။ ထိုသို့ကြည့်သည့်အခါတိုင်းကျွန် တော်၏အကြည့်နှင့် ဆုံနေလေရာ၊ ချာကနဲမျက်နှာလွှဲ၍ သွားသည်ကို တွေ့ရပြန် ပေ၏။ ကျွန်တော်လည်း စိတ်ထဲတွင်မည်ကဲ့သို့ဖြစ်သည်မသိ သူ့ကိုပင်စိုက်၍ ကြည့်နေမိလေသည်။

ကျွန်တော်သည် မချစ်ဦးအားစာပေးလိုက်ပြီး လူချင်းခွဲ၍ ထွက်လာသည့် တိုင်အောင် သူ၏ ထူးထူးခြားခြားကြည့်ပုံလေးမှာ ကျွန်တော်၏မျက်စိထဲမှ ရုတ် တရက် မပျောက်နိုင်သေးဘဲ “သူငါ့ကိုဘယ်လိုသဘောနဲ့ ကြည့်တာပါလိမ့်”ဟု တွေးတောခြင်းပြုမိလေ၏။ ငါ့ကိုနောက်ပိုးချင်လို့ကြည့်တာလား .. ဟူသောမေး ခွန်းများသည် အဖြေပေါင်းမြောက်များစွာ ယှဉ်တွဲလျက် ပေါ် ပေါက်လာလေတော့ ၏။ ထိုသို့လျှင် ကျွန်တော်သည် နေ့လည် အနားနေသော အခန်းတွင်း၌ တယောက် ထဲစဉ်းစား နေခြင်းဖြင့် ကျွန်တော်၏ ပတ်ဝန်းကျင်၌ ရှိရှိသမျှ အရာဝတ္ထုတို့ကိုမေ့ လျော့နေစဉ် “ဂူ ..”ဟူသော ဟစ်အော်သံဖြင့် တစုံတယောက်က လာ၍ဖက်လေရာ ကျွန်တော်မှာ လန့်ဖျတ်ပြီး “ အလို ..ဘုရား .. ပလုပ်တုတ်” ဟု ယောင်ရမ်းဟစ် အော်မိပြီးမှ လာ၍ဖက်သူကိုကြည့်လိုက်ရာ မောင်လှရီဖြစ်သည်ကို တွေ့ရလေတော့ ၏။

‘အလှကလည်း လုပ်လိုက်မှရမ်းချည်းပဲ၊ ခင်ဖြင့် သိပ်လန့်သွားတာပဲ’
‘ဟားဟား .. ဒါလောက်တောင်ပဲ လန့်ရသလား ခင်ရယ်၊ သူရဲချောက်တာလိုက်လို့’
‘လန့်ရပါပြီလားလို့ ၊ဒီမှာ တယောက်ထဲစိတ်ကူးယဉ်ပြီး သတိလစ်နေတုန်း ဒီလိုလာလုပ်တော့ လန့်တာပေါ့’
ထိုသို့ပြောလိုက်လျှင် မောင်လှရီ၏မျက်နှာတွင် တစုံတရာကျေနပ်သော အမူအရာကိုပြလျက် ပြုံးပြုံးကြီးလုပ်လိုက်ခါ...
‘ဟာ .. ဒါဖြင့်ဟုတ်ပြီ၊ အလှထင်တာမှန်နေပြီ’ ဟုဆိုလိုက်ရာ...

ကျွန်တော့မှာ ဘာများပါလိမ့်ဟု စိတ်ထဲ၌ မသိုးမသန့်ဖြစ်မိပေ၏။
'ဘယ်သူကဘာလုပ်လို့ အလှစိတ်ထဲမှာ ဘာများဖြစ်နေတာတုန်း'
'အမယ် ... ဒီကမသိဘူးများမှတ်နေလို့လား .. မြင်များမမြင်ရင်ခက်မယ်
ဟဲဟဲ မှန်မှန်ပြော၊ ခင်နဲ့ မချစ်ဦး တို့နှစ်ယောက် ဟိုဖက်ကလှေခါးထိပ်မှာ စကား
ပြောနေကြတယ် မဟုတ်လား' ဟုမေးလိုက်ရာ ကျွန်တော့မှာ မျက်နှာပျက်သွားလေ
တော့၏။

'တလွဲမထင်ပါနဲ့ အလှရယ် ... သူကစာအုပ်လာငှားလို့ စကားပြောတာပါ။
တခြားမဟုတ်ပါဘူး'
'ကောင်းပါပြီကောင်းပါပြီ၊ ဒီအတိုင်းပဲဟုတ်တယ်ထားလိုက်ပါဦး၊ အခု ခင့်စိတ်ထဲမှာ
သူ့ကိုစဉ်းစားနေတယ် မဟုတ်လား' ဟု တထစ်ကျ မေးလိုက်ရာ၊ ကျွန်တော်မှာ
သူ၏စကားအတိုင်းဟုတ်မှန်နေသောကြောင့် အဖြေရခက် မျက်နှာထားခက်
၍သွားရပြန်တော့သည်။

'အလှနော် သူများကို ဒီလိုမပြောနဲ့ ၊ဒီကတခြားအကြောင်းကို စိတ်ကူနေတာ'
'ဟော ဟော ၊ဟုတ်လို့စိတ်ဆိုးတာ မဟုတ်ရင်ဘယ်စိတ်ဆိုးမလဲ'
ကျွန်တော့မှာ ရှက်ရှက်နှင့်" ဟုတ်တယ်ဟုတ်တယ်။ ကဲဘာဖြစ်သေးလဲ"
ဟုပြောလိုက်ရာ မောင်လှရီသည် များစွာ သဘောကျလျက် အသံထွက်အောင်ရယ်
မောနေလေ၏။ 'ဟီဟီ .. ခင်တော့နေရာကျတာပဲ'
'အို .. ဘာတွေပြောနေတာလဲ အလှရဲ့'
'နေရာကျတာ ပြောတာပေါ့။ ခင့်ကိုချစ်တဲ့သူပေါ်နေလို့ပြောတာ .. အခုဟိုက
စာအုပ်လာပြီးငှားတာ နောက်ကိုခင်နဲ့အဆက်ဖြစ်အောင် ရွှေလမ်းငွေလမ်းစပြီး
ဖေါက်တာပဲ'
'ဒါတွေ ခင်နားမလည်ပါဘူး၊ ခင်တော့ စာအုပ်လာပြီးငှားလို့ ပေးလိုက်တာပဲ၊
သူ့စိတ်ထဲမှာ ဘယ်လိုပဲထားထား ခင်နဲ့ဘာဆိုင်သလဲ၊ ခင်တော့ ဒီလိုစိတ်မျိုး
မထားသေးပါဘူး'
'အမယ် ဒီစိတ်မျိုးမထားရင် ဘာပြုလို့လူပျိုလုပ်နေတာတုန်း'
'လှချင်လို့ပေါ့'
'လှပြီးသားလူက လှအောင်လုပ်ဖို့လိုသေးလား၊ ဒီလိုဝတ်တာ သူများကြည့်
အောင်သူများကြိုက်အောင်လုပ်တာ ခင်ရည်းစားထားချင်လို့ပေါ့'
'အိုကြည့်စမ်းပါဦး၊ အလှကလည်း သူများကိုချည်းလာပြီးစနေတာပဲ၊ ခင်
စိတ်ဆိုးရင် ငိုလိုက်မယ်' ဟုပြောလိုက်မှ မောင်လှရီလည်း မျက်နှာချိုသွေးလျက်
ချော့မော့သလိုလုပ်နေစဉ်မှာပင် ကျောင်းပြန်၍တက်ချိန်သို့ရောက်ခဲ့လေ၏။
တစ်နေ့တွင် ကျွန်တော်သည် အတန်းထဲ၌ သင်ခန်းစာများကို လိုက်နာနေစဉ်
ကျွန်တော်၏ ပေတံသည် လက်နှင့်ထိ၍ ခုံအောက်သို့ကျသွား၏။ ကျွန်တော်သည်
ပေတံကို ကောက်ယူရန်ငုံ့၍ကြည့်လိုက်ရာ ပေတံမှာ နောက်ဖက်သို့ကျနေသည်ကို

တွေ့ရ၍ လှမ်း၍မမှီ နိုင်သောကြောင့် မကောက်ပဲနေစဉ် နောက်ခုံရှိကျောင်းသူတစ်ဦး တစ်ယောက်၏ လက်တစ်ခုကပေတံကို ကောက်ယူသွားသည်ကိုတွေ့လိုက်ရ၏။ သို့ဖြစ်၍ကျွန်တော်ကလည်း ကျွန်တော့်အား ကောက်ယူပေးလိမ့်မည် ဟူသောအမှတ်ဖြင့် နောက်သို့မလှည့်ဘဲ ဆရာသင်ကြားပြသနေသည့် ဖက်သို့ မျက်နှာလှည့်၍နေလိုက်လေသည်။

သို့ရာတွင် အတန်ကြာသည့်တိုင်အောင် ပြန်မပေးကြသေးဘဲ နောက်ခုံတွင် တရုန်းရုန်းဖြစ်နေသည်ကို တွေ့ရသဖြင့် မသိမသာလှည့်၍ကြည့်လိုက်ရာ ဒုတိယခုံ ရှိကျောင်းသူကလေးများသည် ကျွန်တော်၏ပေတံကို တယောက်လက်မှ တယောက် လုကာနမ်းရင်းတန်းလန်းကြီးမိနေလေ၏။ ထိုသို့မိနေသဖြင့် သူလည်းရှက်ကိုးရှက် ကန်းဖြစ်သွားကာကျွန်တော့အားစိတ်မဆိုးစေလိုသော ပြုံးရယ်ခြင်းဖြင့်ပြုံးကာ ပေတံ ကိုပြန်ပေးမည်အပြုတွင် တတိယခုံမှ ကျောင်းသူတယောက်သည် ထိုင်ရာမှထကာ ရှေ့သို့ကုန်း၍လက်လှမ်းပြီးလျှင် ကိုယ်မပြီးသေးဘူးဟုဆိုကာ ပေတံကို လှမ်း၍ဆွဲ ယူသွားသဖြင့်ကျွန်တော့မှာ နောက်သို့မကြည့်ရဲတော့ဘဲ၊ စာကိုသာဂရုစိုက်၍ကြည့် နေရတော့သည်ဖြစ်ရာ ကျွန်တော်၏ ပေတံကလေးမှာ ကျောင်းသူကလေးတို့၏ နှာ ခေါင်းသရမ်းခြင်းဖြင့် မချိမဆန့်ခံ၍ နေရရှာလေတော့၏။ သို့ရာတွင် ကျွန်တော့မှာ ဆရာကိုလည်းမတိုင်ဝံ့ ကျောင်းသူကလေးများ၏ ထင်သလိုပြုလုပ်ခြင်းကိုလည်း မခံချင်ဘဲ ကြိတ်မနိုင်ခဲမရ ဒေါသဖြစ်၍သာနေရလေတော့သည်။

ကျွန်တော်၏ပေတံကိုယူထားခြင်း၌ကျွန်တော်သည် ပေတံတစ်ချောင်းအတွက် မနမျောလှပေ။ သို့ရာတွင် ပေတံကို နိုင်လိုမင်းထက် ပြုလုပ်နေကြခြင်းကိုမူ စိတ်ထဲ၌ မခံရပ်နိုင်အောင်ဖြစ်မိသောကြောင့် မည်သည့်နည်းအားဖြင့် ပေတံကိုပြန်၍ရအောင် လုပ်ရပါမည်နည်းဟု စဉ်းစားသော်လည်း သူတို့ပြန်မပေးက မည်သို့မျှရနိုင်မည် မဟုတ်သောကြောင့် သူတို့အား နိုင်သောနည်းဖြင့် ယူရမည်ဖြစ်ရာ ဆရာမကို တိုင်၍ကား ကျွန်တော်တို့ ယောကျ်ားကလေးများကို မည်သည့်အခါကမှမျက်နှာ မလိုက်မိန်းမပီပီ မိန်းကလေးများဖက်သို့သာ မျက်နှာလိုက်သဖြင့် တိုင်၍လည်းထူး တော့မည် မဟုတ်ဘဲရှိလေရာ ကျွန်တော့မှာ ထိုအခါကျမှ မချစ်ဦးကို ပြေး၍သတိရ မိသောကြောင့် မချစ်ဦးအားတိုင်ရန် စိတ်ကူးမိလေ၏။

သို့ဖြစ်သည့်အတိုင်း ညနေကျောင်းဆင်းသည်နှင့်တပြိုင်နက် ကျွန်တော် သည်မချစ်ဦး အခန်းထဲမှထွက်၍အလာကိုစောင့်ကာ ၎င်းအား တွေ့ရသည်နှင့်တပြိုင် နက်'ဒီမှာ ...မချစ်ဦး' ဟုခေါ် လိုက်ရာ မချစ်ဦးသည် ကျွန်တော်၏ခေါ် သံကြား ၍လှည့်ကြည့်ကာ ကျွန်တော့ကိုမြင်လျှင် ပြုံးလျက်ကပ်လာလေ၏။

ထိုသို့ကျွန်တော်တို့နှစ်ယောက် စကားပြောနေသည်ကို တွေ့မြင်ကြရသော ကျောင်းသူကလေးတို့သည် မကြားတကြားပြောဆိုလှောင်ပြောင်လျက် လက်ခေါက် မှုတ်လေချွန် စသည်ဖြင့်ပြုလုပ်ကြလေရာ ကျွန်တော်မှာ မျက်နှာမထားရဲအောင်ရှိနေ သဖြင့်ပြောစရာရှိသော စကားကို ခပ်မြန်မြန်ပြောဆိုတိုင်ကြားရလေတော့သည်။

ကျွန်တော်ပြောသောစကားများကို မချစ်ဦးကြားရသည်နှင့် တပြိုင်နက် ဒေါ်သဖြစ်သော အရိပ်အရောင်သည် ပေါ် လာလျက် 'အို …ဒီလိုဆိုရင်ဘယ်ခံနိုင်ပါ့မလဲ၊ ခင်စိတ်မပူနဲ့ ချက်ချင်းရအောင်ယူပေးမယ်'ဟုဆိုကာထွက်သွားသဖြင့်ကျွန်တော်သည်ကျောင်းမှပြန်ခဲ့လေ၏။ ကျွန်တော်သည် ပေတံကိုပြန်ရရန်အကြောင်း၌ ပေတံယူထားသူတို့ထံမှကိုယ်တိုင်ပြန်၍ မတောင်းဘဲ အဘယ်အကြောင်းကြောင့် မချစ်ဦးအပေါ်တွင် အားကိုးမိသည်ကို စဉ်းစားမရနိုင်ပေ။

ကျွန်တော်၏စိတ်ကို ရေလည်စွာ ဝေဖန်ခွဲခြားနားမလည်သောကြောင့်ပင် အကြောင်းရင်းကို စဉ်းစား၍မရနိုင်ဘဲရှိခြင်းဖြစ်ပေလိမ့်မည်ဟု သာယူဆရပေ၏။ ထို့အပြင် အားကိုးအားထားပြု၍ ပြောလိုက်သည့်အခါတွင် မချစ်ဦးသည် ကျွန်တော့်အတွက်နှင့် ကျောင်းသူကလေးများအပေါ် တွင် ဒေါသဖြစ်သည်ကို တွေ့ရခြင်းအားဖြင့် ကျွန်တော့်အပေါ် တွင် အဘယ်မျှ စိတ်ရင်းစေတနာထားသည်ကို ချင့်ချိန်သိရှိနိုင်ပေ၏။ သို့ရာတွင် အဘယ်ကြောင့်ထိုမျှလောက် အရေးယူ ဂရုစိုက်ပါလိမ့်မည်နည်း ဟူသောအချက်မှာ စဉ်းစားဘွယ်ရာအကြောင်းတရပ်ပင် ဖြစ်ပေတော့၏။ကျွန်တော်တို့မှာ အားနွဲ့သော ယောကျာ်းသားများဖြစ်သည့်အတွက် ယောကျာ်းကလေးပါလားဟူ၍အရေးယူခြင်းပေလော တွေးတောရန် အကြောင်းရှိသော်လည်း ယောကျာ်းကလေးများထဲမှာ ကျွန်တော်တယောက်အပေါ် တွင်ထူးထူးချွန်ချွန် ဂရုစိုက်ခြင်းမှာ အထူးစဉ်းစားရန် အကြောင်းဖြစ်ပေ၏။ သို့ရာတွင် မချစ်ဦးအပေါ် ပွေလည်ရှုပ်ထွေး တွေးချင်ရာတွေးမိပြန်လျက် မချစ်ဦးမှာ မွန်မြတ်သောစိတ်ထားရှိသူဖြစ်၍ယောကျာ်းကလေးများအပေါ်တွင်စောင့်ရှောက်တတ်သည့် စိတ်ရှိ၍သာ ထိုသို့ပြုမူခြင်းဖြစ်မည်ဟုနှလုံးပြုကာ ကျွန်တော်သာမကအခြား ယောကျာ်းလေးများ၌လည်း အရေးကြုံလာက ကူညီစောင့်ရှောက်မည်ပင်ဖြစ်သည်ဟု မှတ်ယူလိုက်ပြီးလျှင် မချစ်ဦးအပေါ် တွင် တမျိုးတမည်ထင်လိုသောစိတ်များကို ပယ်ရှားလိုက်ရပေတော့သည်။

နောက်နေ့တွင် နောက်နေ့တွင် ကျွန်တော်သည် ကျောင်းသို့ရောက်သွားရာ ကျောင်းဝင်းကြီးထဲသို့ဝင်မိလျှင် ကျောင်းအဆောက်အဦ ရှိရာသို့သွားသောလမ်းဘေး၌ ကစားကွင်းထဲတွင် ဘောလုံးပစ်ကစားနေကြသော ကျောင်းသူကလေးတစုအထဲမှ တဦးတယောက်သော ကျောင်းသူကလေးသည် ကျွန်တော်ရှိရာသို့ကြည့်ကာ ကစားနေရာမှ ပြေး၍လာသည်ကိုတွေ့ရလေသည်။ ကျွန်တော်သည်သူ့ကိုမြင်သည်နှင့် တပြိုင်နက် မချစ်ဦးဖြစ်သည်ကိုသိကာ ကျွန်တော့်အား တစုံတရာ ပြောကြားရန်တွေ့လို၍ ကျွန်တော့်ထံသို့ပြေးလာခြင်း ဖြစ်သည်ကိုရိပ်မိသောကြောင့် ၎င်းအားစောင့်စားရင်း ခပ်မှန်မှန်လှမ်းခဲ့လေ၏။ မချစ်ဦးသည်ကျွန်တော်နှင့် မနီးမဝေးသို့ ရောက်သောအခါ ရွှင်ပြုံးသောမျက်နှာဖြင့် နူတ်ဆက်ကာ လမ်းဘေးတွင်စည်းရိုးသဖွယ်ပြုလုပ်ထားသော သစ်ပင်ကလေးများကို ခုန်ကျော်လွှား၍ လမ်းပေါ် သို့တက်ကာ ကျွန်တော့်ရှေ့တွင်ရပ်လေ၏။

ကျွန်တော်သည် မချစ်ဦးပြောမည့်စကားများကို မျှော်လင့်ရင်း မချစ်ဦး၏ ကိုယ်လုံးကိုယ်ပေါက်ကိုကြည့်ကာ အားရမိပေ၏။ မချစ်ဦးမှာ ကစားခုန်စားခြင်း၌ အလေ့အကျင့်မှန်သောကြောင့် လှပသော ကိုယ်လုံးကိုယ်ပေါက်ရှိလေရာ၊ ယခုလို ကစားရာတွင်ဝတ်ဆင်သော ပေါင်ကပ်ဘောင်းဘီပြတ်နှင့်ကိုယ်ကျပ် လက်ပြတ်အကျႌနှင့် တွေ့ရသောအခါ ဖြူဖွေးပြည့်ဝသော လက်ရုံးသား၊ ထွားကျိုင်းမို့မောက်သောရင်သား၊ တုတ်ဖြိုးသောပေါင်တံ၊ အလုံးအဖန် ပြည့်တင်ဆုံကြီးများသည် ကြည့်ရှု မဝနိုင်ဘဲ မိန်းမတယောက်ရယ်လို့အားကိုးလောက် ပါသည်ဟု စိတ်ထဲက ကြိတ်၍နှစ်သက်ခြင်းဖြစ်မိလေ၏။ မချစ်ဦးသည် ရွှင်ပြသောမျက်နှာဖြင့် "ခင့်ပေတံပြန်ရလာပြီ၊ အတင်းလုယူခဲ့ရတယ်၊မနေ့ညနေက လာပြီးပေးမလို့ ခင်တို့အိမ်မလာရဲတာနဲ့" ဟုပြောလေရာ၊ ကျွန်တော်ကအားပေးသော အားဖြင့် "အို .. ဘာလို့ မလာရဲစရာရှိသလဲ၊ ရိုးရိုးတန်းတန်းလာတဲ့ဟာပဲ၊ ယ်သူမှမတားပါဘူး" ဟုပြာလိုက်ရ၏။

"နို့ပေတဲ့ခင်တို့အိမ်ကလူကြီးတွေက သဘောကျချင်မှကျမှာ" ဟုမချစ်ဦးသည် ကျွန်တော်၏ပြန်လည်ပြောခြင်းကိုပင် မစောင့်နိုင်တော့ဘဲသူ၏စကားကိုဆက်လက်၍ "ဒါ့ထက်ပေတံကိုပြန်ပြီးလုကြမှာစိုးလို့ခုံထဲမှာဝှက်ထားရတယ်သွားပြီးယူလိုက်ဦးမယ်" ဟုဆိုကာ အပြေးကလေးလျှောက်သွားသောကြောင့် ကျွန်တော်သည်သူ့နောက်မှလိုက်ခဲ့ရပေတော့၏။

အတန်းထဲသို့ရောက်သောအခါ ပေတံကိုကိုင်လျက်စောင့်နေသော မချစ်ဦးကို တွေ့ရသဖြင့် ကျွန်တော့်အပေါ် တွင်ဤမျှလောက်ဂရုစိုက်ခြင်းကို ဝမ်းသာအားရရှိကာ "သိပ်ကျေးဇူးတင်တာပဲ၊ ဒီကသာပြန်မယူပေးရင်ပြန်ရမှာ မဟုတ်ဘူး" ဟုပြောလိုက်ရာ သူလည်းကျွန်တော်၏ကျေးဇူးတင်စကားကို ကြားရခြင်းကြောင့် နှစ်သက်ကြေနပ်ခြင်းဖြစ်သော အမူအရာကိုပြလျက်နှင့်ပင် "အို .. ကျေးဇူးတင်လောက်တဲ့ဟာမဟုတ်ပါဘူး၊ ခင်တို့ယောကျာ်းကလေးတွေကို ဒီလိုမှစောင့်ရှောက်မကူညီရင် ဝတ္တရားပျက်ရာရောက်တော့ မပေါ့" ဟုဆိုကာ ပေတံကို လှမ်း၍ပေးပြီး ကြာကြာလည်းရပ်မနေတော့ဘဲ "သွားမယ်၊ ဟိုမှာ လူတယောက်လျော့နေလို့ ကစားဝိုင်းပျက်ရော့မယ်" ဟုဆိုကာ အသော့က လေးခုန်ပြေးပြေး၍ ထွက်သွားလေ၏။

ကျွန်တော်သည်ပေတံကို ပြန်၍ရှာပေးသည့်အတွက် မချစ်ဦးကို ကျေးဇူးတင်မိသော်လည်း ပစ္စည်းပြန်ရခြင်း၌ ဝမ်းမသာလှပေ။ အကြောင်းမူကား ကျွန်တော်၏ပေတံမှာမိန်းကလေးများ၏လက်ထဲတွင် ပျက်စီးခြင်းငါးပါးရောက်ခဲ့လျက် ၄င်းတို့လုပ်ချင်သလိုလုပ်ထားသောကြောင့် ထိုပေတံကိုကိုင်ရမှာ အလွန်ပင်ရွံရှာမိလေ၏။ သို့ဖြစ်သည်နှင့် ပေတံကိုကြည့်ရင်းဒေါသထွက်မိကာ ချိုးဖဲ့လွှတ်ပစ်ဖို့စိတ်ကူးကာ လက်နှစ်ဘက်ဖြင့် ကိုင်၍ချိုးတော့မည်ဟု အားပြုလိုက်သည်နှင့်တပြိုင်နက် ပေတံပေါ် ၌ 'ချစ်ပါ' ဟူ၍ရေးထားသော

စာကလေးနှစ်လုံးကိုမြင်တွေ့မိလေရာ ပေတံချိုးမည်ဟုကြံစည်ထားသော စိတ်များသည် ဘယ်အရပ်သို့ရောက်ရှိပျောက်ပျက်သွားကြလေသည်မသိ၊ ချိုးပစ်ရန်သတိမရတော့ချေ။ ထို'ချစ်ပါ' ဟုရေးထားသော စကားလုံးများကိုသာ ငေးစိုက်ကြည့်ရှုနေမိတော့၏။

ထိုချစ်ပါဆိုသော စာကလေးနှစ်လုံးမှာ ကျွန်တော့်အားရည်ရွယ်၍ ကျွန်တော်သိရှိစေရန် ရေးထားလိုက်သော စာကလေးများပင်ဖြစ်လေရာ၊ ကျွန်တော့်မှာ ထိုစာမျိုးကို မည်သည့်အခါကမှ မတွေ့ဖူး မကြုံဖူး၊ မည်သည့်မိန်းကလေးများထံမှ စတင်၍ ရည်းစားစာ ပေးသည်ကို မရရှိခဲ့ဖူးသောကြောင့်ထိုစာကလေးကို တွေ့ရှိရသည်တွင်ကျွန်တော်၏ မျက်နှာပေါ် တွင် ရက်သွေးများ တက်ကြွကာ ပူတူတူ ရှိန်းတိန်းတိန်း ကြက်သီးတဖိန်းဖိန်း ထလုမခန်းဖြစ်သွားမိပေ၏။ ထိုစာဖတ်ရခြင်း၌ ကျွန်တော်မှာ ဝမ်းသာစရာလော၊ ဒေါသဖြစ်စရာလောဟု တွေးတော၍ မရနိုင်အောင်ဖြစ်မိ၏။

ကျွန်တော့်မှာလူပျိုဘဝသို့ရောက်ခဲ့သည့်နေ့ကစ၍ မည်သည့်မိန်းကလေးထံမှ ရည်းစားစာဟု ခေါ် ဆိုနိုင်လောက်သော စာကိုမရခဲ့ဖူးရာ ယခုစာမှာ ကျွန်တော့်အား မိန်းကလေးတဦးတစ်ယောက်က စတင်၍ ၄င်း၏မေတ္တာကိုထုတ်ဖေါ်ခြင်း ဖြစ်သောကြောင့် ဝမ်းသာသလိုရှိမိပေ၏။ ထိုသို့ဝမ်းသာသလိုရှိရာမှ ကျွန်တော့်အားရည်းစားစာ အပေးခံရသည်ကို တွေးမိပြန်သောအခါ ရှက်ကြောက်စိတ်သည် ပေါ် ပေါက်လာလေတော့၏။ သို့ရာတွင် ထိုစိတ်သည်ထိုမျှနှင့် မပြီးသေးဘဲ ထိုစာကိုရေးသူသည် ကျွန်တော့်အား တမင်အသားယူရအောင် ပြုလုပ်ခြင်းပေလော ဟုတွေး၍ ဒေါသဖြစ်မိပေ၏။ အကြောင်းမူကား ထိုစာကို ယမန်နေ့က ကျွန်တော်၏ ပေတံကိုလုယက်နမ်းရှုပ်ကြသူတွေထဲမှတဦးတယောက်က ရေးသားခြင်း ဖြစ်ဖပမည်ဟု မှတ်ယူစရာရှိသဖြင့် ကျွန်တော့်အားစော်ကားခြင်း တစ်မျိုးပင် ဖြစ်သည်ဟု နှလုံးပြု ဒေါသဖြစ်မိပြန်တော့၏။ထိုသို့ကျွန်တော့်အား မိန်းကလေးများက စော်ကားသည်ကို တွေးမိသောအခါတွင်ကျွန်တော်၏ ဒေါသစိတ်သည်ပြင်းထန်တက်ကြွလာလေ၏။

ထိုကဲ့သို့ဒေါသကလေးဖြစ်လာသောအခါ ကျောင်းအုပ်ကြီးထံသို့ သွားရောက်တိုင်ကြားလိုစိတ်များပေါ် ပေါက်လာလေ၏။ သို့ရာတွင်ကျွန်တော့်မှာ မည်သည့်မိန်းကလေးကို အမည်နာမတပ်၍တိုင်ကြားရမည်ကိုမပြောနိုင်ဖြစ်နေ၏။ ကျွန်တော်မဆိုထားဘိ၊ လုယက်နမ်းရှုပ်ကြသော မိန်းကလေးအချင်းချင်း ပင် မည်သူရေးသည်ကို သိနိုင်မှသိမည်လည်းဖြစ်ပေ၏။အကယ်၍ ထိုစာသည် ၄င်းတို့အထဲက မည်သူတဦးတယောက် မျှမရေးဘဲမချစ်ဦးလက်သို့ရောက်မှ ရေးခဲ့သောစာဖြစ်ခဲ့လျှင် ကျွန်တော်၏တိုင်ကြားချက်မှာ ရှုပ်နှောက်သော မိန်းကလေးများအပေါ် ၌အပြစ်မကျဘဲ မချစ်ဦးအပေါ်တွင်သာအပြစ်ရအောင် ပြုသကဲ့သို့ ရှိတော့မည်ဖြစ်ပေ၏။ ထိုအကြောင်းကိုတွေးမိသောအခါ ကျွန်တော်မှာ မတိုင်ကြားလိုတော့ပေ။

ကျွန်တော်အဘယ်ကြောင့် မချစ်ဦးကို အပြစ်မရစေလိုသည်ကိုကျွန်တော့စိတ်၌ ဝေခွဲ၍မရချေ။အကယ်၍ထိုစာကို အခြားကျောင်းသူများရေးလျှင်မူ အပြစ်မရှိလေရော့ သလား။ အကယ်၍ ထိုစာကိုမချစ်ဦးရေးခြင်း၌ မချစ်ဦးသည် ကျွန်တော့အပေါ် ၌ သက်သက်မဲ့တင်စီးစော်ကားရာရောက်လေရော့သလား၊ မချစ်ဦးသာလျင် ကျွန်တော့်ကို ချစ်ပါသည်ကြိုက်ပါသည်ဟူ၍စာများကို ရေးပိုင်ခွင့်ရှိ၍ အခြားကျောင်းသူလေးများမှာ ထိုသို့ရေးပိုင်ခွင့် မရှိလေရော့သလား။ ကျွန်တော်သည် ထိုမေးခွန်းများကိုတွေးမိသော် လည်း အဖြေများကို မည်သို့မျှ မပေးတတ်အောင်ရှိလေတော့၏။

ထိုသို့တွေးတောမိရာ တဖန် ထိုစာသည် မချစ်ဦးရေးသည့်စာမှဟုတ်ပါ လေရော့သလား ဟုတွေးတောခြင်းကို ပြုမိပြန်လေ၏။ မချစ်ဦးသည် ကျွန်တော့အပေါ် တွင် စောင့်ရှောက်လိုသောစိတ်ရှိ၏။ ကျွန်တော့်အားဂရုစိုက်၍ ကျွန်တော့အပေါ် တွင်သဘောကောင်း၏၊သို့ဖြစ်လျင် မချစ်ဦးသည် မချစ်ဦးသည် ထိုစာကို မရေးတန်ရာဟုအောက်မေ့မိသည်။ သို့ရာတွင် မချစ်ဦး၏ အမူအရာကို စဉ်းစားမိသောအခါ မချစ်ဦးမရေးတန်ရာ ဟုယူမှတ်ထားခြင်းတို့မှာ ပျက်ပြားခြင်းသို့ ရောက်ပြန်လေ၏။မချစ်ဦးသည် ကျွန်တော့အား ကြည့်ရှုသည့်အခါ အကြည့်မရိုးလှ သည်ကိုတွေ့ရပေ၏။ ထိုထက်ပို၍ထူးခြားချက်မှာကား ပေတံကို ကျွန်တော့အား ပြန်ပေး စဉ်အခါ၌ ၄င်းမှာ အငြိမ်မအေပဲ တရှူရှူဖြစ်နေသည်ကိုတွေ့ခဲ့ရသည့်အပြင် ပေတံကို ပေးပြီးသည်နှင့်တပြိုင်နက် ကြာကြာနေဘဲ ထွက်သွားသည်ကို စိတ်မလုံသောကြောင့်ဖြစ်သည်ဟူ၍သာကူဆရန်ရှိလေရာ၊ သို့ဖြစ်လျှင်ထိုစာမှာ မချစ်ဦး၏ လက်နှင့်ရေးသော စာကလေးပင်ဖြစ်သည်ဟုယူမှတ်ရတော့မည်ဖြစ်ပေ၏။

သို့ဖြစ်လျင် မချစ်ဦးသည် ကျွန်တော်၏အပေါ် ၌ရိုးသားသောစိတ်ထားနှင့် ပြောဆိုလုပ်ကိုင်ခြင်းမဟုတ်ဘဲ၊ ကျွန်တော့အားကြိတ်၍ ပိုးပန်းနေခြင်းဖြစ်သည်မှာ ချစ်ပါဆိုသော စာနှစ်လုံးဖြင့် ထင်ရှားလှပေတော့၏။ ထိုသို့မချစ်ဦးသည် ကျွန်တော့အပေါ်၌ကြံလေသည်ဟုတွေးမိသည့်အခါကျွန်တော်သည် မချစ်ဦးအား ဒေါသဖြစ်မိ၏။ ထိုသို့ဒေါသဖြစ်ခြင်းမှာ မချစ်ဦးအားမုန်း၍လော၊ မချစ်၍လောဟု မေးမြန်းရန်ရှိရာ ထိုသို့မုန်း၍မဟုတ်ဘဲ ကျွန်တော့အား မိန်းကလေးတန်မဲ့ သူရဲဘော နည်းနည်းဖြင့် ခိုးကြောင်ခိုးဝှက် သူခိုးကြံကြံရသလောဟု တွေးမိသောအခါ ဒေါသဖြစ်ခြင်းပင်ဖြစ်ပေ၏။ ကျွန်တော်သည်မချစ်ဦးက ကျွန်တော့အပေါ်၌ချစ်ခြင်း မုန်းခြင်းကို ကျွန်တော် မတားမြစ်နိုင်ပေ။သို့ရာတွင်ပွင့်ပွင့်လင်းလင်းနှုတ်ဖြင့်၄င်း၊ စာဖြင့်၄င်း အကြောင်းလှစ်ဟ ဆိုဘို့ရှိရာ ယခုပြုမူခြင်းမှာ ရိုးသားသောစိတ်မရှိ၍ သာထိုသို့ပြုခြင်းပင်ဖြစ်သည်ဟု အောက်မေ့မိတော့၏။

သို့ရာတွင် မရပ်မနားတွေးတောနေမိသော ကျွန်တော်၏ ဦးနှောက်တွင်း ၌ သူ့ခမျာ ပြောရမှာရှက်၊စာပေးရမှာခက်၊ ထိုသို့လှစ်ဟရမည်ကို မျက်နှာထားပျက် မည်စိုး၍ သာဖြစ်ပေမည်ဟု သူ့ဘက်ကငဲ့ညှာ၍ တွေးမိလိုက်ပြန်လေရာ ယခင်က စိတ်ဆိုးခြင်းများ ပြေပျောက်၍ သူ့ကို သနားမိပြန်တော့၏။

ထိုသို့လျင် ကျွန်တော်သည် "ချစ်ပါ" ဟူသောစာကလေးနှစ်လုံးကိုကြည့်ရင်း ကျွန်တော့်စိတ်သည် အမျိုးမျိုးပြောင်းလဲလျက်ရှိကာ ထိုစာကလေးများကိုပင် အစဉ်သဖြင့်ကြည့်နေလိုသကဲ့သို့လည်းကောင်း၊ သူတပါးတွေ့မည်စိုးရ၍ ဖျက်ချင်သကဲ့သို့လည်းကောင်း ဖျက်မည်ကြံ၍လည်းမဖျက်နိုင် စိုက်ကြည့်နေရန်ကိုလည်း လိပ်ပြာမသန့်ဘဲ၊ စိတ်ထဲတုန်လှုပ်ချောက်ခြား ဖောက်ပြားဖောက်ပြန် အဖန်ဖန် အမျိုးမျိုး စိတ်ကို အစိုးမရဘဲရှိနေစဉ် .....

'အလို ... ဒီကနေ့ ခင်တယ်စောပါကလား' ဟူသောအသံကိုကြားလိုက်ရသဖြင့် စဉ်းစားခြင်းတွင်နစ်မွန်း နေရာမှ သတိရလာကာ အခန်းဝသို့ကြည့်လိုက်မိလေသည်တွင် မောင်လှရီ ဝင်လာသည်ကို တွေ့ရသဖြင့် စိတ်ထဲတွင် မသိုးမသန့်ဖြစ်၍သွားကာ ပေတံပေါ် ကစာကို မောင်လှရီတွေ့သွားမည်စိုးသောကြောင့် ရုတ်တရက် ဖျက်ပစ်လိုက်လေ၏။ ကျွန်တော့်မှာ ထိုကဲ့သို့ ဖျက်ပစ်လိုက် မိသည်နှင့်တပြိုင်နက် ထိုစာကလေးများကို နောင်တွင်မြင်ရတော့မည် မဟုတ်ဟူသောအသိဖြင့် နှမျော သလိုလို ဝမ်းနည်းသလိုလို ဖြစ်မိပေ၏။

'ဟော့ .. ခင်ရေ .. ဒီလိုတော့ မလုပ်နဲ့လေကွယ်လေ၊ အလှမမြင်ရအောင် ဘာတွေဖျက်ပစ်တာလဲ'

'ဘာမှမဟုတ်ပါဘူး အလှရယ်။ ပေတံကို မနေ့က လူတွေယူသွားပြီး ပေတံပေါ် မှာ ရှုက်စရာအရုပ်တွေ ရေးသားထားလို့ ဖျက်ပစ်တာပါ'

'အော် ...ပေတံပြန်ရပြီလား၊ ဘယ်သူယူပေးတာလဲ'

'ဘယ်သူယူပေးပေး အလှကဘာလုပ်ချင်သေးလို့လဲ'

'ဒါဖြင့် အလှသိပြီ၊ မချစ်ဦးယူပေးတာပဲ၊ ခင်ဖုံးထားပေမယ့် မရဘူး၊ မချစ်ဦးကခင့်အတွက်ဆိုရင် ဒါလောက်ကလေး မပြောထားနဲ့ မောင်မောင်လေး ချစ်လိုက်ပါတဲ့အာရုံ၊ ရွှေမြင့်မိုရ် တတောင်လုံး၊ တုံးမှတ်လို့ခုန်ဆိုတာလို ဘာဖြစ်ဖြစ် ဆောင်ရွက်ပေးတော့မှာပဲ၊ ဟဲ ...ဟဲ... ချစ်တာ .. ချစ်တာ'

'တော်ပါအလှရယ် ... အလှနဲ့တွေ့မှဖြင့် ဒီစကားမျိုးချည်းပြောတာပဲ၊မချစ်ဦးက ခင့်ကို စကားပြောတာ ဆိုတာ မြင်ရတာနဲ့ အလှစိတ်ထဲမှာ မနာလိုဘူး ထင်ပါရဲ့' ဟုပြောလိုက်ရာ မောင်လှရီလည်း 'အမယ် ... မလုပ်ပါနဲ့တော် .. မနာလိုမရှိပါဘူး၊ စကားပြောရုံမကလို့ ဟဝါ ဘဲပြုပြု' ဟုဆိုသောကြောင့် ကျွန်တော်က 'ဟဝါတော့ မပြုပါစေနဲ့ အလှရယ် ... တွေးမိတိုင်းကြောက်လွန်းလို့'ဆိုမှအလှလည်း ပြုံးပြုံးကြီး လုပ်နေကာ စကားပြတ်သွားလေ၏။

* * * * * * * *

# အခန်း (၃)

ကျွန်တော်သည် ယခင်အခါက မချစ်ဦးနှင့် တွေ့ရမြင်ရ စကားပြောရသည့် အခါများတွင် ကျွန်တော်၏စိတ်ထဲ၌ မည်သို့မျှ လှုပ်ရှားဖောက်ပြန်ခြင်း မရှိခဲ့သော်လည်း ယခုမူထိုသို့ တွေ့မြင်ပြောဆိုသည့် အခါများတွင်ကျွန်တော်၏ စိတ်၌ တည်ကြည်ငြိမ်သက်ခြင်းမရှိသည်ကို ကိုယ်တိုင်စဉ်းစားမိပေ၏။ မချစ်ဦး၏ မျက်နှာကလေးကို မြင်ရုံမျှဖြင့် ကျွန်တော်၏ စိတ်နှလုံးသည် ထကြွလှုပ်ရှား မိတော့၏။ ထိုသို့စိတ်လှုပ်ရှားခြင်းကြောင့်အမူအရာမပျင်စေရန် သူ့မျက်နှာကို မကြည့်ပါဘူးဟု နှလုံးပြုသော်လည်း သူ့မျက်နှာသည် ကျွန်တော်၏ ရှေ့တွင် မကြာမကြာ ပေါ် ပေါက်လာလေ့ရှိသည့်အပြင် အတန်းထဲသို့ကျွန်တော်ဝင်လာသည့် အခါ၌လည်း ကနေ့မချစ်ဦး ကျောင်းတက်သလော မတက်သလောဟူ၍ လည်း ကျွန်တော်၏မျက်စိနှစ်လုံးသည် မချစ်ဦးရှိတတ်ရာ သို့အလိုလိုလှည့်ကြည့်ရှုမိပေရာ ကျွန်တော့မှာ မကြည့်ချင် ၊မြင်ချင်ရက်သားဟူသော စကားကဲ့သို့ဖြစ်နေလေတော့၏။

မကြာမကြာ ကျွန်တော်သည် မချစ်ဦးကိုပင်တွေးတောမိရာ "ငါဘာပြုလို့ သူ့အကြောင်းကိုတွေးချင်ရတာတုံး၊ သူနဲ့တွေ့တဲ့အခါ ဘာပြုလို့ စိတ်ထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်ပြီးဝမ်းသာသလိုလို၊ အားရသလိုလိုရှိရတာတုံး" ဟုတွေးလိုက်သောအခါ ကျွန်တော်၏စိတ်သည် ဟုတ်မှန်သောအဖြေကိုမပေးပေ။ ဟိုလိုလို ဒီလိုလိုသာလျင် အပိုဖြစ်သောအဖြေတို့ကိုသာလျင်တွေးမိတော့၏။ သို့နှင့်ပင် စိတ်သည်ကျွန်တော့အားလှည့်စားနေရာ က တနေ့သောအခါတွင် ကျွန်တော့်စိတ်၌ လိုလားတောင့်တခြင်းဖေါက်ပြန်လှုပ်ရှားခြင်း စသည်တို့၏ အကြောင်းရင်းသည် ပေါ်ပေါက်လာခဲ့တော့၏။

ထိုနေ့ ထိုအချိန်သည်ကား ညနေကျောင်းဆင်းချိန်ဖြစ်ရာ ကျွန်တော်သည် အဖော် မောင်လှရီ၊ မောင်တင်မြင့်၊ မောင်ကြည်ကြည် တို့နှင့်အတူ ကျောင်းမှ ပြန်လာခဲ့ပေ၏။ ကျွန်တော်တို့မှာ အသိုက်အဝန်းနှင့် အင်အားများနေသောကြောင့် မည်သည့်ကျောင်းသူကလေးကမျှ ကျွန်တော်တို့အား စခြင်းပြောင်ခြင်း ကို မပြုဝံ့ကြသော်လည်း စိုက်၍ကြည့်ကာ ပြုံးသလိုလို လုပ်ထားကြပြီး အချို့ကျောင်းသူတို့ကမူ ကျွန်တော်တို့အားကြည့်ပြီး သူတို့အချင်းချင်း မျက်နှာချင်းဆိုင်ကာ အချောက်တိုက် ဟားတိုက်ကြလေ၏။

သို့ဖြစ်၍ ကျွန်တော်တို့လည်းဣန္ဒြေမျက်နှာထားနှင့် မစရဲမလှောင် ရဲအောင် ဟန်လုပ်၍လာခဲ့ကြရာ၊ ကျွန်တော်တို့နောက်မှ တချွင်ချွင်မြည်သော စက်ဘီးခေါင်းလောင်းကို ရှည်လျားစွာတီး၍လာသည်ကို ကြားရသဖြင့် နောက်သို့လှည့်မကြည့်ဘဲ ဘေးသို့ဖယ်ပေးလိုက်ကြရလေ၏။ သို့ရာတွင် ခေါင်းလောင်းသံမှာ ကျွန်တော်တို့ ရှောင်ရှားပေးရာနောက်သို့ပင် လိုက်လာ

သည်ကို သိရသဖြင့် မတိမ်းမရှောင်သာဘဲ ရပ်၍နေကြကာ လှည့်၍ကြည့်လိုက်ရာ
စက်ဘီးစီးလာသူမှာ မချစ်ဦးဖြစ်နေသည်ကို တွေ့ရလေ၏။ ကျွန်တော်သည်
မချစ်ဦး၏ မျက်နှာကိုမြင်လိုက်လျင် ဝမ်းသာသလိုလို၊ အံ့အားသင့်
သလိုလိုဖြစ်မိပေ၏။ မချစ်ဦးသည် ကျွန်တော့ကိုမြင်မြင်ချင်းပြုံးရယ်နှုတ်ဆက်လိုက်ရာ
၄င်း၏ပြုံးရယ်ပုံကို ထောက်ချင့်ရခြင်းဖြင့် ကျွန်တော်အားတွေ့လို၍ လိုက်လာခြင်း
ဖြစ်သည်ကို ရိပ်မိကာကျွန်တော်လည်း သူ့အားပြန်ပြီးပြုံးလျက်
နှုတ်ဆက်လိုက်ပြီးလျင် သူစက်ဘီးပေါ် က လွှားကနဲခုန်ဆင်းလိုက်သည်ကို
ကြည့်ရင်းစောင့်နေလိုက်၏။
'ခင့်ကို မီမှမီပါ့မလားလို့ စက်ဘီးနဲ့ အမြန်သုတ်လာရတယ်' ဟု
ပြောပြော ဆိုဆို မချစ်ဦးသည် ကျွန်တော့်နားကပ်လာပြီးလျင် 'တနေ့ကခင့်ဆီက
ငှားတဲ့စာအုပ်ပြန်ပေးမလို့' ဟုဆိုကာစာအုပ်ကို လှမ်းပေးလေ၏။
'အို ... ဒါကလေးအတွက်နဲ့ ဒုက္ခရှာလို့ အမောတပန်းလိုက်လာတာကိုး၊
မနက်ဖြန်ကျောင်းကျမှပေးလည်းရသားနဲ့'
'အော် ... ညက ခင်စာကြည့်ချင်တဲ့အခါ မရှိဘဲနေမှာစိုးလို့ပါ၊စာအုပ်ငှားတာ
သိပ်ကျေးဇူးတင်တာပါပဲ'
'အို ... ကျေးဇူးမတင်လောက်ပါဘူး၊ ပြန်လာပေးတာကလည်းချက်ချင်းပဲကိုး၊
ဖတ်လို့မှပြီးရဲ့လား။'
'ပြီးပါပြီ၊ အကုန်ဖတ်ပြီးပြီ၊ တချို့နေရာတွေမှာ တောင်မှတ်ချက်ကလေးတွေ
ရေးထားလိုက်သေးတယ်၊ ခင်စာဖတ်တဲ့အခါလွယ်အောင်လို့၊ ညကျတော့
သေသေချာချာကြည့်စမ်း၊ မှတ်ထားတာလေးတွေတွေ့လိမ့်မယ်။'
'ဒါဆိုရင်သိပ်ကျေးဇူးတင်တာပဲ' ဟု ကျွန်တော်ကပြောရာ သူက
'စာအုပ်ငှားတာလောက်တော့ ကျေးဇူးမကြီးပါဘူး' ဟုဆိုပြီးနောက်သူလည်း
လမ်းမတ်တတ် စကားပြောရသည်ကို အားနာသောအမူအရာဖြင့် နှုတ်ဆက်ကာ
စက်ဘီးပေါ် သို့လွှားကနဲ ပြန်တက်ထွက်၍သွားသဖြင့် ကျွန်တော်တို့လည်း
ဆက်လက်ပြန်ခဲ့လေ၏။

ကျွန်တော်တို့နှစ်ယောက်စကားပြောနေသည်ကို မောင်လှရီသည် အနီးကပ်၍
တွေ့နေရသောကြောင့် ကျွန်တော့်အား လမ်းတလျှောက်လုံး နောက်ပြောင်သွားလေရာ
အိမ်သို့ရောက်၍ ၄င်းတို့နှင့် လမ်းခွဲပြီး အိမ်ထဲဝင်တော့မှသက်သာရာရပေတော့၏။

အိမ်ထဲသို့ရောက်သောအခါ ကျွန်တော်၏ ဖေဖေသည်အကျီပြန်းထိုးနေရာမှ
ကျွန်တော့်အား လှမ်း၍ကြည့်ကာ ' ခင်ဘယ်သူနဲ့ပြန်လာသလဲ' ဟုဆီး၍မေးလေ၏။
'အလှတို့နဲ့အတူပြန်လာတာပေါ့'
'အလှတို့နဲ့အတူပြန်လာတာတော့ဟုတ်ပါပြီ၊ လမ်းမှာမိန်းကလေးတွေ
နဲ့လက်ခံပြီးစကားပြောနေတယ်လို့ကြားတယ်၊ နောက်ဒါမျိုး မကြားပါရစေနဲ့၊ဒီ

လိုကြားရင် ကြောကွဲဖို့သာပြင်ပေတော့’ ဟု ပြောလိုက်ရာ ကျွန်တော့်မှာ ရုတ်တရက်သော် အံ့အားသင့်လျက် ဘာမျှမပြောနိုင်ဘဲရှိလေ၏။

ကျွန်တော်နှင့် မချစ်ဦးတို့လမ်းမှာရပ်၍ စကားပြောသည်မှာ ကျွန်တော်အိမ်မရောက်မီပင် သတင်းရောက်နေသည်မှာမြန်လွန်းလှသောကြောင့် အံ့သြ၍မဆုံးနိုင်ရှိပေ၏။ ဖေဖေပြောသည့်စကားများမှာ အမှန်အတိုင်းပင်ဖြစ်သော်လည်း ငြိမ်၍ နေချေက ဟုတ်မှန်ကြောင်း ဝန်ခံရာရောက်မည်ဖြစ်သောကြောင့် “ဖေဖေ့ကို ဘယ်သူပြောသလဲ၊ မနာလိုတဲ့သူတွေက အလကားတိုက်တာ၊ ဘယ်တော့မှ မိန်းကလေးတွေနဲ့ အဖက်လုပ်ပြီးစကားမပြောပါဘူး” ဟုငိုသံပါကြီးနှင့် ပြန်၍ပြောလိုက်တော့၏။

‘အော် ... ပြောတဲ့သူရှိလို့သိတာပေါ့၊ မရှိရင်သိပါ့မလား’

‘ဘယ်သူပြောသလဲ၊ ပြောတဲ့သူကိုကျွန်တော်ရှင်းမယ်၊ မြင်ရတဲ့နေရာကိုပြနိုင်ရင်ပြ၊ မပြနိုင်တော့လား၊ဒါပဲ’ ဟု ပြောရာက ကျွန်တော့်မှာ ဝမ်းနည်းလျက် မျက်ရည်များကျလာကာ ငိုသံပါပါနှင့် “ ပြောတဲ့သူကဘယ်တုန်းကမြင်လို့လဲ၊ ဘယ်မှာမြင်လို့လဲ” ဟုဆိုရာ

‘မသိပါဘူး၊ တနေ့တုန်းသဆိုလား၊ မပြောတတ်ပါဘူး၊ မင်းတို့ပြောလိုက်မှဖြင့် တဆိတ်ရှိငိုမယ်သာပြင်တော့တာပဲ’ ဟုဆိုသည်တွင် တနေ့တုန်းကဟူသော စကားကိုကြားရ၍ ယနေ့တွေ့ခြင်း မဟုတ်သည်ကို သိရသောကြောင့် တစ်ဦးတယောက်က သက်သက် ကတုန်းကတိုက်လုပ်သွားသည်ကို ရိပ်မိကာ ပြန်၍ချေရန်စိတ်ပိုင်းလိုက်လေ၏။

ထိုအခိုက်တွင် မေမေသည် ရုံးဆင်း၍ပြန်လာကာ ကျွန်တော်ငိုနေသည်ကို တွေ့ရသောကြောင့် အမောအပန်းမှ မဖြေနိုင်ဘဲ “ အလို ခင်ကဘာပြုလို့ငိုနေတာတုံး” ဟု ကျွန်တော့်အားမေးပြီး အဖြေကိုမစောင့်ဘဲ ဖေဖေ့ဘက်သို့လှည့်ကာ “ကိုမြရွှေ ကလည်း ကလေးကိုဘာများဆူပြန်တာတုံး၊ ကိုယ်တို့မလဲ အလကားနေရ ရင် ကလေးကိုပဲကြိမ်းဘို့မောင်းဘို့ ကြံနေတာ” ဟုဖြေရာ ဖေဖေက “ မဆူရပေါင်ဗျာ၊ သူ့ကို အကျိုးအကြောင်းပြောပြတာကလေးနဲ့၊ မျက်ရည်ကလည်းလွယ်လိုက်တာ” ဟုပြောသည်ကို ကျွန်တော်ကြားရသဖြင့် ငြိမ်မခံဘဲ “ဘာလဲ ... ဖေဖေက ကျောကွဲသွားမယ်ဆိုတာ ... ဆူတာပူတာမဟုတ်ဘူးလား” ဟု ပြန်၍ရန်တွေ့လိုက်လေ၏။

‘နေပါဦး ဘာဖြစ်လို့ကျောကွဲရ မှာတဲ့တုံး လို့ ပြောစမ်းပါဦး’

‘ကျွန်တော်လမ်းမှာ မိန်းကလေးတွေနဲ့ စကားပြောတယ်လို့ဆိုပြီး’

‘မဟုတ်ပါဘူး ဒီလိုမပြောရပါဘူး၊ ကြားတယ်လို့ပြောတာပါ’

‘ဟုတ်ပါတယ် ... ဟုတ်ပါတယ် ... ဒီလိုပြောတာအမှန်ပါပဲ၊ သူများဂုံးတိုက်တာကိုယုံပြီး’

‘ကိုင်း တိတ်စမ်းပါဦး တယာက်တပေါက်စီပြောတာနဲ့ ဘာမှန်းကို နားမလည်တော့ဘူး၊ကဲ ... ခင်ကလည်း မေမေပြောရင်တိတ်စမ်းပါဦး၊

ခင့်ဖေဖေ ကလည်း တယ်ပြီးရှာ ရှည်တာကိုး’
‘ရှည်တယ်ရှည်တယ် ... အစကရှည်မှန်းသိရဲ့နဲ့ ဘာပြုလို့ ယူသေးသတုန်း’
‘ဟော့ ကိုမြရွှေ ကိုယ်ကကလေးကို ရန်တွေ့ပြီး အားမရလို့ ကျုပ်ဖက်ကို လှည့်လာတာလား။ ကျုပ်ကိုစမ်းသပေါ့လေ။ တော်... တိတ်၊ အလကား၊ ကလေးစိတ်မကောင်းအောင်သိပ်ပြီးလုပ်၊ သူ့ခမျာ မောမော ပန်းပန်းနဲ့ ကျောင်းကပြန်လာတာကို အေးအေးချမ်းချမ်း မနေရဘူး၊ အိမ်ကဖမ်း ပြီးဆူလိုက်သေးတယ်၊ တော်နောက်ကို ဒီလို ကလေးကိုဆူတာပူတာတွေ့ ရင် ကိုယ်နဲ့ ကျုပ်နဲ့တွေ့ကြရောပေါ့’ ဟု မေမေကပြောရင်း ကျွန်တော်ပစ်ချ ထားသော စာအုပ်များကို ကောက်ယူပေးကာ စားပွဲပေါ် ၌တင်ထားပြီး ‘ခင်ကလည်း ဒါလောက်ကလေးပြောတာနဲ့ ငိုရသလား၊ တိတ်ပါကွယ် တိတ်ပါ၊ ရှုတ်ကြီးတင်င ငိုမနေစမ်းပါနဲ့’ ဟု ကျွန်တော့်အားချော့မော့လေ။ ဖေဖေက ခပ်လှမ်းလှမ်းမှ မကြားတကြားလေသံဖြင့် ‘ ကလေးကို သူကချည်းဖျက်ဆီးနေတယ်၊ ဒီလိုထားရင် အရပ်ပျက်ဖြစ်တော့မှ သူသိမယ်’ ဟုဆိုကာ နုတ်ခမ်းစူ၍ နေလေ၏။

ထို့နောက်မေမေက ‘ကဲလေ ... ခင့်အဝတ်အစားတွေလဲပါဦး၊အလကားပဲ၊ သိပ်ငိုမနေစမ်းပ်နဲ့’ ဟုပြောနေစဉ် ဖေဖေက အနီးမှဖြတ်၍ အခန်းထဲ ဝင်သွားရင်း ကျွန်တော့်အားလှမ်း၍ ကြည့်ပြီး အံကြိတ်လျက် ‘ကမြင်းထီးလေး၊ နင်တော့လားသိမယ် ...ငါကမလုပ်ချင်သေးလို့ဟဲ့၊ ဘိုင်းတာထီး .. ဟဲ့ မေတရာထီးကလေး’ ဟုရေရွတ်လေရာကျွန်တော့်မှာ မကြားချင်ဟန်ပြု လျက် အခန်းထဲဝင်ခဲ့လေ၏။အခန်းထဲသို့ရောက်ပြီးနောက် ကျွန်တော်သည် အဝတ်အစား လဲလှယ်ဝတ်ဆင်ပြီးလျှင် ကျွန်တော်၏ စာအုပ်ကိုယူရန် အိမ်ရှေ့ခန်းသို့ ပြန်ထွက်လာရာကျွန်တော်၏မေမေသည်စာအုပ်ကိုသိမ်းဆည်းကောင်ငင်နေရာမှ စာတစောင်ကို ဖတ်နေသည်ကိုတွေ့ရလေ၏။

ထိုစာမှာ ဘာစာဖြစ်သည်ကို ကျွန်တော်လည်းမသိ၊ အရေးစိုက်လောက်သည် ဟုလည်း မထင်မိဘဲ စားပွဲပေါ် တွင်မေမေကောက်တင်ထားသော စာအုပ်များကိုသာ သွားရောက်ယူငင်ပြီး ပြန်၍လှည့်မည်အပြုတွင်မေမေသည် စာဖတ်နေရာမှ ကျွန်တော့်ကို မော့ကြည့်ပြီးလျှင် ‘ဟော့ ...ခင်၊ဒီကိုလာစမ်းပါ’ ဟုအာဏာသံဖြင့် ကျွန်တော်အားခေါ် လိုက်ရာ၊ ကျွန်တော်၏စိတ်ထဲတွင် ထိတ်ကနဲ ဖြစ်သွားမိလေ၏။ မေမေသည် စောစောက ကျွန်တော့်အပေါ် ယုယုယယ ချော့ချော့ မော့မော့နှင့် ပျော့ပျော့ ပျောင်းပျောင်း ပြောနေရာမှ ယခုကဲ့သို့ ရုတ်တရက်အမူအရာပြောင်းကာ ဒေါသထွက်နေပုံကိုတွေ့ရသောအခါ ကျွန်တော့်မှာ ပိုမို၍ရင်ခုန်ထိတ်လန့်လာလေတော့ ၏။ သို့ဖြစ်၍ ကျွန်တော်လည်း ကြောက်ကြောက်ရွံ့ရွံ့ နှင့်ပင် မေမေ့အနီးသို့ ကပ်သွားကာ ‘ဘာလဲမေမေ ဘာဖြစ်လို့လဲ’ ဟုမေးလိုက်လေ၏။
မေမေသည်စာရွက်ကလေးကို ညာလက်ဖြင့်ကိုင်၍ ဘယ်ဘက်လက်ပေါ် တွင် တဆတ်ဆတ်ရုတ်ကနဲ ပြသလျက် ‘ဒီစာဘယ်ကရတာလဲ’ ဟုမေးလိုက်လေရာ၊

ကျွန်တော့်မှာမွန်ထူသွားကာ မျက်စိနှစ်လုံးတို့သည် ပြာဝေသွားသည်ဟူ၍ ပင်ထင်မိပေတော့၏။

ထိုသို့မေမေမေးလိုက်သော အသံကိုကြားလျှင် ဖေဖေက အင်္ကျီချုပ်နေရာမှ ထလာကာ 'ဘာလဲ ..ဘာလဲ..ဘာစာတွေ့လို့လဲ' ဟုမေးရင်း အနီးသို့ရောက်လာလေ၏။ 'ဒီမှာ သူ့ကိုဘယ်ကောင်မလေးကပေးတဲ့ရည်းစားစာလဲ မပြောတတ်ပါဘူး။ ဖတ်ကြည့်စမ်းပါဦး' ဟုဆိုကာ မေမေသည် ၄င်းလက်ထဲရှိ စာကိုဖေဖေ့အား လှမ်း၍ပေးလိုက်လေ၏။ ကျွန်တော့မှာကား အသားများတဆတ်ဆတ်တုန်ကာ ရက်ကြောက်ထိတ်လန့်စွာဖြင့်ဖေဖေ စာဖတ်နေသည်ကို စိုက်ကြည့်နားထောင် နေရလေ၏။

ဖေဖေမှာ ယောကျ်ားဖြစ်သည့်အတိုင်း စာကိုကောင်းစွာသင်ကြားခဲ့ရ ခြင်းမရှိ သောကြောင့်စာကို တလုံးချင်းပေါင်း၍ဖတ်ရလေ၏။ 'ခကွေးယပင့် စသတ်ချစ် သဝေထိုးမရေးချသတ်မောင်၊ချစ်မောင် မောင်၊' ဟုဖတ်နေလေရာ မေမေက 'စာလုံးပေါင်းမနေစမ်းပါနဲ့၊ တောက် လျှောက်ဖတ်စမ်းပါ' ဆိုလေမှ 'ချစ်မောင်မောင်ထံသို့ နှမကလေး ရှေ့မျက် နှာနောက်ထား၍ကြောက်အားနှင့် စာလွှာဆက်သလိုက်ရပါသည်။ နှမနှင့် မောင်မှာ ပန်းရံသမားဘဝအဆက်ဆက်က'
'အို ဘယ့်နှယ့် ဖတ်နေရတာတုန်း၊ ပန်းရံသမားမဟုတ်ပါဘူး၊ပရံ ပရ ဘသ အဆက်ဆက်ကပါ'
'အင်း အင်း ပရံပရ ဘသအဆက်ဆက်က ချဘူးသောရေစက်ပန္နက်ဖူးသော သစ္စာ အဟုန်ကြောင့် ထင်ပါရဲ့ နှမမှာ မောင့်မျက်နှာမြင်ရတဲ့နေ့ ကစ၍' ဟုဖတ်ရာ ဖေဖေသည် ဒေါသထွက် သည့်အမူအရာဖြင့်'ဘယ်ကမြင်းမက ကျုပ်သားကိုပဲ သူကမျက်နှာ မြင်ရသေးသတဲ့လား'ဟုဆိုလိုက်ရာ မေမေသည် ရယ်သလိုလို စိတ်ဆိုးသလိုလိုသောမျက်နှာဖြင့်'အို ကိုမြရွှေ ကလည်းခက်ရန်ကော၊ အဓိပ္ပါယ်များ သေသေချာချာစဉ်းစားပြီးဆက်ဖတ်စမ်းပါဦး၊ကိုယ့်သားကိုသူမွေးတယ်လို့ရေးတာ မဟုတ်ပါဘူး၊ ကိုယ့်သားရဲ့ ရုပ်အဆင်းမျက်နှာကို မြင်ရတယ်လို့ ဆိုလိုတာပါ' ဟု ထောက်ပေးရလေ၏။
'အဲ အဲ ဟုတ်သားပဲ၊ မောင်၏ကောင်းခြင်းငါးဖြာနှင့်ပြည့်စုံသော ရုပ်အဆင်းသဏ္ဍာန် ကြံအင်လက္ခဏာ တို့သည်နှမ၏မျက်စိထဲတွင် တဝဲဝဲပေါ် ပေါက်ကာ ဖျောက်ဖျက်၍ မရနိုင်ဘဲ စားရင်လည်းမောင့်စိတ်၊ အိပ်ရင်လည်းမောင့်စိတ် နှင့်ပင်ရှိကာ စားလို့မဝင်၊ အိပ်လို့လည်းမပျော်၊ မောင့်ကိုသာ အမြဲတမ်းတွေးတော ဆွေးမောလျက် နှမ၏ အသည်းနှလုံးကြားတွင်ကမ္ဘာမီးလောင်သကဲ့သို့ ပြင်းပြစွာ အချစ်၏ဒုက္ခကို ခံစားနေရ ပါတော့တယ်မောင်ရယ်....'
' အောင်မယ်လေး၊ ပီလောပင်ပတ်ကျိတက်တာထက်တောင်ချွဲသေးတယ်။ ပလီစိချောက်ချက် အရှက်မရှိတွေ့ကရာတွေလျှောက်ပြီးရေးတာ များအံ့ပါသေးရဲ့'

ဟုဆိုသောကြောင့် မေမေ့မှာ စိတ်မချင့်မရဲဖြစ်သည့် အမူအရာဖြင့် ' ကဲ တော်ပါတော့ ကိုမြရွှေ ရယ်။ ကိုယ့်ကို ဒီစာဖတ်ပြီး အကောင်းအဆိုးဝေဖန်ခိုင်းနေတာမဟုတ်ပါဘူး၊ ကဲပေးစမ်းပါဦး၊ ဒီစာဘယ်ကရသလဲမေးပါဦး' ဟုဆိုကာ စာကိုလှမ်း၍ယူလိုက်သဖြင့် ဖေဖေ လည်း ကျွန်တော့်ဖက်သို့လှည့်လာလေ၏။

စောစောက စာကိုဖေဖေဖတ်ရစဉ် အခါ၌မူ ကျွန်တော်မှာ အကြိမ်းအမောင်း မခံရသေးသဖြင့် ဖေဖေဆက်၍ ဖတ်နေလျှင် ကောင်းသေးသား၊ယခုမူ စာကို မေမေယူလိုက်ကာ ကျွန်တော့အားကြိမ်းမောင်းရန်တာဝန်ကို ဖေဖေ့ အားလွှဲအပ်လိုက်သဖြင့် ဖေဖေနှင့် ကျွန်တော် တွေ့ ကြရတော့မည်ဖြစ်၍ ကျွန်တော့်မှာ အသက်နေစရာမရှိအောင် ရှိရပေတော့၏။

'ကဲ ကိုဟဝါ အခုတော့ ဘာပြောချင်သလဲ၊ ဟော့ .. ဒီမှာ စာကိုလက်ဆုပ်လက်ကိုင် မိနေပြီ။ အဲဒါမဟုတ်ဘူးလို့ လိမ်ဦးမလား။ ဟုတ်တာသာ ပြောပေရော့၊ ဟုတ်တာပြောရင် သက်သာမယ်။ လိမ်ပြောရင် သေရအောင်သာပြင်ပေတော့' ဟုဖေဖေက ပြောလိုက်သည်တွင် ကျွန်တော့မှာဘာမှမပြောတတ် မကြံတတ်အောင်ဖြစ်ကာ စကားပြောမည်ဟု အားခဲလိုက်သော နှုတ်ခမ်းကလေးများမှာ တရွရွ တုန်လှုပ်လျက် ရှိပြီး အသံထွက်အောင်မူကား ပြုလုပ်၍မရနိုင်သကဲ့သို့ ရှိရပေတော့၏။

'ဟော့ကောင် ထို ... ဒီကမေးတာပြောစမ်းပါ။ ဘာမတုန်မလှုပ်တေမိလုပ်နေရတာလဲ၊ မပြောရင်ပါးကျိုးအောင်ချလိုက်လို့ သွားတွေ တချောင်းစီကောက်ယူရမယ်' ဟူ၍ ခြိမ်းချောက်သံ ပြင်းထန်၍လာလေတော့၏။ ကျွန်တော့မှာ မပြောဘဲမနေနိုင်တော့သည့် အတိုင်း 'ကျွန်တော်ဘာမှမသိပါဘူးဖေဖေရယ်' ဟုပြောလိုက်ရာ ဖေဖေမှာ ကျွန်တော့်အား ငြင်းပယ်ရ မည်လားဟူသောဒေါသထွက်ခြင်းဖြင့် 'ဘာပြောတယ် ... ဘာမသိရမှာလဲ ငါ့ကို လိမ်ပြောမယ်ကြံတာပေါ့လေ' ဟုဆိုကာ ဗိုက်ကြော နှင့်ပေါင်တွင်းကြောကို ငပုတင်းတွတ်သလို ဆွဲ၍ဆွဲ၍ လိမ်သဖြင့် ကျွန်တော့် မှာ နာကျင်လှသောကြောင့် မျက်ရည်များကျကာ 'အမယ်လေးဖေဖေရဲ့ ဒါလောက်မနိုပ်စက်ပါနဲ့ ဖေဖေသတ်ပစ်လိုက်ပါ၊ သေရင်အေးတာပါပဲ' ဟုပြော၍ငိုလိုက်ရာ ...

'အမယ်လေး နင်က နင့် အဆိုးကို ငါ့အဆိုးဖြစ်အောင် ရပ်ကျော် ရွာကြား အော်တာပေါ့လေ။ ကမြင်းထီး ... တိတ်ဟဲ့ တိတ်' ဟုဆိုပြီးလျှင် ကျွန်တော်၏ပါးစပ် ကိုအတင်းပိတ်လိုက်၏။ သို့ပိတ်ထားသဖြင့် ကျွန်တော့မှာ အသက်ရှူရ ကျပ်သောကြောင့် ဖေဖေ့အားတွန်းလှန်ရုန်းကန်မိလေရာ

'တယ် .. နင်ကငါ့ကို အာခံသပေါ့လေ၊ နင်တော့လား သိစေရမယ်' ဟုဆိုလျက် အကျီလက်များ ပင့်ကာ ခါးဝတ်ကို တိုတိုပြင်၍ ဝတ်နေစဉ် မေမေကကြားဝင်၍ 'ဟဲ့ ကိုမြရွှေ အရေးထဲမှာ ရန်ဖြစ်ချင်မနေစမ်းပါနဲ့ဦး၊

အေးအေးချမ်းချမ်း မေးမြန်းပါဦးတော့လား၊ ပြီးတော့မှ ဆုံးမသင့်လဲဆုံးမတာပေါ့’ ဟု ဟန့်တားလိုက်တော့မှ ဖေဖေသည် ကိုယ်ရှိန်သတ်၍သွားလေ၏။

ထိုအခါကျမှ မေမေ က‘ နေစမ်းပါဦး … မေးရဦးမယ်၊ ဒီစာကိုခင်မသိဘဲနဲ့ ဘယ်လို ခင့်လက်ထဲကတွေ့ရတာတုန်း’ ဟုမေးလေ၏‘မပြောတတ်ဘူး၊ မသိဘူး၊ ခင့်လက်နဲ့တောင်မထိရသေးဘူး’

‘မသိဘဲနဲ့ ဒီစာအုပ်ကြားထဲကို ဘယ်နည်းနဲ့ရောက်လာရတာလဲ’

‘မသိဘူး၊ ဘယ်စာအုပ်ထဲထည့်ထားမှန်းလည်းမသိဘူး၊ ခင်တော့မသိဘူး၊ ဘယ်သူထည့်ထားမှန်း မသိဘူး’

‘ဘူးကွယ်မနေစမ်းပါနဲ့ ကောင်းကောင်းပြောစမ်းပါ။ ဟောဒီစာအုပ်အနီထဲမှာတွေ့ရတာ’ ဟုဆိုကာ စာအုပ်အနီတစ်အုပ်ကို ထောင်ပြလေရာ ထိုစာအုပ်ကို မြင်ရလျှင် ကျွန်တော်၏ စိတ်ထဲတွင် အတိုင်းမသိ လှုပ်ရှားခြင်းဖြစ်မိပေတော့၏။ အကြောင်းမှာ မချစ်ဦးအားကျွန်တော် ငှားလိုက်၍ မချစ်ဦးကပြန်ပေးလိုက်သောစာအုပ်ပင်ဖြစ်လေရာ၊ ထိုစာအုပ်မှာ ကျွန်တော်တွေ့ရအောင် စာအုပ်ကြားထဲ၌ မချစ်ဦးညှပ်၍ပေးသော စာဖြစ်သည်ကို တထစ်ချတွေးမိပေတော့၏။ သို့တွေးမိသည်နှင့် တပြိုင်နက် ကျွန်တော့ စိတ်ထဲတွင်ဝမ်းနည်းခြင်းကဲ့သို့သော အဖြစ်မျိုးကိုတွေ့ကြုံ ခံစားရလေ၏။ မချစ်ဦး၏ ပထမဆုံးသောစာကလေးကိုကျွန်တော်မဖတ်ရဘဲမေမေတို့လက်ထဲသို့ရောက်သွားခြင်းကို ကျွန်တော့မှာ ယူကြုံးမရ ဖြစ်မိပေတော့၏။

‘ပြောလေ .. မေးတာပြောစမ်းပါ၊ ဘယ်သူထည့်တာလဲ’ ဟုမေးမြန်းပြန်ရာ၊ ကျွန်တောသည် ထည့်သွားသူကို ရိပ်မိပြီဖြစ်သော်လည်း သူ့နာမည်ကိုကား ဘယ်နည်းနှင့်မျှ ကျွန်တော်မပြောလိုသောကြောင့် ‘မသိတော့ဘူးမေမေရဲ့၊ ကျွန်တော်လည်း မတွေ့ရသေးဘူး။ မေမေပြောတော့မှ သိရတာပါ.. စာတောင်မမြင်ရသေးဘူး’ ဟုငြင်းကွယ်လိုက်ရတော့လေ၏။ ထိုအခါမှ မေမေသည် စာကိုပြန်၍ကြည့်ကာ ရေးသူအမည်ကိုဖတ်လေ၏။

‘ဒီမှာ နာမည်တော့မပါဘူး၊ လက်မှတ်ထိုးတာကတော့ အချစ်ဦးတဲ့၊ အဲဒါ ဘယ်သူထင်သလဲ’

‘မပြောတတ်ဘူး၊ ကျွန်တော့မှာ မိန်းကလေး အသိတယောက်မှ မရှိဘူး’

‘ကြည့်စမ်းဒီလက်ရေးကိုမြင်ရင် မသိဘူးလား’ဟုဆိုကာကျွန်တော့်အား စာကို လှမ်း၍ပေးလိုက်ရာ ကျွန်တော်၏ လက်များသည် တုန်ရီစွာဖြင့် စာရွက်ကလေးကို ကိုင်မိလေ၏။ စာရွက်ပေါ် တွင်ရေးထားသောစာလုံးများမှာကားမချစ်ဦး၏ လက်ရေးများပင်ဖြစ်တော့၏။ ထို့ပြင်မိမိ၏ နာမည်ကို အချစ်ဦးဟု ဝှက်ရေးထားသဖြင့်လည်း မချစ်ဦးဖြစ်ကြောင်းမှာ ထင်ရှားလေတော့၏။ သို့ရာတွင် ကျွန်တော်၏စိတ်တွင် ထိုစာများကို မြင်နေရစဉ် တခဏ၌ အနီးအပါးတွင် မိဘများ ရပ်ရှိဆူပူကြိမ်းမောင်းနေသည်ကို သတိမေ့ကာ ရေးသားထားသော စာများကို အာရုံစူးစိုက်၍ ဖတ်ရှု နေမိရာ မေမေက ‘အမယ်… နင့်ကိုစာဖတ်ရအောင်ပေးတာ

မဟုတ်ဘူး၊ လက်ရေးကိုကြည့်ခိုင်းတာ နင်က နင့်ရည်းစားဆီကို ဒို့များက
အောင်သွယ်လုပ်ပြီးနင့်ကို ပေးတယ်များအောက့်မေ့နေသလား' ဟု ပြောပြော ဆိုဆို
ဆွဲငင်၍ယူလိုက်သဖြင့် ကျွန်တော့မှာ ဖတ်၍ ကောင်းနေတုန်းအရသာပြတ်၍
သွားရတော့၏။

'ဒါဘယ်သူ့လက်ရေးလဲ မသိဘူးလား' ဟုမေမေ ကထပ်၍မေးပြန်၏။
'ကျွန်တော် ဒီလက်ရေးကို ဒီတစ်ခါပဲမြင်ဖူးတယ်၊ ဘယ်မိန်းမလက်ရေးမှ မမြင်ဖူးဘူး၊
ဒါဘယ်သူရေးတယ်ဆိုတာ ကျွန်တော်မသိဘူး'
'ဒါဖြင့်ဒီစာ ကိုကျောင်းသူကလေးတွေထဲကတယောက် ယောက်လာပြီးအလစ်မှာ
ထည့်သွားတယ်လို့ဆိုချင်တာပေါ့လေ။' ဟုပြောသဖြင့် ကျွန်တော်လည်း ဟုတ်မှန်သည့်
အနေနှင့် ခေါင်းညိတ်ပြလိုက်လေ၏။
'ကဲ ဒီလိုဆိုရင်တော့ ကျုပ်တို့ မခံနိုင်ဘူး၊ ကျောင်းကိုသွားပြီး တိုင်မှပဲ။ ကျုပ်သားကို
ကောင်မတွေ တမင်စော်ကားတာပဲ' ဟုဖေဖေကပြောရာ မေမေ ကမူ ဘာမှမပြောဘဲ
စဉ်းစားသကဲ့သို့ပြု လုပ်နေလေ၏။အတန်ကြာမှ မေမေသည် ကျွန်တော့အားကြည့်ကာ
'ခင်ပြောတာတွေ တကယ်ပဲနော်' ဟုဆိုလေ၏။
'တကယ်ပါမေမေ'
'ကဲ ... တကယ်ပဲ၊ ဒီလိုဆိုရင်တိုင်ရလိမ့်မယ်။ သူ့ကိုလည်း ကျောင်းမှာထားလို့
မဖြစ်တော့ဘူး၊ ကျောင်းက တခါထဲနှုတ်လိုက်ရင် အေးတာပဲ'
မေမေသည်ငြိမ်သက်စွာ စဉ်းစားနေရာမှ လူပ်ရှားလာကာ 'တိုင်လို့
လည်းမကောင်းပါဘူးကိုမြွေ့ရယ်။ ကြိုက်ကြရင် အပျိုက စာ စပြီးပေး စမြဲ
ပဲ၊ ဒါတွေတိုင်နေလို့ ကိုယ့်သားစာပေးခံရတာ လူသိရှုံရှိမှာပဲ' ဟုပြောလေ၏။
'လူမကလို့ နတ်ပဲသိသိ ဒါမျိုးတော့ မခံနိုင်ဘူး။ မောင်ချင်းမစာ
အကိုချင်းမစာဘဲ ဒီလိုစာပေးတာမျိုးကို ခံနေရင် နောက်ကို ဒီ့ထက်ကပြီး
ကိုယ့်သားကို တက်ခွကြလိမ့်မယ်'
'ကွယ်..ဒါတော့ ချစ်တယ်ကြိုက်တယ်ဆိုတာမောင်ချင်းနမစာတာဘယ်ဟုတ်ပါ့မလဲကွဲ့၊
ကိုယ့်တုံးကလည်း စာပေးလို့ အခုလိုညားကြရတာ မဟုတ်လား။ ဒါတော့
မောင်ချင်းမစာဘူးလို့ ဘာလို့မပြောသလဲ'
'မယ် ... ကိုယ်က ကြားထဲကရှေ့ နေလိုက်မနေစမ်းပါနဲ့ ကိုယ့်ကိုရှေ့နေမငှားပါဘူး'
'ဟုတ်တာပြောတာလေ၊ မိန်းကလေးတွေထဲမှာ သွားနေရင် ဒါမျိုးတော့တွေ့ရမှာပဲ'
'ဟောကိုယ့် စကားနဲ့ ကိုယ်မိနေပြီ။ အစတုန်းက ကျုပ်က သူ့ကိုကျောင်းနှုတ်ပါ ...
နှုတ်ပါနဲ့ တဖွဖွပြော တာ နားမထောင်ဘဲ၊ ခေတ်ဆန်အောင်လေးဘာလေးနဲ့
အခုတော့ဒီလိုဖြစ်မှာပေါ့လေ ... ဘာလေးနဲ့ဖြစ်လာရပြန်ပြီ၊ ကဲ ..
အခုတော့ဘယ့်နှယ့်ရှိစ'
'ဘယ့်နှယ် မရှိတော့ပါဘူး၊ ဒါမျိုးမဖြစ်စေချင်ရင် ကျောင်းနှုတ်ထားလိုက်ရုံပေါ့၊
တိုင်တာကြားတာတွေ လုပ်နေရင် အပိုပါပဲ'

'ဒါဖြင့်ကျောင်းနှုတ်မယ်၊ ကိုယ်သဘောတူရဲ့လား'
'ကျုပ်ကတော့ မတူစရာမရှိပါဘူး၊ နို့ပေတဲ့ ကိုယ့်သားရဲ့ စိတ်ထဲဘယ်လိုဆိုတာလည်း၊ မေးစမ်းပါဦး'
ကျွန်တော့်မှာ ကျောင်းကထွက်ရမည်ဆို၍ များစွာစိတ်မကောင်းလှ၊ကျောင်းနေသည်ကို ပျော်၍မှ အားမရသေးမီထိုသို့ နှုတ်မည်ဟူသော စကားကို ကြားရသောကြောင့်၊ ကျောင်းမနှုတ်ရန် အတန်တန်ငိုယိုတောင်းပန်လေရာ ဖေဖေသည်
ထိုသို့တောင်းပန်သည်ကို စိတ်ဆိုးလျက်
'ဘာလဲ နင်ကနင့် ဟာမတွေနဲ့ မတွေ့ရ မှာစိုးလို့လား' ဟုမောင်းမဲလေတော့၏။
'မဟုတ်ပါဘူးဖေဖေရဲ့၊ ကျွန်တော်ဘာပညာမှ လုံလုံလောက်လောက်မတတ်သေးဘဲနဲ့၊ မထွက်ချင်သေးလို့ပါ၊ ဆယ်တန်းအောင်ရင်တော်ပါပြီ'
'နင်ဒီလိုပညာတွေတတ်လဲ ဘာသွားအသုံးချဦးမှာလဲ ဟဲ့၊နင်တို့တတ်ဖို့လိုတာ၊ ပြုတ်သီးထောင်း၊ ကြက်သွန်လှီး၊ ထမင်းအိုးတစ်လုံးတည်၊ဒါမျိုးတွေ တတ်ဖို့ အရေးကြီးတယ်၊ မထားဘူး၊ မထားဘူး၊ ချက်ချင်းနှုတ်မယ်'
'ဒါဖြင့်ရင်လည်း ဒီအတန်းကုန်အောင်သင်ပါရစေဦး၊ ဒီနှစ်ကုန်ရင် အောင်အောင်ကျကျ နှုတ်ပါတော့' ဟုပြောရာ မေမေကလည်း သဘောကျသောလက္ခဏာဖြင့်
'ဟုတ်သားပဲလေ၊ ဒါလောက်ပိုက်ဆံတွေ ကုန်ခဲ့ပြီးမှတော့နှစ်ကုန်အထိ ထားသေးတာပေါ့' ဟုထောက်ခံလေ၏။
'အို ... ဒီနှစ်မပြောနဲ့ မနက်ဖြန်တောင်မထားနိုင်ဘူး၊ ကုန်တဲ့ပိုက်ဆံ နှမြောဖို့မရှိဘူး၊ ကိုယ့်သား မတော်တရော် ကောင်မတွေလက်ထဲရောက်သွားမှ နှမြောလို့မဆုံးနိုင်ဖြစ်မှာ၊ မထားဘူး' ဟုပြောလေရာ ပြောပါများယောကျ်ားစကား အောင် ဆိုသကဲ့သို့ နောက်ဆုံးတွင် ဖေဖေ့၏ စကားအတိုင်း မေမေက အလျှော့ပေးလိုက်ရလေရာ ကျွန်တော့်ကို ကျောင်းမှ နှုတ်ရန် အပြီးအပိုင်ဆုံးဖြတ်ပြီးသောအဖြစ်သို့ ရောက်သွားလေ၏။

'ကဲ ...ကဲ ခင်လည်းငိုမနေနဲ့တော့၊ သွားပြီးရေချိုးချေ၊ဒီကနေ့ကစပြီးတော့ အိမ်ထဲမှာပဲ လှလှပပ ဖီးလိမ်းဝတ်စားပြီးနေပေတော့' ဟုမေမေကပြောပြီးလျှင် ၎င်းလက်ထဲရှိ စာကလေးကို အစိတ်စိတ်အမြွာမြွာ ဖြစ်အောင် ဆုတ်၍နေလေရာ၊ ကျွန်တော့မှာ ကျွန်တော်၏ အသဲနှလုံးများကိုဆွဲဆုတ်ခြင်းခံရသကဲ့သို့ ဆတ်ဆတ်ခါမျှ နာကျင်ခြင်း၊ နှမြောခြင်းဖြစ်မိပေတော့၏။ ထိုသို့ မချင့်မရဲဖြစ်မိသောကြောင့် မေမေ၏လက်ထဲတွင် အစိတ်စိတ်အမြွာမြွာ ပြတ်သတ်ကြွေကျလျက်ရှိသော စက္ကူအပိုင်းအစလေးများကို နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်နေမိရာ 'ခင် ..ခင်သိန်းနော် ခင်သိန်း ဘာကြည့်နေတာလဲ၊ ဒီစက္ကူစတွေ ကောက်ယူပြီး ဆက်ဖတ်ဦးမလို့လား၊ အင်း ... ကြည့်ရပါလိမ့်မယ်၊ မီးဖိုထဲမှာ ပြာဖြစ်နေတာ' ဟု ပြောပြောဆိုဆို စက္ကူစများကို လက်ခုပ်ဖြင့်သယ်ယူကာ မီးသင်္ဂြိုလ်ရန် မီးဖိုဆောင် သို့ဝင်သွားလေ၏။ ကျွန်တော်လည်း စိတ်မကောင်းဖြစ်ကာ ကျွန်တော်၏

အခန်းကလေးထဲသို့ ပြန်၍ဝင်ပြီး ခုတင်ပေါ် တွင်ဝမ်းလျားထိုးပစ်လှဲကာ ငိုချင်ဝမ်းနည်း အပူပွဲ ဝင်နေမိတော့၏။

ထိုအခါမှကျွန်တော်သည် ကျွန်တော်၏ကိုယ်၊ ကျွန်တော်၏စိတ် လှည့်စားခဲ့သမျှတို့ကို ယခုသိရှိရိပ်မိတော့၏။ ကျွန်တော့နှလုံးသားတို့သည် အချစ်ကို တောင်းတခဲ့သည်မှာ ကြာမြင့် ပြီဖြစ်ခဲ့ချေ၏။ ထိုသို့တောင်းတသည့်အတိုင်း အချစ်ကိုတွေ့ခဲ့၏။ တွေ့ခဲ့ပါသော်လည်း ချစ်မိသည်ကိုဖွင့်ဟဝန်မခံဘဲ ကျွန်တော့ကိုယ် ကျွန်တော် လှည့်စားလာခဲ့သည်မှာ ယခုအထိဖြစ်ခဲ့၏။ ယခု ကျွန်တော်ကျောင်းက ထွက်ရတော့မည်ကို သိရှိရသောအခါ ကျွန်တော်၏စိတ်၌ ကြိတ်၍ ချစ်ခဲ့မိသူနှင့် ကွေကွင်းရတော့မည်ဖြစ်သောကြောင့်ထိုစိတ်သည် ပူပန်တမ်းတခြင်းကို ပြုပြီဖြစ်ပေရာ ယခုမှပင်ကျွန်တော်သည်တဦးတယောက်အား ကြိတ်၍ ချစ်နေခဲ့မိသည်ကို ဖွင့်ဟဝန်ခံရပေတော့၏။ကျွန်တော်ချစ်မိသူမှာ မချစ်ဦးပင်ဖြစ်လေသည်။

ကျွန်တော်၏အထင်မှာ ပြောရမှာလည်းရှက်ပါရဲ့၊ မချစ်ဦးကို ကျွန်တော်ကပင် စတင်၍ ချစ်ကြိုက်မိသည်ဟု ထင်မိပေသည်။ ထိုသို့ချစ်မိပါလျက်ကျွန်တော်လည်း မချစ်သကဲ့သို့ ဟန်လုပ်နေမိသည် ဆိုကလည်းမမှားပေ။ချစ်၍ချစ်နေမှန်း မသိဟု ဆိုကလည်း မမှားနိုင်ပေ။ထိုသို့ ကျွန်တော်၏စိတ်တွင် မချစ်ဦးအပေါ် ၌ ချစ်မိသည့်အခါမှာပင် မချစ်ဦးသည်လည်း ကျွန်တော့်အား စတင်၍ချစ်နေမည်မှာ မလွဲဟုယုံကြည်မိသည်။

အကယ်၍သာ ကျွန်တော်သည် ကျွန်တော်၏ စိတ်အလိုဆန္ဒကိုသိရှိရိပ်မိပြီးလျှင် ဟန်ဆောင်၍မနေဘဲ၊ မချစ်ဦးအား ကျွန်တော့်ကို ရဲတင်းစွာ ချစ်ခွင့်ရရှိစေရန် ရေလာမြောင်းပေး ပြုလုပ်မိခဲ့ပါလျှင်ကျွန်တော်တို့သည်တစ်ဦးနှင့်တစ်ဦး မေတ္တာယှက်ကူး၍ ချစ်ပင်ကြီးစိုက်ပျိုးလျက် အချစ်မိုးရွာ သွန်းကာသာယာလန်းတင့် ချစ်ပန်းပွင့်ကြမည်မှာ မလွဲပင်ဖြစ်ပေသည်။ ယခုမူ ကျွန်တော်၏ ဟန်အမူအရာများခြင်းကြောင့် တယောက်ကိုတယောက် ပွင့်ပွင့်လင်းလင်း မချစ်ရမှီက ကွဲကွာရတော့မည့် အခြေသို့ဆိုက်ခဲ့လေ၏။ ကျွန်တော့အနေဖြင့် မချစ်ဦးက ကျွန်တော့အပေါ် ၌ချစ်ကြိုက်ခြင်း ကိုသိရှိရပေ၏။သို့ရာတွင်မချစ်ဦးမှာမူကျွန်တော်၏ အချစ်ကို မသိရတော့ပြီဖြစ်ပေ၏။ ထိုသို့မသိသည်ကိုသိစေဖို့ရန်မှာ ခဲယဉ်းလှပေတော့သည်။သို့ဖြစ်ရကား ကျွန်တော်တို့၏အချစ်မှာ မျိုးစေ့မဖြစ်မီကပင် ပျက်စီးခြင်းသို့ရောက်ရှိကာ ထိုမျှနှင့်ပင် ဇာတ်သိမ်းရတော့မည်ဖြစ်ပေတော့၏။

ထိုသို့တွေးမိသောအခါတွင် ကျွန်တော်သည်ကျွန်တော့် ကိုယ်ကိုများစွာ အပြစ်တင်မိစိတ်ဆိုးမိတော့၏။ မချစ်ဦးသည် ပထမဦးစွာ ကျွန်တော်၏ ပေတံပေါ် တွင်"ချစ်ပါ" ဟူသော စာကလေးနှစ်လုံးဖြင့် ကျွန်တော်၏ အချစ်ကို အသနားခံခဲ့၏။ ထိုအခါက ကျွန်တော်သည် ဘာမျှ မသိလေဟန်ပြုမူခဲ့ခြင်းမှာ ကျွန်တော့်ကိုယ်ကို ကျွန်တော် အပြစ်ပေးစရာပင်ဖြစ်တော့၏။ ထို့ထက်အပြစ်တင်၍မဆုံးနိုင်ဘဲ

ကျွန်တော်၏တသက်တွင် မချစ်ဦးနှင့် မချစ်ရလျှင် တစ်သက်လုံးယူကြုံးမရဘွယ် အချက်မှာ ကျောင်းမှပြန်လာစဉ် ဖခင်ကြီးကိုစိတ်ကောက်ပြီး စာအုပ်များကိုပစ်ချ လိုက်မိခြင်းပင်ဖြစ်ပေ၏။ ယင်းသို့စာအုပ်များကို ပစ်ချလိုက်ခြင်းအားဖြင့် မချစ်ဦး စာအုပ်ကြားတွင် ညှပ်၍ထည့်လိုက်သော စာကလေးသည်ကျွတ်လွတ်၍ထွက်လာကာ မိခင်ဖြစ်သူတွေ့၍ သွားရခြင်း ဖြစ်တော့သောကြောင့် ထိုသို့သာပစ်မချလိုက်ခဲ့လျင် မည်သူမျှတွေ့ရမည်မဟုတ်ဘဲ မချစ်ဦးပေးသောစာကို ကျွန်တော်ဖတ်ရှု သိရှိကာ ကျွန်တော်၏မေတ္တာ တုန့်ပြန်ခြင်း ကိုမချစ်ဦး အားတနေ့နေ့ တွင် တနည်းနည်းအားဖြင့် သိစေနိုင်မည်ဖြစ်သည့်အတွက် ကျွန်တော့မှာ ထိုသို့စာအုပ်များ ပစ်ချလိုက်မိခြင်းကို အပြစ်တင်၍ မဆုံးနိုင်အောင် ဖြစ်ရပေတော့၏။

ကျွန်တော်သည် အချိန်တန်အရွယ်ရောက်၍ လူပျိုကောင် ဝင်လာကတည်းကပင် ကျွန်တော်၏ စိတ်နှလုံးသည် နေအရှဏ်ကိုစောင့်စားနေသော ပန်းငုံအဖူးကလေးကဲ့သို့ အချစ်ကိုစောင့်စားသောရောင်ခြည်ဖြင့် တွေ့ထိသည့်နေ့၌ပင် အချစ်ပန်းပွင့်ခဲ့လေသည်။ ထိုသို့အချစ်ပန်းပွင့်ခဲ့သည်ကို အစကမသိခဲ့ဘဲ၊ အချစ်နှင့်ဝေးရတော့မည့် အချိန်သို့ ဆိုက်ရောက်လာမှ ထိုသို့ကင်းဝေးရတော့မည်ကို အလွန်ပူပင်ဆွေးမြေ့ခြင်းသို့ ရောက်ရှိကာ၊ တမ်ပုပ်တိမ်နက်ကြီး အကြားထဲသို့ ဝင်တော့မည့်ဆဲဆဲရှိ နေလုံးကြီးနှင့်တူသည့်အဖြစ်ကို မည်သို့ဆွဲထားရပါမည်နည်းဟုမကြံတတ်နိုင်အောင် ရှိလျက် ကျွန်တော့်မှာ အိပ်ရာပေါ် တွင် လူးလွန့်ရင်း မချစ်ဦးကို တွေးမိကာသာလျှင် ဝမ်းနည်း လှိုက်ဖို အပူပိုလျက် ငိုချင်ပက်ကျိ မချိဆင်းရဲ အလွမ်းပွဲကြီးဆင်ရလေတော့ ၏။

* * * * * * * *

# အခန်း(၄)

ကျွန်တော့်မှာ ကျောင်းထွက်လိုက်ရသည့် နေ့မှစ၍ အိမ်တွင်းပုန်းအဖြစ်သို့ ရောက်ရှိခဲ့ပေတော့၏။ မိဘနှစ်ပါးတို့သည် ကျွန်တော့်အားမျက်စိအောက်မှ အပျောက်မခံဘဲ အရိပ်တကြည့်ကြည့်နှင့်ရှုကြလေ၏။ အိမ်နီးပါးချင်းထံသို့ သွားလာလည်ပတ်ခြင်းကိုလည်း အလျင်းမနှစ်သက် ခွင့်မပြုဘဲ အိမ်ထဲက အိမ်ပြင်သို့ပင် မထွက်စေချင်ကြသကဲ့သို့ပင်ရှိလေ၏။ မိန်းကလေးများနှင့်ခေါ်ခြင်းပြောခြင်းကို မဆိုထားဘိ မိန်းကလေးမြင်လျှင် စေ့စေ့ကြည့်သည်ကိုပင် မကျေနပ်နိုင်အောင်ပင် ရှိကြတော့၏။အပေါင်းဖော် ဖြစ်သောယောကျ်ားလေးများလာလျှင် ကြာကြာလက်ခံ၍ စကားပြောသည်ကို မကြိုက်ကြဘဲ အပြင်အပကစကားများသယ်ယူ လက်ဆောင်ပါးမည်ကို စိုးရိမ်သည့်သဘောဖြင့် အနီးအပါးတွင် လာရောက်၍ထိုင်ကာ အရိပ်အခြေကြည့်ရှု နားစိုက်နေလေ့ရှိကြသည်။

သို့ဖြစ်ရကား ကျွန်တော့်မှာ အိမ်တွင်းပုန်းအဖြစ်ဖြင့် အိမ်ထဲတွင်အစွမ်းကုန် လှုပ်ရှားလုပ်နေရသော်လည်း အကျယ်ချုပ်ချထားခြင်းခံရသကဲ့သို့လွတ်လပ်ခြင်းကို ကောင်းစွာမရဘဲရှိလေ၏။ ထိုသို့အချုပ်အချယ်မကင်းခြင်းကို ကျွန်တော်သည် လွန်စွာစိတ်၌ ခံပြင်းခြင်းဖြစ်မိပေ၏။ သို့ရာတွင်ကျွန်တော့်မှာ ကျွန်တော့်၏ အလိုအတိုင်း မနေရ၍ စိတ်ဒေါသဖြစ်ရသော်လည်း မိဘတို့ဘက်မှနေ၍ ကြည့်မည်ဆိုသော် ကျွန်တော်အား တမင်သက်သက် ညှင်းပန်းနှိပ်စက်လို၍ ထိုသို့ပြုရခြင်းမဟုတ်ဘဲကျွန်တော့အားလိမ္မာရေးခြားမိသားဖသားပီသ၍ ယောကျ်ားမြတ်အင်္ဂါနှင့် ပြည့်စုံစေရန် ပြုစုယုယခြင်းဖြစ်ပေတော့၏။ လူငယ်တို့ အားဆုံးမသည်ကို ရန်စကားပြောသည်ဟု ထင်တတ်ခြင်းမှာ ဓမ္မတာပင်ဖြစ်တော့၏။

မိဘနှစ်ပါးတို့သည်ကား ကျွန်တော့အား "ယောကျ်ားတို့ကျွန္ဓေ့ရွှေပေးလို့မရ" ဟူသောစကားနှင့် တသားတည်းညီညွတ်စေလို၍"ဗိုင်းကောင်းကျောက်ဖိ" ပိပြားသေဝပ်ခြင်းရှိသည်ထက်ရှိစေရန် တရံမလပ် အထပ်ထပ်သွန်သင်ဆုံးမခြင်း၊ အိမ်ထောင်မှုကို ကောင်းစွာနားလည်စေခြင်းငှာ စားဖိုချောင်လုပ်ငန်းဟူသမျှတို့ကို ဖခင်ကြီးကိုယ်တိုင်ညွှန်ကြားခြင်း၊ အားလပ်သည့်အချိန်တွင် ကာလပေါ် ဝတ္ထုဖတ်ခြင်းကို မဖတ်ရစေဘဲ ကျမ်းစာ တရားစာ များကို ရွတ်ဖတ်ကျက်မှတ်စေခြင်း၊ "ယောကျ်ားပျင်းခြေဆင်း၊ မိန်းမပျင်းကျောခင်း" ဟူသောစကားကဲ့သို့ ခြေဆင်းလဲလူ အပျင်းထူ၍ မနေစေဘဲ အမှိုက်လဲခြင်း၊ ဖုံသုတ်ခြင်း စသောပြုဖွယ်ကိစ္စတို့ကို ဆောင်ရွက်စေခြင်းဖြင့် ကျွန်တော့အား ယောကျ်ားသားတို့ပြုအပ်သော အိမ်ထောင်မှု ကိစ္စတို့ကို တတ်သိနားလည်အောင်ပြုလုပ်ထားကြပေ၏။

ကျွန်တော့မှာ ထိုထိုသောပြုဘွယ်ကိစ္စတို့ကို နေ့စဉ်မပြတ် ပြုလုပ်ရကာ ထိုမှအားလပ်သောအချိန်များ၌ သာလျှင် ရေမိုးချိုး၊ ကိုးလိကရိမ်းလိမ်းပေါင်ဒါရိုက်၊

အင်္ကျီအသစ်လဲ ကိုယ့်ကိုယ်ကို အမျိုးမျိုးလှအောင်ဖီးလိမ်းကာလူပျိုလုပ်ဖို့ရန်
အချိန်ကုန်ရပြီးလျှင် ဇာပန်းထိုးခြင်းဖြင့် အချိန်ကိုကုန်ရလေ၏။

ထိုသို့လူပျိုလုပ်ခြင်းကိုကားဖခင်ကြီးသည်အနည်းငယ်မျှကန့်ကွက်ခြင်းမပြုပေ။
မိခင်ကလည်း ကျွန်တော်လှလှပပဝတ်စားနေသည်ကို တွေ့ရသည့်အခါတွင်
သဘောကျသည့် အမူအရာဖြင့်ပြုံးပြုံး နှင့်ရှိလေတော့သည်။လူပျိုဖြစ်လာလျှင်
လူပျိုလုပ်ရမည်မှာ မလုပ်မနေအပ်သောဝတ္တရားတခုဟု အောက်မေ့၍လားမသိ၊
ကျွန်တော် ဝတ်စားဘို့ရန်အဝတ်အထည်များကို ဝတ်၍မကုန်နိုင်အောင်
ဝယ်ခြမ်းပေးပေ၏။ မိခင်ကြီးသည် ရုံးမှလခထုတ်၍ပြန်လာသည့်အခါတိုင်း
တိုက်ဆိုင်အကြွေးဆပ်ရန်ဝင်ရောက်ရင်းအဝတ်အဆန်းများပေါ် ပေါက်နေသည်ကို
တွေ့ရှိပါက၊ ကျွန်တော့်အဖို့ဘယ်အခါမှ မမေ့ဘဲအစဉ်သဖြင့်ဝယ်ယူလာလေ့ရှိပေသည်။

ကျွန်တော် ၏မှန်တင်ခုံဘီရိုထဲတွင် အဆင့်သုံးဆင့်စလုံး၌ ကျွန်တော်၏
အဝတ်အစားများပြည့်နှက်လျက်ရှိကာ မှန်တင်ခုံအပေါ် ၌ကား
ပေါင်ဒါ၊ နှင်းပွင့်၊အသားလှရည်၊ ခေါင်းလိမ်းဆီအမျိုးမျိုး နုတ်ခမ်းဆိုးဆေး
ပါးနီဆေး၊ ရေမွှေး၊တို့ပတ်များမှာ အစီအရီ ညီညာလှပစွာ သူ့နေရာနှင့်သူ
မှန်တင်ခုံကြီးတစ်ခုလုံးကိုတန်ဆာဆင်ယင်လျက်ရှိကြလေ ကုန်၏။
ထိုသို့ကျွန်တော့်မှာ ယဉ်ကျေးသိမ်မွေ့၍ ဣန္ဒြေရှင်ပီသစွာဖြင့်နေ
ထိုင်လျက်ဝတ်ချင်တိုင်းဝတ်၊ စားချင်တိုင်းစား၊ လှချင်တိုင်းလှ၊ သချင်တိုင်း
သနေကာ၊ ရွှေဘုံရွှေနန်း၌စံမြန်းနေရပါသော်လည်း လှပစွာ ပန်းအိုး၌စိုက်
ထားသော ကြာပန်းကလေးသည် ရေနှင့်ကင်း၍ ညှိုးနွမ်းလာသကဲ့သို့အချစ်
နှင့်ကင်းဝေးသော ကျွန်တော့်မှာ ပျော်ရွှင်ခြင်းမရှိဖြစ်ရတော့၏။
ကျွန်တော်သည် ကျောင်းကထွက်၍ မချစ်ဦးနှင့် ကွဲကွာရသည့်နေ့
မှစ၍ တစ်နေ့မှ စိတ်ပျော်ရွှင် ချမ်းမြေ့ခြင်းမရှိဘဲ သူ့ကိုသာလျင်အစဉ်သဖြင့်
သတိရရှိလွမ်းဆွတ် မိပေတော့၏။ ထိုသို့ကျောင်းမှထွက်ခဲ့ရသည့် နေ့မှစ
၍ သူ၏မိန်းမပီသခံ့ညားသော မျက်နှာကိုမတွေ့ရတော့ပြီဖြစ်ပေ၏။ ထိုသို့
ကျွန်တော်နှင့်ကွဲကွာ ရသည့်အတွက်သူ၏စိတ်တွင် မည်မဆပူဆွေးကြေကွဲ
မည်ကိုကား ကျွန်တော် မတွေး တတ်နိုင်အောင် ပင်လျင်သူ့ကိုဤမျှသတိရ
လွမ်းဆွတ်ခဲ့ပါက သူ့မှာမူ ကျွန်တော်ထက်ပင်ကဲ၍ ပူဆွေးရရှာမည်ဟုသာ
ယူဆရပေတော့၏။ သူချစ်သကဲ့သို့ ကျွန်တော်ကလည်းတစ်ဦးမေတ္တာ တစ်
ဦးမှာဆိုသလို မေတ္တာတုံ့ပြန်ကြောင်းကို မချစ်ဦးသိရပါမူကား ဖြေဖျော်နိုင်
ဖွယ်ရာရှိပေဦးမည်။သို့ရာတွင် သူ့ခမျာမှာ ကျွန်တော်က မေတ္တာ တုန့်ပြန်
လိုသောစိတ်ရှိသည်ကို မသိရရှာပေ။ ထိုသို့သိနိုင်ရန်မှာလည်း ခဲယဉ်းလှ
ပေတော့သည်။ တစ်ယောက်နှင့်တစ်ယောက် ဝေးခဲ့ကြပြီဖြစ်၍ မည်သည့်
နည်းနှင့်မျှ မသိနိုင်တော့ပေ။ ကျွန်တော်က သူ့ကိုမေတ္တာရှိကြောင်းစာပြန်လိုက်
လျင်မူကား သိနိုင်ဘွယ်ရာရှိသော်လည်း စာပေးရန်မှာ အလွန်ခဲယဉ်းနေပေပြီ။

သူ့ထံသို့ အဘယ်နည်းနှင့် စာရောက်အောင်ပြုလုပ်နိုင်မည်ကို တွေးတောကြံဆ၍ မရနိုင်အောင်ရှိပေ၏။ အကယ်၍ တစ်နည်းနည်းဖြင့် စာပေး၍ရနိုင်စေဦး ကျွန်တော်က ထိုသို့စာရေးရမည်ဆိုသော် ကျွန်တော့်အပေါ် ၌အညှာလွယ်သောယောကျ်ားကလေးတစ်ယောက်ဖြစ်သည်ဟု ထင်မြင်ဖွယ်ရှိသောကြောင့် ချစ်ပါသော်လည်းယောကျ်ားသားပီပီ ဣန္ဒြေဟန်လုပ်ရန်လိုအပ်သည့်အားလျော်စွာ စာပေး၍လည်းမဖြစ်နိုင်သည်ကို တွေးမိပြန်တော့၏။ သို့ဖြစ်၍ကျွန်တော့်မှာ မချစ်ဦး၏ အချစ်ကို မည်သည့်နည်းနှင့်မျှ တုန့်ပြန်နိုင်ခွင့် မရှိတော့ဘဲ သူ၏အချစ်ကို ကျွန်တော်သိရခြင်းဖြင့်သာလျင်ဇတ်လမ်းသိမ်းလျက် တအုံနွေးနွေး တစိမ့်စိမ့်တွေးတောကာသာ နေရသောအခါနှင့်ပင်ပြီးရတော့မည်ဖြစ်ခါ လွန်စွာမှ စိတ်မကောင်းဖြစ်မိတော့၏။ ထိုကဲ့သို့ စလယ်ဝင်ဖင်မဲဖို့ဝေးစွ၊ ဖင်ကိုမီးဟပ်ခြင်းမျှ မခံရသေးမီ ကလေးမှာ ကွဲချက်နာသောအဖြစ်သို့ ရောက်ရမည်မှာ ယခင်ကျောင်းနေစဉ်တုန်းကပေတံပေါ် တွင်“ချစ်ပါ” ဟုမချစ်ဦးရေးခဲ့သည့်စာကလေးကို ကြာကြာမျှ မထားနိုင်ဘဲ ဖျက်ပစ်လိုက်ရခြင်းဖြင့် ထင်ရှားစွာ နိမိတ်ပြခဲ့ပြီဖြစ်ရာ ကျွန်တော့်မှာ မချစ်ဦး နှင့်နီးဘို့ရန် မျှော်လင့်ခြင်းမဖြစ်နိုင်တော့ဘဲ၊ ထိုသို့စွဲလမ်းသောစိတ် တနေ့တခြား ပပျောက်သွားအောင်ကြိုးစားရတော့မည်ဖြစ်ပေ၏။

ပျောက်သောသူရှာလျင်တွေ့ သေသောသူကြာလျင်မေ့ ဟူသောစကားအတိုင်း သေသောသူကိုပင် အချိန်ကာလကြာမြင့်ခြင်းဖြင့် မေ့နိုင်သေးရာ ကျွန်တော့်မှာ မချစ်ဦးနှင့် ကြာမြင့်စွာ ကွေကွင်းခဲ့ရခြင်းဖြင့်တစ်စတစ်စ မေ့စပြုလာခဲ့လေတော့၏။ ထိုသို့မေ့ရခြင်းမှာ ကျွန်တော်၏ အချစ်သည်မကြီးမြင့်မားသေးသောကြောင့်လော၊ ကျွန်တော် စွဲစွဲမြဲမြဲ ချစ်သော စိတ်နှလုံး မရှိ၍လောဟု ပြောစရာရှိပေ၏။

အမှန်မှာကျွန်တော်နှင့် မချစ်ဦးသည် တယောက်နှင့် တယောက်စွဲစွဲမြဲမြဲ မချစ်ကြရသေးပေ။ တယောက်ကို တစ်ယောက် ချစ်ပါသည်ခင်ပါသည်ဟု လုစ်ဟပြောဆိုကာ တသက်တွင် မမေ့တန်း မပစ်တန်းသစ္စာပြုခဲ့ကြရခြင်းလည်းမရှိပေ။ ထိုမျှမက တစ်ယောက်နှင့် တစ်ယောက် ချစ်ကြိုက်ကြခြင်းကို အစပြု ကြသောအခါမှာလည်း ကျွန်တော်၏ အသက်မှာ ၁၅နှစ်သာရှိသေးသည်။ ထိုအသက်အရွယ်နှင့်ပင် ကျွန်တော်သည် စဉ်းစားချိန်ဆနိုင်သော်လည်း အချစ်နှင့်ပတ်သက်၍မူကား စဉ်းစားနိုင်သော အရွယ်မဟုတ်သဖြင့် ထိုအချစ်မှာ ကလေးချစ်ချစ်ခြင်းပင်ဖြစ်ရပေမည်။ သို့ဖြစ်၍ချစ်ရမှန်းကြိုက်ရမှန်း သိခါစတွင် တောင့်တနေသော စိတ်သည် မည်သူ၏အချစ်ကိုမဆို လက်ခံတတ်သောသဘောရှိသည့် အတိုင်း စွဲလမ်းမိ ရာရာကို ချစ်ကြိုက်မိခဲ့ခြင်းဖြစ်ရာ ကျွန်တော်ကျောင်းမှထွက်၍ နေ့ရက်ရှည်ကြာ လာခဲ့သည့်အခါ တနေ့ ထက်တနေ့ စဉ်းစားချင့်ချိန်တတ်သော သတိသည် ကြီးမားရင့်သန်လာ

သောကြောင့် အမိုက်ချစ်ကလေး ချစ်ခဲ့မိခြင်း၏ ဝေဒနာကို ထိုသို့ချင့်ချိန်စဉ်းစားခြင်းဖြင့် ကုစားကာ မချစ်ဦးအား ချစ်ခဲ့သော စိတ်တို့သည် လျော့ပါးခြင်းသို့ ရောက်စေခဲ့ရပေ၏။

ကျွန်တော်သည်ကျောင်းမှထွက်ခဲ့ပြီး အိမ်တွင်ကုပ်၍ နေလာခဲ့သည်မှာ တစ်နေ့ထက်တစ်နေ့ ၊ တစ်လထက်တစ်လ ရှည်ကြာလာကာ အိမ်တွင်းပုံးဘဝနှင့် နှစ်နှစ်ကျော် ကြာရှိလာပြီးလျင် ဆယ့်ခွန်နစ်နှစ် အရွယ်သို့ ရောက်ရှိလာပြီဖြစ်ပေ၏။ ထိုအရွယ်တွင်အသားအရေ တို့သည် အစွမ်းကုန်တက်ကြွလာပြီဖြစ်သောကြောင့် အရုပ်အမောင်းမှာလည်း ထိုး၍မြင့် လိုက်သကဲ့သို့ လူပျိုးကြီးဖားဖားဖြစ်လာပေတော့၏။ ကိုယ်လုံးကိုယ်ထည်မှာလည်း အရုပ်အမောင်း တိုးတက်လာသည်နှင့် မျှ ပွင့်ကားပြည့်ဖြိုးလာပေရာ၊ ယခင်ကအကျီအဝတ်အစားများမှာ ကိုယ်ထည်ကျပ် လက်တိုသော အဖြစ်သို့ရောက်ခါ ကျွန်တော်နှင့် မတန်ဘဲရှိ၍ အဝတ်အစားအသစ်များကို ထပ်မံချုပ်လုပ်ရ ပြန်လေ၏။

ယခုမှ ကျွန်တော့်မှာ ကိုယ်လက်အင်္ဂါ စုံလင်ရင့်ထွား တက်ကြွားထွန်းသစ်စ လူပျိုကြီးဖားဖားဖြစ်ခဲ့သောကြောင့် ဝတ်ဆင်လိုက်သမျှတို့မှာ ကျနတင့်တယ်လျက် ဝတ်ချင်တိုင်းဝတ်သမျှ လှချင်တိုင်းလှနေတော့၏။ ထိုသို့လှ၍နေသည်ဆိုခြင်းမှာ ကျွန်တော့်ကိုယ် ကျွန်တော်ထင်ခြင်း မဟုတ်ဘဲ လူတိုင်းကပင် ခင်သိန်းကလေးဟာ အခုမှ ပိုပြီးလှ ပိုပြီးကျက်သရေ ရှိ၊ ဆင်လိုက်တိုင်းယဉ်၊ လှလိုက်တိုင်းလှ အစစ အရာရာ ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံပါပေတယ်ဟု ပြောကြမြွက်ကြပေရာ ၊ ကျွန်တော်မှာ ငါတယ်ပြီးချောပါကလား၊ လှပါကလားဟူ၍ မာအတက်လျက် ပိုမို၍ လူပျိုလုပ်နေမိတော့ပေ၏။

ယခင်က လူပျိုဖော်ဝင်စ အလှရည်တက်ကြွစဉ်ကမူ ဖူးငုံစပန်းပွင့် ကလေးကဲ့သို့ ချစ်ချင်စဖွယ်ရှိမည်ဖြစ်၍ ယခုမှ လန်းလန်းတင့်တင့် ကားကားပွင့်တော့သောကြောင့်မြင်ရသူ မိန်းကလေးတိုင်း ကျွန်တော့်ကို မချစ်ဘဲ မနေနိုင် မကြိုက်ဘဲ မနေနိုင် ရှိကြမည်ဟူ၍ နားထင်သွေးရောက်ကာ အလှကုန် တိုးမိတော့ပေ၏။ လူပျိုဖော်ဝင်စက သူ့အရွယ်နှင့် သူ့အလိုက် အပျို ပေါက်စကလေးတွေ ငန်းငန်းတက် ချစ်မိကြရာ၊ ယခုကျွန်တော့်မှာ လူပျိုကြီး ဖားဖားဖြစ်ကာ ပျိုမျစ်နုထွားအသားအရေတက်ကြွလာရာ ယခင်ကပိုးပန်းကြသော အပျိုပေါက်စတို့မှာ ၎င်းတို့ထက် ကျွန်တော် ကထွားကာ ကျွန်တော်၏ခါးသာသာ မျှရှိကြသောကြောင့် ပိုး၍မမှီနိုင်ပဲ ကျန်ရစ်ကြလေတော့၏။ ထိုသို့ အပျိုပေါက်တွေက မမီနိုင်၍ ဝိုင်းမပိုးဝံ့ကြတော့ဘဲ နောက်ဆုတ်သွားသလောက်အပျိုကြီး အပျိုဟိုင်း နောက်ပိုးဂိုဏ်းဝင်တို့သည် လူဦးရေကို တိုး၍ဖြည့်ကြလေတော့သည်။

ကျွန်တော့်မှာ ထိုသို့ပိုးပန်းကြသည်ကို စိတ်တွင် အနှောက်အယှက်မဖြစ်ဘဲ ဂုဏ်ယူမိပေ၏။ သို့ရာတွင် ပိုးနေကြသူများမှာ ၎င်းတို့သာမက ကျောင်းအမကြီးတွေ၊ စက်သူဌေးမတွေ၊ နွားအိုမြက်နုကြိုက်မကြီးတွေ၊ မြူနီစပယ်လူကြီးမတွေ ကပါ၊ အမဲ

ရှီးကို ဟင်းအိုးကအားနာ သလိုအိမ်တိုင်ရာရောက်လာ၍ပိုးကြပန်းကြ မခို့တယို့ကြည့်ကြလျက်၊ ငါ့တူငါ့တူနှင့် အရမြူကြလေရာ၊ ကျွန်တော့်မှာ သူတို့ကို ရွံ ၍မဆုံးနှလုံးနာ၍မပြီးနိုင်ရှိကာ၊ ၎င်းတို့ အလည်လာကြလျင်အခန်းတွင်းက မထွက်ရဲအောင်ရှိမိပေတော့သည်။ကာလသမီးတို့မှာမူကားကျွန်တော့်အားယခုမှ စားလောက်သောက်လောက်ပြီ ဟူသောအမှတ်ဖြင့် ရှေးကထက် သဲသဲမဲမဲ ဖွဲသန်သန်ပိုးကြသည်မှာ ညနေအချိန်တိုင်း အိမ်ရှေ့ လမ်းပေါ် တွင် စက်ဘီးခေါင်းလောင်းသံ မစဲဘဲရှိလေတော့၏။

အချို့မှာ ကျွန်တော်ထွက်၍ မကြည့်ကြည့်အောင် အိမ်ရှေ့ကျမှ စက်ဘီးခေါင်းလောင်း သံလှုပ်၍ အချက်ပေးကြလေ၏။ အချို့မှာမူ ကျွန်တော်အိမ်ရှေ့ သို့ထွက်နေသည်ကို တွေ့ရလျှင် ကျွန်တော်မကြည့်ကြည့်အောင် အဟမ်းအဟမ်း စသည်ဖြင့် ချောင်းသံပေးကြ၏။သို့ရာတွင် ကျွန်တော်သည် ၎င်းတို့အား အဖက်လုပ်၍ ဘယ်တော့မှ မကြည့်ခဲ့ပေ။အကယ်၍ကြည့်ပြန်ကလည်း ၎င်းတို့မြင်အောင်မကြည့်ဘဲ တံခါးကြားမှ သာလျှင်ချောင်းကြည့်ပေ၏။ သို့ရာတွင် ဖခင်ကြီး မိသွားလျင် ဆူပူမည်စိုးရသဖြင့် ရဲရဲလည်း မကြည့်ဝံ့၊ ကြာကြာလည်းမကြည့်ဝံ့ပေ။

ဤမျှလောက်ပိုးပန်းသူများလှသည်ဖြစ်လျင် အဘယ်မှာ ကျွန်တော်သည် သွေးမကြီးဘဲ၊ မလှချင်ဘဲ၊ လူပျို မလုပ်ဘဲရှိပါအံ့တော့နည်း။ ကျွန်တောလုပ်သမျှ ဆင်ယင်သမျှတို့မှာ မိန်းကလေးများသာမကယောကျ်ားအချင်းချင်းပင် ငေးစိုက်နေကြကာ ကျွန်တော်၏ ဝတ်ပုံစားပုံကို အတုခိုးလျက်၎င်းတို့လည်း ကျွန်တော်ကဲ့သို့ လှလိမ်းမည်အထင်နှင့် လူပျို လုပ်နေကြသည်ကို တွေ့ရလေတော့၏။ ထိုသို့ကျွန်တော်၏အလှဂုဏ်သတင်းရနံ့မှာ သင်းပျံ့မွေးကြိုင် တမြို့လုံးလှိုင်လေရာ သမီးရှင်တို့သည် ကျွန်တော့်အား သမီးများနှင့် လက်ဆက်လိုကြကာ စကားထောက်လှမ်းမေးမြန်းကြသည်မှာ မကြာခဏဖြစ်ပေတော့၏။ ယင်းသို့လျှင် ကျွန်တော့်မှာ လူပျိုဈေးကောင်းလျှက်ရှိလေရာ အိမ်နီးနားချင်းလူပျိုတတွေမှာ ကျွန်တော်လှသည်ကို ၎င်း၊ စပ်ဟပ်သူပေါများသည်ကို၎င်း မနာလို၍ မဆုံးနိုင်အောင်ရှိကြသည်ကို တွေ့ရပေ၏။

ကျွန်တော်၌ ပိုးပန်းသူများခြင်း၊ စပ်ဟပ်သူများခြင်း တို့ကိုသိရသောစိတ်သည် ကျွန်တော်၏ကိုယ်တွင်း၌ ဖုံးဖုက်၍ ထားအပ်သော အာရုံများကိုထကြွလှုပ်ရှားသောကြောင့်ကျွန်တော်သည် ယောကျ်ားလေးအင်္ဂါနှင့် ပီသအောင် အိန္ဒြေရရ နေထိုင်ရသော်လည်းကျွန်တော့်မှာ ကာမဘုံ ပုထုဇဉ်သားဖြစ်သည့် အတိုင်း ကျွန်တော်၏ စိတ်ဆင်ရိုင်းသည် မကြာခဏ ထကြွမုန်ယို လင်လိုချင်မိပေတော့၏။ ယင်းသို့စိတ်လှုပ်ရှားထကြွသည့်အခါများတွင်(နားနှင့်မနာဖဝါးနှင့်နာကြပါတော့) ကျွန်တော်သည် စိတ်ကူးဖြင့်လင်ယူကြည့်ကာ ကျွန်တော်၏ လင်မိန်းမအပေါ် တွင်မူလိုက်ချွဲလိုက် နွဲ့ဆိုးလိုက်ဖြင့် အတွေးဖြင့် လွမ်းမိပေတော့၏။ တခါတရံ စိတ်ကူးထဲတွင် လင်နှင့်ရန်ဖြစ်မိကာ "ဟဲ့ကောင်မရဲ့၊ နင့်ကိုငါကြိုက်လို့

ယူတာမဟုတ်ဘူးဟဲ့၊ ငါလော်မာမိလို့ယူတာဟဲ့၊ အခုတော့ နင့်ယူမိတာ ငါးပါးမှောက်တာဘဲဟဲ့၊ သေချင်းဆိုးမရဲ့" စသည်ဖြင့် ကက်ကက်လန်ရန်တွေ့ကာ အတွေးနှင့်ရှုး၍ စိတ်ကူးနှင့်ပြုံးမိတော့၏။ ထိုသို့ ကျွန်တော်သည် လင်စိတ်သား စိတ်ကူးမိသော်လည်း တကယ်တန်းလင်ယူမည်လားဟုဆိုလျှင် မလိုချင်လှသေးပေ။ မလိုချင်သေးသည်မှာကား ကျွန်တော်၏ချစ်သူကို မတွေ့ရသေးသောကြောင့်ဖြစ်ပေ၏။ ချစ်သူကိုမတွေ့ရသေးဘူးဟုဆိုရာ၌ ထိုစကားမှာ အနည်းငယ်မှားပေလိမ့်မည်။ အကြောင်းမူကား ကျွန်တော့်မှာ မချစ်ဦးကို တွေ့ခဲ့ချစ်ခဲ့မိပြီဖြစ်ရာ ချစ်သူကို မတွေ့သေးဘူးဟု ဆိုသည်ထက် ချစ်သူကိုမရနိုင်သေး၍မယူလိုသေးဟု ဆိုပါက သာ၍မှန်ဘွယ်ရာ အကြောင်းရှိပေ၏။

ကျွန်တော့်မှာ မချစ်ဦးနှင့် ဤမျှ ကြာမြင့်စွာကွဲကွာ နေခဲ့ရပြီဖြစ်သောကြောင့် မချစ်ဦးအားမေ့တန်သလောက်ရှိပြီဖြစ်သော်လည်း အစဉ်သဖြင့်မမေ့နိုင်လဲ ရံဖန်ရံခါ သတိရလျက်ယခုအခါမချစ်ဦး ကျောင်းမှထွက်လောက်ပြီဖြစ်၍အလုပ်လုပ်ကိုင် လေပြီလော၊ အလုပ်ရ၍ လင်ယောကျ်ား ယူလေပြီလော၊ အပျိုအဖြစ်နှင့်ပင် ကျွန်တော့်အား စောင့်စားနေရှာသေးသလောဟု အမျိုးမျိုးတွေးတောမိကာ ထိုသို့ တွေးမိတိုင်းစိတ်ထဲတွင် မချိဘဲဖြစ်မိပေ၏။

သို့ရာတွင်ကျွန်တော့်မှာ ဤမျှလောက်ကြာမြင့်၍မျှ မချစ်ဦးကိုမတွေ့ရလျှင် နောင်ကိုတွေ့နိုင်ဘို့ခဲယဉ်းပြီဟု နှလုံးပြုမိလျက်ထိုသို့တွေ့နိုင်ဘို့ရန်ကို မမျှော်လင့်မိဘဲရှိခဲ့ရာ တနေ့တွင် မချစ်ဦးကို မမျှော်လင့်ဘဲတွေ့လိုက်ရသဖြင့် ကျွန်တော့်မှာ အတိုင်းမသိ ဝမ်းမြောက်အံ့ဩခြင်းဖြစ်မိပေတော့၏။ အချိန်မှာ ညနေစောင်းအချိန်ဖြစ်လေသည်။မေမေသည်ရုံးက မဆင်းသေး၊ ဖေဖေမှာလည်း မီးဖိုချောင်တွင် ကြည့်ရှု ပြောဆိုချက်ပြုတ်လုပ်ကိုင်လျက်ရှိသဖြင့် ကျွန်တော်သည် ၄င်းတို့ အလစ်တွင် ဝတ္တု စာအုပ်တစ်အုပ်ကို ခိုး၍ဖတ်နေလေ၏။ ထိုအခိုက်တွင် အိမ်တွင်ခိုင်းစေထားသော သူငယ်လေးမောင်မြင့်ခင်သည် အခန်းတွင်းသို့ဝင်လာရာ ကျွန်တော်သည် ရုတ်တရက်သော် ဖေဖေ ဝင်လာပြီအထင်နှင့် လန့်ဖျတ်ပြီး ဝတ္တုစာအုပ်ကို ဖင်အောက်သို့ဝှက်လိုက်ပြီးမှ မောင်မြင့်ခင်ကို မြင်ရ၍ "ဟဲ့ကောင်လေး ..နင်ဘာလာလုပ်တာလဲ၊ဝင်လာရင်အသံပြုပါလား"ဟုကြိမ်းမိလေ၏။
'မောင်စာဖတ်နေမှန်း ကျွန်တော်မသိလို့ပါ။ ဘုရားစင်ပေါ် ကညောင်ရေအိုးမှာ ပန်းတွေညှိုးနေလို့ ပန်းလဲဖို့ပြောမလို့ပါ'
'တယ် ... နင်တို့ဟာ ဒီမှာ အလုပ်ကောင်းနေပြီဆိုလာရှုပ်ကြပြီ၊ သွားနင့်ဟာနင် ထိုးချေ'
'ဟာ .. မောင်ကလည်းရက်စရာကြီး'
'တယ် .. နင့်ဟာနင်ပန်းထိုးဖို့ပြောတာ၊ နင်ဘာတွေတွေးနေတာလဲ'
'ဟာ ... မောင်ကလည်း ငရဲကြီးအောင်'
'သွားသွား ကောင်ကလေး၊ နင်လာမရှုပ်နဲ့၊ ဘုရားညောင်ရေအိုးမှနင်မလဲတတ်ဖူးလား'

'ဘုရားစင်က အမြင့်ကြီးမောင်ရဲ့ မမှီဘူး'
'ဒါဖြင့် ခဏနေဦး ၊အခန်းခြောက်ပြီးအောင်ဖတ်လိုက်ဦးမယ်'
'အို မောင်ကလည်း .. တော်တော်ကြာ ဘုရားပန်းညှိုးနေတာ ဖေဖေကြီး မြင်ရင်ဆူနေဦးမယ်'
ထိုအခါမှ ကျွန်တော်လည်းဖေဖေဆူမည်ကိုတွေးမိကာ ဖင်အောက်ကဝတ္ထုစာအုပ်ကို ခေါင်းအုံးအောက်တွင် ထိုး၍ဝှက်ထားခဲ့ပြီး၊ ဘုရားစင်သို့သွား၍ ညောင်ရေအိုးများယူကာ မြင့်ခင်ကို ညောင်ရေအိုးဆေးခိုင်းလိုက်ပြီးလျှင် ပန်းခူးရန်ခြံထဲသို့ ကျွန်တော်တစ်ယောက်ထဲ ဆင်းခဲ့လေ၏။

ခြံထဲရောက်၍ ကျွန်တော်သည် ပန်းကောင်းပန်းလှများကို ရွေးချယ်၍ ခူးကာ ညောင်ရေအိုးထိုးလောက်အောင်ရရှိသောအခါ တွင် အိမ်ထဲသို့ပြန်၍ ဝင်တော့မည် အပြု၌ ခြံဝင်းနှင့်ကပ်လျက်ရှိသောလမ်းပေါ် မှစက်ဘီးခေါင်းလောင်းသံကို ကြားလိုက်ရလေ၏။ ခါတိုင်း၌ ကျွန်တော်သည် စက်ဘီးခေါင်းလောင်းသံများကို ကြားလိုက်ရလျှင် နောက်ပိုးမတွေဘဲဟု ဂရုမစိုက်ဘဲနေခဲ့မိရာ ယခုမှာမူ ကျွန်တော်၏စိတ်ကို နတ်ကောင်းနတ်မြတ်တို့က လှုံ့ဆော်ပေးလိုက်လေရော့ သလားမသိ၊ မကြည့်ပါဘူးဟုဇွတ်တင်းသော်လည်း မရဘဲ လမ်းပေါ်သို့လှည့် ၍ ကြည့်လိုက်မိသည်တွင် စက်ဘီးစီး၍လာသူ၏မျက်နှာကိုမြင်လိုက်ရသည်နှင့် တပြိုင်နက် အံ့သြငေးမောခြင်းဖြစ်မိပေတော့၏။ စက်ဘီးစီးလာသူလည်း ကျွန်တော့်ကို မြင်လျှင်အံ့အားသင့်သောမျက်နှာဖြင့်ငေးစိုက်နေလေ၏။

ကျွန်တော့်မှာ ၄င်းအားမြင်ဖူးသလိုလိုဇဝေဇဝါဖြစ်ပြီးမှ မချစ်ဦးဖြစ်သည်ကို သိရှိရကာ၊ ကျွန်တော်၏နှလုံးသွေးတို့ သည်လှုပ်ရှားသွားတော့၏။ကျွန်တော်သည် မချစ်ဦးကိုတွေ့ရ၍ စိတ်ထဲတွင် ဝမ်းသာဝမ်းနည်းဖြစ်ကာနှုတ်ဆက်ရကောင်း တော့မလိုလို မျက်နှာလွှဲလိုက်ရ ကောင်းတော့မလိုလို ရှိပေတော့၏။ မချစ်ဦးလည်း ကျွန်တော့်အားနှုတ်ဆက်လိုသည့်သဏ္ဍာန်ရှိသော်လ ည်း နှုတ်မဆက်ရဲသည့် အမူအရာကိုပြပြီးမှ ပြုံး၍နှုတ်ဆက်လိုက်လေသည်။သူ့ခမျာ ကြောက်ကြောက် လန့်လန့်နှင့် ဇွတ်တင်း၍ နှုတ်ဆက်လိုက်ရသည့်အမူအရာပေါ် ၍နေပေ၏။ ကျွန်တော့်မှာ ထိုသို့ပြုံးရယ်လိုက်သောမျက်နှာကိုမြင်ရလျှင် အတိုင်းမသိ ဝမ်းမြောက်မိသော်လည်း ပြန်၍ပြုံးရယ်နှုတ်ဆက်ရမည်မှာ အခြားသူ တစ်ဦး တစ်ယောက် မြင်သွားပါက မိန်းမပျိုလေးတစ်ယောက်အားပြုံး၍ နှုတ်ဆက်သည်ကို လျှပ်ပေါ် လော်လီသည်ဟု ထင်မည်စိုးသောကြောင့် ရုတ်တရက်ပြန်၍ နှုတ်မဆက်ရဲသေးဘဲ၊ ဝဲယာပတ်လည် ဟိုဟိုဒီဒီ ကြည့်ရှုကာ မည်သူ့ကိုမျှ မတွေ့ ရတော့မှ မချစ်ဦးအားလှည့်ကြည့်နှုတ်ဆက်နိုင်ပေတော့၏။ ကျွန်တော့်မှာ ထိုသို့ ပြုံးရယ်လိုက်ပြီးမှ ရှက်သလိုလို ဖိုသလိုလိုဖြစ်မိကာ ခေါင်းကလေးကို အသာငုံ့လျှက် မျက်လွှာကို လှန်ကာမချစ်ဦး၏ အရိပ်အခြေကို ကြည့်မိပေ၏။

မချစ်ဦးမှာ ကျွန်တော်က ပြန်နုတ်ဆက်ပြုံးရယ်ခြင်း ပြုမှပြုပါမည်လားဟူ သောစိုးရိမ်မကင်းသည့်သဏ္ဌာန်ရှိရာက ကျွန်တော်၏ ပြုံးရယ်သောမျက်နှာကိုမြင် ရ၍ အတော်ပင်အားတက်သွားသည့် အမူအရာကိုပြလေ၏။ သို့ဖြစ်၍ မချစ်ဦးမှာ ခပ်ဝေးဝေး သို့လွန်၍သွားပြီးမှ စက်ဘီးကိုကွေ့၍ ပြန်လည်စီးနင်းလာကာ ကျွန်တော် ပန်းရူးနေရာ အနီး ဂိုသံဝန်းခြံဘေးတွင် လာရပ်ကာ စက်ဘီးပေါ်မှ လျှင်မြန်စွာလွှား ၍ဆင်းပြီး လျှင်အနီးသို့ကပ်လာလေ၏။

ထိုသို့မချစ်ဦးကပ်လာသည်ကို မြင်ရလျှင် ကျွန်တော့်မှာ အလွန်စိုးရိမ် ထိတ်လန့်မိကာ ဖေဖေတွေ့သွားမည်ကို ပူပင်မိလေ၏။ ဖေဖေတွေ့သွားလျှင် ကျွန် တော့်အား ဆူပူကြိမ်းမောင်းရုံမျှမကဘဲ ကြိတ် ရိုတ်နှက်ဦးမည်ဖြစ်ရာ မချစ်ဦးအား အတွေ့ခံရမည်ကို ခက်၍နေလေ၏။ သို့ရာတွင် ကျွန်တော့်မှာ မချစ်ဦးကို တွေ့၍ ခက်သည်ထက် မချစ်ဦးကို အတွေ့မခံဘဲ အိမ်ထဲသို့ပြန်၍ ပြေးလာခဲ့လျှင် မတွေ့ ဘဲနေလိုက်မည်ကို သာခက်ကာ တကိုယ်လုံးတုန်တုန်ရီရီ ဖြစ်နေပြီးလျင် ဖေဖေ မြင်၍ သွားလေမည်လောဟု အိမ်ပေါ် သို့ဦးစွာလှမ်း၍ကြည့်လိုက်မိလေ၏။ ထိုသို့ကြည့်ရာတွင် ဘယ်သူ့ကိုမျှမတွေ့ရ၍ စိတ်အနည်းငယ်အေးကာ ခဏလေး မျှဖြင့်အတွေ့ခံလိုက်မည်ဟု နှလုံးပြုလျက် စိတ်ကိုတင်းကာ မရွှေ့မလျား ရပ်၍ နေလိုက်လေ၏။

မချစ်ဦးသည် လူကြီးများကို ကြည့်ပြီးနောက် စိတ်ချ၍သွားကာ သံတိုင် များကို လက်ဖြင့်ဆုပ်ကိုင်လျက် "ခင် ... ဘာလုပ်နေသလဲဟုမေးလေ၏။ ထိုစကားကိုထောက်ခြင်းအားဖြင့် သူ့ခမျာကျွန်တော်နှင့် အလွန်စကား ပြောလိုလွန်းလှကြောင်း ထင်ရှားလေသည်။အကြောင်းမူကား ကျွန်တော်ပန်းရူး နေသည်ကို မြင်ရလျှက်သားနှင့်"ခင်ဘာလုပ်နေတာလဲ" မေးမြန်းမှုမှာ အပိုမျှပင် ဖြစ်တော့၏။ သို့ရာတွင်သူ့ခမျာ အခြားစကားနှင့်အစပြုစရာလည်းမရှိပေ။အ ကယ်၍သာမချစ်ဦးသည် ကျွန်တော်မလိုလားသးတစ်ဦးဖြစ်ပါက "မျက်စိကန်း နေသလား၊ ဒီမှာပန်းရူးနေတာမမြင်ဘူးလား" ဟု ပြောလိုက်မည်ဖြစ်သော်လည်း ကျွန်တော့်မှာ ထိုသို့ပြောဝံ့မည်ကို ဝေးစွ " ခင်လေ ... ဘုရားတင်ဖို့ ပန်းရူး နေတယ်" ဟု ဖြေလိုက်သော စကား၌ ပင် တင်းမာသောအသံပါသွားလေမည်လော ဟူ၍ စိုးရိမ်လိုက်မိသေးတော့သည်။

မချစ်ဦးမှာ နောက်ထပ်မေးစရာ စကားကိုတွေး၍ မရနိုင်ဘဲ ရှိသကဲ့သို့ စကားမဆက်ဘဲ ကြောင်တောင်တောင်ကြည့်၍နေလေ၏။ ကျွန်တော့်မှာလည်း မချစ်ဦး ဆက်လက်၍ စကားပြောနိုင်စေရန် မည်သို့မျှ စကားမရှာတတ်ဘဲရှိ လေ၏။"မချစ်ဦး ကျန်းဂန်သာလို့မာရဲ့လား" ဟုမေးစရာလည်းမေးဘွယ်မရှိ၊ နေထိုင်မကောင်း စားသောက်၍ မဝင် ဆိုပါကလည်း ကျွန်တော့်မှာ ဘာမျှတတ် နိုင်မည်လည်းမဟုတ်၊ အခြားစကားလည်းပြောစရာမရှိသဖြင့် ကျွန်တော်လည်း မချစ်ဦး၏ စကားအလာကိုစောင့်နေလိုက်လေ၏။

အတန်ကြာမှ မချစ်ဦးက "အော် ...ဒီပန်းတွေက ဘုရားတင်ဘို့လား" ဟုသိပြီးသောအကြောင်း ကိုပင်စကားစပြန်၍ရှာလေ၏။ "ဟုတ်တယ်" ဟု ကျွန်တော် ဖြေလိုက်မှ မချစ်ဦးမှာ စကားစကိုတွေ့သည့်အလား " သာခုခေါ် ပါတယ်ခင်ရယ်၊ သာခုပါပဲ၊ ဒီလို ဘုရားမှာပန်းတွေ လှူရတဲ့ အကျိုးကြောင့် နောင်ဘဝကျရင် အခုထက်ပိုပြီး လှဦးချောဦးမှာပဲ" ဟုလျှာသွက်၍လာလေရာ ကျွန်တော့်မှာမူ သူ့စကားကို ကြားရ၍ ရှက်ကိုးရက်ကန်းဖြစ်မိကာ ပြောမိပြော ရာ ပြာလိုက်ရသည့်အလား " ခင့်ကိုဒါလောက်လဲ မမြှောက်ပါနဲ့ မချစ်ဦးရယ်။ ခင်ဟာ လှလည်းမလှပါဘူး" ဟုပြောလိုက်မိပေ၏။

ထိုသို့ပြောလိုက်ခြင်းကြောင့်ပင် မချစ်ဦးမှာ စကားဆက်ရန် အကြောင်းပေါ် သွားပြီး " လှပါတယ်ခင်ရယ်၊ ခင်ဟာလေ ...သိပ်လှတာပဲ၊ ချစ်ချစ်စိတ်ထဲမှာဖြင့်လေ သိပ်ပြီးလှတယ်ထင်တာပဲ" ဟုပြောလိုက်ရာ ကျွန်တော့်မျက်နှာပေါ်တွင် ရှက်သွေးတွေဖြာကနဲ တက်ကြွသွားသည်ကိုသိလိုက်ရ ပေတော့၏။
သို့ရာတွင် ကျွန်တော်၏ စိတ်၌ မည်သို့ပင်ရှက်မိစေကာမူ ထိုစကားကိုကြားရ သည်မှာပင် ဝမ်းသာစရာကြီးတစ်ခုကဲ့သို့ထင်မှတ်မိ၏။ ထိုစကားများထဲ၌အဓိပ္ပါယ် အမျိုးမျိုးပါရှိသည်ကို ကျွန်တော်ရိပ်မိ၏။ ထိုသို့ရိပ်မိပင် ရိပ်မိသော်ညား ထိုစကားကြောင့် မချစ်ဦးအပေါ်တွင် စိတ်မဆိုးနိုင်ဘဲ " အိုကြည့်စမ်းပါဦး၊ မဟုတ်တာတွေပြောနေပါပြီ" ဟုစကားထွက်သွားလေ၏။
"အော် လှလို့လှတယ်ပြောတာပဲ ခင်ရယ်၊ ဘယ်ကလာမဟုတ်ရမှာလဲ" ဟုပြောကာ မချစ်ဦးသည် ထူးခြားသော အကြည့်မျိုးဖြင့်ကျွန်တော့်အားကြည့်ကာ မပြုံးတပြုံးလေး လုပ်နေသည်မှာ ကျွန်တော်၏ စိတ်ထဲတွင် အခံရခက်သလိုလို ရှက်သလိုလို ဖိုသလိုလို ဖြစ်မိပေ၏။
'အို ... ဘယ့်နှာလဲလို့၊ သူ့မျက်လုံးကလည်း ဒီလိုကြည့်နေတာ ခင်သိပ်ရှက်တာဘဲ'
'လှလို့ကြည့်တာပါခင်ရယ် ... မကြည့်ရဘူးလား'
'လာပြန်ပြီ လူတဖက်သားကို လှတယ်...လှတယ်နဲ့၊ အရူးလုပ်ရအောင်လာတာလား' ဟုပြော၍မဆုံးမီ မချစ်ဦးသည် မျက်စိမျက်နှာ ပျက်ကာ ချာကနဲ လှည့်ပြီးလျှင် မြက်ခင်းပေါ် တွင်ချထားသောစက်ဘီးကို ဆွဲယူ၍ လမ်းပေါ်သို့ တွန်းယူသွားကာ လွှားကနဲခုန်တက်စီးနင်းပြေးလေ၏။
'ဟိုက် ... ငါဘာပြောမိလို့ပါလိမ့်၊ ငါ့ကိုစိတ်ဆိုးသလား၊ ငါစိတ်ဆိုးတယ်ထင်လို့ ပြေးတာလား၊ ငါပြောလိုက်တာကို ရှက်သွားရောလား' ဟုကျွန်တော်၏ စိတ်ထဲတွင် ဆက်ကာဆက်ကာ မေးခွန်းထုတ်ကြည့်သော်လည်း မည်သို့မျှ အဖြေမရဘဲရှိရာက အိမ်ဘက်သို့ မျက်နှာလှည့်မိလေရာတွင် အိမ်တွင်းသို့ဝင်သွားသော မေမေ၏ ကျောကုန်းကို မြင်လိုက်ရမှ မေမေ့ကိုမြင်၍ မချစ်ဦးထွက်ပြေးသည်ကိုတွေးမိပေ၏။

ထိုသို့တွေးမိလေမှ မချစ်ဦးအတွက် စိတ်မကောင်းဖြစ်ခြင်းများပြေပျောက် သွားသော်လည်း ကျွန်တော်တို့ စကားပြောနေသည်ကို မေမေမြင်၍ သွားလေရော့

သလားဟုတွေးမိကာ ရင်ထဲတွင် တထိတ်ထိတ် တုန်လှုပ်လျက် မကြံတတ်မစီတတ် ဖြစ်မိပြန်ပေတော့၏။ သို့ရာတွင် ထိုသို့မကြံမစည်တတ်ဖြစ်မိခြင်းထက် ခြံထဲ၌ကြာ ကြာ နေဘို့မှာ သာ၍ခက်သောကြောင့် မည်သို့မျှ ကြံစီဉာဏ် ထုတ်ခြင်းမပြုသေးဘဲ အိမ်ထဲသို့ပြေးဝင်လိုက်ရလေ၏။အိမ်ထဲသို့ရောက်သောအခါ အိမ်ပေါ် တွင်လျှောက် နေသော မိခင်ကြီး၏ ခြေသံကိုနားထောင်လိုက်ရာ ဒေါသဖြစ်လျက် တဒေါက်ဒေါက် ခြေနင်းပြင်းစွာ လျှောက်နေသော ခြေသံနှင့်တူသည်ကိုတွေ့ရ၏။ ထိတ်လန့်မိလေ၏။ သို့ဖြင့်ကျွန်တော့်မှာ မေမေခေါ်၍ ကြိမ်းမောင်းဆူပူခဲ့လျှင် မည်သို့ဖြေရမည်ကိုစိတ် အိုက်လျက် အိမ်ပေါ် သို့မတက်ရဲဘဲ ရှိပေ၏။

ထိုအခိုက်တွင် "ခင်ရေ ... ခင်ရေ" ဟု မေမေ အော်၍ခေါ် လိုက်သံကိုကြား လေရာ၊ အသက်ထားစရာမရှိအောင် လန့်ကြောက် မိကာ တဆတ်ဆတ်တုန်လျက် ဒူးချောင်းပျော့ခွေသော ခြေလှမ်းဖြင့် အိမ်ပေါ် သို့ တက်ခဲ့ရလေ၏။ အိမ်ပေါ် သို့ ရောက်သောအခါ မေမေ၏ မျက်နှာကို မကြည့်ရဲဘဲ၊ မျက်နှာပိုးသေသေဖြင့်ခေါင်းငုံ့ လျက်ထားရာ "ခင်ဘာဖြစ်တာတုန်း၊ မျက်နှာလည်းမကောင်းပါလား" ဟုမေမေက မေးလိုက်သည်တွင် ကျွန်တော့်မှာ အဖြေမပေးတတ်အောင် အခက်ကြုံရပြန်လေ၏။ မေမေ၏ ကြင်နာပျော့ပြောင်းသော စကားသံကိုထောက်ချင့်ရခြင်းဖြင့် မေမေသည် ကျွန်တော်နှင့် မချစ်ဦးတို့ စကားပြောနေသည်ကို မမြင်ဘဲရှိမည်ဟု တွေးယူ ရပေတော့၏။ ထိုသို့မေမေမမြင်ဘဲလျက် ကျွန်တော်က စိတ်မလုံဘဲ ကြောက်မိခဲ့၍ မျက်နှာပျက်ပျက်နှင့် အိမ်ပေါ် တက်ခဲ့ရာ မျက်နှာပျက်နေသည်ကို မေမေတွေ့ရှိ သွားပြီဖြစ်သဖြင့် ၎င်းအမေးကိုဖြေရမည်အလုပ်မှာ ဟုတ်မှန်ရာကိုလည်း အဖြေရခက်၊ အခြားအကြောင်းကို လီဆည်၍ မျက်နှာပျက်ရခြင်းကို ရှင်းရန်မှာလည်းစဉ်းစား၍ မရ၊ ထိုထက်အဖြေခက်သောအရာမှာ လောကတွင်မရှိဟုအောက့်မေ့မိတော့၏။

သို့ဖြစ်ရကား ဖြေရှင်း၍နေခြင်းထက် ငြင်းပယ်ခြင်းသာလျှင် အကောင်းဆုံး ဖြစ်တော့သည်ဟု ယူဆလျက် "ဘာမှမဖြစ်ပါလားမေမေရဲ့၊ ကျွန်တော် ကဘယ်က မျက်နှာပျက်ရမှာလဲ၊မျက်နှာပျက်စရာ အကြောင်းလည်းမရှိပါဘူး။ မေမေ့စိတ်ထဲမှာ ထင်လို့"

'နို့ ...ဘာပြုလို့ ခေါင်းကြီးငုံ့ပြီးလာရသလဲ' ဟုမေးမြန်းရာ လိမ်လက်စနှင့် ဆက်၍ လိမ်ရတော့မည်ဟု နှလုံးပြုလျက် " တမင်ငုံ့လာတာမဟုတ်ပါဘူး၊ ဘုရားတင်ဘို့ ပန်းတွေခူးလာတာ၊ ပန်းထဲမှာ ပျားကောင်ဝင်နေတယ်ထင်လို့ငုံ့ကြည့်လာတာ" ဟု ပြန်၍ဖြေလိုက်ရပြန်လေ၏။

ထိုအခါမှ မေမေလည်းကျေနပ်သွားသကဲ့သို့ရှိပြီး နောက် "အေးအေး၊ ကောင်းတယ် ကောင်းတယ်၊ ကောင်းကောင်းမွှန်မွှန်ရေဆေးပြီးတော့ဘုရားတင်" ဟုပြောတော့မှ ကျွန်တော့်မှာ ...

ဟင်းကနဲ သက်ပြင်းချကာ စိတ်အေးရတော့မည်ကဲ့သို့ရှိရာမှ "ဒီပန်းတွေ ဘယ်သူခူးပေးတာလဲ" ဟူသောမေးခွန်းပေါ် လာပြန်သောကြောင့် လုံးဝစိတ်မအေး

နိုင်သေးဘဲရှိရပြန်လေ၏။
'ခင်ကိုယ်တိုင်ရူးတာပါမေမေရဲ့'
'အို ... ခင့်နှယ်၊ မြင့်ခင်ကို အရူးခိုင်းရောပေါ့၊ ခြံထဲဆင်းတာခင့်မေမေကကြိုက်တယ် မှတ်လို့လား'
'မြင့်ခင်ခိုင်းလိုက်ရင် လတ်တဲ့ပန်းလားနွမ်းတဲ့ပန်းလား ဘာမှန်းညာမှန်းမသိဘဲ ရူးလာမှာစိုးလို့' ဟု ပြောလိုက်တော့မှ မေမေ သဘောကျသွားလေ၏။ဤတွင်မှ လုံးလုံးစိတ်အေးနိုင်ပေတော့၏။ သို့ဖြစ်၍ကျွန်တော့်မှာ ဝမ်းအသာကြီးသာကာ ဘုရားတင်ရန်ရည်စူး၍ ပန်းရူးမိသောကြောင့် ကျွန်တော်နှင့် မချစ်ဦး စကားပြော နေသည်ကို မတွေ့ဘဲ ရှိရသည်ဟု နှလုံးပြုကာ ပန်းကို ကောင်းစွာရေဆေး ဘုရားတင် ရှိသေစွာ ကန်တော့ပြီး ပန်း၏အကျိုးကိုအထူး ယုံကြည်ကာ ဆုအမျိုးမျိုး တောင်းလေ၏။

ထိုညသည်ကား ကျွန်တော်၏ တသက်တာတွင်အပျော်ဆုံးဟူ၍ အောက်မေ့ မိတော့၏။ မချစ်ဦးအကြောင်းတွေးရသည်မှာ ထိုမျှကြီးမားသော စည်းစိမ်အရသာ သည်မရှိတော့ပြီဟု မှတ်ထင်မိပေတော့၏။ မချစ်ဦးအား မျှော်လင့်ဘွယ်ရာကင်း ခဲ့သော အခြေအနေသို့ ရောက်ရှိပြီးမှ ယခုလိုတွေ့ လိုက်ရခြင်းမှာ သေရာမှ ပြန်လာသူကို တွေ့ရခြင်းထက်ပင် အဆပေါင်းများစွာ မရေမတွက်နိုင်အောင် ဝမ်းမြောက်ခြင်းကို ဖြစ်ရပေ၏။

မချစ်ဦးကို ယခုတွေ့လိုက်ရသောအခါတွင် ကျွန်တော့်မှာ ၎င်း၏ မျက်နှာ ကလေးကို မျက်စိထဲမှ မထွက်နိုင်အောင် တရေးရေးမြင်၍နေတော့၏။ ယခုတွေ့ရ သောမျက်နှာ ကလေးမှာ ယခင်ကျောင်းအတူတူနေစဉ်ကကဲ့သို့ပင် ပြုံးချိုသောအ မူအရာ မပျက်သေးဘဲ နှစ်ကာလအနည်းငယ်ကွာခြားကာ ကွဲကွာသွားပြီးနေခဲ့သည့် အတွင်းဝယ် အရိုးရင့် အသက်ကြီး၍ လာပြီဖြစ်သောကြောင့် အသက်အရွယ်အလျောက် ခံ့ညားခြင်းသည် မချစ်ဦး၏ မျက်နှာပေါ် တွင် ပေါ်လွင်လျှက်ရှိကာ ယခင်ကဲ့သို့နု နယ်သော ခလေးရုပ်မှာ ပပျောက်ခဲ့ပြီး မိန်းမပီသစွာပို၍ ချစ်စရာကောင်းလာလေတော့ ၏။ ကိုယ်လုံးကိုယ်ပေါက်မှာလည်း ထွားကျိုင်းကြီးမားအားရစရာကြီး တမျှ ဖြစ်လာ ခဲ့ပေ၏။

ဤကဲ့သို့ ထွားကျိုင်းကြီးမား သောကိုယ်ကာယဖြင့် ကျွန်တော့်အားရင်ခွင် ၌ ပွေ့ဖက်ကာ တအားနမ်းရှုံ့ ကြည်ဆယ်လိုက်မည်ဆိုပါက ဘယ်မျှယးကျိကျိဖြစ် မည်ကိုတွေးမိရာတွင် တဖိန်းဖိန်းကျက်သီးထမိပေ၏။ တချက်တချက်တွင်လည်း ကျွန်တော်၏စိတ်ထဲတွင် မချစ်ဦး၏ ရင်ခွင်၌ ကျွန်တော်၏ကိုယ်ကိုအပ်ခါ မချစ်ဦး၏ မေးဖျားကလေးကို ဖျစ်ညှစ်လှုပ်ခါပြီးလျှင် ခင့်ကို တကယ်ချစ်တယ်လားအဟုတ်ကို ချစ်တယ်လား၊ တကယ်လာဟု မေးလိုက်ချင်စိတ်ပေါက်ကာ ခေါင်းအုံးကြီးကို မချစ်ဦး ပမာထား၍ မူလိုက်နွဲ့လိုက်နှင့် အရူးထမိပေ၏။ဤသို့တွေးတော အရူးထနေမိရာက 'မချစ်ဦးသည် ကျွန်တော်နှင့် ကွဲကွာနေသည့် အတောအတွင်း အခြားသူများတွေ့၍

သွားလေပြီလော’ ဟုတွေးတော ပူပန်မိကာ အကယ်၍ အခြားချစ်သူများနှင့်တွေ့ခဲ့လျှင် ငါ့အားယခင်ကလောက် ချစ်ပါဦးမည်လားဟု၊ လင်ယောကျ်ားယူပြီးဖြစ်နေချေက ကျွန်တော့်အားချစ်နိုင်ပါဦးမည်လောဟု စိတ်မကောင်းဖြစ်ဖွယ်ရာများကို ဆက်လက်စဉ်းစားမိလျက် ထိုသို့မဖြစ်ပါစေနဲ့ဟု စိတ်ထဲတွင်ကြိတ်၍ ဆုတောင်းမိပေ၏။ ထိုသို့တွေ့လိုက်ရသည်မှာ ခဏကလေးမျှဖြစ်သဖြင့်စကားဝအောင် မပြောလိုက်ရသည့်အတွက်နောက်တစ်ခါပြန်၍တွေ့ပါစေဟု ဆုတောင်းမိပေ၏။ သို့ရာတွင် ထိုသို့ အကြောင်းတိုက်ဆိုင်ကြုံကြိုက်ပါဦးမည်လော၊ မချစ်ဦးလည်း လာနိုင်ပါဦးမည်လော ဟုတွေးတောမိပြန်ရာ သူ့ခမျာလည်း ကျွန်တော်ကဲ့သို့ပင် ထပ်မံတွေ့ဆုံစကားပြောလိုသည့်ဆန္ဒရှိပေမှာပဲ ဟုနှလုံးပြုမိလျက် တနေ့မတွေ့ရလျှင် တနေ့တွေ့ရလိမ့်မည်ဟု စိတ်ချယုံကြည်မိပေ၏။

ထို့ပြင် မချစ်ဦးသည် ကျွန်တော်အားချစ်ရိုးမှန်လျှင် ဧကန်မုချ တနည်းနည်းအားဖြင့် တွေ့ရအောင်ကြံမည်။ အခြားချစ်ရမည့်သူမရှိလျှင် ကျွန်တော့်ထံသို့လာရမည်ဟုယူဆရန် အချက်များလည်း ရှိပြန်သေးသောကြောင့်၊ နောက်တနေ့တွင် မချစ်ဦးအားမျှော်မည်၊ ထိုနေ့မတွေ့လျှင် နောက်တနေ့မျှော်မည်၊ နောက်တနေ့ မတွေ့လျှင် နောက်ထပ်တနေ့မျှော်မည်ဟု မတွေ့မချင်းမျှော်ရန် စိတ်ပိုင်းဖြတ်လိုက်မိလေ၏။

* * * * * * * *

# အခန်း(၅)

ယောကျ်ားကြိုက်မျှော်လိုက်ကာ မိန်းမကြိုက်စိုက်စိုက်လာ ဆိုသောစကားကဲ့သို့ ကျွန်တော့်မှာ ဣန္ဒြေရှင် ယောကျ်ားလေးဖြစ်သည်နှင့် အညီ မချစ်ဦးအား တမျှော်မျှော်ရှိကာ စက်ဘီးသံကြား တိုင်းထွက်၍ ကြည့်မိ၏။ သို့ရာတွင်မချစ်ဦးကို မတွေ့ရဘဲ အခြားနောက်ပိုးမတွေကိုသာ တွေ့ရကာ ၎င်းတို့မျက်စပစ်သွားခြင်း ပြုံးပြလျှာထုတ်ပြခြင်းများကိုသာ ခံရလျှက် ထွက်မကြည့်ရဲအောင်ရှိသော်လည်း တကယ်တန်းမချစ်ဦးလာကာ မှ မကြည့်လိုက်ရမိဘဲရှိမည်ကို စိုးရိမ်ကာ တံခါးကြားမှ ချောင်း၍ ကြည့်ရပေတော့၏။

တခါတခါတွင်လည်း ဖေဖေရှိနေသဖြင့် ထွက်၍ကြည့်ရန် ခက်နေသောကြောင့် စက်ဘီးသံတခုခုကြားရလျှင် 'ဟော ရုပ်ရှင်ကြော်ညာလှည့်လာပြီထင်ပါရဲ့ ဖေဖေ ... ဘယ်ကဧည့်သည်လဲမသိဘူး၊ အိမ်ထဲဝင်လာတာ' စသည်ဖြင့် လီဆယ်လျက်အိမ်ရှေ့သို့ထွက်ကြည့်ရပေ၏။ ပြီးမှ 'ဟင် ... ဟုတ်ပါဘူး ...ကျွန်တော့်နားထဲ အသံကြားသလိုလို' ဟူ၍လည်းကောင်း၊ 'ဟဲ ဟဲ ဧည့်သည်မဟုတ်ပါဘူး၊ ခြံထဲက ရွက်လှပင်လေတိုက်လို့ လှုပ်တာ ...၊ ရုတ်တရက်ကြည့်လိုက်တော့ လူမှတ်လို့' ဟူ၍လည်းကောင်း ပြောချလိုက်ပေ၏။

ထိုသို့ တနေ့လုံးမျှော်ပါသော်လည်း မချစ်ဦးမှာပေါ် ၍မလာဘဲရှိလေရာ၊ ငါ့ကို မချစ်တော့ဘဲ အချစ်ပြယ်လို့သွားပြီ ထင်ပါရဲ့ ဟု တွေးတောဝမ်းနည်းပြီးမှ သူ့ခမျာ မအားလို့ထင်ပါရဲ့၊ အခုကျောင်းထွက်ပြီး အလုပ်လုပ်နေတယ်ထင်ပါရဲ့ ဟု ထပ်မံ တွေးတောမိတော့မှ စိတ်သက်သာ၍သွားပြန်ကာ ညနေတွင် မျှော်ရန် နှလုံးပြု လိုက်ရလေပြန်၏။

သို့ဖြင့် ညနေကျ၍ မချစ်ဦး လာလျှင် ကျွန်တော့်အား လှလှပပ မြင်၍သွားစေလိုသော စိတ်များဖြစ်ပွားသော ကြောင့် ညနေစောင်း၍ လာလျှင်ပင် ကျွန်တော့်မှာ ရေချိုးရ ပေါင်ဒါရိုက်ရ၊ ဆံပင်ခွဲရ၊ မှန်ကြည့်ရ၊ တို့ပတ်ရိုတ်ရ၊ အဝတ်အစားရွေးရ၊ လှအောင် ပြင်ဆင်ရနှင့် မချစ်ဦးမြင်ရမည့် အရေးအတွက် အမျိုးမျိုးပြင်ဆင်ရပေတော့၏။

ထိုသို့ပြင်ဆင်ပြီးနောက် "ရှေ့ကြည့်လှရဲ့လား၊ နောက်ကြည့်ယဉ်ရဲ့လား၊ ဘေးကြည့်နိပ်ရဲ့လား" ဟု ကိုယ်လုံးပေါ် မှန်ကြီးရှေ့တွင် ကိုယ်ကို အမျိုးမျိုးဟန် ပြင်၍ကြည့်ရပြန်လေ၏။ ရှေ့နောက်ဝဲယာ ညီညာလှပပြီ ဟုကျေနပ်ပြီးနေခိုက် ဘယ်မျက်နှာမျိုးနဲ့ နုတ်ဆက်ရကောင်းမလဲ၊ ဘယ်ပုံပြုံးလျှင်ချစ်စရာ ကောင်းမလဲ၊ သွားကလေးပေါ်အောင်ပြုံးလျှင် ယဉ်မည်လော၊ မချိုမချဉ် မပွင့်တပွင့်ပြုံးလျှင် ငြိမည်လော စသဖြင့် တွေးတောကာ မှန်ရှေ့တွင် ရုပ်ရှင်ဇာတ်လိုက် ပမာ ပြုံးလိုက် ရယ်လိုက် မခို့တရို့ လုပ်လိုက် ကြာမျက်လုံးကလေးဖြင့်ကြည့်လိုက်၊ ရှက်သလိုလိုမူလိုက် ကြိတ်မနိုင်

ခဲမရ ဖြစ်သလို နုတ်ခမ်းလေးများကို ကိုက်လိုက် နှင့် မချစ်ဦး အသဲထိ၍စွဲငြိ မည့် အမူအရာ၊ ကြာပါ အမျိုးမျိုးလေ့ကျင့်မိလေ၏။

သို့ရာတွင် မချစ်ဦး လာချိန်တန်သော အခါကျွန်တော့်မှာ လည်ပင်း တရှည် ရှည်နှင့် မျှော်ရပြန်ပေတော့၏။မျှော်လင့်ရခြင်းသည် စိတ်ကိုအမျိုးမျိုး ဖန်တီးကာ အ ချိန်ကုန်ခဲလှသည်ဟူ၍ လည်းကောင်း၊ အချိန်ကုန်ရန်လွယ်လှသည်ဟူ၍လည်းကောင်း ထင်မြင်စေလို၏။ဦးစွာ ပထမ ရုံးဆင်းချိန်မရောက်ဘဲ အချိန်နှယ် ကုန်ခဲလိုက်တာနော် ဟု ညည်းညူမိပေ၏။ ထိုကမှ တဖန်မေမေရုံးဆင်းပြီး ပြန်ရောက်လာသည့်တိုင်အောင် မချစ်ဦးကို မမြင်ရဘဲရှိလေရာ မချစ်ဦးသည် ရုံးမှ အလုပ်ရှိမှ ရှိပါလေစ အကယ်၍ အလုပ်အကိုင်မရှိလျှင်လည်း တစ်နေ့လုံး ဘယ်အချိန်မဆို လာနိုင်မည်ဖြစ်ရာ ယခုထိ မတွေ့မြင်ရခြင်းမှာ လာမှလာပါမည်လော၊ အချိန်ကုန်၍သွားလျှင် လာနိုင်တော့မည်မဟုတ်ဟု အချိန်ကုန်မည်စိုးရိမ်မိပြန်သောကြောင့် စိတ်ထဲတွင် အချိန်ကုန်လွယ်သည်ဟုထင်မိပြန်လေ၏။

အရေးထဲတွင် ကျွန်တော့်မှာ အမူအယာမပျက် လူကြီးများမရိပ်မိစေရန် မနည်း ဂရုစိုက်ရပေ၏။ ဘယ်မှသွားစရာလာစရာမရှိဘဲ ထူးထူးခြားခြား ဝတ်စားထားခြင်းပင် လျှင် အတော်ပင်မူပျက်နေပြီဖြစ်ရာ၊ ဟန်မပျက်ဘို့ရန် အလွန်အရေးကြီးပေ၏။သို့အား ဖြင့် ကျွန်တော်သည် အိမ်ထဲတွင် အနည်းငယ်မှောင်သည့်ပမာ ပြတင်းပေါက်နားတွင် ထိုင်လျက် တက်တင်းထိုးရင်း တချက်တချက် လမ်းဘက်သို့ မျက်စောင်းထိုး၍ ကြည့်ရပေတော့၏။

မချစ်ဦးမှာ ပေါ် မလာ၊ စက်ဘီးသံလည်းမကြားရသဖြင့် ယနေ့အဘို့လာတော့ မည်မဟုတ်ဟု စိတ်ပျက်မိသောကြောင့် ကျွန်တော်သည် တက်တင်းကိုသာလျှင် ဂရု စိုက်၍ထိုးနေတော့၏။ ထိုသို့ထိုးနေရာမှ စိတ်မကုန်နိုင်သေးသောကြောင့် လမ်းဘက် သို့ တဖန်ကြည့်လိုက်ရာ၊ ထိုအခါတွင်မူကား မချစ်ဦးကိုဘွားကနဲ တွေ့လိုက်ရကာ၊ ကျွန်တော်၏ စိတ်ထဲတွင် အတိုင်းမသိ ဝမ်းမြောက်မိပေ၏။ မချစ်ဦးမှာ ကျွန်တော် ထင်သကဲ့သို့ စက်ဘီးနှင့်မလာဘဲ လမ်းလျှောက်၍လာသောကြောင့် စက်ဘီးသံကြား တိုင်းကြည့်သော်လည်း မချစ်ဦးကို မတွေ့ရခြင်းဖြစ်ပြီးလျှင်၊ မချစ်ဦးရောက်လာခြင်းကို လည်း အသိနောက်ကျနေခြင်းဖြစ်ရပေ၏။ မချစ်ဦးမှာ ဘယ်မျှလောက်ကြာစွာ ရောက် ရှိစောင့်စားနေရသည်ကိုမသိ၊ လမ်းထောင့်ဓါတ်မီးတိုင်နားတွင် တစုံတရာကို မျှော် လျက် မယောင်မလည်လုပ်၍ နေသည်ကိုတွေ့ရပေ၏။ မချစ်ဦးမှာ ထိုနေ့က ယမန် နေ့ကနှင့် မတူဘဲ ပိုမို၍လှပစွာ ဝတ်စားလာသည်ကို တွေ့ရပေ၏။

မချစ်ဦးသည် ကျွန်တော်နှင့် မျက်နှာခြင်းဆိုင်မိလျှင် လွန်စွာဝမ်းသာအား ရဖြစ်သော မျက်နှာဖြင့် ပြုံး၍ပြသော်လည်း ကျွန်တော့်မှာ အနီးအနားတွင်လူကြီး များထိုင်၍နေသောကြောင့် ပြန်၍ပြုံးရမည်မှာ အခက်ကြုံ၍နေပေ၏။ သို့ရာတွင် အချစ်စိတ်သည် ရုတ်တရက် လည်ဆယ်နိုင်သော ဥာဏ်ကို ဖန်တည်းသည့်အားလျော်စွာ ကျွန်တော်လည်း အကြံရ၍ အိမ်အောက်သို့ဇာထိုး

အပ်ကို ပစ်ချလိုက်ကာ ‘ ဟာ … အပ်ကလေးကျသွားပြီ’ ဟုဆိုရင်း ပြတင်းပေါက်မှ အောက်သို့ငုံ့ကြည့်ပြီးလျှင် ခေါင်းပြန်၍ အထူတွင် မချစ်ဦးအားကြည့်၍ ပြုံးပြလိုက်ရပေ၏။ ထို့နောက်လက်တစ်လက်ကို ပြတင်းအပြင်သို့ထုတ်၍ ပြလိုက်ပြီးလျှင် မချစ်ဦးအား ‘ခဏနေဦး’ ဟူသည့်အထိမ်းအမှတ်ဖြင့်လက်ကိုကာ၍ ပြလိုက်ပြီးလျှင် အိမ်အောက်သို့ဆင်းရန်ထလာခဲ့လေ၏။

‘ခင် ဘယ်လဲ’ ဟု ဖေဖေ ကမေးလိုက်ရာ ကျွန်တော့မှာ စိတ်လှုပ်ရှားနေခြင်းကြောင့် စကားမှား၍ မပြောမိအောင် ဂရုစိုက်ကာ ‘ဇာထိုးအပ်ကလေးကျသွားလို့ သွားပြီးကောက်မလို့’ ဟုဖြေလိုက်သည်တွင် ‘ခင်ဘာပြုလို့ဆင်းမလဲ၊ မြင့်ခင်ကို အကောက်ခိုင်းလိုက်ပါလား’ ဟုပြောလိုက်သည့်စကားကို မကြားဟန်ဆောင်ပြီးဖွတ်ဆင်းခဲ့လေ၏။ ကျွန်တော်၏ နှလုံးသားတွင် အချစ်စိတ်ဝင်နေပြီ ဖြစ်ရကား မည်သူ၏ တားဆီးခြင်း ကိုမျှ လိုက်နာနိုင်မည်မဟုတ်တော့ပေ။

အောက်သို့ရောက်သောအခါ အပ်ကိုတွေ့သည့်အခါ၊ အင်္ကျီထဲသို့ သိုဝှက်ထားလိုက်ပြီးလျှင် ရှာ၍ မတွေ့ရသည့်ဟန်ဖြင့် ဟိုဟိုဒီဒီကြည့်ရင်း မချစ်ဦးဘက်သို့လှည့်ခါ လက်တစ်ဖက်ကိုမြှောက်၍ ကျွန်တော့်ထက်အရပ် အမောင်းမြင့်သည့် အတိုင်းအထွာကို ပြလျက် အိမ်ထဲမှာ လူကြီးတွေရှိနေသည်ဟူသောသဘောကို မချစ်ဦးအားပြသလိုက်ရပေ၏။

မချစ်ဦးလည်း အဓိပ္ပါယ်သိရှိသည့်အနေဖြင့် ခေါင်းညိမ့်ပြကာ စောင့်စား၍ နေလေ၏။ အတန်ကြာလျှင် ‘ခင်ရေ …ကြာလှချည်လား၊ အခုထက်ထိရှာမတွေ့သေးဘူးလား’ ဟူသောအသံဖြင့် ပြတင်းပေါက်မှ ခေါင်းပြူ၍ ထွက်လာသော ဖေဖေ၏မျက်နှာကို တွေ့ရလေ၏။ ‘ မတွေ့သေးဘူးဖေဖေရဲ့၊ ဒီနေရာကျသွားတာ မြင်လိုက်တာနဲ့ အောက်ကျတော့ ရှာမတွေ့တော့ဘူး’

‘နေပါစေလေ၊ ခင်တက်ခဲ့ပြီးတော့မှ မြင့်ခင်ကို အရှာခိုင်းပေါ့’ ဟုဆိုသောကြောင့် ကျွန်တော့်မှာ အိမ်ပေါ် သို့ပြန်တက်ခဲ့ရာ ထိုသို့တက်ရင်း လမ်းတစ်ဖက်သို့လှည့်၍ ကြည့်လိုက်ရာ မချစ်ဦးကို မတွေ့ရသောကြောင့် စိတ်ထဲတွင်ဟာ၍သွားကာ ဖေဖေ့ကို မြင်၍ထွက်ပြေးပြီ ဟုစိတ်မကောင်းဖြစ်မိပေ၏။

အိမ်ပေါ်သို့ရောက်သော အခါအိမ်ရှေ့ခန်းတွင် မေမေမရှိတော့ဘဲ၊ ဖေဖေသာလျှင် ရှိတော့သည်ကိုတွေ့ရလေ၏။ သို့ဖြစ်၍ဖေဖေထွက်သွားအောင် မည်သို့လုပ်ရပါမည်နည်း ဟု ကျွန်တော့်မှာ အကြံထုတ်ရပြန်လေတော့၏။ ထိုအခိုက်တွင် သတ္တဘာဂ နတ်နှင့်တကွသော နတ်ကောင်းနတ်မြတ်အပေါင်းတို့သည် ကျွန်တော့်အား ကူညီကြလေရော့သလားမသိ ‘ ကိုမြရွှေရေ ..နောက်ဖေးမှာ ကူညီပြီးလုပ်စမ်းပါဦး၊ ရုံးကပြန်အလာ ဘာမှမစားရသေးလို့ဆာလိုက်တာ၊ ကနေ့စောစော ထမင်းစားရမယ်’ ဟူ၍ နောက်ဖေးခန်းမှနေ၍ မေမေပြောလိုက်သော အသံကြားလိုက်ရပြီး နောက်ဖေးသို့ ဖေဖေဝင်၍သွားသောကြောင့် ကျွန်တော့်မှာထ၍ ကချင်မိအောင်စိတ်ထဲ၍ပျော်၍သွားပြီး ဖေဖေလစ်သည်နှင့် တပြိုင်နက် အိမ်ပေါ် သို့ပြေးတက်ကာ

'မချစ်ဦးရှိသေးရဲ့လား'ဟုစိုးရိမ်စွာ ကြည့်ရှု ရှာဖွေမိလေ၏။
ကျွန်တော့်မှာ ပျာပျာသလဲဖြစ်နေသောကြောင့် မချစ်ဦးကို မမြင်ဘဲမျက်စိမှောက်၍ နေပြီးမှ ယခင်နေရာတွင် ရောက်နေသော မချစ်ဦးကိုမြင်ရသည်နှင့် တပြိုင်နက် ဝမ်းအမြောက်ဝမ်းအသာကြီးသာကာ ပြုံးလိုက်မိလေ၏။ မချစ်ဦးလည်း ကျွန်တော် ပြုံးသည်ကိုမြင်ရ၍ ပြန်၍ပြုံးပြကာအိမ်ထဲသို့ လက်ညိုးထိုးသည့် ဟန်ပြုလုပ်၍မေးရာ ကျွန်တော်က လူကြီးများမရှိကြောင်း ခေါင်းခါ၍ပြလိုက်လေ၏။ ထို့နောက် မချစ်ဦးသည် ဟိုဟိုဒီဒီလှည့်ပတ်ကြည့်ရှုပြီးလျှင် အိတ်ထဲသို့လက်နှိုက်လိုက်သည်ကို တွေ့ရပြီး စာရွက်ခေါက်ကလေးတစ်ခု ဆွဲ၍နှိုက်လိုက်သည်ကို မြင်ရလေ၏။ ကျွန်တော့်မှာ ထိုစာရွက်ခေါက်ကလေးကိုမြင်ရလျှင် နှလုံးသားတို့မှာ တလှုပ်လှုပ် တရွရွလှုပ်လျက် ဝမ်းမြောက်ခြင်းရှေ့ပြေးသောဇောတို့ဖြင့်ရင်တွင်းအီလည်လည်ကြီး ဖြစ်မိပေတော့၏။ ထိုသို့ကြည့်ရှုနေစဉ် မချစ်ဦးသည်လက်ထဲရှိ စာရွက်ခေါက်ကလေးကို ထောင်၍ပြကာ ကျွန်တော့်အားလှမ်းမေးလိုက်သည့် ဟန်မျိုးပြုလုပ်ရာ ကျွန်တော့်မှာ 'စာယူမလား' ဟုမေးသည်ကို သိရှိကာ ရှက်သလိုလို ကြောက်သလိုလို ဖြစ်လျက်ခေါင်းငုံ့ပြီး ပြုံးမိရာက နောက်ထပ်အကြည့်တွင် ယခင်လိုပင်လှမ်း၍ ပေးဟန်ပြုသည်ကို တွေ့ရပြန်သောကြောင့် ခေါင်းညိတ် မိပေတော့၏။ ထိုခဏမှာပင် မချစ်ဦးက ခေါင်းတလှုပ်လှုပ် လက်တမြှောက်မြှောက် မေးတငေါ့ငေါ့ဖြင့် အ အ စကားပြောသလိုလုပ်ကာ ဘယ်လိုပေးရမလဲ၊ ဆင်းယူ မလားဟုမေးရာ ကျွန်တော့်မှာ မကြံတတ်ဘဲရှိနေပြီးမှ ခြံထဲသို့ပစ်ပေးရန်ကိုယ် ဟန်လက်ဟန်ဖြင့်ပြရလေ၏။

ထိုအခိုက်တွင် 'ခင်ရေ…ခင်ရေ' ဟုနောက်ဖေးခန်းမှ ခေါ်သံကိုကြားလိုက်ရာ ကျွန်တော့်မှာကျွန်ုပ် မရဖြစ်ကာ သုတ်သီးသုတ်ပျာ အမူအရာဖြင့် လူကြီးတွေလာနေ ပြီ မြန်မြန်ပေးပြီးပြေး ဟူသော အချက်ပြလိုက်မှ မချစ်ဦးသည် ခတ်မြန်မြန် ခြံဘေးသို့ ကပ်ပြီးလျှင် ခြံထဲသို့စာရွက်ခေါက်ကလေးကို ပစ်၍သွင်းကာ ကျွန်တော့်အားပြန်၍ ကြည့်လျက် တချက်မျှ ပြုံးပြီးသုတ်ခြေတင်လေ၏။ 'ခင်ရေ..ခင်' ဟု ထပ်မံအခေါ် တွင် ကျွန်တော်လည်း စာပစ်ထားခဲ့သော နေရာကို မှတ်ထားပြီး နောက်ဖေးဆောင်သို့ ဝင်သွားလေ၏။

နောက်ဖေးဆောင်သို့ရောက်သော် ထမင်းပွဲပြင်ဆင်ထားပြီး ဖြစ်နေသည်ကို တွေ့ရ သောကြောင့် ကျွန်တော့်မှာ အကျပ်ရိုက်၍သွားလေ၏။ အကြပ်ရိုက်ခြင်းမှာ အခြားမဟုတ်၊ ထမင်းဝင်၍စားနေလျှင် စာကိုသူတပါးတွေ့သွားမည်ကို စိုးရိမ်သော ကြောင့်ဖြစ်လေရာ အဘယ်ပုံကြံရပါ့မလဲဟု အကြံဉာဏ်ပြုရပြန်လေ၏။ ထိုသို့အ ကြံထုတ်ရာတွင် ထမင်းမဆာသေးကြောင်း ပြောရန်မှတပါး အခြားလိမ်စရာ မရှိဘဲ ဖြစ်သောကြောင့် "ထမင်းမဆာသေး"ဟု ပြောလိုက်ရလေ၏။
'ဘာတွေစားထားလို့ မဆာသေးတာလဲ'
'ဘာမှ မစားထားပါဘူး၊ အလကားနေရင်းရင်ပြည့်နေတယ်'

'ဘာမှ မစားဘဲ ရင်ပြည့်နိုင်ပါ့မလား၊ နဲနဲပဲဖြစ်ဖြစ် ဝင်သလောက်စားဦး လေ၊ တော်တော်ကြာ အစာမရှိလို့ လေခံနေဦးမယ်' ဟုဖေဖေက မစားမနေရအောင် ပြောပြန်သဖြင့် ကျွန်တော့်မှာ နောက်ထပ်ဘယ်လို လိမ်ရပါမည်နည်း ဟုကြံရာမရ ရှိနေစဉ် မေမေက ကြားဝင်၍ 'မဆာရင်လည်း မစားပါစေနဲ့လေ၊ အစာမစားလို့ရောဂါမဖြစ်ဘူး၊ အစားမှားလို့ရောဂါဖြစ်တတ်တယ်၊ ကဲ ...ကဲ၊ ဆာတော့မှစား' ဟုပြောလိုက်မှ ကျွန်တော့်မှာ သိန်းထီပေါက်သကဲ့သို့ ဝမ်းမြောက်လျက် အိမ်ရှေ့ခန်းသို့ ထွက်ခဲ့လေ၏။

အိမ်ရှေ့သို့ ရောက်လျှင် ကျွန်တော့်မှာ ကိုယ်တိုင်ဆင်း၍ စာကိုကောက်ရန် ခက်နေသောကြောင့် 'မြင့်ခင်ရေ ... ဟေး မြင့်ခင်' ဟုကောင်ကလေးကို ခေါ် လိုက်ရလေ၏။ မြင့်ခင်လည်း ချက်ခြင်းပင်ရောက်လာကာ 'မောင်ခေါ် သလား ဘာလုပ်မလို့လဲ' ဟုမေးလေ၏။

'မြင့်ရေ မောင်ခိုင်းတာ လုပ်ပေးမလားကွယ်'

'လုပ်ပေးမယ် ပိုက်ဆံဘယ်လောက်ပေးမလဲ'

'ပေးပါ့မယ်ကွယ်... ပေးပါ့မယ် ...မောင်ခိုင်းတာသာလုပ်ပေးပါ၊ ပိုက်ဆံတမတ် ပေးမယ်... နို့ပေတဲ့ ဘယ်သူမှမပြောရဘူးနော်'

လာ လာ ဟုမြင့်ခင်အား ပြတင်းပေါက်ဆီသို့ခေါ်သွားပြီးလျှင် 'ဟောဟို ခြံဝင်းနားက ကြက်မောက်ပင်ကလေးကို မြင်သလား။(မြင်တယ်) အဲဒီကြက်မောက်ပင်ခြေရင်းက အုတ်ခဲတွေစီပြီးဝိုင်းထားတဲ့ အနားမှာ ဖြူဖြူကလေးမြင်သလား(နေဦး ကြည့်ဦးမယ်၊ အင်း .. အင်း .. အင်း မြင်ပြီ) အဲဒါမောင့်ကို ယူပေးပါလားကွယ်၊ မြင့်ကလေးလိမ္မာပါတယ်' ဟုချော့ရလေ၏။

'အင်း ဒါတော့ မယူချင်ဘူး၊ ဖေဖေကြီးတွေ့သွားရင် အရိုက်ခံရလိမ့်မယ်'

'မဆူပါဘူး၊ မြင်လည်းမမြင်နိုင်ပါဘူး။ နောက်ဖေးမှာ ထမင်းစားနေတာ အသိသားနဲ့'

'ဟင့် အင်း၊ ကျွန်တော်ကြောက်တယ်။'

'မြင့်ကလည်း လိမ္မာသားနဲ့ကွယ် ...ကဲကဲ ငါးမူးပေးပါ့မယ်' ဟုပြောလိုက်မှ မြင့်ခင်လည်း လောဘကလေးဝင်လာကာ ပိုက်ဆံအရင်ပေးဟုတောင်း၍ ပိုက်ဆံငါးမူး ပေးလိုက်သည်နှင့်တပြိုင်နက် အောက်သို့ပြေးလေ၏။

ကျွန်တော့်မှာ မြင့်ခင်စာကောက်နေသည်ကိုလည်း ကြည့်ရ၊ ဖေဖေတို့ထွက်လာလေရော့သလားဟု ကြည့်ရနှင့် ကျီးကန်းတောင်းမှောက် ဖြစ်၍နေကာမြင့်ခင်လက်ထဲသို့ စာရွက်ခေါက်ကလေးပါလာသည်ကိုတွေ့ရမှ စိတ်အေးရပေ၏။

မြင့်ခင်အိမ်ပေါ် သို့တက်၍လာလျှင်ပင် ကျွန်တော့်မှာ အောင့်၍မနေနိုင်ဘဲ ပြေး၍စာကိုတောင်းမိပေတော့၏။ သို့ရာတွင်မြင့်ခင်ကစာကိုမပေးဘဲ ကျောနောက်သို့ဝှက်လိုက်ပြီး 'မောင်ရည်းစားထားတတ်ပြီ ဖေဖေကြီးကိုတိုင်လိုက်မယ်' ဟုဆိုကာ ဆိုကာ အိမ်ထဲသို့လှည့်ပတ်၍ပြေးနေသဖြင့်ကျွန်တော့် မှာ မြင့်ခင်ကို မမိမိအောင်လိုက်၍ဖမ်းရလေတော့၏။

'ပေးပါမြင့်ရယ် ...နောက်မနေပါနဲ့'
'အမယ် ... နောက်နေတယ်မှတ်လို့လား၊ တကယ်ပြောနေတာ' ဟုဆိုသောကြောင့် ကျွန်တော့် မှာ စိတ်ဆိုးသည့်မျက်နှာထားကို ထားလိုက်ပြီး
'မြင့် ... မောင့်ကိုစိတ်ဆိုးအောင်မလုပ်နဲ့ နော် ...မြင့်တိုင်လိုက်လို့ရှိရင် နှစ်ယောက်စလုံး အရိုက်ခံနေရမှာသိလား' ဟု ဆိုမှ 'မောင်ကလည်း ဒါကလေးနဲ့ စိတ်ဆိုးရသလား' ဟု ချော့သော လေသံဖြင့် မျက်နှာချိုသွေး၍ ပြောကာ စာကလေးကို ထုတ်၍ပေးလေ၏။

'အဲဒီလိုလိမ္မာမှပေါ့မြင့်ရယ်၊ ဒါတွေကြောင့် မြင့်ကိုမောင်ကသိပ်ချစ်တာ' ဟုသူ့ကိုလည်းပြန်၍ချော့ကာ စာကလေးကိုယူပြီးလျှင် ကျွန်တော်၏ အခန်းတင်းသို့ ဝင်ပြေးကာ အခန်းတံခါးကို ပိတ်ထားလိုက်လေ၏။ကျွန်တော့်မှာ တခန်းလုံး အလုံပိတ်လျက် တစ်ယောက်ထဲဖြစ်နေသည့်တိုင်အောင် စိတ်မလုံနိုင်ဘဲ ထရံကြားက ခေါင်းကြီးပြူ၍ကြည့်ကာမိ၍သွားမည်လော၊ ကြက်တူရွေးတန်းပေါ်မှ မျက်လုံးကြီးများ ထွက်ပေါ် လာကာ ချောင်း၍များကြည့်မလားဟု တစ်ခန်းလုံးကြည့်ပြီးမှ စာကလေးကို ဖွင့်ဖတ်နိုင်ပေတော့၏။

စာကိုမဖတ်ရမီကပင် ကျွန်တော်၏ရင်ထဲတွင် တဒိတ်ဒိတ်ခုန်၍နေကာ လျှင်မြန်စွာ သွေးလှုပ်ရှား၍နေပေ၏။ စာရွက်ကလေးကို ကိုင်၍ဖြန့်နေသော လက်များသည်လည်း တုန်ရီလျက်ရှိသည်ကို တွေ့ရပေ၏။

*ချစ်မောင်မောင်*

*နှမ၏အသက်တမျှ ချစ်လှသောခင့်ထံသို့ရှေ့မျက်နှာ နောက်ထားလျှက်ကြောက်အားနှင့် အရဲစွန့်ကာ ရွှေစာလွှာဆက်သလိုက်ရပါတော့သည်*
*ချစ်မောင်မောင် ...*

ဟူသော စာအစကို ဖတ်လိုက်ရလျှင်ပင် ကျွန်တော်၏ စိတ်တွင်ပျော်ရွှင်အားရ၍ ထခုန်ချင်လောက်အောင်ဖြစ်မိပေ၏။

*နှမမှာ မောင်နှင့်အတူကျောင်းနေစဉ်ကာလ၊ မောင်နှင့်တွေ့စကတည်းကပင် မပဟောသဓာ၊ ကိန္နရာ နှင့် ဝေသန္တရာ သောတ္တိသေန တော်လေးဝဝင်ထိုက်သော မောင်၏ရုပ်ရည်သွင်ပြင်ကွင်းမှ မလွတ်ကင်းနိုင်ဘဲ၊ အမြဲပင်ကြည့်နေချင်အောင်ဖြစ်မိလျက် မောင်၏ရုပ်ရုံများချက်သည် နှမ၏အသဲထဲတွင် စွဲမြဲစွာ စိုက်၍နေကာ မောင့်အပေါ် တွင် အချစ်ပင်စိုက်ပျိုးအချစ်မိုးကြီးရွာမိကာ၊ ဆီးဖြူသီးဖန်ခါးသီးများလို နှမမှာ မောင့်တကိုယ်လုံးငုံ၍ သာထားချင်မိပါတော့သည်။ဤမျှချစ်ပါသော်လည်းကံကြမ္မာဖန်*

လာတဲ့ အရေးရယ်ကြောင့် နှမကလေးမှာ မောင်နှင့်ကွဲကွာခဲ့ရပါသည်။မောင့်ကို မမြင်ရသည့်နေ့မှစ၍ တနေ့မှစိတ်မအေး၊ တရေးရေးထင်မြင်၊အစဉ်ပင်လွမ်းဆွတ်လျက် တရက်ကို တသက်ထင်ကာ ဘယ်ပုံဘယ်နည်းကြံဖန်ပြီးလျှင်မောင်နှင့် တွေ့နိုင်ပါ့မလဲဟု အမြဲတမ်းပင်စိတ်မောလျက်မောင်၏မျက်နှာကလေးကို မြင်မှမြင်ရပါစေတော့ဟု နှမအိမ်ရှေ့ကိုလျှောက်ပါသော်လည်းအဗ္ဗန္တရ သရက်သီးကို ကုမ္ဘဏ် ယက္ခတို့ စောင့်ကြပ်ထားကြသလို မောင့်ကိုမမြင်ရဘဲ ရင်ထဲပူလောင်ကာ မောင့်အတွက်ပင် ပင့်သက်ကိုအနိုင်ရှူရပြီးလျှင် စားသောက်လည်းမဝင်အိပ်လျှင်လည်း မပျော်ဘဲ မောင့်စိတ်ကြောင့်ရတက်ပွေ၊ မသေရုံပင်ကျန်တော့တယ်

မောင်ရယ် ....
ဒီလိုနဲ့ တနေ့ထက်တနေ့ တရွေ့ရွေ့ရှည်ကြာ အချစ်ရောဂါ မသက်သာဘဲ စိတ်လျော့ လိုက်ရတော့မလိုလိုရှိနေရာမှ တနေ့ကမောင့်ကိုတွေ့လိုက်ရသည်တွင် နှမ၏ အချစ်ရောဂါကို ကုနိုင်မည့်ဆရာဝန်နှင့်တွေ့ရသကဲ့သို့ အားတက်ဝမ်းမြောက်မိကာ အချစ်၏ဒုက္ခဝေဒနာကိုခံစားနေရသူကိုမောင်၏အချစ်ဖြင့် ကုသရန် အသနားခံရပါတော့တယ်

မောင်ရယ် ...
မောင်က မကယ်လျှင် ချစ်နှမကလေး သေဘွယ်သာရှိပါတော့တယ်မောင်က ချစ်ပါမယ်ဆိုလျှင် ရာသက်ပန်ရွယ်ကိုး၍ ရိုးမြေကျပေါင်းရန် နှမ၏စိတ်ထဲမှာ အမြဲပင်ထားပါတယ်။ ယုံပါတော့မောင်ရယ်မောင့်အပေါ် မှာ နှမကလေး ဘယ်လောက်ချစ်တယ်ဆိုတာ မြင့်မိုရ်တောင် ဖောင်တိန်လုပ်၊ သမုဒ္ဒရာ မင်ရေဖျော်ပြီး ကောင်းကင်ကြီးတခုလုံးမှာ ပုရွက်ဆိတ်လုံးလောက်ရှိတဲ့ စာလုံးကလေးတွေနဲ့ရေးလို့ ကောင်းကင်ကြီး တခုလုံးပြည့်သွားတောင် နှမ၏ အချစ်တွေကို ရေးလို့ကုန်နိုင်မှာ မဟုတ်တော့ပါဘူး မောင်ရယ်။

(ဒွေးချိုး)
သနားပါခင်၊
တပါးအပျိုစင်မှာဖြင့်၊
ပူပင်လို့မဆုံး၊
မချစ်လျှင် သေရမည်အမှန်ပင်မို့၊
ချစ်ရေစင်မေတ္တာဖျန်းလို့ငယ် ....
နမ်းလှည့်ပါဦး။

အချစ်ခံစားရသူ(အချစ်ဦး)

ဟူ၍ စာဖတ်ရသည့် အဆုံး၌ ကျွန်တော့်မှာ အတိုင်းမသိဝမ်းသာမိလျက် စာရွက်ကလေးကို အထပ်ထပ်နမ်းရှုပ်ကာ ရင်ဘတ်တွင်ကပ်လျက် မျက်စိကိုမှိတ်ပြီး အားရစွာ အသက်ရှူရှိုက်မိလေ၏။

ကျွန်တော့်မှာ ထိုစာကလေးကို တခါနှင့်ဖတ်၍အားမရ၊ နှစ်ခါနှင့်လည်း ဖတ်၍အားမရနိုင်ဘဲ၊ အလွတ်ကျက်သကဲ့သို့ အထပ်ထပ်ဖတ်ရှုမိပေတော့၏။သူ့ခမျာ စာတွင်ပါလာသည့်အတိုင်း ကျွန်တော့်ကို မြင်မှမြင်ရစေတော့ဟု မကြာခဏ လာမိသည်မှာ အမှန်ပင်ဖြစ်ပေတော့မည်။ ထိုသို့စောင့်မျှော်ရာ ..ဘယ်အခါမှ မရှိဘဲ ရှိခဲ့ပြီးနောက် ..ယမန်နေ့ကတွေ့လိုက်ရသည်တွင် ယနေ့လည်းတွေ့လိမ့်မည်ဟု အားထားကာ မေတ္တာစာကို ညတွင်းချင်း ကမန်းကတန်းစီစဉ်ရေးသားဟန်ရှိပေ၏။ အကြောင်းမူကားသူ့စာထဲတွင် စာကိုလုပအောင် စွဲလောက်အောင်ဟူ၍ အားထုတ်ရေးသားထားခြင်းမရှိ သိလိုသည့် အကြေင်းအရာတွေ ပါပြီးလျှင်ပြီးရော ပဲဟုရေးသားဟန်ရှိပေ၏။ သို့ရာတွင်ကျွန်တော့်မှာ သူ့အပေါ် ၌မေတ္တာသက်ဝင်ခဲ့ပြီးဖြစ်ရကား ဖွဲ့နွဲ့ရေးလည်းချစ်မည်ပင် မဖွဲ့မနွဲ့ ရေးသားလည်း ချစ်မည်ပင်ဖြစ်တော့၏။ထိုသို့ ကျွန်တော်သည် သူ့အပေါ် တွင်ချစ်တော့မည်ဖြစ်သော်လည်း ဣန္ဒြေရှင် ယောကျ်ားကလေးပီသအောင် သူ၏စကားအလာကို စောင့်ရမည်။ ကိုယ်ကစ၍ ချစ်ကြောင်းကြိုက်ကြောင်း ရေး၍မဖြစ်နိုင်ဘဲရှိခဲ့ရာ၊ ယခုသူ၏စာ ကိုရပြီဖြစ်ရကား ကျွန်တော့် မှာ ကျွန်တော်၏ စိတ်တွင်ဖြစ်သမျှ ချစ်သမျှတို့ကို လှစ်နိုင်သော အခြေအနေသို့ရောက်ရှိခဲ့ပြီဖြစ်ပေ၏။

သို့ဖြစ်သည့်အားလျော်စွာ အဘယ်ကဲ့သို့စာပြန်ရပါမည်နည်းဟု စဉ်းစားစိတ်ကူးခြင်းဖြင့် သတိလစ်၍နေခဲ့လေရာ အခန်းတံခါးကို ခေါက်နေသည်ကိုမျှ မကြားနိုင် တံခါးခေါက်သံပြင်းထန်၍လာမှ သတိရကာ ရုတ်တရက်တံခါးကို မဖွင့်မိခြင်းကို မည်သို့ဉာဏ်ဆင်ရပါမည်နည်းဟု အကြံထုတ်လိုက်၊မချစ်ဦး၏စာကလေးကို ထိုးလိုက်ပြီးလျှင် ဆံပင်ကို ပွယောင်းယောင်းဖြစ်အောင် လက်ငါးချောင်းဖြင့် ထိုးမွှေကာ တံခါးဆီသို့ လျှောက်လာပြီး တံခါးကို ဖွင့်လိုက်ရလေ၏။ တံခါးပွင့်လာသောအခါ တံခါးဝတွင် ဖေဖေရပ်နေသည်ကို တွေ့ရလေ၏။

'တံခါးခေါက်နေတာ မကြားဘူးလား ...ခင်ရဲ့'

'မကြားဘူးဖေဖေ၊ ကျွန်တော် ခေါင်းကိုက်တာနဲ့ အိပ်နေရင်းအိပ်ပျော်သွားလို့'

'ခင်တို့မှာ အဲဒါတွေပဲခက်တယ်၊ စားချင်တာစား၊ လုပ်ချင်တာလုပ်နဲ့၊ တခုခု ကလေးနဲနဲ မှားမှဖြင့် ဖင်ကနာရတာနဲ့ ခေါင်းကကိုက်ရတာနဲ့၊ ခင်တို့ဖျားမှာစိုးရတယ်၊ သူများနဲ့မတူ နလိုက်တာလည်းလွန်လို့၊ တဆိတ်ကလေးရှိမှဖြင့် အမယ်လေး ဘာလေးနဲ့ သူမနေရငါမနေရ သိပ်ခက်တာပဲ'

'ဖေဖေက ဖေဖေ သိတာပြောတာကိုး၊ အိမ်ထဲမှာ ကုပ်ပြီးနေရတာ၊ အညောင်းမိပြီး ဘယ်ကျန်းမာပါ့မလဲ'

'အိမ်ထဲမနေလို့ အပြင်ထွက်တော့ကော ဖြစ်ပါ့မလားလို့၊ ဂျပိုးမတွေက တားမရဆီးမရ

ဟိုကလိုက်ဒီကချောင်းနဲ့ မောင်းမရမဲမရ ဘယ်ဖြစ်ပါ့မလဲ၊ အိမ်ထဲမှာနေရင်လည်း သွေးသားမှန်အောင် ဆေးစားပါဆိုတော့ ဆေးများဖြင့် ကြောက်လိုက်တာလွန်ရော ကဲ ...ကဲ ကနေ့ညဥ့် အဖို့တော့ အိပ်ရာဝင်ခါနီး ငန်းဆေးတခွက်လောက်သောက်လိုက် အခုအိပ်မနေနဲ့ဦး၊ ထူထူထောင်ထောင်နေမှပေါ့' ဟုပြော၍ထွက်သွားတော့မှ ကျွန်တော် လည်း တံခါးပြန်စေ့ကာ အသံမကြားရအောင်ပြန်၍ ပိတ်လိုက်ပြီးလျှင် အခန်းမီးကိုဖွင့် ၍ စားပွဲတွင်ထိုင်ကာ စာပြန်ရန်စွန့်စားခန်းထုတ်ရလေ၏။

ကျွန်တော့်မှာ စာပြန်မည်ပြုရာတွင် သူ့စာကို ရလျှင်ရချင်း ချစ်ပါတယ် ကြိုက် ပါတယ်ဟု ပြန်လိုက်ပါက 'အလွန်အညှာလွယ်သော ယောက်ျားကလေး' ဟု အထင် အမြင်သေးမည်ကို စိုးရိမ်မိသောကြောင့် ယောက်ျားမာယာသဲကိုးဖြာဆိုသလိုဟန်လုပ်မှ ဖြစ်မည် ဟုတွေးတောကာ မချစ်ဘူးဟူ၍လည်းအထင်အမြင်မလွဲစေရ၊ အညှာလွယ်သည်ဟုလည်း မထင်မြင်စေရအောင် စာတစ်စောင်ကိုရေးရင်း ဖြဲပစ်လိုက်ရင်းဖြင့် စာအစကို စိတ်တိုင်းကျ မဖြစ်မချင်း ပြင်၍ရေးရလေ၏။ နာမည်အခေါ် ကိုပင် 'ချစ်နုမ' ဟု စလျှင်ကောင်းမည်လော၊ နာမည်ကိုဖေါ်၍ 'ချစ်ချစ်ဦးဦး' ဟူ၍ရေးရလျှင်ကောင်းမည်လောဟု အမျိုးမျိုး ရေးလိုက်ဖြဲလိုက်လုပ်နေ ပြီးမှ နောက်ဆုံးတွင် 'ချစ်ချစ်' ဟုခေါ် ခြင်းကိုသဘောကျကာ ထိုအမည်ကို စလိုက် လေ၏။

*ချစ်ချစ်*

*ယောက်ျားမို့ ကြောက်အားပိုလျက် ချစ်ချစ်ထံ ပြန်စာလွှာဆက်သလိုက်ရပါသည်။ မောင့်မှာ တဦးမေတ္တာ တဦးမှာ ဆိုသည့်အတိုင်းမောင်၏စိတ်နှလုံးထဲတွင် မေတ္တာတရားကို အမြဲတမ်းထားသလို ချစ်ချစ်ကလည်းမောင့်အပေါ် မှာ မေတ္တာထားတယ်ဆိုတာသိရသည့်အတွက် မျက်နှာမြင်ချစ်ခင်ပါစေဆိုတဲ့ ဆုတောင်းပြည့်တာပဲလို့ အောက်မေ့ဝမ်းသာမိပါတယ်၊ နို့ပေတဲ့ ချစ်ချစ်ရဲ့ အချစ်ဟာ ရိုးရိုးချစ်မဟုတ်ဘဲ တမျိုးချစ်တဲ့အတွက်ယောက်ျားသားဖြစ်၍မို့ ရှက်အားတွေ ပိုမိုပါသည်။ယောက်ျားကလေးနှင့် မိန်းကလေးဆိုတာ ဆူးကျဆူးပေါက်ဆိုသလို ယောက်ျားလေးများမှာ နာဘက်ကချည်းများတဲ့အတွက် ချစ်ချစ်က အတည်ကြံတာ မဟုတ်ဘဲ အပေါ် ယံသဘောနှင့် ကျောရရုံ ကြံတဲ့အချစ်မျိုးဖြစ်လျှင် ဘိန်းကုန်ရှုံးတော့ တခေါက်၊ မိန်းမကုန်ရှုံးတော့ တသက်လုံးမှောက်နေရမှာကို တွေးမိရှံ့ကြောက်ကာ ချစ်ချစ်၏ အချစ်ကိုလက်ခံရမှာ ရင်ထဲကဖိုပြီး အလိုလိုကြောက်မိပါသည်။မောင့်မှာ ယနေ့ထက်ထိ အမဆိုရင် ယင်ပျို မျှမသန်းဘူးတဲ့ အတွက်အချစ်ဆိုတာကို ဘာမှ နားမလည်သေးပါ။ ဘာမှနားမလည်သေးတဲ့တဖက်သားကို လှည့်ဖျားကာ အပါဆွယ်ပြီး အသဲစွဲချစ်ခါမှ ပစ်ခွာလို့သွားရင်ဖြင့် တသက်လုံးနာမည်ပျက်ရမှာ ကိုလည်း စိုးရိမ်မိပါတယ်။ ယောက်ျားကလေးများမှာ နာမည်ပျက်ရှိမှဖြင့် တသက်တွင် လင်မိန်းမရဖို့ခဲယဉ်းပါတယ်။ ချစ်ချစ်တို့ မိန်းကလေးများမှာတော့ တတောင်ကွေ့ရင်*

*တမောင်မေ့၊ အိုင်တွေ့ရင် ခြေဆေးတာတွေ များလွန်းလို့ နောင်တော့အခါ အသစ်တွေ့သွားပြီး မောင့်အပေါ် အချစ်မေ့ပြီဆိုမှဖြင့် မောင်တို့မှာသာလွမ်းရတတ်ပါတယ်။ မောင့်အပေါ် မှာ တကယ်မချစ် နှစ်လိုတဲ့သဘော ကြောရရုံကြံမှဖြင့် မောင့်မှာ လူပျိုတခုလပ်ကလေးရယ်လို့ မေးငေါ့သူငေါ့၊ လက်ညှိုးထိုးသူထိုးနဲ့ လူများရဲ့ တံတွေးပေါက်မှာ မှောက်လျက်ကြီးမြော်ရပါလိမ့်မည်။ အခု ချစ်ချစ်ကကြံတာဟာ အပေါ်ယံသဘောနဲ့ မိန်းကလေးပီပီ လျှာမှာ အရိုးမရှိတဲ့အတိုင်း ချစ်ပါတယ် ခင်ပါတယ် စုံမက်ပါတယ် ဆိုတဲ့စကားတွေကို ရေလဲနဲ့သုံးပြီး မွေးတုန်းသာပန်၊ နံတဲ့ခါပစ်၊ လိုတုန်းတော့ပျားသကာ၊ မလိုတဲ့အခါခါးတမာလို ဖြစ်မှာစိုးရပါတယ်။ဒါကြောင့်မို့ခင့်ကို မောင်ကလေးလို သနားညှာတာရင်ဖြင့် အတည်ကြံစေချင်ပါတယ်။ ပလီဉာဏ်နှောပြီး၊ မနှောဆိုး အရိုးမကြံတာဖြင့် အချစ်ကို လက်မခံပါရစေနဲ့ ချစ်ချစ်ရယ်။*

*အားနွဲ့သူ– ခင်သိန်း*

ဟူ၍ရေးပြီးသည့်အဆုံး၌ ကျွန်တော်သည် ကျွန်တော်၏စာမှာ နေရာကျပါလေ၏ဟု အစအဆုံး အပြန်အလှန်ဖတ်ရှု စစ်ဆေးပြီးလျှင် အပြစ်တွေ့မည့်နေရာကို ရှာလေ၏။

ကျွန်တော့်မှာ ထိုမျှလောက်ရေး၍ အားမရနိုင်သေးဘဲ ထပ်မံဖြည့်စွက်၍ ရေးလိုပါသော်လည်း စာရှည်ရှည်ရေးလျှင် အထင်သေးမည်ကို စိုးရသဖြင့် ထိုမျှနှင့် စိတ်ကျေနပ်လိုက်ရကာ ပြင်ဆင်သင့်တာများကို ပြင်ဆင်ရန် ပြန်လှန်ကြည့်နေစဉ် တံခါးခေါက်သံကြားရသဖြင့် ဆေးတိုက်ရန်ဖေဖေရောက်လာသည်ကို သိရှိကာ စာများကို ဝှက်လိုက်ပြီးလျှင် အကြောင်းမဲ့သက်သက် ဆေးသောက်ရမည်ကို ငိုချင်ရယ်ချင် ဖြစ်မိကာ မသောက်ဘဲနေ၍လည်း မဖြစ်နိုင်သောကြောင့်ထ၍ တံခါးဖွင့်ပေးလိုက်လေ၏။ ဖေဖေ လည်း 'ခင် တော်တော် သက်သာသွားပြီလား' ဟုမေးကာ နဖူးဆံစတို့ကို စမ်းသပ်ပြီး ဆေးတိုက်သွားသဖြင့် ကျွန်တော့်မှာ ခါးသက်သက်အရသာကို ဇွတ်မှိတ်၍ မျိုချလိုက်ရလေ၏။

* * * * * * * *

# အခန်း(၆)

လေချိုသမ်း၍ ညနေချမ်းရောက်ပြီဆိုမှဖြင့် ကျွန်တော့်မှာ မချစ်ဦးလာမည့်လမ်းဘေးကို ရည်မှန်းကာ တမျှော်မျှော်နှင့် ရွှေလည်တိုင်ဖော့ရှိုးကျိုးလုမတတ်ဖြစ်ကာ ချစ်သူကို မျှော်စောင့်မိပေတော့၏။ ယောက်ျားကြိုက် မျှော်လိုက်ကာ မိန်းမကြိုက် စိုက်စိုက်လာ ဆိုသလို ကျွန်တော့်မှာ ကြိုက်မရှက် ငိုက်မရှက် ငတ်မရှက် မရှက် သုံးပါးနှင့် အညီ ဣန္ဒြေရှင်ယောကျ်ားကလေးပင်ဖြစ်သော်လည်း မရှက်နိုင် ဣန္ဒြေမဆည်နိုင်တော့ဘဲရှိလေ၏။

'ဩော် ... အချစ် ... အချစ် ... အချစ် ချစ်မိပြီဆိုမှဖြင့် မျှော်ရ မှန်းရလွမ်းရ ဆွေးရလျှက် တရေးကမှ မအေးရပါကလားနော်' ဟုတွေးမိသော်လည်း အသဲထဲတွင် စွဲငြိ၍နေသော သဘာဝ၏အချစ်လူးမြားမှာ မည်မျှကြီးမားသောခွန်အားနှင့် ဆွဲနုတ်စေကာမူ အနည်းငယ်မျှလှုပ်ရှားခြင်းကိုပင် ဖြစ်စေနိုင်မည်မဟုတ်သော အခြေသို့ဆိုက်ရောက်နေပြီဖြစ်သဖြင့် ကျွန်တော့်မှာ ရှေ့နောက် ဆင်ခြင်မျှော်မြင်မိသည့်တိုင်အောင် ကျွန်တော်၏စိတ်ကို ဖျောက်ဖျက်၍မရနိုင်ဘဲ အသိခေါက်ရဲ့ အဝင်နက်ဆိုသလို အချစ်၏ဒုက္ခကိုသိပါသော်လည်း အချစ်လူးမြားမှာ အဝင်နက်နေသောကြောင့် အချစ်၏တောင့်တရာ၊ အချစ်၏ခေါ် ဆောင်ရာ နောက်သို့ သာလျှင် စိတ်ရောက်၍နေပေတော့၏။

ထိုသို့လျှင် စိတ်မျှော်သလို မချစ်ဦးသည်လည်း ကျွန်တော်၏ မျက်နှာကို တနေ့မမြင်ရလျှင် မနေနိုင်ဘဲ အချိန်တန်လျှင် ရောက်၍လာသည်ကို တွေ့ရပေ၏။ မချစ်ဦးဝတ်ထားသည့် ပိုးဘောင်းဘီအပွမှာ ဖောင်းအိပြည့်တင်းသော တင်သားကြီးများကို ကားကားပွပွ အားရပါးရ ထွားထွားလှအောင် ဖန်တီးလျှက်ရှိသဖြင့် ကျွန်တော့်စိတ်ထဲမှာ ကျားများတမျှ မဟားတရားတက်ကြွမိပေ၏။ မချစ်ဦးမှာ မိန်းကလေးအင်္ဂါညီညွတ်စွာ ဘယ်အခါမှပေါင်ဒါ မသခဲ့ဘူးသော်လည်း ယခုမူ အချစ်စိတ်ဝင်လာသောကြောင့် ရှေးကဲ့သို့မဟုတ်ဘဲပေါင်ဒါ သလာသည်ကိုတွေ့ရလေရာ ' အော် ... အချစ် အချစ် လူ၏စိတ်ကို အမျိုးမျိုးဖြစ်စေနိုင်ပါကလားနော်' ဟုတွေး၍ ပြုံးချင်မိသည်ထက် ယခုလိုလှလှပပပြုလုပ်လာသည်ကို တွေ့ရခြင်းအားဖြင့် ပို၍ပင် ချစ်စရာကောင်းကာ၊ ကျွန်တော်၏ မျက်စိထဲက မထွက်နိုင်အောင်ရှိလေတော့၏။

မချစ်ဦးသည် ကျွန်တော့်ကိုမြင်လျှင် ပြုံးရွှင်သော အမူအရာကိုပြပြီးလျှင် လူကြီးများထွက်၍ကြည့်နေသလောဟု စူးစမ်းသည့်ပမာ ဟိုဟို ဒီဒီ အိမ်ဆီကို ကြည့်ပြီး နောက် အိတ်ထဲကစာရွက်ကလေးတခုကို ထုတ်ပြကာ စာရေးဟန်ပြု

ပြီး လက်ဝါးကို ဖြန့်၍ တောင်းသည့် ပမာလုပ်ပြလေရာ ကျွန်တော်၏ ပြန်စာကိုတောင်းနေကြောင်း သိရလေ၏။

ကျွန်တော့်မှာ ပြန်စာအသင့်ရေးပြီး ဖြစ်သော်လည်း ပေးပို့ရန်အဆင်မသင့်ပဲရှိခဲ့ရာ ၊ယနေ့မှ စာပေး၍ဖြစ်နိုင်မည့် အခွင့်အရေးများကို တွေ့ရသောကြောင့် 'ခဏနေဦး ပေးမယ်' ဟူသောစကားကို အသံမထွက်သောပြောခြင်းဖြင့်ပါးစပ်ကို လှုပ်ပြလျှက် လက်ကလည်း ခေတ္တစောင့်ဆိုင်းရန် လက်ဝါးကာ၍ပြကာ အိမ်ထဲသို့ သုတ်သီးသုတ်ပြာဝင်ပြီးလျှင် ခေါင်းအုံးအောက်က စာကိုထုတ်ယူပြီးနောက် မြင့်ခင်အားပေးခိုင်းရန် 'မြင့်ခင်ရေ ဟေး မြင့်ခင်' ဟုခေါ် လိုက်လေ၏။

'မောင်ခေါ်သလား' ဟုဆိုကာမြင့်ခင်လည်း ကျွန်တော့်အနားသို့ရောက်လာလေ၏။

'ညီလေးရယ် … မောင်ခိုင်းတာလုပ်ပေးပါဦးကွယ် …နော်'

'ဟဲ ..ဟဲ ကျွန်တော်သိပြီ'

'ဘာသိတာလဲ'

'ဘာလဲတော့မပြော တတ်ဘူး၊ ဟိုမှာမောင့်ရည်းစားရပ်နေတာတွေ့ရတယ်'

'အေး .. အေး ဘယ်သူမှ မသိစေနဲ့နော်၊ မြင့်ကို ပိုက်ဆံပေးပါ့မယ်၊ သူ့ဆီကို ဒီစာကလေး သွားပြီး ပေး ..ပေးစမ်းပါကွယ်၊ မြင့်ကလိမ္မာပါတယ်'

'ဖေဖေကြီး မြင်သွားရင် ဘာပြုလို့ အိမ်ထဲက ထွက်ရသလဲဆိုပြီး ရိုက်လိမ့်မယ်'

'မရိုက်ရပါဘူးကွယ်၊ မောင်ပြောမယ်၊ ဒီလိုလုပ်၊ ရော့ ဟောဒီပိုက်ဆံယူသွားပြီး တရုပ်ကွမ်းယာဆိုင်မှာ မောင့်ဖို့ ဆံညှပ် ဝယ်သလို ဝယ်ရအောင်သွားရင်းပေးပစ်ခဲ့၊ ဟုတ်လားဟုပြောရာ မြင့်ခင်လည်း သဘောကျသွားပြီး ခေါင်းကို ညိတ်ကာ ဆံညှပ်ဖိုး ပိုက်ဆံယူရင်း ကျွန်တော့်ဘို့ကောဟု အောင်သွယ်ခပိုက်ဆံ လက်ငင်းတောင်းလေ၏။ ရော့ရော့ ဟောဒါက မင်းဘို့ ဟု သူ့အတွက်ပေးလိုက်မှ မြင့်ခင်လည်း ပိုက်ဆံကို အိတ်ထဲ၌ ထည့်ကာ စာဝှက်၍ယူပြီး ထွက်သွားလေ၏။ မြင့်ခင်ဆင်းသွား၍ မကြာမီပင် ဖေဖေ့ အသံကိုကြားရ၍ ကျွန်တော့်မှာ ထိတ်လန့်သွားပေ၏။

'မြင့်ခင်ရေ မြင့်ခင် ဟဲ့ ဒီသေနာကောင်လေးဟာ ခေါ်နေတာမကြားဘူးလား'

'မရှိဘူး ဖေဖေ'

'ဘယ်သွားပြန်သလဲ ဒီကောင်ကလေး'

'ကွမ်းယာဆိုင်ကို ဆံညှပ်ဝယ်ခိုင်းလိုက်တယ်'

'တယ် … ဒီမှာ အလုပ်ရှိနေရင် နင်တို့ကိစ္စတွေ ပေါ် လာပြီ၊ ပြန်လာရင်နောက်ဖေးကို မြန်မြန်လွှတ်လိုက်' ဟုဆိုမှ ကျွန်တော့်မှ အသဲအေးသွားကာ မြင့်ခင်စာမှပေးရဲ့လား၊ ဘယ်လိုပေးလိမ့်မလဲ ဟု ပြတင်းပေါက်တံခါးကြားထဲမှချောင်း၍ ကြည့်မိလေ၏။

မြင့်ခင်သည် စာကိုမပေးဘဲ မချစ်ဦးကို တစ်ချက်ကြည့်ကာ ကွမ်းရာ ဆိုင်သို့ဆက်၍ သွားသည်ကို တွေ့ရသောကြောင့် ကျွန်တော့်မှာ 'ကောင်ကလေး ငါ့ကို တပတ်ရိုက်တော့မှာပဲ' စိတ်ထဲမှ ကြိတ်၍ ဒေါပွနေမိလေ၏။ ထိုအခိုက်တွင် မချစ်

ဦးသည် ကွမ်းရာဆိုင်ဆီသို့ လိုက်၍သွားသည်ကို တွေ့ရသောကြောင့် ကွမ်းရာဆိုင်ကိုမြင်နိုင်သော ပြတင်းပေါက် ဆီသို့ရွှေ့ပြောင်း၍ ကြည့်ရပြန်လေ၏။ ထိုအခါကျမှ မြင့်ခင်က လူမြင်မည်ကို ကြောက်လန့်သည့် အမူအရာဖြင့် မချစ်ဦးအား စာထုတ်ပေးသည် ကိုတွေ့ရတော့မှ မြင့်ခင်ခေါ် ၍သွားသည်ကိုတွေးမိကာမြင့်ခင်၏ ဥာဏ်သွားပုံကို ချီးမွမ်းမိပေ၏။ ထိုမျှမက မချစ်ဦးအားမည်သို့ပြောလိုက်သည်မသိ မချစ်ဦးကအိတ်ထဲသို့နှိုက်၍ ပိုက်ဆံထုတ်ပေးသည်ကို မြင်ရပြန်သောကြောင့် မြင့်ခင်၏စီးပွားရှာ ကောင်းခြင်းကို ချီးကျူးစိတ်ဖြင့် ပြုံးရယ်မိပေ၏။

မကြာမီ မြင့်ခင်သည် သုတ်သီးသုတ်ပြာ ပြန်၍ပြေးလာလေ၏။ကျွန်တော်လည်း လှေကားထိပ်သို့ပြေး၍ စောင့်နေကာ 'မြင့်ခင် နင်တကယ်ပေးခဲ့ရဲ့လား' ဟုမသိဟန်ဆောင်၍ မေးရာ 'တကယ်ကိုပေးခဲ့ပါတယ် မိုးကြိုးကြီးရှစ်စိတ် ခွဲပြီးသေရစေရဲ့' ဟူ၍ပင် ရဲဝံ့စွာ ကျိန်ရှာသဖြင့် သနားမိကာ 'အေး အေး မြင့်ခင်ကလေးဟာ သိပ်ပြီးလိမ္မာ တာပဲ၊ သွားသွား နောက်ဖေးက ဖေဖေခေါ်နေတယ်' ဟုပြောလိုက်ပြီး နောက် မချစ်ဦးရှိမရှိ ပြေး၍ကြည့်ရပြန်လေ၏။

မချစ်ဦးသည် ထွက်မသွားသေးဘဲ ကျွန်တော့်ကိုတွေ့ရန် ပြန်၍စောင့်နေသည်ကို တွေ့ရပြီး လျှင် ကျွန်တော့်ကိုမြင်သော အခါ အိတ်ထဲသို့နှိုက်လျက် ခေါင်းညိတ်ပြသည်ကို တွေ့ရှိရကာ 'စာရပြီ' ဟုပြောကြောင်း သိရသဖြင့် ကျွန်တော်လည်းရက်သလိုလို လုပ်၍ပြုံးပြစဉ် မချစ်ဦးက လျှာထုတ်၍မျက်စိတဖက် မှိတ်ကာ ကြည်ဆယ်ဟန်ဖြင့် နုတ်ဆက်လျက်ထွက်သွားသည့်အတွက်ကျွန်တော်လည်း ဝမ်းသာရွှင်ပြုံး နှလုံးထိခိုက် အကြည်ဆိုက်ကာ အိမ်ထဲသို့ မြူးရွှင်စွာ ပြန်လာခဲ့ရလေ၏။ထိုစာပေးလိုက်ပြီးသည့် အချိန်မှစ၍ ကျွန်တော့် စိတ်ထဲမှာ မချစ်ဦးထံမှ မည်သို့မည်ပုံ စာပြန်လေမည်နည်း ကျွန်တော်ရေးလိုက်သောစာများကို တမျိုးတမည်ထင်၍သွားလေမည်လော။ သူ့အပေါ် မှာ 'မချစ်ဘူး' ဟူ၍ပင်ထင်လေမည် လောဟုအမျိုးမျိုးစိတ်ပူစရာကိုသာ ရှာကြံ၍တွေးမိလေကာ နောက်နေ့ တွင် မချစ်ဦး ထံမှ ချက်ချင်းစာပြန်၍ လာလေရာ ကျွန်တော့်မှာ စာရသဖြင့်လည်း ဝမ်းသာမိကာ စာထဲတွင် 'ဘယ်လိုများပါလာလေမည်နည်း' ဟုတွေး၍လည်း ထိတ်လန့်မိကာ ရင်တွင်း၌ တဒိတ်ဒိတ် ခုန်ရင်းစာကို ဖတ်မိလေ၏။

စာကိုဖတ်လိုက်ရသော အခါတွင်မှ ကျွန်တော့်အပေါ် တွင်မည်သို့မျှ အထင် အမြင်မထား သူ့အပေါ် တွင်သာ အထင်အမြင်မမှားစေရန် ရေးထားသည်များကို တွေ့ရပေ၏။

'နှမစိတ်ထဲမှာ မောင်တယောက်သာလျင် လောကမှာ ယောကျ်ားရယ်လို့ရှိတယ် ထင်ပါတယ်၊ တခြားယောကျ်ား ကလေးတွေ တွေ့ဖူးပါရဲ့၊ နို့ပေတဲ့ ဘယ်သူမှ မချစ်မိပါ။မောင်နှင့်တွေ့မှ ချစ်တယ်ဆိုတာ ဒီလိုပဲကိုးလို့သိရပါတော့ တယ်။ မောင်ကလွဲရင် ဖွဲနှင့် နမ်းဖတ်ချဉ်ပဲရယ်လို့ ထင်မိပါတယ်၊ ယုံပါတော့မောင်ရယ်' ဟူ၍ရေးထားသော စာပိုဒ်၌ ငှင်းမောင့် ကို မက အတည်မကြံဘဲ ဒီစာကိုရေးဝံ့မည်

မဟုတ်ပါ။ မောင့်အပေါ် မှာ မပျက်တန်းမေတ္တာနှင့် တသက်တန်းချစ်ပါတယ်ဆိုတာ သစ္စာရေသောက်ရဲပါတယ်။ မောင်ကလွဲရင် ဘယ်ယောက်ျားကလေးမြူမြူ ဘယ်သူ မြှောက်မြှောက် ဖောက်ပြားဖို့ မကြံရှယ်ပါ။ လူကိုမပြောပါနဲ့ သိကြားမင်းကြီး နတ် ခမ်းမွေးရိတ်ပြီး လူပျို ဟန်ဆောင်မြူဆွယ်ဦးတော့ ယူမယ်လို့များ အထင်မ မှားပါ နဲ့မောင်ရယ်ဟူ၍၄င်း အမျိုးမျိုးအဖုံဖုံ ယုံလောက်အောင်တခြား၊ သနားလောက်အောင် တသွယ်နှင့် ချယ်လှယ်စီရေးထားသည်များကို တွေ့ရသည့်အခါ ကျွန်တော့်စိတ်ထဲတွင် အလွန်ဝမ်းသာကာ 'ငါ့ကို တကယ်ချစ်ရှာပေသားပဲ' ဟုတထစ်ချစွဲမှတ်လိုက်လေတော့ သတည်း။

ထိုအခါမှစ၍ကျွန်တော်တို့မှာ သူတပြန်ငါတလှည့် ဖွဲ့ကာနွဲ့ကာ ကြည်စယ် ကာဖြင့်စာအတန်တန် ပေအတန်တန် အပြန်အလှန်ရေးကြကာ၊ မြင့်ခင်ကို အောင်သွယ် ထားကြလေ၏။ တခါတရံ စာပြန်ချိန်တန်၍ စာလည်းမလာ၊ လူလည်းမရောက်သည့် အခါများတွင် ကျွန်တော့်အဖို့ တနေ့မမြင်ရ တလထင်လျက် ပူပင်ခြင်း အမျိုးမျိုးဖြစ် ကာ ကျွန်တော့်ထက်သာတာများတွေ့၍ မေ့နေပြီလော ဟုအောက်မေ့လျက် 'အသစ် တွေ့လို့ ချစ်နေတာလားချစ်ချစ်ရယ်၊ ဒီလိုဆိုရင်သူတဖက်သား အလကားသက်သက် ဒုက္ခပေးရအောင် ချစ်ပါတယ်ခင်ပါတယ်နဲ့ လာပြီးစတာပေါ့လေ၊ အော် ..မောင့် ကုသိုလ်က အင်မတန်ဆိုးတာပဲလို့ ကံကိုသာအပြစ်ချပြီးညဥ့် အိပ်ရာဝင်တိုင်း ခေါင်း အုံးကြီး ဖက်ဖက်ပြီး ငိုတော့တာပဲ၊ လူတဖက်သားကို ဒါလောက်လဲ မရက်စက်သင့် ပါဘူး ချစ်ချစ်ရယ်၊ အခုတော့ စိမ်းပြီပေါ့လေ၊ မစိမ်းကားကြီးရဲ့' စသည်ဖြင့်စာရေး ပေးလိုက်မှ 'အထင်မလွဲပါနဲ့ မောင်ရယ် ဘယ်သူကိုတွေ့ရ လို့မှ မဟုတ်ပါဘူး၊ တကယ်လို့တွေ့ဦးတော့ အသစ်ဘယ်လိုကောင်းကောင်း အဟောင်းကိုတော့ တ လယ်လယ် ဆိုတာလို ဘယ်တော့မှ မမေ့နိုင်ပါဘူး၊ ငယ်ကချစ် အနှစ်တသောင်း လို့ဆိုတယ် မဟုတ်လား မောင်ရဲ့။ ရည်းစားဦး မြေးဦးရတောင် မမေ့ ဘူးဆိုတဲ့ စကားအရှိသားပဲ မောင်ရယ်' စသည်ဖြင့် စာပြန်၍ လာမှ ကျွန်တော့် စိတ်တွင်ကျေ အေး၍ သွားသော်လည်း မူလက်စနှင့် ဆက်၍မူ လိုက်ဦးမည်ဟု နှလုံးပြု ကာ 'ငါးစိမ်းမြင် ငါးကင် မပစ်လိုက်ပါနဲ့ အချစ်ရယ် ...တခြားချစ်သူရှိရင် မောင့် ကို ဒီလိုပစ်မထားပါနဲ့တော့၊ ကံဆိုးတဲ့အမိုက်ထီးကလေးကို ချစ်ချစ်ကိုယ်တိုင် ဓါးနှင့် ထိုးပြီးသတ်လို့ အပူဇတ်သိမ်းပြီးတော့မှ ချစ်ချစ်သဘောအတိုင်း ချစ်ချင်တာ ချစ်ပါတော့' ဟုစာဖြင့်ရေးကာ 'ချစ်ချစ်ရေးတာတွေ တကယ်ပဲနော်၊နောင်တော့သာ ဒီစကားအတိုင်းတည်ပါစေ။မောင်ကလွဲပြီး တခြားယောက်ျားကလေးတွေကို ကြည့်ရင် ချစ်ချစ်မျက်စိတွေ စုံလုံးကန်းပြီး ပင်လယ်ရေခန်းမှပွင့်ပါစေ၊ ယောက်ျားကလေးတွေနဲ့ စကားပြောရင် နတ်ခမ်းကြီးရွဲ့ပြီး တောက်တဲ့နဲ့တူပါစေ' ဟူ၍ညာတုတုခရာတာတာ ပလီပလာတွေလုပ်လျက် ကျွန်တော်တို့မှာ အချစ်ဇတ်လမ်းကြီးကို ဖန်တီးလာခဲ့ကြပေ၏။

ထိုသို့လျှင် တဦးနှင့်တဦးချစ်ကြည်နူးဖွယ် အချစ်ရူးရူးနေကြလေရာ ချစ်စခင်စကြင်နာစတွင် တယောက်နှင့်တယောက် စာဖြင့်သာဆက်သွယ်လျက် တဦးပေးစာ တဦးကြည့်ကာကျေနပ်နှစ်သိမ့်၍နေကြသော်လည်း တနေ့တခြား အချစ်တွေ တိုးပွား၍လာခဲ့ရာတွင် မြင်ရရုံနှင့်မကြေနပ် စာဖတ်ရရုံနှင့် အားမရဘဲရှိကာ လူချင်းတွေ့ဆုံစကားပြောချင်သော စိတ်များပေါ် ပေါက်လာလေတော့၏။

ကျွန်တော်၏ စိတ်ထဲတွင် မချစ်ဦးနှင့် တူနှစ်ကိုယ်ယှဉ်တွဲ၍ ချစ်ပွဲကြီး ဝင်ချင်မိလေ၏။လရောင်ကလေးက တဝင်းဝင်း၊ ပန်းရနံ့တွေက တသင်းသင်း လေပြည်လေးကလည်း တညှင်းညှင်း ခြံထဲမှာနှစ်ကိုယ်ထိုင် မြိုင်မြိုင်ကြီး အချစ်ဇာတ်လမ်းခင်းလျက် ချစ်တင်းနှီးနှော ချစ်သမျှကိုလှစ်ဟကာ အကုန်ပြော၍ နေရလျှင် လောကနိဗ္ဗာန်ကိုရောက်ရတော့မှာပဲဟု အတွေးနှင့်လွမ်းကာလွန်စွာမှ တွေ့ချင်ကြပေ၏။ သို့ရာတွင်ကျွန်တော့်မှာ ဣန္ဒြေရှင်ယောကျ်ားလေးဖြစ်သည့် အားလျော်စွာ တွေ့လိုပါသည်ဟု ကျွန်တော်ကစ၍ ပြာရမည်မှာရှက်စဖွယ် အလွန်ကောင်းလှသဖြင့် ဟန်လုပ်၍နေကာ မချစ်ဦး၏စကားအလာကို စောင့်နေခဲ့ရလေ၏။

ထိုသို့မျှော်လင့်သည့်အတိုင်းပင် တနေ့မချစ်ဦးထံမှ လူချင်းတွေ့လိုကြောင်းဖြင့် စာပေးလိုက်သောစာကိုရရှိပေတော့၏။ထိုစာကိုရသောအခါကျွန်တော့်မှာ လိုအင်ဆန္ဒတောင်းတသည့်အတိုင်း ကြုံကြိုက်၍လာပြီဖြစ်သော်လည်းမချစ်ဦးက ကျွန်တော့်ကိုတွေ့လိုခြင်းမှာ အကောင်းဥာဏ်ဖြင့်တွေ့လိုသလောဟုတွေးတောမှုနှင့် တဆက်တည်းသူ့ခမျာ ကျွန်တော့်လိုပင် တွေ့ချင်ရှာမှာပဲ ချစ်တယ်ဆိုတာ တယောက်ထံတယောက်စာတွေပေးနေရုံနှင့်ဘယ်ခါမှ စခန်းမဆုံးနိုင်ဘဲ အချစ်ဇာတ်ကြီးမျောနေရုံသာရှိပေမည် ဟူ၍တွေးမိကာ တွေ့လိုလျက်နှင့် ဣန္ဒြေလည်းမပျက်ရအောင် တရက်ရွှေ့ တရက်ပြောင်းနှင့်လုပ်လာခဲ့ပြီးမှ တညတွင် နောက်ဖေးခြံထဲမှစောင့်၍နေရန် စာပြန်၍ပေးလိုက်လေ၏။

ချိန်းဆိုသောညဘက်သို့ရောက်သွားသောအခါကျွန်တော့်မှာ ထိုသို့တွေ့ရမည့် အရေးကိုစိတ်လေးကြောက်ရွံ့ခြင်းလည်းဖြစ်မိကာ ရင်တွင်း၌ တဒိတ်ဒိတ်ခုန်၍ နေတော့၏။အတွေ့ခံပါမည်၊ထိုအချိန်ထိုနာရီ အိမ်ပေါ် မှဆင်းခဲ့ပါမည်ဟုစာရေးပြီး ဖြစ်သည့်အတိုင်းထိုသို့တွေ့ရလျင် ကျွန်တော့်အား ပိုမို၍စွဲမက်သွားအောင် မည်ကဲ့သို့ပြုရပါမည်နည်းဟု အမျိုးမျိုး အကြံထုတ်မိလေ၏။ကျွန်တော်၏ ကိုယ်တွင်လည်းအကောင်းဆုံးရေမွှေးဖြင့်ဆွတ်ဖျန်းထားသည်မှာ ကျွန်တော့် တကိုယ်လုံးသည်နံ့သာဘူးကြီးကဲ့သို့ရှိပေတော့ ၏။ ဤနံ့သာတုံးကြီးကိုလေသွေးသော ရနံ့ကိုမခံနိုင်ဘဲမွှေးနံ့သာတုံးကြီးကိုအားရစွာပွေ့ဖက်၍ အတွေ့မှမက်လျှင်ဖြင့် အို …တွေးမိရုံမျှဖြင့်ကျွန်တော့်မှာရှေ့သို့ဆက်၍ မတွေးဝံ့ဘဲစိုးရွံ့ကာကြက်သီးထမိတော့၏။

ထိုသို့တနေ့လုံးစိတ်လှုပ်ရှားနေခြင်းမှာ တွေ့ရကာနီးသော အချိန်သို့ နီးကပ်လာလေလေ ပိုမို၍လှုပ်ရှားခြင်းဖြစ်လေရှိပေတော့၏။ကျွန်တော့်မှာ အိပ်ရာဝင်၍

အိပ်နေဟန်ဆောင်လျက် အိပ်ပျော်နေကြသော ဖေဖေ မေမေ တို့၏အသက်ရှူသံများကို သာစူးစိုက်၍ထောင်ကာ အိပ်မောကျပြီလော အိပ်၍ပျော်ကြပြီလောဟူ၍ ချင့်ချိန်နေရပေ၏။ အချိန်မှာတဖြည်းဖြည်း ညဥ့်နက်၍လာလေတော့၏။ ဒေါင်…ဒေါင်ဟု တီးမြည်လိုက်သောနာရီသံများသည်လည်းကောင်း၊ရှည်လျားစွာ ဆွဲငင်၍ လွမ်းဆွတ်ဖွယ်ရာမြည်တွန်သည့် ကြက်သံများသည်လည်းကောင်း၊ ထိတ်လန့်အသည်းယားစရာ ဝမ်းနည်းပူဆွေးသံဖြင့် အူလိုက်သော ခွေးအူသံသည်လည်းကောင်း၊ ထိုအသံများသာလျှင် ဆိတ်ငြိမ်ခြင်းကို ဖြိုခွင်းလျက် ထွက်ပေါ်လာလေတော့၏။

မကြာမီ‘ ရှီ’ ဟုစူးရှရှည်လျားသော လေချွန်သံသည်နောက်ဖေးခြံဘက်ဆီ မှပေါ် လာလေရာ မချစ်ဦးရောက်ရှိနေပြီကိုသိရပေ၏။ ထိုအသံကိုကြားရသည်နှင့် တပြိုင်နက်ကျွန်တော်၏ အသည်းနှလုံးများမှာ တရွရွလှုပ်ရှားသွားလေတော့၏။ လူကြီးများမသိအောင် ‘လူကြီးများမသိအောင်မည်သို့မည်ပုံဆင်းရပါမည်နည်း၊ နိုးနေလျှင်မခက်ပါသလော’ ဟုတွေးတောရင်ဖိုလျှက် ထိုသို့ဆင်းရခါနီးမှ ကြောက်ရွံ့စိတ်များပေါ်လာကာ ‘ချိန်းမိတာမှားလေပြီ’ဟုထင်မြင်လိုက်မိပေ၏။သို့ရာတွင် သေးသိမ်စူးရှ မကြာမကြာလေချွန်လိုက်သော အချစ်၏ အချစ်၏ခေါ်သံမှာ ကျွန်တော့်စိတ်ကို ရုန်းကန်၍မရနိုင်အောင်ဆွဲငင်နေပြီဖြ စ်သောကြောင့်‘ဟယ် ဖြစ်ချင်ရာဖြစ်စေတော့ ချစ်မိပြီးမှ အမုန်းမခံနိုင်ဘူး’ ဟုနှလုံးပြုကာ အိပ်ရာမှ ထပြီးလျှင် ခြေဖျားထောက်ကာ ချွတ်နင်း၍ထွက်လျက် အသက်ကိုမှ မရှူဝံ့ ဘဲ နောက်ဖေးသို့ တရွေ့ရွေ့လာခဲ့ရလေတော့၏။

ကျွန်တော့်မှာ ကြောက်စိတ်တွေမွှန်၍နေသောကြောင့် နောက်ဖေးတံခါး ကိုဖွင့်သောအခါ ချွေးများပင်ပြန်၍နေပေပြီ။ မလိုလျှင်ဖြစ်မြဲအတိုင်းအသံမကြား စေလို၍ တံခါးကိုဖြည်းဖြည်းဖွင့်ခါမှ ပတ္တာက တကျီကျီမြည်လေရာ ကျွန်တော့်မှာ ‘လူနိုးသွားမည်လော’ ဟုစိုးရိမ်မိရာက မေမေ၏ချောင်းဟန့်သံကိုကြားလိုက်ရသည်တွင် မျက်လုံးများပင်ပြူး၍သွားမိပေ၏။ဤတွင်ကျွန်တော့်မှာ ကြံမိကြံရာကိုကြံရတော့လျက် ကြွက်သံနှင့်တူအောင်လက်ဖနောင့်ကို နုတ်ခမ်းဖြင့်စုပ်ကာ တကျီကျီမြည်အောင်လုပ် တံခါးကိုဖွင့်ရလေ၏။

တံခါးပွင့်၍သွားသောအခါ နောက်ဖေးခြံထဲကိုကြည့်လိုက်ရာတွင် လရောင်ဖြင့် ဖွေးဖွေးလှုပ်လျက်ရှိသည်ကိုသာတွေ့ရပြီးလူအရိပ်အရောင်ကိုမမြင်ရဘဲရှိနေစဥ်မှာပင် စပယ်ရုံအနီးမှ စီးကရက်မီးရောင်ကလေးကိုတွေ့လိုက်ရတော့မှ မချစ်ဦးရှိရာကို မှန်းဆပြီးလျှင်လှေခါးမှ ဆင်းခဲ့လေ၏။
ပန်းရုံနားသို့ရောက်သွားလျှင် ‘ခင် … ခင်..ဒီမှာ ..ဒီမှာ’ဟုလေသံဖြင့်ခေါ်လိုက်သည်ကို ကြားရကာ ထိုအသံလာရာခြုံအကွယ်သို့ကပ်လိုက်ရလေ၏။
‘စောင့်လိုက်ရတာခင်ရယ်..မလာတော့ဘူးတောင်ထင်တာပဲ၊ ကိုက်လိုက် တဲ့ခြင်တွေကဖြင့်မပြောပါနဲ့တော့၊ ဒီလောက်နဲ့ မကြားပါဘူးခင်ရယ်၊ဝမ်းသာလွန်း

လို့အားရပါးရပြောတာပါ။ လာပါခင်ရယ်ဒီနားကပ်ပါ'
'အို ရှက်စရာကြီး ဒီလိုပြောလဲကြားပါတယ်'
'ဘာရှက်စရာရှိလို့လည်းခင်ရဲ့၊ ကိုယ်ချစ်တဲ့သူအနားကပ်ရတာ ရှက်စရာ မဟုတ်ပါဘူး'
ဟုဆိုကာ မချစ်ဦးက ကျွန်တော်၏လက်ကို လှမ်း၍ဆွဲယူဆုပ်ကိုင်ထား
လိုက်ရာကျွန်တော့်မှာ မိန်းကလေးလက်ဖြင့်တွေ့ထိခံလိုက်ရသည်တွင်ကြက်သီးတွေ
တဖြန်းဖြန်းထသွားမိပေ၏။ 'တိုးပါခင်ရဲ့၊ ခင်ကလည်းအချစ်သားနဲ့' ဟုဆိုကာ
မချစ်ဦးက မလွှတ်ဘဲဆွဲနေလေရာ ကျွန်တော်၏ စိတ်နှလုံးများမှာ မီးတွေ့သည့်
ဖယောင်းကဲ့သို့ ညွှတ်ပျောင်းပျော့ခွေသွား၍ သူ့ဘက်သို့ အလိုက်သင့်ပါ၍
သွားလေတော့၏။

ထိုသို့ပါသွားရာတွင် မချစ်ဦးသည် လက်ကိုကိုင်ထားရုံမျှမက ကျွန်တော်၏
ကိုယ်ကာယကလေးကိုသူ၏ပြည့်တင်းသန်မာသော လက်ရုံးတစ်ဖက်ဖြင့်ပွေ့ဖက်
လိုက်လေရာ ကျွန်တော့်မှာ တကိုယ်လုံးတုန်၍သွားကာ တွန့်လိမ်ရုန်းဖယ်သော်လည်း
မိန်းမလက်မောင်း ဆင်နှာမောင်းဆိုသော စကားအတိုင်း အးခြင်းမမျှသဖြင့် သူ၏
ပွေ့ပိုက်ထားရာတွင်ညင်သာစွာ နေလိုက်ရလေတော့၏။
'ဝမ်းသာလိုက်တာခင်ရယ် ...ဘယ်တော့များမှ ဒီလိုတွေ့ရပါ့မလဲစောင့်လိုက်ရတာ၊
ယခုတွေ့ရတော့တာပဲ၊ချစ်ချစ်စိတ်ထဲမှာဖြင့်လေ ... ခင့်ကိုပြန်ပြီးမလွှတ်ချင်တော့တာပဲ၊
ဒီလိုဖက်ပြီး တသက်လုံးနေချင်တော့တာပဲ' ဟုပြောရာ ကျွန်တော့်မှာ
ရှက်သွေးများမွှန်ကာ ခေါင်းကိုသာ အသာငုံ့၍နေရပေ၏။
'စကားပြောပါဦးခင်ရယ်၊ ဘာပြုလို့ခေါင်းကြီးငုံ့ထားသလဲ။ ခုလိုမြင်ရတာ
ဝမ်းမသာဘူးလား' ဟုဆိုရင်း ကျွန်တော်၏မေးကလေးကို ဖျစ်ကိုင်၍မော့လိုက်လေ၏။
ကျွန်တော်လည်းမချစ်ဦး၏မျက်နှာကို မော့၍ကြည့်ကာပြောစရာစကားကို ပါးစပ်ဖျားမှ
အနိုင်နိုင်ထုတ်ရသကဲ့သို့ရှိလျက် 'ဝမ်းသာပါတယ် ချစ်ချစ်ရယ်၊ ခင့်မှာ
ဘာမှစကားပြောစရာ မရှိပါဘူး။ချစ်ချစ်ပြောချင်တယ်ဆိုတာသာ မြန်မြန်ပြောပါ၊
လူကြီးတွေနိုးကုန်မှာစိုးလို့ပါ'ဟုပြောလိုက်ရပေ၏။
'ဒါလောက်လဲ အလျင်မလိုပါနဲ့ဦးခင်ရယ်၊ခုမှတွေ့ရမယ် ကြာကာရှိပါသေးတယ်။
ဖြည်းဖြည်းပေါ့၊ ချစ်တုန်းခင်တုန်းတပြုံးပြုံး ဆိုတာလိုနေကြစမ်းပါဦး'
'အို ... နောက်တော့လည်းတွေ့ရဦးမှာပဲ၊ ဒီတစ်ခါနဲ့ပြီးမှာမှ မဟုတ်သေးဘူး၊
ချစ်ဘာပြောချင်လို့လဲပြောချင်တာ ရှိတာပြောပါ'
'ခင်နဲ့တွေ့ချင်လို့ပေါ့ခင်ရယ်၊ ချစ်ချစ်စိတ်ထဲမှာ ခင်နဲ့ နီးချင်လှပြီ၊ တယောက်
မျက်နှာတယောက် အတော်ကြာမျှကြည့်ပြီးနေတာကိုမပြောနဲ့ အခုလိုနှစ်ကိုယ်ယှဉ်ပြီး
နေရတာတောင် ကြားလေသွေးရင် ဝေးတယ်ထင်လွန်းလို့ဘယ်ခါမှ မခွဲချင်ဘူး'
'မပလီပါနဲ့ ချစ်ချစ်ရယ်၊ မရခင်မို့ ပတ်ချွဲနပ်ချွဲနဲ့ ပိလောပင်ပတ်ကျိတက်တာလို
ချွဲပြီးတော့ ရတဲ့အခါကျတော့သာပစ်မထားပါနဲ့'
'ဒီလိုဖြစ်မှာကို ခင်ကစိုးရိမ်စရာမလိုပါဘူးခင်ရယ်၊ ချစ်ချစ်တို့မှာသာဂုဏ်မတူတဲ့ဟာမို့

နောင်တော့သာခင်စိတ်ပြောင်းမှာစိုးရိမ်မိပါတယ်'
'အမယ် ...အိုးကမပူ၊ စလောင်းကပူမနေပါနဲ့ချစ်ချစ်ရယ်၊ ဒီစကားတွေဟာ ခင်ပြောရမယ့် စကားတွေပါ၊ ချစ်ချစ်တို့မိန်းကလေးတွေမှာ ဒီလိုချွဲပြီးယောကျ်ား ကလေးများချစ်အောင်ပြောတတ်တာ ဘယ်နှစ်မျိုးရှိသလဲပြောစမ်းပါဦး'
'ဒီလိုမပြောပါနဲ့ ခင်ရယ်..လူချင်းတူပေမယ့်၊ နှာခေါင်းချင်းကွဲပါသေးတယ်'
'ဘယ်လိုများကွဲလို့လဲ'
'ဟောဒီလို၊ ဟောဒီလို' ဟုဆိုကာ ကျွန်တော်၏ပါးပြင် တွင်နှာခေါင်းတင်၍ ကလိလိုက်ရာ ကျွန်တော့်မှာ ယားကျိကျိဖြစ်ကာ အိုအိုနှင့် ငိုမလိုလုပ်သော်လည်း မုန်ယိုနေသောနှာခေါင်းမှာ ပြည့်ဖောင်းနေသော ကျွန်တော်၏ပါးပြင်ကလေးကိုရှုံ့ဗွက် နိုက်သည့် ဝမ်းဘဲနုတ်သီးကဲ့သို့ တစွပ်စွပ်ထိုးနေသောကြောင့် ကျွန်တော့်မှာ တကိုယ်လုံး တသိမ့်သိမ့်တုန်လျက်ကြက်သီးတွေ တပြိုက်ြီးထကာ ရှက်သွေးတွေမွှန် လာသဖြင့် 'ဟော နိုးလာကုန်ပြီ၊ ချောင်းဆိုးသံကြားတယ်' ဟုလီဆယ်လိုက်တော့မှ ချစ်ချစ်လည်းကျွန်တော့် အားလွှတ်လိုက်လေ၏။ ထိုအခါမှ ကျွန်တော့်မှာ ချစ်ချစ် အနားကခွာနိုင်လေတော့၏။
'ခင်သွားတော့မလို့လား၊ နေပါဦးခင်ရဲ့'
'ဟင့်အင်း၊ မနေနိုင်တော့ဘူး၊ နိုးကုန်ပြီ၊ မိသွားရင်နောက်ကိုတွေ့ရတော့မှာ မဟုတ်ဘူး'
'ဒါဖြင့်နောက်တခါ ဘယ်တော့တွေ့မလဲ'
'ချစ်ချစ် ဒီလိုကဲရင်တော့ မတွေ့ချင်ဘူး'
'ခင်စိတ် ဆိုးသလား'
'စိတ်တော့ မဆိုးပါဘူး၊ အင်္ကျီတွေ ကြေကုန်ပြီ' ဟုပြောကာ ဆက်လက်ပြီးနောက် 'သွားတော့မယ် ...နောက်တော့မှ' ဟုဆိုပြီးထွက်ခဲ့ရာ ချစ်ချစ်မှာ စပယ်ရုံဘေးမှ မျှော်ငေး၍ ကျန်ရစ်ခဲ့လေ၏။
ထိုနေ့ညအဖို့ကား ကျွန်တော့်မှာအိပ်၍မရတော့ပေ။စောစောကအဖြစ်အပျက်များကိုသာ တစိမ့်စိမ့်တွေးမိလျက် ရုပ်ရှင်ကားကဲ့သို့ တကွက်ပြီးတကွက်ပေါ်၍လာလေ၏။ ထိုအဖြစ်အပျက်များကို တွေးရင်းပင် ကြက်သီးထမိလျက် ယခုပင်လျှင် ထိုသို့ဖြစ်ပျက်နေသကဲ့သို့ထင်မိကာ၊ အတွေးတွင်ဇတ်လမ်းဆုံးသွားတော့မှ တကိုယ်ထဲရှိနေသည်ကိုသိရှိရပြီးလျှင် ခဏကလေးမျှသာ တွေ့လိုက်ရသည်ကို အားမရ မတင်းတိမ်သလိုဖြစ်မိ၍ ဖေါ် မစုံတကိုယ်ထဲနေရသည်မှာ ဟာတာတာ ပေါ့ပျက်ပျက်ကြီးရှိနေပေတော့၏။

သို့အားဖြင့် ကျွန်တော်သည် စာပေးစာယူဖြင့်နေခဲ့ရခြင်းကိုပင် အချစ်၏ စည်းစိမ်ကြီးဟု မှတ်ထင်နေမိရာက နှစ်ကိုယ်တွေ့ ရခြင်းသည် အလိုပြည့်၍ပျော် မွေ့ဖွယ် ကောင်းပေတော့တကားဟု ဖေါက်ပြားသောစိတ်များဖြစ်ပေါ် လာတော့၏။ ကျွန်တော်သည် တခါခြိခုန်ဖူးပြီဖြစ်ရာ နောက်နောင်ဘယ်အခါမဆို ခြိခုန်ရန် မကြောက်ရွံ့သည့်အတိုင်း မချစ်ဦးနှင့် မကြာမကြာ ထိုသို့ချိန်း၍အတွေ့ခံမိပေ၏။

အချစ်ဆိုသည်မှာ တဏှာက ပေါက်ဖွားသည့် သားကြီးသြရသ၊ ရာဂကုမ္မာ တဏှာပေါက်စငယ် ပင်ဖြစ်ရကား၊ အချစ်နှင့်ယှဉ်လျှင် မမြင်နိုင် မဆင်ခြင်နိုင်၊ စိတ်မနိုင်ဘဲ ယိမ်းယိုင်လဲ၍ တဏှာ၏ဆွဲငင်ရာသို့သာ ပါတတ်သည့်အတိုင်း ကျွန်တော်နှင့် မချစ်ဦးတို့မှာ မကြာခဏ တွေ့ကြရခြင်းဖြင့်(အိုးချင်းထားအိုးချင်းထိ၊ ကြိုးချင်းထားကြိုးချင်းငြိ) ဆိုသည့်စကားကဲ့သို့ ကျွန်တော်တို့မှာ မှားမှားယွင်းယွင်း အမှောင်တွင်းသို့ဆင်းသက်မိကာ သမီးရည်းစား မကသော အခြေအနေသို့ ရောက်ရှိခဲ့ကြပေတော့၏။ကျွန်တော်တို့မှာအချစ်စိတ်မွှန်၍နေကြသည်ဖြစ်သောကြောင့် ချစ်ဖို့သာတွေး၍ နောင်ရေးကို မဆင်ခြင်မိကြဘဲ၊ အချစ်ပင်လယ်လှိုင်းအကြားတွင် မျောပါနစ်မွန်း၍ နေမိကြလေတော့၏။

ထိုကဲ့သို့လွန်လွန်ကျူးကျူး ဖြစ်မိကြသောအခါ ကျွန်တော့်မှာ မချစ်ဦးက တနေ့တွင်ပစ်၍သွားလျှင် လူပျိုလိုမနေမိလို့ ကိုယ်ရိတယ်လေး ဆိုသောစကားကဲ့သို့ ဖား၍ကျန်ခဲ့မည်ကို တွေးတောကြောက်လန့်မိကာ ထိုသို့တွေ့ကြရာတွင် ‘ချစ်ချစ်ရယ် မောင့်ကိုရက်စက်မယ်များဖြင့်မကြံပါနဲ့၊ မောင့်ကိုသနားပါချစ်ချစ်ရယ်၊ အခုတော့ဖြင့် မောင့်တကိုယ်လုံးကို ချစ်ချစ်လက်ထဲ အပ်လိုက်ပြီ၊ ခုလိုဖြစ်ပြီးမှ ချစ်ချစ်က သစ္စာပျက်ပြီး မောင့်ကိုပစ်ထားလိုက်မယ်ဆိုရင် မောင့်မှာလူပျိုရည်ပျက်လို့ တသက်လုံးအညွန့်တုန်းရတော့ မှာပါပဲချစ်ချစ်ရယ် အစာဝလို့ဌာနကိုတော့ မပြန်ပါနဲ့၊ အားနွဲ့တဲ့ယောကျ်ားသားပါ ချစ်ချစ်ရယ်၊ မောင်ချင်း၊ အကိုချင်းစာနာထောက်ထားပြီး သနားပါ၊ချစ်ပါ၊ခင်ပါ၊ ကြင်နာပါတယ်ဆိုတာကိုဖြင့်စိတ်ချပါရစေနော်’ ဟုကန့်ကလျနှင့် သနားအောင်မျက်ရည်ခံထိုးလိုက်သည်တွင် သူ့စိတ်ထဲတွင် အတော်ပင်စွဲငြိသွားပြီး မှ ဒီလိုအပြောကလေးတွေကြောင့် ချစ်မဝနိုင်တာဟုဆိုကာ ကျွန်တော့်ကိုချစ်၍ပြပြီးလျှင်သူ၏လက်နှစ်ဘက်ကိုယှက်ပြီးလျှင်သစ္စာကျိန်ဆိုပြသော ကြောင့် ကျွန်တော့်မှာ သူ့အပေါ်တွင် စိတ်ချလိုက်မိပေတော့၏။

* * * * * * * *

# အခန်း (၇)

ထိုသို့လျှင် ကျွန်တော်တို့နှစ်ယောက်မှာ ချစ်စခင်စ ကြင်နာစမို့ ပျော်ကြမဆုံး တပြုံးပြုံးရှိကြကာ မကြာမကြာ ချိန်းတွေ့ကြပြီးလျှင် ကြည်စယ် လွမ်းသွေး ချစ်ရေးပြူငှာ နေကြ၍ တခါတရံလည်းတယောက်စိတ်ကို တယောက်စမ်းသကဲ့သို့ မူလိုက်နွဲ့လိုက် စိတ်ကောက်လိုက်နှင့် ချော့လိုက်ပြောလိုက် ကမြော့လိုက်နှင့် အကြည်စိုက်၍နေခဲ့ရာ ဦးစွာ အစဥ် ထိုသို့မကြာခဏ တွေ့ကြရသည်ကိုပင် လောကနိဗ္ဗာန်စင်စစ် ထင်မှတ်မိရာက ကာလကြာသောအခါ ထိုဟန်တွေကိုရိုးပြီးလျှင် လောကနိဗ္ဗာန်ဆိုသည်မှာ ထိုမျှနှင့် စခန်းမကုန်သေးဘဲ လမ်းဆုံးထိလိုက်လိုသော စိတ်များပေါ် ပေါက်လာပြီးလျှင် ကျွန်တော်၏စိတ်ထဲတွင်မချစ်ဦး အားအစွဲကြီးစွဲမိကာ နှစ်ကိုယ် နီးကြဖို့သာလျှင်တောင်းတမိပြန်ပေတော့၏။

သို့ဖြစ်၍ မချစ်ဦးအား ကျွန်တော့်ကိုခိုးရန် ပူဆာတော့မည်ဟု အကြံပြုကာ မချစ်ဦးနှင့်တွေ့ဆုံသောအခါ 'ချစ်ချစ် မောင့်ကိုတကယ်ချစ်ရင်ဖြင့် မြန်မြန်ကြံပါတော့ ချစ်ချစ်ရယ်၊ မောင့်ကိုခိုးမယ် ဆိုရင်ဖြင့် ဘယ်နေ့ဖြစ်ဖြစ် တကယ်လိုက်ပါတော့မယ်။ ချစ်ချစ်နဲ့သေအတူရှင်မခွဲလက်တွဲပြီးနေချင်လှပါပြီ'ဟုပြောလိုက်ရာတွင် မချစ်ဦးမျက်နှာ၌ ဝမ်းသာသောအမူအရာ တက်ကြွပေါ်ပေါက်လာသည်ကို တွေ့ရပေ၏။ သို့ရာတွင်ထိုသို့ဝမ်းသာသောအမူအရာသည် ချက်ခြင်းပပျောက်သွားပြီးလျှင် တစုံတရာကိုစိုက်၍ တွေးနေပြီးမှ 'ခင်ရယ် တနှစ်လောက် ဖြစ်ဖြစ်စောင့်ပါဦး၊ ချစ်ချစ် အခုရတဲ့စာရေးအလုပ်ကလေးက နှစ်ယောက်သား စားမလောက်သေးလို့ပါ၊ အခုနေခါ ခိုးပြေးကြရင် မိဘနှစ်ဘက် လုံးက သဘောမတူပဲ ပစ်ထားကြရင် နေဘို့ထိုင်ဘို့ ဘယ်လောက်ခက်မလဲဆိုတာ တွေးကြည့်ပါဦးခင်ရယ်' ဟုပြောလေ၏။

'အို ... ချစ်ချစ်ရယ်၊ ချစ်တာက ပဓါနပါချစ်ချစ်ရယ်၊ ဆင်းရဲတာချမ်းသာတာတွေကို အပူပါနဲ့'

'ထမင်းရည်ပဲ လျက်နေရနေရ တဲပျက်မှာပဲ အိပ်ရအိပ်ရ ချစ်နေကြရင် တယောက်မျက်နှာ တယောက်ကြည့်နေရရင် ထမင်းမစားဘဲ ဝနေကြရမှာပါပဲ'

'ဒါတွေကခင်ရယ် စာထဲမှာသာပြောကြတာပါ။ တကယ်တန်းတော့ချစ်တာနဲ့ ထမင်းစားတာနဲ့ တခြားစီပါခင်ရယ်၊ လွမ်းရေးထက်ဝမ်းရေးကခက်ပါတယ်။ တနှစ်ဆိုတာ ဘာမှမကြာပါဘူး။ဒီအတွင်းမှာ ချစ်ချစ်လည်းငွေစုပါဦးမယ်။ အတူတူနေကြတဲ့အခါသူများမောင်နှံလို ဝတ်ချင်စားချင်ကြွားချင်သေးတာပဲ၊ နို့ပေတဲ့ ကိုယ်ရတဲ့လခနဲ့ ဝမ်းခါးမှ မလုံလောက်တော့ အင်မတန်မှ သူများအောက်ကျ နောက်ကျဖြစ်မှာတွေကို စိုးရိမ်လွန်းလို့ပါ' ဟုပြောသည့်အတွက် ကျွန်တော့်မှာ သူ့စကားကိုနာယူရပေတော့၏။

ကျွန်တော်၏ ထင်မြင်ယူဆချက်မှာ အမှန်ပင်ဖြစ်သည်ကိုတနေ့တွင်ဒိဋ္ဌ သိရပေတော့၏။ ဖေဖေသည် ကျွန်တော့်အား တိုးတိုးတိတ်တိတ်ကြိတ်၍ စကားပြောလိုသဖြင့် ဖေဖေဖီးလိမ်းသော အခန်းသို့ခေါ် လေ၏။ထိုသို့ခေါ် လိုက် သည်နှင့်တပြိုင်နက် ကျွန်တော်လည်း ဖေဖေပြောမည့်စကားများကိုကြိုတင်၍ သိနှင့်ပေတော့၏။

'ခင် ဖေဖေ တခုပြောမယ်ဖေဖေ့စကားကိုနားထောင်မလား' ဟုမေးလေရာ ကျွန်တော်သည်ရိပ်မိပြီးသည့်အတွက် ဘာမှအံ့သြခြင်းမဖြစ်မိသော်လည်း ဤကိစ္စတွင် ဟန်လုပ်ဖို့ရန်အရေးကြီးသောကြောင့် မျက်နှာပျက်လျက် အံ့အားသင့်သည့် အမူအရာကိုပြုလုပ်ကာ 'ဖေဖေ မေးတာသိပ်ဆန်းတာပဲ၊ ဘာစကားပြောမလို့လဲ၊ နားထောင်သင့်ရင်ထောင်ပါ့မယ်၊ ကောင်းတဲ့စကားဆိုရင်ခင်ဘယ်တုန်းက နားမထောင်လို့လဲ' ဟုပြောလိုက်ရလေ၏။

'ခင့် အတွက်ကောင်းဘို့ရာပါဘဲ'

'ဘာလဲ ဖေဖေ ပြောပါဦး'

'ခင့်မေမေ နဲ့ ဖေဖေ တိုင်ပင်ကြတယ်၊ ခင်လည်းအရွယ်ရောက်လာပြီ၊ဖေဖေတို့လည်း ခင့်ကိုထိမ်းရတာ တာဝန်အင်မတန်ကြီးတာပဲ၊ ဒီတော့သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့် ဆိုတာလိုအရွယ်ရောက်တဲ့အခါမှာ ခင့်ကိုနေရချဘို့တိုင်ပင်နေကြတယ်' ဟုပြောလိုက်ရာ ကျွန်တော့်မှာ လူပျိုဖြန်းကလေးပီပီ အိမ်ထောင်ရေးကို ကြောက်ရွံ့တတ်သော အမူအရာဖြင့် မျက်နှာထားရက်ဟန်ပြု၍ခေါင်းငုံ့၍နား စိုက်၍ထောင်နေပြီး အတန်ကြာမှ ဖေဖေ့မျက်နှာကိုမော့ကြည့်ကာ 'ကျွန်တော် မေးပါရစေဖေဖေရယ်၊ ဖေဖေ တို့တာဝန်ငြိမ်းချင်လို့ ကျွန်တော့်ကိုလင်ပေးစားဘို့ ကြံတာလား၊ ဒါမှမဟုတ်ရင် ကျွန်တော်ကောင်းစားစေချင်လို့ပဲလို့ထင်တာပဲ၊ ဘာပြုလို့လဲဆိုတော့ အခုကျွန်တော်နေနေ ရတာချမ်းချမ်းသာသာ နဲ့နေရတာဖြစ်တော့ လင်ယူမှပဲ ကောင်းစားရမယ်လည်းမဟုတ်ပါဘူးဖေဖေရယ်' ဟုပြန်၍ပြောလိုက် ရပေ၏။

'ဒီလိုလေ ဖေဖေ ပြောပါ့မယ်၊ ခင့်ကိုလင်ပေးစားမယ်ကြံတာ ဟာ တာဝန်ငြိမ်းမှ ငြိမ်းစေတော့လို့လည်းမဟုတ်ပါဘူး လင်မိန်းမ ရမှ ကောင်းစားဘို့ရှိမှာလည်း မဟုတ်ပါဘူး၊ နီတိစကားထဲမှာ ရထားတို့မည်သည် တံခွန်ရှိမှတင့်တယ်တယ် ဆိုတာလို ယောကျ်ားတို့မည်သည် လင်ရှိမှ မိန်းမရှိမှ တင့်တယ် တယ်ဆိုတဲ့အတိုင်း နေရာချဘို့စိတ်ကူးတာပါပဲ။ နီတိထဲမှာပဲပါတယ် မဟုတ်လား၊ နမတကြိတ်ပင် ရှိလင့်ကစား လင်မိန်းမ မရှိသော ယောကျ်ားသည် မတင့်တယ်ဘူးတဲ့ဒါတွေကြောင့် ပြောတာပါခင်ရယ်။ ဖေဖေ တို့လည်း တနေ့တခြား အသက်အရွယ်ကကြီးလာတော့ မသေခင်ဒီသားကလေးကို တင့်တင့်တယ်တယ် နေရာတကျဖြစ်သွားတာ ကြည့်ချင်တာပဲ'

ကျွန်တော်သည် မည်ကဲ့သို့ပြန်ဖြေရမည်ကိုအတော်အချိန်ကြာစွာ စဉ်းစားရပေတော့၏။

'ဖေဖေပြောတဲ့စကားတွေဟာ အင်မတန်ကောင်းပါတယ်၊ နို့ပေမဲ့ ခင့်စိတ်ထဲမှာ အိမ်ထောင်ပြုဘို့ကို ဒီကနေ့ထက်ထိ စိတ်မကူးမိသေးပါဘူးဖေဖေရယ်'
'အေးအေး ဒီလိုစိတ်မကူးမိဘူးဆိုတာ ဝမ်းသာစရာပဲ၊ ဒီလိုစိတ်ကူးကြလို့ ရှူးရှူးမိုက်မိုက် ခိုးရာလိုက်ပြေးပြီး မှားတဲ့သူတွေမှားနေကြတာပေါ့၊ ဒါတွေဟာဖေဖေ တို့စိတ်ကူးပေးရမှာတွေ၊ ဒါကြောင့် ဖေဖေတို့စိတ်ကူးမိလို့ပြောတာပေါ့'
'နို့ပေတဲ့ ဖေဖေရယ် ပေါင်းရမှာက ကျွန်တော်နဲ့ပေါင်းရမှာပဲ မဟုတ်လားလို့ ဒါကြောင့် ကျွန်တော် အများကြီးစဉ်းစားချင်ပါသေးတယ်။ အိမ်ထောင်မှုဘုရားတည် ဆေးမှင်ရည်စုတ်ထိုး ဆိုတဲ့စကားလိုမှားမိမှဖြင့် ပြင်ပြီးရနိုင်ဘို့ခဲယဉ်းပါတယ် ဖေဖေရယ်။'
'ဒါတွေ ဖေဖေ သိပါတယ်ခင်ရယ်၊ ခင့်ကို ဆင်စီးပြီး မြင်းရာကိုသာမြင်ချင် တာပေါ့လေ။ ဆင်နင်းပြီးမြင်းကန်တာကိုတော့ ဘယ်သူမှမြင်ချင်ပါ့မလဲလို့၊ ဖေဖေ တို့စီမံမှာက ကောင်းဖို့စီမံမှာပဲ'
'ဟုတ်ပါတယ်ဖေဖေရယ်၊ နို့ပေတဲ့ ကျွန်တော် ငယ်လည်းငယ်ပါသေးတယ်၊ အိမ်ထောင်ရေးကိုလည်း ထိန်းသိမ်းနိုင်မယ့် အရွယ်မဟုတ်သေးပါဘူး။ လူပျိုဘဝ နဲ့ အားရအောင် တနှစ်တန်သည် နှစ်နှစ်တန်သည် နေပါရစေဦး၊အိမ်ထောင်မှုထိန်း သိမ်းနိုင်တဲ့ အရွယ်ကျတော့ ဖေဖေ တို့စီမံတဲ့ အတိုင်းလိုက်နာပါ့မယ်'
ထိုစကားမှာ ကျွန်တော့်ဘက်က အရေးသာဘို့ဖြစ်ပေတော့၏။ အကြောင်းမှာမူ ဖေဖေလည်း ထိုစကားကိုကြားရ၍ အတန်ကြာ ဂရုဏာသက်သော မျက်နှာဖြင့် ကြည့်ကာ 'ဒီလိုဆိုရင်လည်းလေ ဖေဖေတို့စကားကိုနားထောင်ပါ့မယ်ဆိုတာ ကြားရတာ ဝမ်းသာလှပါပြီ၊ ခင်ကလည်းခင့်စကားနဲ့ အညီလိမ်လိမ်မာမာနေပါ။ ဒီအတိုင်းသာဆိုရင် ခင့်သဘောအတိုင်း အားရအောင်လူပျိုလုပ်နေနိုင်ပါတယ်' ဟုပြောရှာလေ၏။

သို့အားဖြင့် ကျွန်တော့်မှာ မချစ်ဦးမှလွဲ၍ အခြားသူနှင့်ပေးစားမည့်ဒုက္ခမှ ကင်းလွတ်ခဲ့ရပြီးဖြစ်ရာ မချစ်ဦးနှင့် နှစ်ကိုယ်မနီးရသေးသော ဒုက္ခမှ အဘယ်နည်း ဖြင့်ကင်းလွတ်နိုင်ပါမည်နည်းဟု အကြံပြုရန် တလမ်းသာရှိပေတော့၏။သို့ရာတွင် မချစ်ဦးမှာ နောင်ရေးအတွက် စိတ်မချနိုင်သေးသဖြင့် ဆိုင်းပါဦးဟုဆိုနေပြန်သော ကြောင့် မချစ်ဦးက ကျွန်တော့် အားခိုးဘို့အကြံ ပေါ် လာသည့်အခါတွင် ကျွန်တော် ၏ မိဘများက ကျွန်တော့်အား လင်ပေးစားဘို့ရန်စီမံပြီးဖြစ်နေမည်ကို သာရှည်လျား စွာ လှမ်း၍ပူပန်စရာရှိပေတော့၏။မချစ်ဦးနှင့် ကျွန်တော်တို့မှာ ဘောင်းဘီတန်းတင် အကြင်လင်ယောကျ်ား လင်မိန်းမ ဘဝသို့မရောက်ကြသေးသော်လည်း ယခု ကျွန်တော် တို့၏အချစ်စခန်းသွားနေပုံမှာ ထိုအခြေအနေတမျှ တိတ်တိတ်ပုန်းဖြစ်၍နေကြလေ၏။ သို့အားဖြင့်ကျွန်တော်တို့မှာ သမုဒ္ဒရာ တဏှာရေယဉ်တွင် ကမ်းမမြင်လမ်းမမြင် တွင် တွင်နစ်မျော၍ နေကြကာ အပျော်ကြီးပျော်လျှက်ရှိကြသဖြင့် ကျွန်တော်တို့ရှေ့တွင်

ကျွန်တော်တို့နှစ်ယောက်အားခွဲဖျက်မည့် လှိုင်းလုံးကြီးများကို မမြင်မတွေ့ မိဘဲရှိကြပေတော့၏။

တခုသောညနေတွင် ကျွန်တော်သည်ပန်းခြံတွင်းသို့ဆင်း၍ပန်းခူး၍မချစ်ဦးအား မျှော်နေစဉ် အိမ်ထဲသို့ဒိုဘီကုလားမကြီးဝင်၍သွားသည်ကို မြင်လိုက်ရလေ၏။ ခါတိုင်း၌ ဒိုဘီကုလားမကြီးလာလျှင် ဒိုဘီပေးရန် အဝတ်အစားများကို ကိုယ်တိုင်စုဆောင်းပေး၍ စာရင်းအင်းမှတ်သော်လည်း ယခုမူ ကျွန်တော် သည်မချစ်ဦးကို မျှော်ဘို့အရေးက ဒိုဘီပေးဘို့အရေးထက်ကြီးနေသောကြောင့် အိမ်ပေါ် တွင်လည်း ဖေဖေရှိသည်နှင့်အညီ ဖေဖေပြုလုပ်လိမ့်မည်ဟု နှလုံးပြုကာ ခြံထဲ၌မယောင်မလည် လမ်းသလားရင်းမချစ်ဦးကိုမျှော်၍နေလေ၏။ထိုသို့မျှော်နေရင်းမချစ်ဦးရောက်လာသည်ကို မြင်လိုက်ရစဉ်မှာပင် 'ခင်ရေ ... ခင်ရေ' ဟုဖေဖေ၏ ဟစ်အော်သံကို ကြားလိုက်ရာ ကျွန်တော့်မှာ စိတ်အိုက်၍သွားလေ၏။ ကြာမြင့်စွာစောင့်နေရသူကို တွေ့ရခါနီးမှ အိမ်ပေါ်မှ အလုပ်ပေါ်လာသည်ကို ကြိတ်မနိုင်ခဲမရ ဒေါဖြစ်မိသည့်အပြင် မချစ်ဦးကို မြင်ခါမှ အိမ်ပေါ်သို့တက်သွားရသော် မချစ်ဦး အထင်အမြင်လွဲမည်ကို စိုးရိမ်မိသောကြောင့် မကြားဟန်ဆောင်လျက် ဇွတ်ပေ၍ နေလိုက်သော်လည်း 'ခင် ... ဟဲ့ ခင်သိန်း' ဟုခပ်မာမာခေါ်သံကြားလိုက်ရလေ၏။ ကျွန်တော့်မှာ တင်းမာသော အသံကြားရ၍ ရွံ့ထိတ်သွားကာ မချစ်ဦး စိတ်ဆိုးမည်ကို နှလုံးမပြုမိနိုင်ဘဲ အိမ်ပေါ်သို့ ပြေးတက်ခဲ့ရလေ၏။

အိမ်ပေါ်သို့ရောက်သောအခါ ဒိုဘီကုလားမကြီးမရှိတော့ဘဲ ဖေဖေသာရှိသည်ကို တွေ့ရပြီးလျှင် ဖေဖေ့မျက်နှာတွင် ဒေါသဖြစ်သော နိမိတ်လက္ခဏာများပြနေသည်ကို တွေ့ရ၏။ ကျွန်တော့်မှာ တုန်၍နေတော့၏။ ဖေဖေ၏လက်ထဲကိုကြည့်လိုက်သောအခါ စာများကိုတွေ့ရလေရာ ကျွန်တော့်မှာ မျက်လုံးပြူးသွားလျက်ဆက်နေစရာ မရှိတော့အောင်ဖြစ်မိပြန်တော့၏။ထိုစာများမှာ ကျွန်တော်၏ အိပ်ရာအောက်တွင် ဝှက်ထားသော ရည်းစားစာများဖြစ်လေရာ ဖေဖေသည် ဒိုဘီပေးရန်ကျွန်တော်၏ အိပ်ရာခင်းခေါင်းအုံးစွပ်များကို ချွတ်ရင်းတွေ့သွားပြီဖြစ်သည်ကိုမမေးဘဲသိနိုင်သည် ဖြစ်လေ၏။

ဖေဖေသည် ပြင်းထန်စွာထစ်ချုံးရွာသွန်းတော့မည်ပြင်နေသော မိုးသားတိမ်ပုတ်များကဲ့သို့ နက်ကျုတ်မဲမှောင်သောမျက်နှာဖြင့် ကျွန်တော့်အား ဝါးမျိုတော့မည့်ပမာ စူးစိုက်၍ကြည့်နေရာမှ 'ဟဲ့သဘောက်ထီး၊ နင်သေရအောင်သာ ပြင်ပေတော့၊ လာစမ်းဒီနားကို' ဟုခေါ်ရာ ကျွန်တော့်မှာ အကြောင်းကိုရိပ်မိပြီး ဖြစ်သော်လည်း အပြစ်မရှိသူ၏ အမူအရာဖြင့် ဘာမှမသိလေဟန် ပြု၍ 'ဘာဖြစ်လို့လဲဖေဖေရဲ့၊ ကျွန်တော်ဘာလုပ်လို့လဲ' ဟု တုန်ရီစွာမေးရင်းကြောက်ရွံ့စွာ အနားသို့ကပ်လေ၏။

'နင်ဘာလုပ်တယ်ဆိုတာ နင်မသိဘူးလား၊ နင့်ကိုနင် ခြောက်ပစ်ကင်း မင်းမဟော်လုပ်နေတယ်ပေါ့လေ။ဒီစာတွေဟာ ဘာစာတွေလဲ၊ ဘယ်လင်ကပေး

တဲ့စာတွေလဲ။ ဟဲ့ကမြင်းထီး၊ ယောက်ျားရွှင်ထီး၊ နင်တော့လား အီကြာကွေးလို
ပေါင်နှစ်ခြမ်း ဗျမ်းဗျမ်းမြည်အောင်ဖြိုပစ်မယ်၊ ပြောရင်ပြော မပြောရင်တော့လား
ဒါးတင်ပြီးဖြတ်ပစ်မယ် နင့်လျှာကို'
'နေပါဦးဖေဖေရဲ့၊ ဖေဖေကလည်း ဆူဖို့သာအရင်ပြင်နေတော့တာပဲ၊ အကျိုးအကြောင်း
သိပါရစေဦး၊ ဘာမှမသိရဘဲ နင်းကန်ပြီးဆူနေတော့ ခင်ကဘာကိုပြန်ပြီးဖြေရမှာလဲ'
'နင်ကဘာကိုဖြေမယ်ကြံသတုန်း၊ ဒီစာတွေ နင့်အိပ်ရာအောက်ကရတာ နင့်ကို နင့်လင်
ကမြင်းမ ဂျပိုးမတွေကပေးတဲ့စာတွေမဟုတ်ဘူးလို့ နင်ကငြင်းမယ်ကြံသေးသလား၊
နင်ညာချင်တိုင်းညာလို့ရမယ်ထင်သလား၊ နင့်အရင်ကထမင်းစားလာတာ၊ ဒါမျိုးတွေ
အံချိုင့်နေပြီ' ဟုဆိုကာ ပါးစပ်ကိုလက်ဖြင့်ဖြဲ၍အံသွားများကိုလက်ဖြင့်ထိုးပြပြီးလျှင်
ကျွန်တော့်နားကပ်ကာ ပါးကိုလက်ညှိုးဖြင့်ပြင်းထန်စွာ တစပ်စပ်ထိုးကာ
'ပြောစမ်းပါဦးဟဲ့၊ နင့်အပေါက်ကဘာဆို့ထားလို့ နင်ကဒီလိုလုပ်နေတာလဲ' ဟုပြောရာ
ကျွန်တော့်မှာ မည်သို့မျှပြန်မပြောနိုင်ဘဲ ရှက်ကြောက်ဝမ်းနည်းကာ ရင်ထဲက
လှိုက်လှိုက်လှဲလှဲဖြစ်လာပြီးလျှင် မျက်ရည်များတွေတွေကျလာသောကြောင့်
မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ 'ဒီလိုပြောမနေပါနဲ့ဖေဖေရဲ့၊ ကျွန်တော့်ကို
သတ်ပစ်လိုက်ပါတော့' ဟုဆိုရင်း ငိုချလိုက်လေ၏။
'အောင်မယ် သောက်ကမြင်းထီး၊ နင့်ကိုငါက ဘာလုပ်ရသေးလို့ငိုရတာလဲ ဟင်'
ဟုဆို၍ ကျွန်တော်၏ဆံပင်ကိုဆွဲလိုက်ရာ ကျွန်တော်လည်း ဖေဖေမည်သို့မျှ
မလုပ်ရခင်ကပင် ကြောက်ကြောက်လန့်လန့်နှင့် 'အမလေး သေပါပြီ၊ သေပါပြီ၊
ကယ်ပါဦးအရပ်ကတို့ရဲ့ ကြည့်နေကြတော့မလား' ဟု ခုနစ်မောင်းတင်၍ အသံကုန်
ဟစ်အော်လိုက်သဖြင့်ဖေဖေလည်း ကျွန်တော့်ပါးစပ်ကို အတင်းပိတ်လိုက်ရာ
ကျွန်တော်ကဖမ်း၍ ကိုက်လိုက်သည်တွင် 'အမလေး ကိုက်တယ်ဟဲ့၊ ကိုက်တယ်
ဟဲ့၊ နင်ငါ့ကိုကိုက်တယ်ပေါ့လေ' ဟုဆိုကာ ဆံပင်ကိုဆွဲဆောင့်ပြီး ကျွန်တော်၏
ပါးကို လက်ပြတ်ကြီး နှင့်ချလိုက်ရာ ကျွန်တော့်မှာ မူးမိုက်ကာချာချာလည်လျက်
အမလေးတရင်း လဲကျ၍သွားတော့၏။

ထိုအခိုက်တွင် အိမ်သူအိမ်သား အခိုင်းအစေများ အပြေးအလွှားဝင်၍လာ
ကြပြီးလျှင် ကျွန်တော်တို့အား ဖျန်ပေးကြ၍ အိမ်အောက်ထပ်မှလည်း 'ဟဲ့ ဘာဖြစ်
ကြတာတုန်း' ဟု ရုံးကပြန်လာသော မေမေ၏ အော်မေးသံနှင့် အိမ်ပေါ်သို့အမြန်
တက်လာသော ဖိနပ်သံကို ကြားရလေ၏။မေမေလည်း အိမ်ပေါ်သို့ရောက်၍
ကျွန်တော့်ကိုမြင်ရလျှင်အံ့အားသင့်၍သွားလေ၏။
'ဟဲ့ မေးတာဖြေကြစမ်းပါဦး၊ ဘာဖြစ်ကြတာတုန်း၊ အရပ်ပျက်နေတဲ့အတိုင်းဘဲ
အော်လိုက်ဆူလိုက်ကြတာ၊ လူကြားလို့မှမတော်ပါဘူး' ဟုမေမေကမေးတော့မှ
ဖေဖေက 'အမယ်လေး .. ကိုယ့်သားအကြောင်းကတော့ ကျုပ်မပြောချင်ပါဘူး၊
ဟောဒီမှာ သူရည်းစားထားပြီး သူ့လင်ကပေးတဲ့စာတွေ၊ ဒီစာတွေတွေ့လို့သူ့ကို
ဆုံးမမယ်မှ မကြံရသေးဘူး၊ ကျုပ်လက်ကို ဖမ်းပြီးကိုက်တယ်၊ ဒီသားမျိုးတော့

သက်ရှည်လို့ဘုန်းမကြီးဘူး’ ဟု ဖမ်း၍တိုင်လိုက်ပြီးလျှင် ကျွန်တော့်ဘက်သို့ လှည့်ပြန်ကာ ဒေါသဖြင့် ရှူ့လျှက် ‘နင်နော် .. နင် ၊အစကတော့ ငါ့သားလေး တော်မလားလို့အောက်မေ့ပြီး ငါ့သားလိမ်မာလှတယ်ဆိုကာမှ စလောင်းဖုံးမြင်း စီးပြီးထွက်လာတာပေါ့လေ။ နင့်ကိုမွေးရတာ ရင်နာတာပဲဟဲ့၊ မိဘတောင်တော် လှန်တဲ့သား၊ နင်တော့လား၊ နင်တော့လားလေ၊ အသေသတ်မယ် ဟဲ့အသေသတ် မယ်’ ဟုဆို၍ကျွန်တော့်ဆီပြေးလာသောကြောင့် ကျွန်တော်လည်း လဲနေရာမှခြေ လက်ကားရားဖြင့် ကန့်လန့် ကန့်လန့် လုပ်လျက် ‘အမလေးကြောက်လှပါပြီဖေ ဖေရဲ့၊ ကြောက်လှပါပြီ၊ ချမ်းသာပေးပါ ဖေဖေရဲ့’ ဟုအော်လိုက်တော့မှ မေမေက ဖေဖေ့အားပြေးဆွဲထားလေ၏။

‘ဟော့ ကိုမြရွှေ၊ နေစမ်းပါဦး၊ ကိုယ်ကလဲ ဒေါသချည်းပဲ၊ ကိုယ့်သားကိုဆုံးမတာ တိုးတိုးတိတ်တိတ်ကြိတ်ပြီးဆုံးမရောပေါ့၊ အခုတော့ ရပ်ကျော်ရွာကြားကောင်းနိုင် ပါ့မလားဆိုတာကိုလဲစဉ်းစားပါဦး၊ အခုဟိုကကြားဒီကကြားနဲ့၊ ဘယ်လောက်ရှက်စရာ ကောင်းသလဲလို့၊ ကိုယ်တို့ယောကျ်ားတတွေဟာ ဒါတွေခက်တာဘဲ၊ဘာမှ ရှေ့နောက်မစဉ်းစားတတ်ဘူး’

‘တော်စမ်းပါဒေါ် အဝှာရယ်၊ ကိုယ့်သားကိုယ်ဖျက်ဆီးလို့ တိတ်တိတ်လေး အရပ်ပျက်ဖြစ်နေတာ ၊ တဆိတ်ရှိကာဆီးကာဆီးနဲ့၊ ဒါတွေကြောင့်ရောင့်တက်နေတာ’

‘အော် ... အကျိုးသင့်အကြောင်းသင့် ပြောဆိုဆုံးမမှပေါ့ကွယ်၊ ဒီလိုအော်တော့ ဟစ်တော့ အရပ်ကကြားတာပဲရှိမယ်။ သူ့နားထဲကိုလည်းဝင်မှာမဟုတ်ဘူး’

‘အမယ်လေး ပါးစပ်နဲ့ပြောရုံလောက်တော့ ကိုယ့်သားက ဖင်ကြားထဲမှ ညှပ်မှာ မဟုတ်ဘူး။ ဆုံးမတယ်ဆိုတာ ဟောဒီလိုမှ၊ ဟောဒီလိုမှ’ ဟုဆိုကာ ကျွန်တော်၏ ပေါင်တွင်းကြောကိုဆွဲ၍လိမ်ရာ ကျွန်တော့်မှာ သေလုမျောပါးဟစ်အော်၍ ငိုရပြန်လေ၏။ သို့ရာတွင်ပါးစပ်ကို အတင်းပိတ်ထားသဖြင့် အသံပီသစွာ မထွက်နိုင်ဘဲ အူဝဲအူဝဲဖြစ်နေလေ၏။

‘ဟဲ့ ကိုမြရွှေ၊ လွန်မယ်နော်လွန်မယ်၊ ကျုပ်ပြောတာ မရဘူးလား’ဟုဆိုပြီး မေမေလည်းဒေါသထွက်၍လာကာ ဖေဖေ၏ပခုံးဆွဲ၍တွန်းလိုက်ရာ ဖေဖေမှာ အားချင်းမမျှ သဖြင့်ဖင်ထိုင်၍လဲကျသွားလျက်ရှုံ့မဲ့နေပြီးမှ ဖေဖေသည်သူ့ခေါင်းကို သူထုကာ ‘အမယ်လေး၊ ငါသာသေလိုက်ပါတော့ဟဲ့။ ငါရှက်တယ်၊ငါရှက်တယ်၊ ငါ့ကိုနှိပ်စက်ကြဟဲ့၊ အားရအောင်နှိပ်စက်ကြ၊ အားရအောင်နှိပ်စက်ကြ၊ သားကနှိပ်စက်၊ မိန်းမလင်က နှိပ်စက် ၊ ငါသေပါတော့ဟဲ့ ...အီးဟီးအီးအီး’ နှင့် ပါးစပ်ကြီးဖြဲကာ နှတ်ခမ်းမွှေးကြီးကားကားနှင့် ငို၍နေပြီး ခေါင်းထုရင်ထုနှင့် ပြုလုပ်နေသည်ကို တွေ့သောကြောင့် ကျွန်တော့်မှာ ဖေဖေ့ဘက်ကို သနားလာပြီးလျှင် ပြေး၍ပွေ့ဖက်ကာ ‘ကျွန်တော်မှားပါပြီဖေဖေရဲ့၊ ကျွန်တော့်ကိုသာဆုံးမပါ။ ဖေဖေရိုက်တာလည်းခံပါ့မယ်၊ ကျွန်တော်လွန်တာပါ ဖေဖေရဲ့’ ဟုပြောပြော ဆိုဆိုငိုရာက ဖေဖေ့၏ မျက်ရည်များကို သုတ်ပေးပြီးလျှင် ဖေဖေ၏ခြေထောက်ကို

ကျွန်တော်၏ ခေါင်းနှင့် တိုက်ပေးတော့မှ မေမေလည်း သားရောလင်ယောကျ်ားရော အပူဇတ်ခင်းနေသည်ကို မမြင်နိုင်သဖြင့် 'ကဲလေ၊ တော်ကြပါဦး၊ ငါလဲမသေသေးပါဘူး၊ နင်တို့ဟာ သူများကြားလို့မှမတော်ဘူး' ဟုဆိုသောကြောင့် ကျွန်တော်လည်း အငိုတတိတ်ကာကျိတ်၍ရှိုက်နေသော်လည်းဖေဖေကမူ ယောကျ်ားပီပီ ငိုကျော့ရှည်ရှည်နှင့် 'ငါအရက်ကွဲတယ်ဟဲ့ ဗိုင်းတာထီးရဲ့ ဟဲ့ ဟဲ့' ဟုကျွန်တော့်အားပြောကာ ငိုကြီးချက်မလုပ်နေသောကြောင့် မေမေက 'ဟော့ ကိုမြရွှေ၊ ကျုပ်ပြောနေတာ မကြားဘူးလားဟော့၊ တိတ်ဆိုတိတ်ကြ၊ မတိတ်ရင် နှစ်ယောက်စလုံးဆော်မိလိမ့်မယ်' ဟုဆိုတော့မှ ဖေဖေလည်း အသံတိတ်၍သွားလေ၏။

ထိုအခါမှ မေမေလည်း စာများကိုယူ၍ကြည့်ကာ ကျွန်တော့်အား 'ချစ်ချစ် ဆိုတာဘယ်သူလဲ' ဟုမေးလေ၏။

'ဟို ဟဝါ ...ရှေ့နေဒေါ်ကျောက်လုံးရဲ့ သမီး၊ အရေးပိုင်ရုံးစာရေး မချစ်ဦး' ဟု ပြော၍ မပြီးမီပင် ဖေဖေက ကြားဝင်ပြီးလျှင် 'တယ်လေ၊ ငါပြောလိုက်ရ မကောင်း တော့ပါဘူး၊ နင့်ကိုဆင်စီးပြီးမြင်းရံတာမြင်ချင်လို့ ဝန်ထောက်မ မြို့အုပ်မတွေ စပ်တုန်း က နင့်ကိုပြောတော့ အမလေး ငယ်ပါသေးတယ်၊ နားမလယ်သေးပါဘူးလေးဘာလေး နဲ့၊ နင့်ဟာနင် ကမြင်းကျောထတာတွေ တယ်ပြီးကောင်းတယ်ပေါ့လေ။တယ်လေငါ ပြောလိုက်ရ' ဟုဆက်ပြန်လေသောကြောင့်မေမေက'တယောက်မေးနေရင်တယောက်က နားထောင်စမ်းပါဦး၊ ကြားဝင်မပြောစမ်းပါနဲ့' ဟု တားမြစ်ရလေ၏။

'မင်းတို့ကြိုက်နေတာ ကြာပြီလား' ဟုမေးရာ ကျွန်တော်ခေါင်းငုံ့လျက် 'ဟုတ်ကဲ့' ဟု မပွင့်တပွင့်လေသံဖြင့်ဖြေလိုက်လေ၏။

'ကောင်းကြရောပေါ့လေ။တယ် ကောင်း၊ စောစော ကသိပေလို့ပဲ၊ မင်းကတကယ် ကြိုက်နေပြီလား၊ မစွန့်နိုင်အောင်ကြိုက်နေပြီလား'

ကျွန်တော်လည်း အတန်ကြာအောင်တွေးတောနေပြီးမှ အပြောအဆိုခံရခြင်းမှ သက်သာအောင် ၎င်းတို့ အလိုသို့လိုက်၍ပြောဘို့ စိတ်ကူးထုတ် ကာ 'ကျွန်တော်က ချစ်ရတာမဟုတ်ပါဘူး၊ သူကအတင်းစာပေးတာပါ၊ ကျွန်တော်သူ့ကိုဖြတ်လိုက်ပါ တော့မယ်၊ မချစ်တော့ပါဘူး၊ နောက်ဒါမျိုးတွေ့ရင် အသေသတ်ပါတော့၊ဒီတစ်ခါခွင့် လွှတ်ပါမေမေရယ်' ဟုပြောဆိုတောင်းပန်ရလေတော့၏။

မေမေလည်းစဉ်းစားနေပြီး 'ကဲ မင်းစကားနဲ့ မင်းပဲ သေသေချာချာ မှတ်ထားနောင်ကို လူကြီးမိဘမသိရဘဲ နင်တို့တိတ်တိတ်ပုန်း ကျင့်ချင်သလို၊ ကျင့်ကြံချင်သလို ကြံတာတွေ တွေ့ရင်တော့လား၊ အကြောင်းသိကြရောပေါ့။ ဒါပဲပြောမယ် သွား မျက်နှာ သစ်ချေ၊ငိုမနေနဲ့၊ ဒီကနေ့ကစပြီးအိမ်ရှေ့ကိုထွက်တာမြင်ရရင်သေရအောင်ပြင်ပေတော့' ဟု ပြောပြောဆိုဆို စာရွက်များကို တစ်ရွက်စီဖြဲ၍နေရာ ကျွန်တော့်မှာ လွန်စွာ နှမျော ဝမ်းနည်းလျက် နောက်ဖေးခန်းသို့ ထွက်ခဲ့ရတော့၏။

ထို့နောက်ကျွန်တော်မျက်နှာသစ်ပြီးလျှင် အိမ်ရှေ့သို့ဖြတ်လာခဲ့ရာ ဖေဖေမှာ စကားကြောရှည်တတ်သည့် အတိုင်းတဖျစ်တောက်တောက်နှင့်မြည်တွန်တောက်တီး

လျက်ရှိသည်ကိုတွေ့ရလေ၏။မေမေမှာနားကြားပြင်းကပ်၍လာဟန်ရှိပေ၏။အကြောင်းမှာမူ မေမေသည် စာများကိုဖြဲဆုတ်နေရာမှ ထ၍ဆူလိုက်သည်ကို တွေ့ရလေတော့၏။
'ဟော့ ကိုမြရွှေ၊ ပြီးတဲ့ ဟာများလည်းပြီးပါစေတော့၊ တထောင့်ကနေပြီး ဂြိုလ်ထိုးမနေစမ်းပါနဲ့။ ဟိုလူ့အပြစ်လိုလို၊ ဒီလူ့အပြစ်လိုလို လုပ်မနေနဲ့၊ ဒါတွေဟာ ကိုယ့်အပြစ်ပဲ၊ ကိုယ့်သားကို ကိုယ်နိုင်အောင်မထိန်းနိုင်လို့ ဒီလိုဖြစ်ရတာ ။ဒီလို ထိန်းဘို့ ဆုံးမဘို့ဆိုတာ ကိုယ်တို့အလုပ်တွေ၊ နေရာတကာမှာ ကျုပ်တို့ဝင်မပါနိုင်ဘူး' ဟုပြောလိုက်ရာ ဖေဖေကငေါ့၍ပြောသော လေသံဖြင့် 'ဟုတ်ပါ့ကျေးဇူးရှင်ရယ်၊ ဟုတ်ပါတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ထီးရဲ့ အပြစ်ချည်းပါဘဲ၊သူက အရေးပေးလို့ ရွှေရေးပန်းကန်တက်တာတော့ ထည့်မပြောဘူး၊ ကျုပ်သဘောနဲ့ကျုပ်စီမံထားတဲ့ အတိုင်းသာဖြင့် ၊ဒီလိုမဖြစ်ရဘူး၊ ကျုပ်သားမှဲ့တပေါက်မစွန်းရဘူး။ ဒီလို အကျင့်အကြံမျိုးဟာ ကျုပ်တို့မျိုးထဲမှာ တယောက်မှမရှိဘူး' ဟုပြောလိုက်ရာ မေမေ့မှာ ဒေါသထွက်သွားလေ၏။
'ဘာပြောတယ်၊ဒီလိုအကြံမျိုး ကိုယ်တို့မျိုးထဲမှာ မရှိဘူးဆိုတော့၊ ကျုပ်တို့မျိုးထဲမှာ ရှိတယ်လို့ပြောချင်သပေါ့လေ။တယ် ... ကိုယ်က ခင်သိန်းနဲ့ ရန်ဖြစ်ပြီးအားရလို့ ကျုပ်ကိုစမ်းတာလား'
'စမ်းတယ်၊ စမ်းတယ် ဘာလုပ်ချင်တာလဲ' ဟုဆိုလာလေရာ မေမေလည်းဒေါသနှင့် အနားကပ်ပြီးလျှင် 'မင်းနော် ... မင်းနာချင်ပြီထင်တယ်' ဟု မရိုက်မှီနို့တစ်ပေးလေ၏။
'အမယ်၊ သတ္တိရှိရင် ထိစမ်းလေထိစမ်း' ဟုဆိုကာ ဖေဖေက မေမေ့အား ပခုံးချင်းတိုက်လိုက်ရာ မေမေလည်း ဒေါသမချုပ်တည်း နိုင်တော့ဘဲ 'ကိုင်းကွာ ထိတယ်ကွာ' ဟု ပြောပြောဆိုဆို ဖေဖေ၏ နားရင်းအုပ်လိုက်ရာ ဖေဖေ့မှာ အရုပ် ကြိုးပြတ်သကဲ့သို့ မတ်တပ်ကလဲပြီး ငိုပွဲကြီးဆင်လေ၏။ ကျွန်တော့်မှာ မေမေ ဒီထက်တိုး၍ဒေါသထွက်လျှင် ခက်၍ကုန်ကြတော့မည်ကို တွေးမိကာ တင်း၀င်၍ ဖြန်ရကာ ဖေဖေ့အားဆွဲဖက်၍ အခန်းထဲသို့အတင်းဆွဲ ခေါ်ရလေတော့၏။မေမေ့မှာ ဒေါသထွက်ကာ 'နင်တို့တော့သိကြရောပေါ့နောက်ကို ဘာဘာညာညာကြားရင် နှစ်ယောက်လုံးကိုသတ်ပြီး စက်တိုင်တက်မယ်' ဟုပြောဆိုရင်းကျန်ရစ်လေတော့၏။

ထိုနေ့ထိုအခါမှစ၍ကျွန်တော့်မှာ အိမ်ပြင်သို့ထွက်ရဘို့ဝေးစွ၊ အိမ်ရှေ့ ပြတင်းပေါက်ဝမှာပင် ကြာကြာမျှမရပ်ရတော့ဘဲ အလွန်တင်းကြပ်စွာစောင့်ထိန်း ထားခြင်းခံရလေတော့ရာ မချစ်ဦးနှင့်တွေ့ဘို့မဆိုထားဘိ၊ မြင်ရုံမျှ မမြင်ကြရတော့ပေ။

ထိုသို့ မတွေ့ရမမြင်ရခြင်းသည် ကျွန်တော့်အား ပူပင်တောက်လောင်သော သဲကန္တာရအတွင်းဝယ် ရေကြည်ပြတ်လျက် ငတ်မွတ်စွာလဲနေရခြင်း ထက်ကြီးမားလှသော ဒုက္ခကြီးကို ခံစားရလေတော့၏။ထို့အပြင် မချစ်ဦးက ကျွန်တော့်ကို မတွေ့ရ မမြင်ရခြင်းအားဖြင့် သူ့စိတ်ထဲတွင် သူ့အပေါ်၌ ကျွန်တော်သစ္စာပျက်ပြီ၊ မေတ္တာ ပျက်ပြီဟုထင်မြင်သွားမည်ကို စိုးရိမ်မိခြင်းသည်လည်း ကျွန်တော်၏ စိတ်ဒုက္ခ

ဝေဒနာကို ပိုမိုကြီးလေစေပြန်တော့၏။ကျွန်တော်၏ စာကိုတွေ့ရှိဆူပူခံရသည့် နေ့မှာပင် မချစ်ဦးကို ကျွန်တော်မြင်လိုက်ပြီးမှ အိမ်ပေါ် သို့တက်၍လာသည်ကို သူ့အား အတွေ့မခံလို၍ ရှောင်တိမ်းသွားသည် ဟုအထင်လွဲစရာ အကြောင်းရှိပေ၏။ ထိုနေ့မှစပြီးနောက်နေ့များတွင် ယနေ့အထိ တရက်မှမတွေ့ ရခြင်းသည် ထိုသို့ အထင်လွဲခြင်းကို ပို၍ယုံကြည်စွဲမြဲစေရာ ဖြစ်ပြန်ပေ၏။

ထိုသို့ဖြစ်ရကား ကျွန်တော့်မှာ မည်သည့်နည်းအားဖြင့်ထိုသို့အထင်မလွဲစေရန် ပြုလုပ်ရမည်ကို ကြံရာမရရှိရပေ၏။ အပြင်သို့မထွက်ရသဖြင့်သူ့အား မမြင်မတွေ့ရ၊ မြင့်ခင်ကလေးကိုလည်း ကျပ်တည်း၍ထားသဖြင့် သူပါအပြင်သို့မထွက်ရ၍ မည်သို့မျှ အဆက်အသွယ်မပြုရသဖြင့် အတွင်းကအကြောင်းအပြင်သို့မရောက်နိုင် အပြင်ကအကြောင်းအတွင်းသို့မရောက်နိုင်ဘဲ၊ ကျွန်တော့်မှာ တွေးမိတိုင်းစိတ်အိုက်မောပန်းကာ တယောက်ထဲ ကြိတ်၍သာလျှင် ငိုယိုပူဆွေးမိပေတော့၏။ ထိုသို့လျှင် မချစ်ဦး၏ မျက်နှာကိုလည်း မတွေ့မမြင်ရ၊ အကျိုးအကြောင်းလည်း မသိရသဖြင့် စိတ်ညစ်ပူဆွေးနေရသည့်အထဲမှာပင် စိတ်မရွှင်ဘွယ်ရာများသည် ပေါ်ပေါက်လာပြန်သေးတော့၏။ ထိုအကြောင်းမှာကား အခြားမဟုတ်ကျွန်တော့်အား လင်မိန်းမပေးစားရန် စီမံနေကြခြင်းပင် ဖြစ်တော့၏။

ယခင်က ထိုသို့စီမံခန့်ခွဲခဲ့ရာတွင်ကျွန်တော်သည်အိမ်ထောင်ပြုဖို့စိတ်မကူးသေးနားမလည်သေး အချစ်အကြောင်းမသိသေး အသက်ငယ်သေးသည်ဟု ငြင်းပယ်၍ရခဲ့သော်လည်း ယခုမှာမူ ကျွန်တော်၏ အဖြစ်အပျက်များကို မိဘနှစ်ပါး သိထားကြပြီးဖြစ်ရကား ဘယ်ပုံဘယ်နည်းနှင့်မှ ငြင်းမရတော့ပြီ ကိုသိရှိရခြင်းဖြင့် ချစ်သူနှင့်ကွေကွင်း၍ မချစ်သူနှင့်ပေါင်းသင်းရမည့်ဒုက္ခကြီးကို မရှောင်နိုင်မရှားနိုင်တော့ဘဲတွေ့ကြုံရတော့မည်ဖြစ်သည့်အတွက် ကြီးစွာသော စိတ်ဆင်းရဲခြင်းကို ဖြစ်ရလေတော့၏။

ထိုဒုက္ခဝဋ်ဆင်းရဲကြီးမှမချစ်ဦးသာလျှင်ကယ်တင်နိုင်တော့မည်ဖြစ်သောကြောင့် ယခုအခါတွင် မချစ်ဦးအား မည်သည့်နည်းနှင့်မျှ မတွေ့နိုင်ပြီဖြစ်သောကြောင့် မျှော်လင့်ဘွယ်မရှိပြီဖြစ်ပေတော့၏။ မချစ်ဦးနှင့်တွေ့နိုင်စေကာမူ ကျွန်တော့်အား ခိုးပြေးရန် မတတ်နိုင်ရှာဘဲ 'တနှစ်စောင့်ပါဦး' ဟုဆိုထားသော စကား ရှိသောကြောင့် ခိုးရာလိုက်ပြေးဘို့မှာလည်း မဖြစ်နိုင်အောင်ရှိပေတော့၏။အကယ်၍ ငိုကာယိုကာ မျက်ရည်ခံထိုးလျက် အမျိုးမျိုးအလွမ်းသယ်ကာ မချစ်ဦးမှ မကယ်လျှင်သေဖွယ်ရာသာ ရှိပါတော့သည် ဆို၍ အလိုသို့ပါအောင်ဆွဲငင်လိုက်ကာ ကျွန်တော့်အပေါ်၌ တကယ်ပင်ချစ်လျှင် အရဲစွန့်၍ ခိုးပြေးမည်ပင်ရှိရာ ကျွန်တော့် အပေါ်၌ မချစ်စေဦးတော့ ယခုအဖြစ်အပျက်ကို ပြောဘို့ရန်အတွက်ပင် တွေ့ဘို့လမ်းမမြင် ဖြစ်ပြန်ပေတော့၏။

သို့ဖြစ်ရကား ကျွန်တော့်မှာ ကိုယ်ချစ်သူကို မတွေ့ရ မမြင်ရ၊ အဆုံးတွင် မပေါင်းရဘဲ မနှစ်သက်သူနှင့် ပေါင်းရသော ဒုက္ခကို ခံစားရမည့်အစား သေခြင်း

သာလျှင်မြတ်သေးသည် ဟုစိတ်ရှုးပေါက်မိသော်လည်း ထိုသို့သေခြင်းဖြင့် ဘာမှ ကျေးဇူးမခံစားရ ၊ မချစ်ဦးနှင့် ဘယ်တော့မှပေါင်းရမည်မဟုတ်၊ အကျိုးယုတ်အ ရှက်ကွဲခြင်းသာ ဖြစ်မည်ဟု တွေးပြန်ကာ သေဘို့ကြာကြာ စိတ်မကူးဝံ့တော့ဘဲ ရှိပြီးလျှင် လောက၏ လက်ထပ်ရေးပြဿနာကြီးကို ရှုရှာစက်ဆုပ်မိကာ မိမိပေါင်း သင်းရမည့်သူမှာ မိမိချစ်ကြိုက်သူမဟုတ်ဘဲ မိဘတို့၏အကြိုက်ဖြစ်သူနှင့် သာ ပေါင်းရမည်ကို တွေးလျက် မိဘများအပေါ် ဒေါသဖြစ်မိပေတော့၏။

မိဘတို့သည် သားသမီးများအပေါ်တွင် အစစအရာ ရာ၌ ကောင်းစွာ ဆုံးမပဲ့ပြင်နိုင်သော အရည်အချင်းပြည့်စုံသူများ ပင်ဖြစ်သော်လည်း အိမ်ထောင် မှုနှင့်ပတ်သက်၍ မိဘတို့မှားသောအခါ သားသမီးတို့မှာ ပို၍နစ်နာ ဆင်းရဲရ သည်ကို တွေးမိကာ ထိုအဖြစ်မျိုးမှ ကင်းဝေးရပါလို၏ ဟုဆုတောင်းမိပေ၏။

* * * * * * * *

# အခန်း (၈)

ကျွန်တော်၏ဖေဖေသည် ကျွန်တော့်အား လင်ပေးစား ဘို့အတွက်လုံးပန်းနေသည့်အတော အတွင်းမှာပင် ဖျားနာနေထိုင်မကောင်းဖြစ်၍လာလေ၏။ သို့အားဖြင့် ကျွန်တော့်မှာ အချစ်အတွက်လည်း မပူနိုင် လက်ထပ်ရေးအတွက်လည်း မဆွေးနိုင်ဘဲဖေဖေ့ ကိုသာ ကြည့်ရှုပြုစုနေရကား စိတ်မောစရာတစ်ခုတွေ့လာရပြန်၏။ ထိုသို့ဖေဖေနေထိုင်မကောင်းစဉ် စားရေးသောက်ရေး သောက်ရေးအတက်ဈေးဝယ်ပေးမည့်သူမရှိပြန်ရာ အစေခံများကိုလည်း စိတ်မချရသောကြောင့် အိမ်နီးပါးခြင်း လူပျိုကြီးကိုညွန့်ရီကို နေ့စဉ်ဈေးဘိုးပေး၍ဈေးဝယ်ခိုင်းရလေတော့၏။ ကိုညွန့်ရီတယောက်ကိုရထားခြင်းအားဖြင့် ကျွန်တော့်မှာ အတော်အတန်ကူဖေါ်လောင်ဖက်ရရှိပေ၏။ ကိုညွန့်ရီမှာ ကျွန်တော့်အပေါ် တွင်ခင်မင်သည့်အတိုင်းဈေးဝယ်ပေးရုံမက၊ နေ့ခင်းနေ့လည်၌လည်း လာရောက် ကူညီကာ ဖေဖေ့ကို ပါကြည့်ရှု ပြုစုပေးလေ၏။

ထိုသို့ ကိုညွန့်ရီလာရောက်၍ တစ်ရက် နှစ်ရက်ကြာသောအခါ ကိုညွန့်ရီသည် ကျွန်တော့်အား တစုံတရာ မေးမြန်းလိုခြင်းရှိသည်ကိုတွေ့ရလေ၏။ ထိုသို့တွေ့ရပုံမှာကား ကျွန်တော့်အားရည်းစားအကြောင်းနှင့် ပတ်သက်၍ပြောသည့်အခါပြော၊ ချစ်သူရှိမရှိမေးနှင့် ပြောပုံဆိုပုံထူးခြားခြင်းဖြစ်ပေ၏။ သို့ရာတွင်ကျွန်တော့်မှာ ကိုညွန့်ရီသည် ဘယ်လိုရည်ရွယ်၍ မေးသည်ကို မသိနိုင်သောကြောင့် ရည်းစားမရှိ၊ အချစ်ဆိုတာဘာမှန်းမသိကြောင်း လှည့်ပတ်၍ပြောလိုက်၏။ မည်သို့ပင်ဖြစ်စေ ကိုညွန့်ရီသည် ကျွန်တော့်အဖို့ အလွန်အကူအညီပေးသည့် အကျိုးတော်ဆောင်ကြီးဖြစ်သည်ကို တနေ့တွင်တွေ့ရပေ၏။

ထိုနေ့၌ နေ့လည်ချိန်လောက်တွင် ဖေဖေ့အား ဆေးတခွက်တိုက်လိုက်ပြန်၍ ဖေဖေ အိပ်ပျော်သွားစဉ်ကိုညွန့်ရီသည် ကျွန်တော့်အား အိမ်ရှေ့ခန်းသို့တိုးတိုးတိတ်တိတ် ကြိတ်၍လက်တို့ခေါ်သွားလေတော့၏။

'ခင်ဘာပြုလို့ ညွန့်ညွန့်ကို ညာရတာလဲ' ဟု ကိုညွန့်ရီက အရင်းအဖျားမရှိသောစကားဖြင့် စတင်မေးလိုက်လေရာ ကျွန်တော့်မှာ ရုတ်တရက် အံ့အားသင့်မိရာမှ 'ဘာဖြစ်လို့လဲ ညွန့်ညွန့်ရဲ့' ဟုမေးလိုက်လေ၏။

'ခင့်မှာ ရည်းစားမရှိဘူးဆို'

'ရှိတယ်လို့ ဘယ်သူပြောသလဲ'

'ခင့်ရည်းစားကပြောတာပေါ့' ဟုပြောရာ ကျွန်တော့်မှာ သာ၍အံ့အားသင့်ကာ 'ဘယ်ကရည်းစားရှိလို့လဲ၊ ဘယ်သူလဲ' ဟုမေးလိုက်လေ၏။

'ညာမနေနဲ့နော် ညာနေရင် ခင့်ရည်းစားဆီက ပေးလိုက်တဲ့စာကိုမရဘဲနေမယ်'

'ဘယ်သူကပေးတာလဲ'

'မချစ်ဦးပေါ့၊' ဟုဖြေလိုက်သည်တွင် ကျွန်တော့်တွင် ဟန်ဆောင်၍မနေနိုင်တော့ဘဲ ရှိပေတော့၏။

'တကယ်ပြောတာလား၊ ဟုတ်လား၊ ချစ်ချစ်က စာပေးလိုက်သလား၊ ဘယ်မလဲ၊ ဘယ်မလဲ၊ ပေစမ်းပါ'

'အဟီး ...' ဟု ကိုညွှန့်ရီက လေသံဖြင့်ရယ်ကာ 'ဒါနဲ့များ ညာနေလိုက်တာ၊ ခင်ဒီလိုညာနေလို့ ဒီအကြောင်းကို စောစောက မသိရတာ၊ မချစ်ဦးက ဒီအိမ်ကို ဝင်တာ ထွက်တာ အမြဲစောင့်ကြည့်ပြီး နေတာကို ညွှန့်ညွှန့် မသင်္ကာဖြစ်နေက ထဲက ခင့်ကိုရည်းစားရှိသလားလို့မေးတာ၊ မချစ်ဦးက ညွှန့်ညွှန့် ဒီအိမ်ကို ဝင်တာ ထွက်တာ အမြဲစောင့်ကြည့်ပြီး ညွှန့်ညွှန့်နဲ့ အသိလုပ်ချင်လို့ လိုက်နေပြီး တနေ့က ဈေးထဲမှာ ငါးခြောက်သည် ကိုဂျမ်းစိန်ဆိုင်မှာတွေ့ပြီး ကိုဂျမ်းစိန်က အသိဖွဲ့ပေးတယ်။ ညွှန့်ညွှန့်လည်း အရင်ကထဲက မသင်္ကာဖြစ်နေတာနဲ့ မနေ့ကဖွင့်မေးတာ ခင်တို့ အကြောင်းအကုန်ဖွင့်ပြောတယ်၊ ညွှန့်ညွှန့်က မယုံလို့စာတွေတောင်ထုတ်ပြလိုက်တယ်' ဟုပြောပြလေ၏။

'ဟုတ်လား ... အမယ်လေး ဝမ်းသာလိုက်တာ ညွှန့်ညွှန့်ရယ်၊ နတ်သကြားများဖန်ဆင်းပေးတာပဲ၊ ဝမ်းသာတာထက် ဒီအကြောင်းနောက်မှပြောပါဦး၊စာကို အရင်ဖတ်ပါရစေဦး' ဟုတောင်းလိုက်ရာတွင် ကိုညွှန့်ရီသည် အိတ်ကြားကိုနှိုက်၍ စာတစ်စောင်ထုတ်၍ပေးလေ၏။

စာကိုဖွင့်၍ဖတ်လိုက်ရာတွင် ကျွန်တော့်အပေါ် တွင်အပြစ်တင်၍များထားမည်လော ဟုထင်မိသကဲ့သို့မဟုတ်ဘဲ သနားဘွယ်ရာရေးထားသည်များကိုမြင်ရလျှင် ကျွန်တော့်မှာ လှိုက်လှိုက်လှဲလှဲ ဖြစ်လာမိပေ၏။

'ချစ်ချစ်ကို မသနားတော့ဘူးလားမောင်ရဲ့၊ ချစ်ချစ်နေ့တိုင်းလာသော်လည်းဘယ်အခါမှ ခင့်မျက်နှာကို မမြင်ရလို့ ချစ်ချစ်ရင်ထဲမှာ သီးခြားကမ္ဘာ မီးဆယ်ဆူလောင်သလို အပူကောင်မကြီးဖြစ်နေရပါပြီ။ ချစ်ချစ်မှာ ဘာအပြစ်ရှိလို့ မကြည့်ချင်ရတာလဲ၊ ချစ်ချစ် ကိုမုန်းပြီလားခင်ရဲ့၊ အစတုန်းကတော့ ချစ်ပါတယ်ခင်ပါတယ်နဲ့ အခုတော့ မုန်းလို့လားမောင်ရဲ့၊ အရင်ကဖြင့် ခင့်ကို မပစ်ပါနဲ့၊ မမေ့ပါနဲ့ဆိုပြီး ခုတော့ ခင်က မုန်းတော့မှာလား မောင်' စသည်ဖြင့် ရေးသားထားသော စာများမှာ ကျွန်တော်၏ အသည်းဆိုင်အသည်းမွှာတို့ကို ဖျစ်ညှစ်၍ဆွဲလိုက်သကဲ့သို့မချိအောင်ဖြစ်မိပေတော့၏။ ထိုသို့ ရေးသည့် စာများအောက်တွင် အရေးအကြီးဆုံး စာကိုတွေ့ ရပေ၏။

'ချစ်ချစ် အသနားခံပါရစေမောင်ရယ်၊ ချစ်ချစ်အပေါ် မှာ မောင်တကယ်ချစ်ရင် ယနေ့ည ခါတိုင်းတွေ့နေကျ အချိန်မှာ တွေ့ပါရစေခင်ရယ်၊ အရဲစွန့်ပြီးဆင်းခဲ့ပါ ခင်ရယ်၊ ဒီကနေ့ည မောင်နဲ့ မတွေ့ရရင်ဖြင့် ချစ်ချစ်ဟာ လူ့ပြည်မှာ မနေတော့ပါ၊ မောင်ကမှ မချစ်မည့် အတူတူ၊ ကိုယ့်ကိုယ် ကို အဆုံးစီရင်လိုက်ပါတော့မယ်၊ ယနေ့ည မတွေ့ရရင် မနက်ဖြန်ချစ်ချစ် လူ့ပြည်မှာ မရှိတော့ပါ။ ချစ်ချစ်ကောင်းရာ မွန်ရာရောက်အောင် ချစ်ချစ်အတွက် ဘုရားမှာ ကုသိုလ်ပြုပြီး အမျှအတမ်းဝေရစ်

ပါတော့’ ဟူသော စာများသည် ကျွန်တော့်အား ဝိုချင်ဝမ်းနည်း သောစိတ်များဖြစ်ပေါ် လာအောင် ဖန်တီးပေးလေတော့၏။

ကျွန်တော့်အပေါ် ၌ အပြစ်မတင်၊ သူ့ကိုပင်သနားလောက်အောင်ရေးသားကာ မတွေ့ရလျှင်သေရတော့မည်ဟု ရေးသားထားသည်မှာ အဘယ်ကဲ့သို့သောအဖြစ်မျိုးနှင့် ကြုံတွေ့နေရသောကြောင့်ပေနည်းဟုတွေးတောရ၍မရနိုင်ဘဲစိုးရိမ်မကင်းသော စိတ်များ ပေါ်လာမိပေတော့သည်။

‘ဘာတွေပါလာလို့ စာဖတ်ပြီးမှိုင်နေတာလဲ ခင်ရဲ့၊ ’

‘ခင့်ကို တွေ့ချင်လွန်းလို့ မတွေ့ရရင် သေရတော့မှာပါဘဲတဲ့၊ ဘာဖြစ်လို့များလဲ မသိဘူး’

‘ဟားဟား၊ သမီးရည်းစား ဆိုတာ ဒီလိုမူရာ မာယာ များကြတာမျိုးပဲခင်ရယ်၊ ညွန့်ညွန့်တို့ က ဒီလိုဟာတွေ အောင်သွယ်ပေးရလွန်းလို့ နောကြေနေပြီ’

‘ညွန့်ညွန့် တို့လူမျိုးတွေဟာ ဒါမျိုးချည်းပဲ၊ သူများချစ်တဲ့ ကြိုက်တဲ့အထဲမှာ တယ်ပြီးပါချင်တယ်၊ အောင်သွယ်လုပ်လားလုပ်ချင်ရဲ့၊ ကိုယ့် ကိုတော့ဖြင့် စွန်အောင်မလုပ်နိုင်ဘူး’

‘အော် … ညွန့်ညွန့် တို့ အရွယ်ကကြီးနေပြီ ခင်ရဲ့၊ ကြိုက်မဲ့လူလည်းမရှိဘူး၊ ဒီဘဝအကျိုးမပေးတာ နောင်ဘဝအကျိုးပေးအောင်၊ သူများအကျိုးဆောင်ပြီး ပါရမီဖြည့်နေတာပေ့ါ၊ နို့ပြီးတော့ ညွန့်ညွန့် စိတ်ထဲမှာလဲ သူများရည်းစားထားတာ၊ ရည်းစားစကားပြောတာ တယ်ပြီးကြည့်ချင်မြင်ချင်တဲ့ ဝါသနာပါတယ်’ ဟု ပြောနေစဉ် ‘အဟွပ် အဟွပ်’ ဟူသော ချောင်းဆိုးသံကြားရ၍ ဖေဖေ နိုးနေသည်ကို သိရသောကြောင့် ရေတိုက်ရန် ထ၍သွားကြရကား စကားပြတ်၍သွားလေ၏။

ထိုနေ့၊ ကျွန်တော့်မှာ စိတ်လှုပ်ရှားလျက်နေတော့၏။ အလွန်ကြပ်တည်း ထားသည့်အတွက် ဆင်း၍ အတွေ့ခံနိုင်ဘို့ရန် ခဲယဉ်းလှပေ၏။ အတွေ့မခံလိုက်လျှင် မနက်ဖြန်တွင် မချစ်ဦး တစုံတရာ တွေ့ရမည် ကိုင္ငင်း၊ စာထဲမှာပါသည့်အတိုင်း ပြုလုပ်သွားမည်ကို ၄င်း ပူပင်စရာဖြစ်လာပြန်လေ၏။ ထို့အပြင် မချစ်ဦးမှာ အလွန်အကြောင်းထူးသောကြောင့်သာ မတွေ့မနေ နိုင်ဖြစ်မည် ပင်ဖြစ်ပေရာ အတွေ့မခံလိုက်လျှင် ထိုအကြောင်းကို မသိလိုက်ရဘဲရှိမည်ကို စိုးမိပေ၏။ သို့ဖြစ်ရကား မည်သည့်နည်းနှင့် အတွေ့ခံရပါမည်နည်း၊ မချစ်ဦးနှင့် အတွေ့ခံသည်ကို ဒီတစ်ခါမိသွားလျှင် အရှိတ်ခံရရုံမျှမက မေမေက အသေသတ်မည်ကို တွေးတောကြောက်ရွံ့ကာ ယနေ့ည အဖို့ ဘယ်ပုံဖန်၍ကြုံရမည်ကို တနေ့လုံး တွေးတောကာ စိတ်အာရုံလှုပ်ရှားလျက် ရှိရပေတော့၏။

သို့နှင့် အချိန်ကြာညောင်း တနာရီမှ တနာရီသို့ပြောင်းလာကာ အလင်းရောင်ပျောက်ကွယ်လျက် မချစ်ဦးချိန်းဆိုထားသော အချိန်သို့ရောက်လာခဲ့လေ၏။ ထိုအခါတွင်မူ ကျွန်တော့်မှာ အတွေ့ခံဘို့ အတွေ့မခံဘို့ကို သို့လောသို့လော တွေးတောဖို့ရန် အချိန်မရှိတော့ပြီဖြစ်ရာ ‘ဟယ် … ဘာပဲဖြစ်ဖြစ် နောင်ခါလာ နောင်ခါချေးပဲ၊

အခုတော့ဖြင့် သူ့ကိုပဲ အတွေ့ခံလိုက်ပါတော့မယ်' ဟု နှလုံးပြုကာ အောက်သို့ဆင်းရန် ချက်ကောင်းကိုရှာရလေ၏။

ဖေဖေ့မှာ ရောဂါအရှိန်ဖြင့် စောစောကပင် အိပ်ပျော်နေလေရာ မေမေ အိပ်ရာဝင်မည့် အချိန်ကိုသာစောင့်စားနေရလေတော့၏။ ထိုသို့စောင့်စားနေစဉ်မှာပင် ဩကာသ ဩကာသ ဩကာသ စသဖြင့် ရှည်လျားစွာ ရွတ်ဆိုနေသော မေမေ၏ဘုရားရှိခိုးသံကိုကြား၍ လစ်ပြီကိုသိကာ နောက်ဖေးသို့ ကိုယ်လက်သုတ်သင်ရန် ဆင်းမည့်ဟန်ဖြင့်ထွက်ခဲ့လေ၏။ သို့ထွက်ခဲ့ရာ လှေခါးမှဆင်းမည်အပြုတွင် စိတ်ထဲတွင် တစုံတရာ လေးလံ၍လာသောကြောင့် ထိုအခါလေးကျမှ ဆင်းရမည်ကို ရွံ့ဖိုကာ အလိုလိုကြောက်လန့်လျက် ချီတုံချတုံ ဖြစ်၍နေလေ၏။သို့ရာတွင်ကျွန်တော့်မှာ များစွာစဉ်းစား၍ မနေနိုင်တော့ပြီ။ရွှီ ကနဲလေချွန်လိုက်သော မချစ်ဦး၏ ခေါ်သံသည် စဉ်းစားခြင်းအားလုံးကို ပျက်ပြား၍သွားစေကာ ကျွန်တော့်အား အမြန်ဆင်းစေလေတော့၏။

အောက်သို့ရောက်သည်နှင့်တပြိုင်နက် ကျွန်တော်သည် ပျာပျာသလဲဖြစ်ကာ မချစ်ဦးထံသို့ပြေး၍သွားကာ မချစ်ဦးသည် ကျွန်တော့်အား ဆီး၍ပွေ့ဖက်ပြီး 'အမလေး၊ အခုမှ တွေ့ရတော့တာပဲ ခင်ရဲ့' ဟုဆိုကာ ဝမ်းသာအားရ ကျွန်တော့် ပါးကလေးကို ချစ်လိုက်၏။

'ဟင့်အင်း၊ သူနဲ့ တွေ့ မှဖြင့်ဒီလိုချည်းပဲ'

'ချစ်လွန်းလို့မှ မချစ်ရတော့ဘူးလား ခင်ရယ်လေ၊ ချစ်ချစ်ချစ်ချစ်ချစ်ချစ်သိပ်ချစ်လို့ပါ' ဟုဆိုကာ ချစ်တလုံးလျှင် တခါကျချစ်ပြန်လေတော့၏။

'ဒီလိုချစ်တာတွေထားပါဦး၊ အခုတွေ့ရအောင်လာတာ ဘာအရေးကြီးလို့လဲ'

'ခင် ... ရှည်ရှည်တော့ ချစ်ချစ်မပြောတော့ဘူး၊ ခင် ချစ်ချစ်ကို တကယ်ချစ်ရင် အခုတခါထဲ လိုက်ခဲ့ပါတော့၊ ခင်မလိုက်ရင်ဖြင့် ချစ်ချစ်သေပစ်လိုက်တော့မယ်' ဟုပြောလိုက်ရာ ကျွန်တော့်မှာ အံ့ဩမိတော့၏။

'အို ... ဘာပြုလို့သေရမှာလဲလို့ သေတဲ့စကားမပြောစမ်းပါနဲ့'

'ခင် မလိုက်ရင် ချစ်ချစ်သေ ဘို့ကောင်းလောက်အောင်ဖြစ်နေလို့ပါ၊ အခုလိုက်ခဲ့ပါ'

'အမယ် သူက အခုပဲဖြစ်လာရပြန်ပြီ၊ အရင်တုန်းက ဒီကခိုးပါခိုးပါ ဆိုတုန်းကတော့ တစ်နှစ်စောင့်လေး ဘာလေးညာလေးနဲ့ အခုမှဘယ့်နှယ့်ဖြစ်လာရတာတုန်း'

'ခင်မသိဘူးနော်၊ မသိဘူး'

'အို မသိလို့မေးတာပေါ့၊ခက်လိုက်ပါဘိတော့'

ထိုအခါ မချစ်ဦး၏မျက်နှာတွင် သနားဘွယ်ရာညိုးငယ်စွာ ဖြစ်ပေါ်လာသည်ကို တွေ့ရလေ၏။ ကျွန်တော်သည် မချစ်ဦး၏ တကိုယ်လုံးကိုကြည့်လိုက်ရာ ရှေးကနှင့်မတူဘဲ အသားအသွေးပြောင်းလဲကာ လာသည်ကိုတွေ့ရပြီးလျှင် ကွဲကွာနေသော အတောအတွင်းဝယ် ပြည့်ဖြိုး၍လာသည်ကို တွေ့ရလေ၏။

သို့အားဖြင့် ကွဲကွာနေသည့်ကာလအတွင်းဝယ် ကျွန်တော့် အတွက်မပူမပင် စိတ်ကြည်လင်အေးချမ်းခြင်းကြောင့် ဝဖြိုးလာသည်ဟုထင်မြင်ကာ စကားနာရှာမည် ဟုကြံစည်နေဆဲတွင် မချစ်ဦးသည် ကျွန်တော်၏ နားတွင်ကပ်၍တစုံတရာပြော လိုက်ရာ တွင် ထင်ချက်နှင့်လွဲကာ မျက်လုံးပြူးစရာ တွေ့ရလေတော့၏။ မချစ်ဦးမှာ ကျွန်တော်၏ ရည်းစားလည်းမက ကျွန်တော်၏ လင်လည်းမကျနေထိုင်ခဲ့ရာ ယခုကျွန်တော်၏ လင်ဟုဆိုရလောက်အောင် အခြေအနေသို့ရောက်ခါကျွန်တော့် လင်မှာ ကိုယ်ဝန်ရှိနေသည်ကို သိရလေတော့၏။ ထိုသို့ဖြစ်၍မချစ်ဦး၏ စကားကိုကြားလိုက်ရလျှင် ကျွန်တော့်မှာ ဟိုက်ခနဲ အသံထွက်ကာ စကားမဆက်နိုင်အောင် ရှိပေ၏။

'ဒါဖြင့်ဘယ်လိုလုပ်ကြမလဲ'

'ဘယ်လိုမှ တခြားလုပ်စရာမရှိတော့ဘူး၊ ချစ်ချစ်ခိုးရာကိုသာ လိုက်ခဲ့ပါတော့ခင်ရယ်၊ ခင်မလိုက်ရင် ချစ်ချစ်တော့ အရှက်ကွဲရတော့မှာပဲ၊ အဲဒီလိုတော့ဖြင့် အရှက်ကွဲ မခံရစေနဲ့ခင်ရယ်၊ ချစ်ချစ်ကို ခင်မသနားလို့ ခင်မလိုက်တော့ဘူးဆိုရင်ဖြင့် ...' ဟုဆိုကာ ခါးကြားမှဒါးကိုပြကာ 'ချစ်ချစ်ကို ဟောဒီဒါးနှင့် ထိုးပြီးသေလိုက်တော့မယ်' ဟုပြောရာ ကျွန်တော့်မှာဒါးကြီးကိုမြင်၍အသည်းထိတ်သွားရပေ၏။ ပြော၍ မကုန်နိုင်အောင်အံ့သြခြင်းသည် ကျွန်တော်၏ နှလုံးတွင်းဝယ်ပေါ်လာလေတော့၏။ ကျွန်တော်နှင့်မချစ်ဦးတို့မှာယခင်ကညညချိန်းဆိုတွေ့ဆုံကြရာတွင်ဆင်ကန်းတောတိုး သဖွယ် ရှေ့နောက်မမြင်ဘဲအချစ်တွင်မျောလျက်တဏှာဇွက်ထဲသို့ကျခဲ့ကြလေရာ ကျွန်တော့်မှာယောက်ျားကလေးဖြစ်သည့် အတိုင်းလူပျိုရည်ပျက်လျက် မချစ်ဦး အတာမကြုံလျှင်တသက်တွင်အရှက်ကွဲ ရတော့မည်ကို တွေး၍ပူပန်မိခဲ့ပေ၏။ သို့ရာတွင်သဘာဝတရားကြီးတွင် မပြောင်းလဲသော အရာဝတ္ထုကြီးတစ်ခုရှိလေရာ သူတို့၏အဖြစ်အပျက် မည်သို့ပင် ပြောင်းလဲစေကာမူ သဘာဝမှာမပြောင်းလွဲဘဲ ရှိသည့်အတိုင်း မချစ်ဦးမှာ မိန်းမဖြစ်သည်နှင့်အညီ သူ၏ကိုယ်တွင် သားသန္ဓေတည်နေသည်ကို တွေ့ရပေတော့၏။

'ခင်ဘာတွေ စဉ်းစားနေတာလဲခင်ရဲ့၊ အရင်တုန်းက ခင်ကပဲခိုးပါတော့ ခိုးပါတော့ လို့ပြောပြီး အခုခိုးရအောင်လာတော့မှ နောက်ဆုတ်သွားတော့မှာလား ဒီလိုဆိုရင် အရင်က ခင်ပြောတာတွေဟာ ချစ်ချစ်အပေါ် မှာ ဟန်ဆောင်ပြီး မူတာန္တဲ့တာ တွေပေါ့လေ။'

'မလိုက်ချင်လို့ စဉ်းစားနေတာ မဟုတ်ပါဘူးချစ်ချစ်ရယ်၊ ချစ်ချစ် ခိုးမယ်ပြောတာ မြန်လွန်းလို့စဉ်းစားနေတာပါ၊ အရင်က ဘာမှမပြောဘဲ အခုမှရှုတ်တရက်ကြီး ခိုးရာလိုက်ခဲ့ပါခေါ်တော့ မောင်လည်းအကြံရကြပ်ပြီးစဉ်းစားမိတာပေါ့'

'စဉ်းစားဘို့ မလိုတော့ပါဘူးခင်ရယ်၊ ခင်မလိုက်ရင် ရှင်ကွဲမကွဲသေကွဲကွဲဆိုသလို တနည်းနည်းနဲ့ကွဲဘို့ဖြစ်နေပြီ၊ ခင်နဲ့ ချစ်ချစ် ဘယ်လိုပင်ချစ်ကြပေမဲ့ ပြည်ပန်းညို ချိုချင်ရဲ့ ဆားဖျက်တယ် ဆိုတာလို ခင့်မိဘတွေကဖျက်ထားတော့ ယခုလိုတွေ့တုန်းမှ

မလိုက်ရင် နောင်ကိုတွေ့ဖို့ဝေးပြီ၊ ခင့်မိဘတွေပေးစားတဲ့မိန်းမနဲ့ခင်ညားကြရတော့မှာမို့ ရှင်ကွဲ ကွဲရတော့မှာပဲခင်ရယ် ... ချစ်ချစ် လည်းဒီလိုဆိုရင်အရှက်ကွဲတော့ဖြင့် မခံဘဲ ဟောဒီဒါးနဲ့ထိုးပြီးသေလိုက်တော့မယ်၊ တခွန်းထဲဘဲပြောပါတော့' ဟုဆို၍ သူ့ရင်ဘတ်ကိုဒါးဖြင့်ထောက်ပြလိုက်ရာ ကျွန်တော့်မှာ ဖြင့်မမြင်ဝံ့တော့ဘဲ 'အမယ်လေး ဒီလိုတော့ဖြင့် မသေပါနဲ့ ' ဟုဆိုကာ ဒါးကိုင်လက်ကို ဆွဲထားလိုက်မိပေတော့၏။

'ဒါဖြင့် လိုက်မယ်လား' ဟုမေးရာ ကျွန်တော့်မှာ ရုတ်တရက်အဖြေမပေးဘဲ ငေးမောတွေးတော နေမိပေသေးတော့၏။

ကျွန်တော့်မှာ ယောကျာ်းမို့ အားနွဲ့သူပင်ဖြစ်သော်လည်း၊ ယခုတွေ့ရသော အဖြစ်အပျက်မျိုးတွင် မချစ်ဦးနောက်သို့ ကျွန်တော် မလိုက်ဘဲနေ၍ ကျွန်တော် ၌ ရှက်ကြောက်ဘွယ်ရာအဖြစ်သို့ မရောက်နိုင် ကျွန်တော့်အဖို့ လွတ်လပ်နေသည်ကို တွေ့ရကာ လွတ်လပ်သော ဘဝသို့လိုက်မည်လော၊ မိဘများကိုပစ်မည်လော၊ အချစ် ကို စွန့်မည်လောဟု တွေးတောခြင်းဖြင့် တကွ ထိုမေးခွန်းများနှင့်ထပ်ချပ်မကွာ ပေါ် လာသော အဖြေ အမျိုးမျိုးတို့သည် ဦးနှောက်အတွင်း လျှင်မြန်စွာ ဆက်ကာဆက်ကာ ပေါ်လာလေ၏။

ထိုသို့စဉ်းစားတွေးတော နေစဉ်မှာပင် အိမ်ပေါ်မှ 'အဟမ်း အဟမ်း' နှင့် ချောင်းဆိုးသံများကို ကြားရပေရာ မေမေ နိုးနေသည်ကို တွေ့ရသဖြင့် ကျွန်တော် တွင် ထိတ်လန့် မျက်လုံးပြူးခြင်းဖြစ်မိပေတော့၏။ယခု ကျွန်တော်တို့ဖြစ်ပျက်ပုံ ကိုမေမေတွေ့သွားလျင် ကျွန်တော့် အသက် ဖက်နှင့်ထုပ်၍အပ်ရတော့မည်ဖြစ်၏။ သို့ဖြစ်ရကား ကျွန်တော့်မှာ အသက်မှ မှန်မှန် မရှူ နိုင်ဘဲ ရှိလေရာ မကြာမီအိမ် နောက်ဖေးပေါက်မှ စူးရှထိန်လင်းသော လက်နှိပ်ဓါတ်မီးရောင်သည် ခြံနောက်ဖေး ဆီသို့ ထိုးသွင်းရှာဖွေသည်ကို တွေ့ရသည်နှင့်တပြိုင်နက် ကျွန်တော် သည် မချစ် ဦးကို အားကိုးပြု၍ဖက်ကာ ပန်းခြံနောက်ကွယ်တွင် နှစ်ယောက်သားပြေးဝင်၍ ပုန်းကွယ်လိုက်ရလေ၏။

'ကဲ ဘယ့်နှယ့်လုပ်ပါ့မလဲ၊ ခက်ကုန်ပြီ မိသွားရင်တော့ အခက်ပဲ၊ အမိမခံချင်ရင် ချစ်ချစ်နဲ့ တခါထဲပြေးကြစို့၊ နှစ်ယောက်စလုံးတွေ့နေရင်လည်း အခက်ပဲ အိမ်ပေါ် ကိုခင်ပြန်ပြီးတက်ဖို့ကလည်း ခင်မရှိတာကိုသိသွားပြီ၊ ချစ်ချစ်နဲ့သာလိုက်ခဲ့တော့' ကျွန်တော့်မှာ အလွန်အကြပ်ရိုက်၍နေလေတော့၏။ ယခုကဲ့သို့သောအခြေအနေတွင် အိမ်ပေါ် သို့ပြန်၍တက်ပြေးဘို့ကလည်းမဖြစ်နိုင်၊ နှစ်ယောက်သားအမိခံဘို့ကလည်း မဖြစ်နိုင်သည်ဖြစ်ရာ၊ ယခုလောလောဆယ် တွေ့ရမည့်ဒုက္ခကိုရှောင်ကွင်းနိုင်ရန်မှာ မချစ်ဦးနှင့်လိုက်ပြေး၍ ယခုဒုက္ခကို နောက်မှခံရန် အချိန်လွှဲခြင်းမှတပါး အခြားမရှိတော့ပြီဖြစ်ပေတော့၏။

'ဘယ့်နှယ့်လဲခင်၊ ပြောစမ်းပါ၊ ဟိုမှာဆင်းလာပြီ၊ ပြောစမ်းပါ၊ လိုက်မယ်မဟုတ်လား၊ ' ကျွန်တော့်မှာ ဦးနှောက်ထုပူရှုပ်ထွေးကာ မည်သို့ဖြေလိုက်သည်ကိုပင်

သတိမရတော့ဘဲ အတန်ကြာမှ ခြံကြိုခြံကြားထဲတွင် မချစ်ဦးက ကျွန်တော်၏ လက်ကိုဆွဲ၍ကျွန်တော် က နောက်မှ လိုက်ပါနေသည်ကို တွေ့မြင်မှ ခိုးရာလိုက် ခဲ့ပြီကို သတိရပေ၏။

ကျွန်တော့်မှာ ဆူးများကိုင်းများဖြင့်ခြစ်မိ ချိတ်မိသည်ကို ဂရုမစိုက်နိုင် ခွေးလိုက်သည်ကို လည်းမကြောက်ရွံ့ဘဲ အတင်းဇွတ်တရွတ် ထွက်ပြေးလာခဲ့ကြ လေရာ ခေတ္တမျှ ကြာလျှင် ခြံတွင်းမှထွက်လာပြီး လမ်းမကြီးတစ်ခုပေါ်သို့ရောက် လာကြလေ၏။ လမ်းပေါ် သို့ရောက်လျှင် ကျွန်တော်၏ စိတ်ထဲတွင် ကျွန်တော်သည် မိဘများ စွန့်ပစ်ခဲ့လေပြီ ဟူသောသိမြင်ခြင်းသည် နှလုံးသားထဲတွင် ထင်လင်းစွာ ပေါ် လာလေရာ ကျွန်တော့်မှာ ဝမ်းနည်းခြင်း အားလျော့ခြင်း လွမ်းဆွတ်ခြင်းတည်း ဟူသော စိတ်အာရုံများသည် ပေါ်ပေါက်လာလေ၏။ ထိုသို့ရှိသော်လည်း တဖက် ကပြန်၍တွေးလိုက်သော အခါကျွန်တော်သည် ချစ်သူ၏နောက်သို့ လိုက်ပါခဲ့ပြီ ဖြစ်ရကား ကျွန်တော်သည် ကျွန်တော်၏ ချစ်သူနှင့် အတူတကွပေါင်းသင်းပျော် ရွှင် ချစ်နိဗ္ဗာန် ဝင်ရတော့မည်ဖြစ်သဖြင့် ကျွန်တော် တို့နှစ်ယောက်မှာ အချစ်၏ ပျော်မွေ့ရာ နိဗ္ဗာန်လမ်းသို့ စွန့်စားကာလှမ်းခဲ့ကြလေပြီ ဟုတွေးတောမိခြင်းဖြင့် ပျော်ရွှင်ဝမ်းသာမိပြန်လေ၏။

ထိုသို့လျှင် ကျွန်တော်၏စိတ်ထဲ၌ အာရုံထွေပြား လှုပ်ရှားဖောက်ပြန်လျက် ရှိသည်မှာ အမျိုးမျိုး အဖုံဖုံဖြစ်၍နေသောကြောင့် ကျွန်တော့်မှာ ကျွန်တော်၏ စိတ် ထဲတွင် အဘယ်ကဲ့သို့ဖြစ်နေသည်ကို ဝေခွဲ၍မရနိုင်အောင်ရှိကာ ကျွန်တော် သိရ သမျှမှာ ကျွန်တော် တို့နှစ်ယောက်ပြေး၍လာသည်ကို လူမြင်၍သွားမည်စိုးခြင်း၊ လိုက်၍လာကြမည်ကို ကြောက်ရွံ့ခြင်း များပင်ဖြစ်ပေ၏။

'ချစ်ချစ် ဘယ်သွားမလို့လဲ၊ မောင်သိပ်ကြောက်တာပဲ၊ လူမရှိတဲ့လမ်းကသွားပါ၊ ရှေ့ကမီးတွေလင်းနေတယ်၊ မြင်သွားရင်ခက်တော့မှာပဲ'

'အို... ခင်ကလဲ၊ ဘာမှမကြောက်ပါနဲ့၊ ချစ်ချစ်တယောက်လုံးရှိသားပဲ'

ဟု အားပေးမှ ကျွန်တော့်မှာ မချစ်ဦးကို အားကိုးအားထားပြုကာ လက်ကိုဖက်လျက် လိုက်ခဲ့လေရာ မချစ်ဦးက 'လာလာ ဒီလမ်းကသွားမယ်၊ ရှေ့ကျရင်မှောင်ရိပ်ထဲမှာ ခဏနေရစ်၊ ချစ်ချစ် မော်တော်ကားသွားပြီးငှားလိုက်မယ်၊' ဟုပြောကာကျွန်တော့်အား ခေါ်ခဲ့ရာ ကျွန်တော်လည်း ချစ်ချစ်နှင့်ထပ်ချပ်မကွာ အပြေးကလေးသွားကာ လိုက်ခဲ့ရလေ၏။ အတန်ငယ်လျောက်မိကြလျှင်မချစ်ဦးပြောသောသစ်ပင်ရိပ်အောက်သို့ ရောက်ကြလေ၏။

'ခင် ဒီမှာ ခဏနေဦး၊'

'မနေဝံ့ဘူး ချစ်ချစ်ရဲ့၊ မောင်တစ်ယောက်ထဲသိပ်ပြီးကြောက်တာပဲ၊မောင်ပါလိုက်ခဲ့မယ်'

'အို ... ခင်လိုက်လို့မဖြစ်လို့ မခေါ်တာပေါ့၊ ကားဆိပ်မှာ လူတယောက်ယောက် တွေ့မှာစိုးလို့ပါ၊ ချစ်ချစ် ချက်ခြင်းပြန်လာခဲ့မှာပဲ၊ ဘာမှမကြောက်ပါနဲ့၊ ဟောဒီဒါးယူ ထား၊ ဘယ်သူဖြစ်ဖြစ် အနားကပ်လာရင် ထိုးသာပစ်လိုက်' ဟုဆိုကာ ဒါးကို ထုတ်

ပေးလိုက်ရာ ကျွန်တော်၏ စိတ်သည် အလိုအလျောက် လက်သည်ဒါးကို လှမ်းယူလိုက်မိလေ၏။ လက်ထဲသို့ ဒါးရောက်လာလျှင် ကျွန်တော့်မှာ အတော်လေးရဲတင်းလာကာ 'ချစ်ချစ်မြန်မြန် ပြန်လာခဲ့နော်၊ မြန်မြန်မလာလို့ရှိရင်တော့၊ ချစ်ချစ်နောက်ကိုမလိုက်တော့ဘူး၊ အိမ်လည်းမပြန်တော့ဘူး၊ ဒီဒါးနဲ့သာ သတ်သေမယ်' ဟုပြောလိုက်ရာ၊ မချစ်ဦးသည် 'အို ...စိတ်ချ ချက်ချင်းပြန်လာခဲ့မယ်' ဟုပြောပြောဆိုဆို ကျွန်တော့်အား တစ်ချက်မျှ အချစ်ပေးခဲ့ပြီး၊ ခတ်သုတ်သုတ်ထွက်သွားလေ၏။ ကျွန်တော်၏စိတ်၌ ဒါးရှိနေသော်လည်း တယောက်ထဲရှိနေသည့်အဖြစ်ကိုသိသောအခါကျွန်တော့်မှာ ကြောက်ရွံ့စိတ်များပေါ် လာမိပေ၏။အိမ်ကလူကြီးများ လိုက်၍လာလေမည်လား၊ ပုလိပ်မများလာ၍ဖမ်းလေမည်လား၊ ဂျပိုးမ တေလေမတွေ့ကျွန်တော်အားတွေ့သွားပြီး မတော်မတရားပြုလေမည်လားဟု တွေးမိကာ မျက်စိများတွင် ဟိုဘက်ကြည့် လူလိုလို၊ ဒီဘက်ကြည့် လူလိုလို နှင့် စိတ်ချောက်ခြားလျက် ကြောက်ရွံ့ မိကာ မချစ်ဦးပြန်လာခဲလိုက်တာ ဟုအောက်မေ့မိလေ၏။

အတန်ကြာလျှင် ကျွန်တော်တို့လာခဲ့သော လမ်းဘက်ဆီမှ အရှိန်ပြင်းစွာမောင်းလျက်စူးရှစွာ မီးထိုးလာသော မော်တော်ကားတစင်း လိုက်၍လာသည်ကိုတွေ့ရလေ၏။ ကျွန်တော့်မှာ ထိုကားကိုမြင်ရလျှင် အသက်မှမှန်မှန်မရှူဝံ့တော့ဘဲမိသွားမည်ကို ကြောက်ရွံ့ကာ မချစ်ဦးမြန်မြန်ပြန်၍ မလာသည်ကို စိတ်ဆိုးလျက်ကျွန်တော့်အား တမင်ဒုက္ခပေးသွားတာများပင်ဖြစ်လေရော့သလားဟု တမျိုးတမည်ထင်မြင်မိကာ သေ၍ပစ်လိုက်ချင်မိတော့၏။ မောင်းလာသောကားမှာလည်း တဖြေးဖြေးနီးလာလေ၏။ ကျွန်တော့်မှာ ဘာမှ မကြံတတ်တော့ဘဲ လွတ်လိုလွတ်ညားသဘောထားကာ သစ်ပင်အကွယ်တွင် ဝင်၍ကပ်လိုက်လေ၏။

ထိုအခိုက်တွင် မောင်းလာသောကားသည် ဖျတ်ကနဲ မီးငြိမ်းသွားလေ၏။ ဘာကြောင့်မီးငြိမ်းသွားသည်ကို တွေး၍မရနိုင်ဘဲရှိတော့၏။ ကားလာနေသည်ကိုကျွန်တော်မသိစေလို၍လော၊မီးပျက်သွား၍လော ဘယ်သဘောဖြစ်သွားသည်ကိုမသိနိုင်ဘဲရှိတော့၏။ ထိုအခိုက်တွင်ကားကြီးသည် တရှိန်ထိုးရောက်လာကာကျွန်တော် ပုန်းကွယ်၍နေသော သစ်ပင်ဘက်သို့ ထိုး၍ဆိုက်လေ၏။

ကျွန်တော့် တကိုယ်လုံး တုန်လျက် ဇောချွေးများကျနေလေ၏။ ကားပေါ်တွင် မည်သူမည်ဝါပါသည်ကို မကြည့်ဘဲ မချစ်ဦး ဖြစ်လေရော့သလား၊ လိုက်၍ဖမ်းသူများဖြစ်ပေသလော၊ မချစ်ဦးဆိုလျှင် ရှေ့ကပြန်လာဘို့သာရှိ၏။ နောက်ကလိုက်လာဘို့မရှိဟု အမျိုးမျိုးတွေးလုံးများထွက်လာလေ၏။ မကြာမီ ကားပေါ်မှလူတစ်ယောက်ဆင်းလာပြီး ကျွန်တော့်ဆီ ခပ်သုတ်သုတ်ပြေးလာရာ ကျွန်တော်လည်းမကြံနိုင်တော့သည့်အဆုံးတွင် ဒါးဖြင့်ထိုးလိုက်မည်ဟု ချိန်ရွယ်ထားလိုက်လေ၏။ ထိုအခါကျမှ 'ခင်ရေ ... ဘယ်မှာလဲ' ဟု မချစ်ဦး၏အသံကိုကြားရသောကြောင့်ကျွန်တော့်မှာ ကြောက်လန့်စိတ်များပျောက်ကာ ပုန်းနေရာမှ ပြေးထွက်လျက် 'ဒီမှာ၊ ဒီမှာ' ဟုဆိုရင်း မချစ်ဦးထံပြေး၍ကပ်လေ၏။

မချစ်ဦးလည်း ကျွန်တော့်လက်ကို ဖမ်းဆွဲလိုက်ပြီး 'လာ ...လာ မြန်မြန်'ဟုဆိုကာ ကားပေါ် သို့ဆွဲပြေးကာ ကျွန်တော်လည်း ချစ်သူနောက်သို့ကောက်ကောက်ပါ၍ သွားကာ ကားပေါ် သို့ရောက်သည်နှင့်တပြိုင်နက် 'ဝီ' ကနဲမြည်သော အသံကြီးဖြင့် အရှိန်ပြင်းစွာ ကားထွက်၍လာလေ၏။

ကားသည် အရှိန်ပြင်းစွာမောင်းနှင်လာခဲ့လေရာ လမ်းဘေးဝဲယာသစ်ပင်များ အိမ်များသည် ချာချာလည်လျက်ကျန်ရစ်ခဲ့လေတော့၏။ မကြာမီကျွန်တော်တို့သည် မြို့စွန်မြို့ဖျားသို့ရောက်လာကြလေ၏။ ကျွန်တော်အား မချစ်ဦးဘယ်ကိုခေါ်မည်မသိဘဲ သူခေါ်ရာသို့လာလျင် လိုက်ရတော့မည်ဖြစ်ပေ၏။ တလမ်းလုံးတွင်လည်းတယောက်ကို တယောက်စကားမပြောနိုင်ဘဲ လိုက်လာမည်ကို သာစိုးရိမ်ကြောင့်ကြသော စိတ်ဖြင့် နောက်သို့ လှည့်တကြည့်ကြည့်ရှိကာ တိတ်ဆိတ်စွာပါလာကြလေ၏။

မြို့ပြင်ရောက်မှ မချစ်ဦးသည် စိတ်ချ၍သွားကာ ကျွန်တော့်အားပြုံးပြုံးလေး လုပ်၍ ကြည့်လိုက်ပြီးလျင် 'ခင်လေတိုက်လို့ချမ်းသလား' ဟု ဆိုကာကျွန်တော်၏ ကိုယ်ကို ပွေ့ဖက်ပြီးလျှင် သူ၏ရင်ခွင်ထဲတွင် ကိုယ်ငွေ့လှုံ၍ပေးလေ၏။

'ချစ်ချစ် မောင့်ကို ဘယ်အထိခေါ်မလို့လဲ'

'ရောက်တော့သိမှာပေါ့ခင်ရယ်၊ ဘာမှမကြောက်ပါနဲ့၊ ရဲရဲတင်းတင်းသာလိုက်ခဲ့ပါ' ဟုဆိုသဖြင့် ကျွန်တော့်မှာ သိ၍လည်းမထူး၊ မသိရ၍လည်း မထူး၊ခေါ်ရာနောက်သို့ လိုက်ရမည်သာဖြစ်တော့သည့်အတိုင်း မချစ်ဦး၏ ရင်ခွင်တွင်မှေးမိတ်လျက် လိုက်ခဲ့ရလေတော့၏။ ကျွန်တော့်မှာ ချမ်းလည်းချမ်း၊ အိပ်ကလည်းငိုက်သဖြင့် ခေါင်းစိုက်ပြီးလျှင် ပျော်မှန်းမသိအိပ်ပျော်ခဲ့လေ၏။ ကျွန်တော်သည် အဘယ်မျှကြာမြင့်စွာ အိပ်ပျော်မိသည် မသိ၊ ကျွန်တော့်ပါးပေါ် တွင် မျက်နှာကို အပ်လျက် 'ခင် ...ခင်..အို ..ခင်' ဟုမချစ်ဦးနှိုးလိုက်၍ နိုးတဲ့လာကာ ထ၍ကြည့် လိုက်ရာ အိမ်တအိမ်ရှေ့သို့ရောက်နေသည်ကိုတွေ့ရလေ၏။

'ချစ်ချစ်၊ အခုမောင်တို့ ဘယ်ကိုရောက်နေသလဲ'

'ချစ်ချစ် သူငယ်ချင်း စာတိုက်စာရေးမ မကျော်တင့်တို့အိမ်ပဲ၊ ဒီအိမ်မှာပုန်းကြမယ်' ဟုဆိုကာ ကားတံခါးကိုဖွင့်လိုက်ပြီးလျင် 'ကဲ ..ဆင်းကြစို့' ဟုဆိုသောကြောင့် ကျွန်တော် လည်း ကားပေါ်မှ ဆင်းလိုက်လေ၏။

မချစ်ဦးလည်း ကားပေါ်မှ ဆင်းပြီးလျှင် ကားမောင်းသူအား ကားခပေးပြီးနောက် ကျွန်တော်၏ ရှေ့ကသွားရာ ကျွန်တော် လည်း နောက်ကလိုက်ခဲ့လေ၏။ မကြာမီ မချစ်ဦးသည် အိမ်တံခါးကိုခေါက်၍နှိုးလေရာ ကျွန်တော့် မှာမျက်နှာပြရမှာ ရှက်သဖြင့် ခပ်လှမ်းလှမ်းကပင်ရပ်လျက်နေရလေ၏။

ခေတ္တမျှကြာလျှင် 'ဘယ်သူလဲ' ဟူသောအသံကို ကြားရကာ တံခါးပွင့်လာလေ၏။

'အလို မချစ်ဦးပါလား၊ အချိန်မတော်ကြီးမှာ ဘာအကြောင်းထူးလာလို့တုံး'

'အိုင်ဆေး ... ကိုယ်ယောကျာ်းခိုးလာတယ်'

'ဟာ ဗျောသံမကြားစည်သံမကြား ဘာမှပြင်ဆင်ပြီး မထားရပါလား၊လာ လာ ဝင်၊

ဘယ်မလဲ ကိုရည်းစား' ဟု မကျော်တင့်ဆိုသူနှင့်တူသော မိန်းမပျို၏ အသံကိုကြားရပြီးနောက် မချစ်ဦးသည် ကျွန်တော့် ထံသို့မြန်မြန်ကပ်လာကာ 'လာလေ ခင်၊ ရှက်မနေပါနဲ့၊ ချစ်ချစ်သူငယ်ချင်းတွေပဲ၊ ရှက်စရာမရှိပါဘူး' ဟုဆိုကာ လက်ဆွဲခေါ် သဖြင့် ကျွန်တော် လည်း အိမ်ထဲသို့လိုက်ပါရလေ၏။

အိမ်ထဲသို့ရောက်သောအခါ မကျော်တင့်သည် ကျွန်တော်ရှက်မည်စိုး၍ ဖြောင်မကြည့်ရဲသော်လည်း ကျွန်တော်၏ မျက်နှာကိုကြည့်ချင်သေးသည် ဖြစ်သောကြောင့် မသိမသာစောင်းမြောင်း၍ကြည့်လိုက်သည်ကို ကျွန်တော်၏ မျက်လုံးနှင့် ဆုံမိလေရာ သူလည်းအားနာသည့်အမူအရာဖြင့် မျက်နှာလွှဲသွားလျက် ကျွန်တော်လည်း ရှက်ရှက်နှင့်ခေါင်းငုံ့၍နေလိုက်ရသည်။

ကျွန်တော့်မှာ ရှက်လှသဖြင့် မီးလင်းလင်းတွင်မထိုင်ရဲဘဲ မှောင်ထဲတွင် ကုပ်၍နေရလေ၏။ မချစ်ဦးနှင့်မကျော်တင့်တို့မှာ ကျွန်တော်တို့အတွက် နေရာထိုင်ခင်းပေးရန် အခန်းတခန်းကို ရှင်းလင်းလျက် ဖျာများမွေ့ယာ ခေါင်း အုံးများသယ်ကာယူကာနှင့် အလုပ်များနေကြလေရာ ထိုပစ္စည်းများကို ကျွန် တော်မြင်ရလျှင် အလွန်ပင်ရှက်မိသည့်အထဲ၌ မကျော်တင့်က မည်သို့နောက် ပြောင်လိုက်သည်မသိ၊ တခွီးခွီးဖြစ်နေသံများကို ကြားရပြန်သောကြောင့် ကျွန် တော့်မှာ ရှက်၍ မဆုံးနိုင်ဘဲရှိပေတော့၏။

ထိုကဲ့သို့ ရွှေကြပြောင်းကြ ခင်းကျင်းပြင်ဆင်ကြ သဖြင့်ရှိကြရာ တအိမ်လုံး မည်သူမျှမနေနိုင်ကြတော့ဘဲ မိန်းမရော ယောကျ်ားပါ အလုပ်များ၍နေကြလေ၏။ မကျော်တင့်အိမ်မှာပင် စာရေးမနှင့် သဏ္ဌာန်တူသော မိန်းမပျိုများလည်းရှိသည်ကို တွေ့ရပေရာ ၎င်းတို့မှာ မကျော်တင့်အိမ်တွင် လခပေး၍ စားသောက် နေထိုင်သူများ ဖြစ်ပေလိမ့်မည်ဟုယူဆရပေ၏။အတန်ကြာသောအခါကျွန်တော်တို့အတွက်အခန်းပြင် ဆင်ပြီး ဖြစ်လေရာ၊ မချစ်ဦးကလာ၍ခေါ်သည်တွင် ကျွန်တော့်မှာ မိန်းမပျိုများရှေ့၌ အခန်းထဲသို့ဝင်သွားရမည်ကို အလွန်ရှက်လှသောကြောင့် ၎င်းတို့အားဖယ်ပေးစေပြီးမှ ဝင်ရပေတော့၏။

မကျော်တင့်၏ သူငယ်ချင်းမများမှာ ထိုညတွင်ပျော်၍ မဆုံးနိုင်သကဲ့သို့ ဘာတွေကြိတ်၍ ပြောဆိုရှုပ်နောက်နေကြသည်မသိတခိခိအသံများကိုကြားနေရပေ၏။ တခါတခါတွင် ကျွန်တော်တို့အားရွှေနားတော်ကြားပြောသကဲ့သို့ အသံကျယ်ကျယ်ဖြင့် 'ဟော့ မထွန်းစိန်၊ ဒီနေ့ သတင်းစာထဲမှာ ဗေဒင်ခန်းဖတ်မိရဲ့လား၊ ဘာတွေပါလာလို့လဲ၊ ဒီကနေ့ည ငလျင်လှုပ်လိမ့်မယ်' ဟုဆိုကာ ရယ်လိုက်ကြသည်များကြားရပေ၏။ အတော်ကလေးကြာသွားသောအခါ ထိုသို့စကားပြောသံရယ်သံများပျောက်သွားပြီး၊ အခန်းဘေးပတ်လည်အပြင်ဖက်မှ ကြွက်တိုးသံများကဲ့သို့လည်းကောင်း၊ နံရံပေါ် သို့ ကြွက်လျောက်သကဲ့သို့လည်းကောင်း ကြိုးကြိုးကျိကျိ အသံများကို ကြားရလေရာ၊ ကျွန်တော့်မှာ၎င်းတို့အပေါက်ချောင်းနေသည်ကိုသိရကာရှက်ပြီးရင်းရှက်ရင်းဖြစ်နေပေ ၏။

'ဟိုဘက်အခန်းက ကြွက်တွေ ဆူလှချည်လား၊ အိပ်ပဲ မအိပ်နိုင်ဘူး' ဟု မကျော်တင့်ကပြောလိုက်သံကိုကြားရကာ ထိုအသံကိုကြားရပြီးနောက် ကြွက်သံများပျောက်သွားမှ မကျော်တင့်က ၎င်း၏သူငယ်ချင်းမများ အကြောင်းကိုသိရသဖြင့် ကျွန်တော်တို့ မရှက်ရအောင် မကြည့်ကြရန် ဟန့်တားလိုက်သည်ကို မကျော်တင့်အား ကျွန်တော်၏ စိတ်ထဲမှ ကြိတ်၍ကျေးဇူးတင်မိပေတော့၏။ထိုသို့ငြိမ်သွားတော့မှ ကျွန်တော်တို့မှာအရှက်ပြေကာ တယောက်မျက်နှာတယောက်ကြည့်လျက် ချစ်သည် ခင်သည် ကြင်သည်ဆိုသည့်စကားများကို အားရအောင်ပြောနိုင်ကြပေ၏။

မနက်မိုးသောက် အလင်းသို့ရောက်သောအခါ ကျွန်တော့်မှာ ကျွန်တော်၏ မျက်နှာကို အမြင်ခံရမှာ ရှက်၍ အပြင်သို့မထွက်ရဲဘဲရှိလေ၏။ ထိုသို့ကျွန်တော် မထွက်ရဲသဖြင့် မချစ်ဦးကိုယ်တိုင် ကျွန်တော့်အတွက် မျက်နှာသစ်ရေများ မုန့် လဖက်ရည်များကို အခန်းတွင်းသို့သယ်ယူပေးရရှာလေ၏။

မကျော်တင့်၏ သူငယ်ချင်းမများမှာ ကာလသမီးဘာဝ ပျော်ချင်နောက်ချင် တတ်ကြသည့်အတိုင်း ကျွန်တော်ရှက်မည်ကို ပမာဏမထားနိုင်ကြဘဲ လဘက်ရည် စားပွဲ၌ ဟားတိုက်၍နေရာ ၎င်းတို့၏အသံများကို ခပ်သဲ့သဲ့ကြားရလေ၏။ 'ညတုန်က မထွန်းစိန်အကဲဆိုးပေ့၊ နံရံဖက်ပြီးတက်တာ ရင်ဘတ်ကိုသစ်သားစ စူးလို့ မနဲနုတ်ယူရတယ်၊ ဟား ... ဟား ...ဟီး ... ဟင်း ... ဟတ် ... ဟီ ဟီ ဟီ' ဟူသော အသံများကိုလည်းကြားရ၍ 'တိုးတိုး ပြောကြပါ ကြားရင်ရှက်နေပါဦးမယ်' ဟုကျယ်လောင်စွာ ပြောလိုက်ပြီး ဟားတိုက်လိုက်သံများကိုလည်းကြားလိုက်ရလေ၏။ ထိုမျှမက မချစ်ဦးအပြင်သို့ထွက်သွားသည့်အခါ 'လာပါဦးမချစ်ဦး'ဟုခေါ်သံကြားရပြီး 'မုန်းစမ်း၊ ကိုင်ကြည့်ရအောင် အမယ် ကာတစ်တောင်အတော်ပျော့သွားပြီ' ဟုဆိုကာရယ်သံများကို ကြားရပြန်တော့၏။

ထိုသို့လျှင် ကျွန်တော်၏စိတ်ထဲတွင် ယားကျိကျိဖြစ်စရာ စကားများကို ကြားရလေရာ ၎င်းတို့တတွေ ရုံးသွားချိန်ရောက်တော့မှ ကျွန်တော့်မှာ စိတ်သက်သာရာ ရပေတော့၏။ ထိုနေ့တနေ့ လုံးအဖို့မှာကား ကျွန်တော့်မှာ ရှေ့ရေးကိုတွေးပူကာ ပူပင်စရာတွေ ဆက်ခါဆက်ခါ ထင်မြင်လာသောကြောင့် ခိုးရာလိုက်ခဲ့ မိသည်ကို မှားလေစွဟုအောက်မေ့မိသော်လည်း မချစ်ဦး စိတ်မကောင်းဖြစ်မည်စိုး၍ ဖွင့်မပြောဘဲ နေရလေ၏။ မချစ်ဦးမှာ ကား ကျွန်တော်၏ ကိုယ်ကို အပိုင်ရပြီဖြစ်သောကြောင့် ပျော်ရွှင်နေသကဲ့သို့ရှိပေ၏။ ကျွန်တော့်အား ဘာမှ စိတ်မညစ်ဘို့ အားမငယ်ဘို့ များကိုပြောဆိုအားပေးကာ သမီးရည်းစားဘဝတုန်းက လွတ်လပ်စွာ မချစ်ခဲ့ရသမျှ ယခုမှ အတိုးချ၍ ချစ်နေရလေတော့၏။

'ခင်ဘာမှ အားမငယ်နဲ့နော်၊ ဘာမှမပူနဲ့၊ ခင်တစုံတရာ ဖြစ်မယ်ဆိုရင်ချစ်ချစ် ရှေ့ကနေပြီး အသေခံလိုက်မယ်၊ ရှေ့ကိုနေရေးထိုင်ရေးအတွက်လည်း ဘာမှ မကြောက်ပါနဲ့၊ ဒီနေ့ကစပြီးပျော်ဖို့ပဲရှိတော့တယ်' ဟုပြောရာ ကျွန်တော့်မှာ

သူ့စကားကို မည်သို့မျှပြန်မပြောနိုင်ဘဲ 'ခင်ဘာဖြစ်သလဲ၊ မပျော်ဘူးလား' ဟုမေးရာ 'မပျော်လို့ မဟုတ်ပါဘူး၊ မောင့်မိဘတွေလိုက်လာပြီး အချစ်ကို ခွဲမှာ စိုးရိမ်လို့ပါ' ဟုပြောလိုက်ရပေ၏။

'အို ... ချစ်ချစ်တို့ဒီမှာရှိတယ်ဆိုတာ ဘယ်သူပြောမလဲ'

'မပြောတတ်ဘူးလေ၊ ဂါတ်ကို တိုင်ရင်ဘယ့်နှယ့်လုပ်မလဲ၊ ပုလိပ်ကတော့ရှာမှာပဲ၊ ကားနဲ့လိုက်ပို့တဲ့ ကားမောင်းတဲ့မိန်းမက ပြောချင်ပြောမှာ'

'မပူပါနဲ့လေ၊ ဘာမှမပူနဲ့၊ အိမ်ကလိုက်ရှာလို့တွေ့သွားတော့ ခင်မလိုက်ဘူးမဟုတ်လား၊ ချစ်ချစ် ကို ချစ်လို့ မိဘကိုစွန့်ပစ်ပြီးလာခဲ့ရမှ ဘာပြုလို့ပြန်လိုက်ရမှာလဲ'

'ဒီလိုဆိုပြီးတာပေါ့၊ ... မပြီးသေးဘူးထင်တယ်၊ ပုလိပ်မှုလုပ်ထားလို့ လာဖမ်းရင် ဘယ့်နှယ့်လုပ်ပါ့မလဲ'

'ဒါလောက်လည်း ပူစရာမဟုတ်ပါဘူး၊ နှစ်ဦးသဘောတူ လိုက်လာတယ်ဆိုရင် ဘာဖြစ်ဦးမှာလဲ၊ ဒါကတော့ ခင့်တယောက်ပါပဲ၊ ခင့်သဘောအတိုင်းပဲ၊ ခင်ချစ်လို့လိုက် လာတယ်ဆိုရင် ပြီးတာပဲ၊ ခင်ကသာ နောက်တော့စိတ်ပြောင်းပြီး မိဘစကားကို နားထောင်သွားရင်သာ ခက်တာပါပဲ'

'ဒီလိုတော့ မဖြစ်စေရဘူး ချစ်ချစ်ရယ်စိတ်ချပါ။'

'ဒါဖြင့်ရင်ဘာပူစရာရှိသေးတော့လို့လဲ၊ပျော်စရာသာရှိတော့တာပေါ့၊ဟောပျော်လိုက်ကြ ဦးစို့ ' ဟုဆိုပြီးလျှင် ကျွန်တော်၏ပါးကလေးကို တအားကြည်စယ်ကာ ပလူးလိုက်ရာ ကျွန်တော်ကား အချစ်၏ပျော်မွေ့ဖွယ်ရာကောင်းခြင်းဖြင့် ပူပင်ခြင်းတို့ကို ထိုအခိုက်အတန့်၌ ပင်မေ့လျော့သွားလေတော့၏။

ထိုသို့လျှင်ကျွန်တော်တို့သည် အချစ်ကုန်သောရည်းစားဘဝမှ အရှက်ကုန် သော လင်ယောကျ်ား လင်မိန်းမဘဝသို့ရောက်ရှိကြလေရာ ချစ်တုန်းခင်တုန်းတပြုံး ပြုံးနှင့် ရှိကြလျက် ထိုနေ့ကုန်က ညအချိန်သို့ရောက်လာပြန်လေ၏။

ကျွန်တော်တို့သည်တူနှစ်ကိုယ်လည်းနွဲ့လျက်အချစ်ပွဲကိုဝင်ကြရာမှမချစ်ဦးသည် တစုံတရာပူပင်သော အမူအရာကိုပြလေ၏။

'ချစ်ချစ် ဘာဖြစ်သလဲ၊ နေမကောင်းလို့လား'

'ဘာမှ မဖြစ်ပါဘူး၊ ရှေ့ကိုနေဖို့ထိုင်ဖို့ တွေးနေတာပါ'

'ငွေမရှိလို့ပူတာလား၊ မောင့်မှာပါလာတဲ့ လက်ဝတ်လက်စားတွေ ချွတ်ပြီးပေါင်ပါလား' ဟုကျွန်တော်ကပြောလိုက်ရာ မချစ်ဦးမှာ ဝမ်းမသာဘဲ မျက်လုံးပြူး၍သွားသည်ကို တွေ့ရလေ၏။

'မဖြစ်ဘူးခင် ... မဖြစ်ဘူး၊ ခင့်မိဘတွေက သဘောမတူဘဲရှိရင် ယောကျ်ားခိုးမှု တွင်မကဘူး၊ ပစ္စည်းခိုးမှုပါထည့်ပြီးတိုင်လိမ့်မယ်၊ ဒီတော့သာပြီး ဒုက္ခရောက် နေကြလိမ့်မယ်၊ အခုတောင်ဘယ်လိုလုပ်ထားကြတယ်ဆိုတာ မသိသေးဘူး' ဟုပြော နေစဉ် ဒိန်း ဟူသောအသံကြီးကိုကြားလိုက်ရရာ လန့်ဖျပ်ပြီး စကားပြတ်သွားကြလျက် ကျွန်တော့်မှာ ကြောက်အားလန့်အားနှင့် မချစ်ဦးအားဖက်၍ထားလေ၏။

'ဒိန်း … ဒလိန်း …ဒိန်း ..ဒိန်း .. ဒိန်း … ဒိုင်း ခွမ်း' ဟူသော အသံများသည် ခေါင်မိုးပေါ် မှကြားရလေရာ ကျွန်တော့်မှာ ဘာမှန်းမသိဘဲ ကြောက်အားပိုလျက် အတင်းဖက်ထားရာ မချစ်ဦးက 'ခင်ဘာမှ မကြောက်ပါနဲ့ ဘာမှမဖြစ်ပါဘူး ခဲချတာပါ' ဟုပြောပြလေ၏။ထိုအခိုက်တွင် 'ဟေ့ နင့်အဖေလွှား၊ အိမ်ပေါ်ကိုခဲချ ကုန်ပြီဟေ့' ဟု မကျော်တင့် ၏ကျယ်လောင်စွာပြောလိုက်သော စကားသံကိုကြား ရပြီးလျှင် မထွန်းစိန်နှင့်တကွ အခြားသူငယ်ချင်းမများအသံသည်ပေါ်လာလေ၏။
'ဟုတ်တယ်ဟေ့၊ ခွမ်ကနဲကြားလိုက်တယ်၊ ပုလင်းသံလည်းကြားလိုက်တယ်ဟ၊ ဘယ်ဖအေပေးမတွေ လည်းမသိဘူး၊ ကမြင်းထီးသမီးတွေ ခဲဖိုးမရလို့ထင်တယ်။ မိတဆုပ်တို့ အသင်းနဲ့တူတယ်'
'ဒေါင်း .. ဝလောင်း … ဖောင်း .. ဒိန်း ..ဂျိမ့် ဂျိမ့်'
'ဟ တကယ်ဆော်နေတယ်ဟ၊ မေဖိုး မတွေ ထွက်ပြီးလိုက်၊ သောက်ဖို့စားဖို့လိုချင်ရင် လာပြီးတောင်းရောပေါ့၊ ဘာတိတ်တိတ်ပုန်း ခဲနဲ့ပစ်နေကြတာလဲ၊လာဟ လိုက်မယ်ဟ။'
'လာဟေ့ လိုက်ဟ လိုက်၊ နောက်ဖေးတံခါးဖွင့်'
'ဂျိမ်း …ဂျိုင်း'
'ဘယ်မလဲ မေဖိုးမတွေ သတ္တိရှိရင်ထွက်ခဲ့ဟေ့၊ မှောင်ထဲကတော့ချောင်းပြီးပစ်မနေနဲ့၊ နင်တို့လိုကောင်မတွေကို ပေါင်ကြားထဲထည့်ပြီး သတ်ပစ်လိုက်မယ်၊ လာခဲ့ကြစမ်း'
'ဒိုင်း ..ဂွမ်'
'လိုက်ဟေ့လိုက်ဟ၊ ဟောဟိုမန်ကျည်းပင်အောက်ကဟေ့၊ လိုက်ဟ လိုက်ဟ' ဟုဆို၍လိုက်ကြကာ ပြေးသံလွှားသံများကိုကြားရပြီးနောက် ထိုအသံများပျောက် သွားလေ၏။ အတန်ကြာလျှင် မကျော်တင့်၏ သူငယ်ချင်းမများသည် အားရကျေနပ် စွာပြောဆိုလျက် အိမ်ပေါ် သို့ပြန်တက်၍လာကြရာ ခဲချသူများထွက်ပြေးကြပြီကို သိကြရပေတော့၏။ထိုအခါမှကျွန်တော့်မှာရယ်နိုင်ပြုံးနိုင်ရှိသည့်အပြင်ဖြစ်ပျက်ပုံကို တွေး၍ရှက်မိပေတော့၏။မချစ်ဦးမှာမူကားထိုအတွက်စိတ်အနည်းငယ်မကောင်းသည် ကိုသိရပေတော့၏။
'အခုလို အနှောက်အယှက်တွေ့ရတာ ချစ်ချစ်ဖြင့်စိတ်မကောင်းဘူး၊ ဒီလိုဖြစ်ရတာ နိမိတ်မကောင်းလို့လား၊… ဒါကြောင့်လည်း မဟုတ်ပါဘူး၊ ကာလသမီးတွေ သူတို့လိုချင်တဲ့ ခဲဘိုးမရလို့ ပုလိပ်ကို လက်တို့မှဖြင့်ချစ်ချစ်တို့ ဒီမှာရှိတာသိသွား တော့မှာပဲ'
'အခုလိုကြားရတော့မောင်လည်းစိတ်မကောင်းဘူး ချစ်ချစ်မရယ်၊ ဒီဂျပိုးမတွေ ဘယ်လုပ်ပြီးသိသွားကြတာပါလိမ့်မလဲ မသိဘူး'
'ဂျပိုးမတွေပဲခင်ရယ်၊ နေရာတကာမှာ ဂျပိုးထိုးနေကြတာ မသိဘဲနေပါ့မလား'
'ဒါဖြင့် ဘယ်လိုလုပ်ကြပါ့မလဲ ချစ်ချစ်ရယ်၊ မောင်တော့ဖြင့် စိတ်ညစ်လာပြီ' ဟု ပြောလိုက်ရာက ဝမ်းနည်းမိသဖြင့် မျက်ရည်များကျ၍လာရာ မချစ်ဦးက 'အို ..ခင် ဘာပြုလို့ ငိုရတာတုံး၊ ဘာမှဝမ်းနည်းစရာမဟုတ်ပါဘူး … အခုလိုအခါ မင်္ဂလာယူနေ

ရတာ ခင်ငိုရင်နိမိတ်မကောင်းဘူး' ဟုသူ၏လက်ဖြင့် ကျွန်တော်၏ မျက်ရည်စကိုသိမ်း ၍ပေးသောကြောင့် ကျွန်တော်လည်းစိတ်ကို တင်း၍ထားလိုက်ရလေ၏။
'ကဲလေ ... ဘာမှတွေးပြီးပူမနေနဲ့ ၊အိပ်ကြစို့'
'ကြည့်လေသူကတော့ဖြင့် ကြွပြီ'
'အလိုဒီကခင်အိပ်ပျက်မှာစိုးလို့ အကောင်းပြောနေတာ၊သူလိုချင်တာကိုတွေးလိုက်တာပဲ'
'ကြည့်စမ်း ကြည့်စမ်း၊ သူ့အပြစ်ကို သူများအပြစ်လုပ်နေပြန်ပါပြီ' ဟုပြောပြော ဆိုဆို သူ၏ပါးစပ်ကလေးကို ဆွဲ၍လိမ်လိုက်မိရာက ကျွန်တော်၏ ပါးကလေးကို လိမ်လိုက်သဖြင့် 'အမလေး ... အမလေး နာလိုက်တာ' ဟုပြောသည်ကို 'အို ... တိုးတိုးပြာပါခင်ရဲ့ ၊ ချောင်းနားထောင်နေတဲ့ သူတွေက တလွဲထင်နေပါဦးမယ်' ဟု ပြောသောကြောင့် ကျွန်တော့်မှာ ရှက်ပြုံး ပြုံးမိပေတော့၏။
ထိုနေ့က မကျော်တင့်တို့အိမ်သို့ ကျွန်တော် တို့ရောက်လာကြသော ဒုတိယမြောက် နံနက်ဖြစ်ပေ၏။ ကျွန်တော်တို့မှာ အချစ်စိတ်ဖြင့် သာယာလျက်ရှိကြသောကြောင့် ကမ္ဘာလောကဓါတ်ကြီးတစ်ခုလုံးတွင် မြင်ာကရလေသမျှတို့မှာ ပျော်ရွှင်ဘွယ်ရာ ချည်းသာလျှင်ဖြစ်ကြပေသည် ဟုထင်မြင်မိပေ၏။

အိမ်ပြတင်းပေါက်မှ ထိုးထွင်းဝင်ရောက်လျက်ရှိသော နံနက်ခင်းနေရောင်ခြည် များသည် ကျွန်တော်တို့ ချစ်သူမောင်မယ်တို့ လဘက်ရည်သောက်နေကြသည့်အိပ်ခန်း ကလေးကို ရွှေရောင်ဖြင့် ပက်ဖျန်းဘိသည့်အလား ကျွန်တော် တို့၏စိတ်ထဲတွင် နတ် ဘုံနတ်နန်းတမျှ အောက်မေ့မိကြပေ၏။

ထိုသို့ ပပဝင်း၊ ထိန်လင်းလျက်ရှိသော အခန်းထဲဝယ် မချစ်ဦး၏ ပေါင်ပေါ် ၌ကျွန်တော်ထိုင်လျက် တယောက်တလှည့်စီ လဘက်ရည်တိုက်ကာ အချစ်ကျူး၍နေ ကြရသည်မှာ ထို့ထက်ပျော်ရွှင်ဖွယ်ရာ မရှိတော့သကဲ့သို့ ရှိပေတော့၏။ ထိုနေရာ တွင် ကျွန်တော်တို့သည် တစ်ယောက်အပေါ်တွင်တစ်ယောက် မည်မျှကြင်နာယုယ ကြသည်ကိုပင် ကိုယ်လက်အမူအရာဖြင့် အချစ်သက်သေပြုကြရပေတော့၏။
ယင်းသို့ ပျော်ရွှင်နှစ်ချိုက် အကြည်ဆိုက်၍ကြေစဉ်ကျွန်တော်တို့၏အခန်းအပြင်ဘက်ရှိ အိမ်ရှေ့ခန်းအတွင်းမှ လှုပ်လှုပ်ရှားရှားဖြစ်ပွားသော အသံများကိုကြားရလေရာ ကျွန်တော်သည် ထိတ်လန့်လာမချစ်ဦး၏ပေါင်ပေါ်မှ ထလိုက်မိပေ၏။ မချစ်ဦးသည် ထိုင်ရာမှ ရုတ်တရက်ထကာ အရေးရှိကခုခံရန်အသင့်ပြင်ဆင်လျက်ရှိပေ၏။ကျွန်တော့် နှလုံးသားများမှာတုန်လှုပ်ခြောက်ခြားလျက်နားထင်ကိုသွေးရောက်နေသောကြောင့် အိမ်ရှေ့တွင်ပြောဆိုနေကြသော အသံများကို ကောင်းစွာ မကြားနိုင်ဘဲရှိတော့၏။

ထိုအခိုက်တွင် မချစ်ဦးသည် 'ခင် ...နေဦး၊ ချစ်ချစ် အပြင်ဖက်ထွက်ကြည့် လိုက်ဦးမယ်' ဟုဆိုကာ တံခါးဆီသို့လှမ်းသွားကာ တံခါးဖွင့်တော့မည်အပြုတွင် ကျွန်တော်၏စိတ်ထဲတွင် တစုံတရာကို မသိုးမသန့်ထိတ်လန့်ခြင်းဖြစ်မိသောကြောင့် မချစ်ဦးထံသို့ပြေးသွားဖက်ထားကာ 'ချစ်ချစ် မသွားပါနဲ့၊ မသွားပါနဲ့ မောင်စိတ် မကောင်းပါဘူး' ဟုပြောလိုက်ရာ မချစ်ဦးလည်းထါက်သွားတော့မည်အပြုတွင် အတား

အဆီးတွေ့ရသောကြောင့် အနည်းငယ်ရွံ့သွားလေ၏။ သို့ဖြစ်၍ကျွန်တော် တို့နှစ်ယောက်သည် တယောက်ကိုတယောက်ဖက်ထားကာ အသက်ကိုပင်မှန်မှန်မရှူနိုင်ဘဲ တံခါးကိုကပ်၍ အပြင်ဖက်ဆီမှ ပြောနေသော စကားများကို နားစိုက်၍နေကြလေ၏။ 'ဒီလိုဆိုရင် ကျုပ်တို့ ဝတ္တရားရှိသည့်အတိုင်း ဒီအိပ်ခန်းထဲမှာ လိုက်ပြီးရှာပါရစေ' ဟုတင်းမာသော မိန်းမသံကိုကြားရလေရာ ကျွန်တော်တို့မှာ မျက်လုံးပြူးသွားလေ၏။ မချစ်ဦးလည်း ထိတ်လန့်သွားသည်ကို ၎င်း၏မျက်နှာအမူအရာတွင် ထင်ရှားနေပေတော့၏။ ကျွန်တော်တို့ကြားလိုက်ရသောအသံရှင်မှာ ပုလိပ်အမှုထမ်းဖြစ်သည်ကိုသိကြရပေတော့၏။ သို့ဖြစ်ရကား ကျွန်တော်တို့မှာပြေးပေါက်လွတ်အောင် အဘယ်ပုံကြံရပါမည်နည်းဟု ချက်ချင်းစိတ်ကူးထုတ်ကြပေတော့၏။

ထိုသို့စိတ်ကူးထုတ်ရာတွင် ပြတင်းပေါက်မှ ခုန်ဆင်းထွက်ပြေးရန်မှတပါး အခြားနည်းလမ်းကို မမြင်နိုင်ဘဲ ရှိရပေ၏။ပြတင်းပေါက်မှာ မြေကြီးနှင့်သုံးပေခန့်မျှသာမြင့်လေရာ ပြတင်းပေါက်မှခုန်ထွက်လျင် အိမ်အပြင်ဖက်ခြံထဲသို့ရောက်၍ ထိုနေရာမှ အိမ်နောက်ဖေးခြံပေါက်သို့သွားကာ ထွက်ပြေးနိုင်ရမည်ဖြစ်လေ၏။သို့ဖြစ်သည့်အတိုင်း ထိုသို့ထွက်ပြေးရန်သဘောတူကာ အခန်းတံခါးကိုအတွင်းမှပိတ်ထားပြီးလျှင် ထွက်ပြေးရန်ပြတင်းပေါက်သို့ ပြေးခဲ့ကြလေ၏။

ပြတင်းပေါက်သို့ရောက်သောအခါ ကျွန်တော့်မှာယောကျ်ားလေးဖြစ်သဖြင့် မပြေးနိုင်မလွှားနိုင်မခုန်နိုင်သောကြောင့် ကျွန်တော်ဦးစွာလွတ်မြောက်ရန် ကျွန်တော့်ကိုယ်ကလေးကို မချစ်ဦးကပွေ့ချီလိုက်လေ၏။ ထိုအခိုက်တွင် အခန်းအပြင်ဘက်မှ တဒုန်းဒုန်း ခေါက်သံများကိုကြားရလေ၏။

ကျွန်တော့်မှာ လွတ်မှလွတ်နိုင်ပါမည်လားဟုတွေးတောစိုးရိမ်ကာ မချစ်ဦး၏ကိုယ်ကို အားပြု၍ဖက်ထားမိပေ၏။ မချစ်ဦးမှာ တကိုယ်ထည်းထွက်ပြေးမည်ဆိုသော် ယခုအချိန်လောက်တွင် အဝေးသို့ ရောက်နေနိုင်ပြီဖြစ်သော်လည်း ကျွန်တော့်တကိုယ်လုံးကိုသယ်ယူနေရသောကြောင့် ပြတင်းပေါက်မှကျော်ထွက်ရန် မနည်းအားထုတ်ရရှာပေ၏။သို့ရာတွင် မချစ်ဦးမှာ ကျောင်းနေစဉ် ဘဝကပင် ပြေးလွှားခုန်ပေါက်ခြင်း၌ဗိုလ်စွဲခဲ့သည့်အတိုင်း ဤဟာမျှလောက်ခက်ခဲခြင်းကို ဘာမျှဝန်မလေးလှသည့်အပြင် နီးကပ်လျက်ရှိသော ဘေးရန်ကို အမြန်ဆုံးအလွတ်ရုန်းရမည့်ဇောကလည်းတိုက်တွန်းနေသောကြောင့် မကြာမီပင်ကျွန်တော်တို့နှစ်ယောက်လုံးပြတင်းပေါက်သို့ ရောက်ကြလေ၏။ ထိုသို့ပြတင်းပေါက်ပေါ်တွင် ရှိနေကြရာမှ အခန်းတံခါးဆီသို့လှည့်ကြည့်ကြရာတွင် တဝုန်းဝုန်း ကိုယ်လုံးနှင့်တိုက်ဖွင့်ခြင်းခံနေရသောကြောင့် ဟပြဲဟပြဲဖြစ်လာသည်ကို တွေ့ရလေ၏။

'ခုန်ဆင်းပါတော့ချစ်ချစ်ရဲ့၊ ခုန်လိုက်ပါ တံခါးပွင့်တော့မယ်' ဟုကျွန်တော်လည်း ကြောက်အားလန့်အားနှင့်တိုက်တွန်းတော့မှ ချစ်ချစ်လည်း သတိရကာခုန်ဆင်းလိုက်ရာတွင် ကျွန်တော်သည် အသည်းတွင်အေး၍သွားသဖြင့် ကြောက်ကြောက်နှင့်မျက်စိမှိတ်ထားလိုက်ရာ မြေပြင်ပေါ်သို့ရောက်ပြီကိုသိမှ မျက်စိဖွင့်လိုက်သည်တွင်

ထိတ်လန့်စရာများကို မျက်စိတွင်တွေ့မြင်ရသဖြင့် 'ဟိုက် …' ဟူသောအသံကိုလွှတ်ကနဲ ထွက်မိလေ၏။ ကျွန်တော်တို့မှာ အပြင်မှစောင့်နေကြသော ရဲမများ ၏လက်ထဲသို့ ရောက်နေကြပေ၏။မချစ်ဦးမှာ ၄င်းတို့ကိုမြင်လျှင် မည်သို့မျှ မတတ်နိုင် မပြေးနိုင် မကြံနိုင်ဖြစ်ကာ ၊ ကြက်သေသေ၍ငေးမောနေမိ၍ ကျွန်တော့်ကို ပွေ့ချီထားရာမှ လွှတ်လိုက်လေ၏။

ရဲမများသည် ကျွန်တော်တို့ကိုမြင်လျှင် 'တွေ့ပြီဟေ့ တွေ့ပြီ၊ ဒီမှာ ..ဒီမှာ' ခေါ်ပြောလိုက်ကြရာ အိမ်တွင်းမှ အခန်းဖွင့်နေသော ရဲမများသည် မကြာမှီအောက်သို့ ရောက်၍လာကြလေ၏။ ကျွန်တော်တို့မှာကား ထိုရဲမများကို မြင်လိုက်ရခြင်း အားဖြင့် မျက်စိများပြာဝေ၍သွားကာ ဘာမျှမမြင်နိုင်တော့သလိုဖြစ်မိပြီး ကျွန်တော်တို့အနီးသို့ တစ်ဦးတစ်ယောက်သောသူ ရောက်ရှိလာသည်ကို တွေ့ရမှ သေချာစွာကြည့်ရှု နိုင်ကာ ထိုသူမှာ အင်စပိတ်တော်မကြီး ဖြစ်နေသည်ကို သိရပေ၏။ အင်စပိတ်တော်မသည် ၄င်း၏လက်တွင်ပါရှိသော လူဖမ်းအမိန့်စာကိုထုတ်ပြကာ ကျွန်တော်တို့၏ နာမည်များကိုမေးပြီးနောက် 'မောင်ခင်သိန်းရဲ့ အမေက သူ့သားကိုမချစ်ဦးဆိုသူက ခိုးသွားပါတယ်လို့ ဂတ်မှာလာပြီးတိုင်ထားတဲ့အတွက် မချစ်ဦးကို ကျုပ်တို့ ဝတ္တရားရှိသည့်အတိုင်း ၃၆၄ အရဖမ်းရပါလိမ့်မယ်၊ နှစ်ယောက်စလုံးဂတ်ကိုလိုက်ခဲ့ကြပါ၊ ကျုပ်တို့ခေါ်တဲ့အခါ ငြင်းဆန်မယ်မလုပ်ပါနဲ့၊ နောက်မှ ဆိုင်ရာမှာ လျှောက်လဲပြီးယူပါ' ဟုပြောလေ၏။

ကျွန်တော့်မှာ ထိုမိန်းမကြီး၏ ခန့်ညားတည်ကြည်သော စကားများကိုကြားရခြင်းအားဖြင့် အလွန်ကြောက်လန့်တုန်လှုပ်လျက်ရှိမိတော့၏။ သို့ဖြစ်၍ ကျွန်တော့်မှာ ဘာမှမလုပ်နိုင်မကြံနိုင်ဘဲရှိကာ မချစ်ဦးမည်သို့ပြောမည်ကို စိုက်ကြည့်နေမိပေ၏။ မချစ်ဦးသည် မျက်နှာမထားတတ်ဘဲ ရဲမများကို တင်းမာစွာကြည့်နေရာက 'ကျုပ်တို့ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြိုက်နေလို့ ခိုးရာလိုက်လာတာ၊ အတင်းခိုးရတာ မဟုတ်ပါဘူး' ဟုပြောလေ၏။

'ဒါတွေ ကျုပ်တို့ကို လျှောက်လဲဘို့မဟုတ်ပါဘူး၊ ရုံးတော်ကျမှ ပြောဘို့တွေပါ၊ ကျုပ်တို့တာဝန်တွေမှာတော့ အရွယ်မရောက်သေးတဲ့ ယောကျ်ားကလေးကို ခိုးမှုနဲ့ ပုဒ်ထီး ၃၆၅ အရ ဝတ္တရားအတိုင်းဖမ်းရမှာပဲ၊ အေးအေးလိုက်ခဲ့ကြရင်ကောင်းမယ်ထင်တယ်၊ အတင်းအကျပ်ကိုင်ရရင် မကောင်းတော့ဘူး'

ထိုအခါတွင် မချစ်ဦး မည်သို့ပြောလိုသည်ကို ကျွန်တော်သည် အာရုံစိုက်၍ နေလိုက်လေရာ မချစ်ဦးမှာ အင်စပိတ်တော်၏ စကားကိုကြားရလျှင် အားလျော့သွားသော အမူအရာကိုပြကာ ခေါင်းငုံ့၍သွားသည်ကို မြင်လိုက်ရသည်တွင် ကျွန်တော် ၏စိတ်ထဲတွင်ညှိုးချုံး၍သွားမိတော့၏။ ထို့နောက်မှ မချစ်ဦးသည် ခေါင်းမော် ၍ကြည့် လိုက်ပြီးလျှင် 'ကောင်းပြီ … ဝတ္တရားအတိုင်းဆိုရင် လိုက်ရုံပဲရှိတာပဲ' ဟုဆိုကာ လက်ထိပ်ခတ်ရန် လက်နှစ်ဘက်ကို ပူးယှက်ဆန့်တန်း၍ ပေးလိုက်

ရာ ကျွန်တော့်မှာ မကြည့်ဝံ့ဘဲ မျက်စိကိုမှိတ်ပြီးလျှင် မျက်ရည်မထွက်အောင် ကြိတ်မှိတ်မျိုသိပ်၍ထားလိုက်ရလေ၏။
'အို ကိစ္စမရှိပါဘူးလေ၊ ကောင်းကောင်းလိုက်မယ်ဆိုရင် လက်ထိပ်ခတ်စရာမလိုပါဘူး' ဟု အင်စပိတ်တော်မ၏ စကားကိုကြားလိုက်ရမှ ကျွန်တော့် မှာ မျက်စိဖွင့်ရဲ ပေရာ ထိုသို့မျက်စိဖွင့် လိုက်သည်နှင့်တပြိုင်နက် စောစော ကပိတ်ဆို့ထားသော မျက်ရည်များသည် ရေကန်ကို မှောက်ချလိုက်သကဲ့သို့ ဒလဟောကျဆင်းလာလေတော့၏။

ထိုအခိုက်တွင်ချစ်ချစ်သည် ကျွန်တော့် အားပြေးဖက်၍မျက်ရည်များကို သုတ်ပေးရာ အင်စပိတ်တော်မကချစ်ချစ်၏ပခုံးပေါ်သို့သန်မာသောလက်ဖြင့်တင်၍ဆုပ်ကိုင်ကာ 'အတူတူ မနေရဘူး၊ လာ တခြားစီလိုက်ခဲ့ရမယ်' ဟုဆို၍ဆွဲခေါ်သွားရာကျွန်တော့် အားလှည့်ကြည့်လှည့်ကြည့်နှင့်ပါသွားသော မချစ်ဦး၏ မျက်နှာကိုမြင်ရသော ကျွန်တော့်မှာ ရင်တွင်းဝယ် မချိမဆန့်ဖြစ်မိပေတော့၏။ထိုသို့ကြည့်နေစဉ်မှာပင်ကျွန်တော့် အားလည်း ပုလိပ်တို့ကခေါ်ကြပြန်ရာ ကျွန်တော့် မှာ ၎င်းတို့ခေါ်ရာသို့လိုက်ရကာ ကားတစင်းပေါ်သို့တက်ရပြီးလျှင် မချစ်ဦးတက်သွားသော အခြားကားတစင်းဆီသို့ကြည့်လိုက်ရာတွင် မချစ်ဦးသည် မကျော်တင့်အား တစုံတရာမှကြားနေသည်ကိုတွေ့ရှိရပြီးနောက် ၎င်းတို့ကားလည်းထွက်သွားလေရာ ကျွန်တော်ပါလာသောကားလည်း ရှေ့ကကားနှင့်ထပ်ချပ်မကွာ လိုက်ခဲ့လေ၏။ကျွန်တော့်မှာ မည်သူ့ကိုမျှမမြင်ရဲတော့ဘဲ လက်ကိုင်ပဝါနှင့်မျက်နှာတွင်အုပ်ကာ တရှုံ့ရှုံ့ငိုရင်းလိုက်ပါခဲ့လေတော့၏။ ကျွန်တော့် မှာမျက်ရည်စများကို မထိန်းနိုင်ဘဲ ကွဲကြရမည့်အရေးကိုတွေးမိကာ တွေးမိရာမှဝမ်းနည်း၊ ဝမ်းနည်းရာမှငို၊ ငိုရာမှပူဆွေး၊ ပူဆွေးရာမှဝမ်းနည်း၊ ဝမ်းနည်းရာမှငိုကာမျက်ရည် များသည်မပြတ်အောင်ရှိစီးလျက် လက်ကိုင်ပဝါဖြင့် သုတ်လိမ်း၍မနိုင်ဘဲရှိတော့၏။

သို့နှင့်ကျွန်တော့်မှာ မည်သည့်နေရာမျိုးသို့သွားနေသည်ကိုမသိနိုင်ဘဲ တငိုထဲငိုကာ ကားရပ်လိုက်သောအခါမှ ဂါတ်ရှေ့သို့ရောက်နေသည်ကိုသိရလေတော့၏။ ကျွန်တော့်မှာ ကားရပ်လိုက်သည်နှင့်တပြိုင်နက် အခြားဘာမှမတွေးနိုင်ဘဲ ကားပေါ် မှဆင်းလျှင်ဆင်းခြင်း မချစ်ဦးရှိရာသို့အတင်းပြေးလေ၏။ ထိုသို့ကျွန်တော်ပြေးလာသည်ကို အင်စပိတ်တော်မကြီးမြင်လျှင် 'ဟေ့ သူငယ် သတိထားပါဦးကွဲ့၊ ဒီနေရာမှာဘာမှမလုပ်ရဘူး၊ တရားခံနားလည်းမကပ်ရဘူး' ဟုတားဆီးထားလိုက်ရာ ကျွန်တော့်မှာ လှေခါးပေါ်သို့အပြေးတက်လာသူကို ဆီး၍ကန်ချလိုက်သည့်အလား၊ မောဟိုက်၍ဆို့သွားလျက် တွေတွေကြီးငေး၍ကြည့်နေပြီးမှ မချစ်ဦးအား ဂါတ်သို့ခေါ် သွားသည်ကို တွေ့ရသောကြောင့်ပြေး၍လိုက်လေ၏။
ကျွန်တော့်မှာ တသက်နှင့်တကိုယ်တွင် ရုံးပြင်ကနားသို့ ဤအကြိမ်ပထမဦးဆုံး ရောက်ဖူးလေရာ ဂါတ်တွင်းရှိလက်ထိပ်များ အချုပ်ခန်းစသည်တို့ကိုတွေ့မြင်လိုက်ရလျှင်စိတ်ထဲတွင်တုန်လှုပ်ချောက်ခြားသွားမိပေ တော့၏။ထိုသို့ကြောက်

လန့်ခြင်းတွင် အချစ်ကြောင့် ပူဆွေးဝမ်းနည်းရခြင်းသည် ရောထွေးရှုပ်ပွေလျှက်ရှိလေရာ ကျွန်တော့်မှာ စိတ်နှလုံးနောက်ကျိကာရူးသွားတော့မည်ကဲ့သို့ရှိတော့၏။ဂါတ်အတွင်း၌ရှိရှိသမျှ အရာဝတ္တုတို့သည် ကျွန်တော့် အားခြိမ်းခြောက်မောင်းမဲ၍နေကြသကဲ့သို့ ထင်မြင်မိပေ၏။

ကျွန်တော့် မှာ စိတ်နှလုံးနောက်ကျိရှုပ်ပွေလျက်ရှိလေတော့သည်ဖြစ်ရကား ဘာလုပ်၍လုပ်နေသည်ကို မမှတ်မိနားမလည်သကဲ့သို့ရှိပေ၏။ အင်စပိတ်တော်သည် မချစ်ဦးအားမေးမြန်းနေသည်ကို မြင်ရသော်လည်း မည်သည့်စကားကိုမေး၍မည်သို့ဖြေဆိုနေသည်ကိုလည်း မကြားနိုင်သကဲ့သို့ရှိပေ၏။ နာမည်၊ အသက်၊ အမျိုးအမည်စသည်တို့ကိုမေးမြန်းသကဲ့သို့လည်းထင်မိ၏။ ထိုအရာများဘာမျှမကြားနိုင်မမှတ်မိနိုင်ဘဲ၊မချစ်ဦး၏မျက်နှာကိုသာ စူစိုက်၍ကြည့်ခြင်း၊ ဝမ်းနည်းပူဆွေးခြင်းများသာလျှင်ထပ်မနားပေါ် ပေါက်လာလေတော့၏။

သို့နှင့်ဤကဲ့သို့ရှိကြရာမှ မည်သို့ပြောဆိုစီမံလိုက်ကြသည်ကိုမသိ၊မချစ်ဦးအားအချုပ်ခန်းထဲသို့ ဆွဲသွားသည်ကိုမြင်လိုက်ရသောအခါ၊ ကျွန်တော့် မှာ ဦးနှောက်တည့်တည့်ချိန်၍မိုးကြိုးခွင်းလိုက်ခြင်း ခံလိုက်ရသကဲ့သို့မူးဝေတိမ်းစောင်းသွားရာက အနိုင်နိုင်သတိထားပါသော်လည်း ဣန္ဒြေကိုမဆည်နိုင်တော့ဘဲ၊ 'အမယ်လေးချစ်ချစ်ရဲ့၊ မောင့်ကိုလည်းခေါ် ပါ၊ မထားခဲ့ပါနဲ့ မောင်လည်းလိုက်မယ်ချစ်ချစ်ရဲ့' ဟုပြောကာအတင်းလိုက်ဝင်ရာ ရဲမများကကျွန်တော့်အားတားဆီးထားကြပြီးလျှင် အချုပ်ခန်းတွင်းသို့မချစ်ဦးရောက်သည်နှင့်တပြိုင်နက်သံတံခါးကိုအမြန်ပိတ်လိုက်ရာ ကျွန်တော့် မှာ ရုန်းကန်၍ပြေးလိုက်ပါသော်လည်းမရတော့ဘဲ၊ ပိတ်ပြီးဖြစ်နေသောအခါ သံတိုင်များကိုသာဆုပ်ကိုင်မိရာကအားပျော့နုံးခွေကာ မီးထိသည့်ပျားဖယောင်းပမာ တိမ်းစောင်းကာလဲကျသွားလေ၏။ 'ဟေ့သူငယ်ရဲ့၊ သတိထားမှပေါ့၊ ဒါအိမ်မဟုတ်ဘူးကွဲ့ ဂါတ်တဲမှာ' ဟုရဲမတယောက်ကပြောကာ ကျွန်တော့်အားထစေရန် ကိုင်တွယ်မည်ပြုရာကျွန်တော့်အားအသားယူ၍ကိုင်မည်ကိုမခံဘဲ၊ 'ခင့်ကိုမကိုင်နဲ့၊ ခင့်ဘာသာထမယ်' ဟုပြောလိုက်၍ ရဲမလည်းနောက်ဆုတ်၍သွားသဖြင့် ကျွန်တော်ကိုယ်တိုင် ထူထောင်၍ထလိုက်လေ၏။ ကျွန်တော်လည်း ထိုင်ရာမှထလိုက်ပြီးနောက် မချစ်ဦးအားကြည့်လိုက်ရာတွင် 'ခင်ဘာမှ မပူနဲ့၊ ခင်ကချစ်လို့လိုက်လာတာပဲ၊ ဘာမှမဖြစ်ရပါဘူး' ဟု အားပေးသော်လည်း သူမျက်လုံးများမှာ မျက်ရည်လည်လျှက်ရှိသည်ကိုတွေ့ရသဖြင့် ကျွန်တော့်မှာ မချိအောင်ဖြစ်ရလေတော့၏။ ထိုအခိုက်တွင် ရဲမတယောက်က 'ဒီမှာတရားခံနဲ့ စကားမပြောရဘူး၊ ဒီကိုလာ အင်စပိတ်တော်ခေါ်နေတယ်' ဟုဆိုရာ ကျွန်တော့်မှာ အာဏာမဖီဆန်နိုင်ဘဲအင်စပိတ်တော်မထံသို့သွားရလေ၏။

'ငယ်နာမည်ဘယ်လိုခေါ်သလဲ'

'မသိဘူးလား၊ နာမည်မသိဘဲ ဘာပြုလို့ဖမ်းသလဲ' ဟုကျွန်တော့်မှာဒေါသနှင့်ပြောမိလေ၏။

'ဒေါ်သမကြီးပါနဲ့လေ၊ ဝတ္တရားအတိုင်းမေးတာပါ၊ နာမယ် မောင်ခင်သိန်းဟုတ်လား'
'ဟုတ်တယ်' ဟုတိုတိုတုတ်တုတ်ဖြေလိုက်မိလေ၏။ကျွန်တော့် မှာထိုသို့
ဖြေရသော်လည်း ဘာကိုဖြေ၍ဖြေမိသည်ကိုမျှကောင်းစွာ မမှတ်မိနိုင်ပေ၊ကျွန်တော့်မှာ
အရူးသဖွယ်ဖြစ်၍နေတော့၏။
'အသက်ဘယ်လောက်ရှိပြီလဲ'
'ဆယ့်ရှစ်နှစ်'
'အမှန်အတိုင်းပြောနော်၊ ဒါတွေအကုန်မှတ်တမ်းယူရမှာ'
'မှတ်ချင်မှတ် မမှတ်ချင်နေ၊ မှန်တာပြောတာပဲ'
'ဘယ်နှစ်ခုနှစ်မွေးသလဲ'
'လယ်နှစ်ခုနှစ် မွေးမွေး၊ ဆယ့်ရှစ်နှစ်ဆိုရင်ပြီးတာပေါ့၊ ဘာလုပ်ဖို့သက္ကရာဇ်
မေးရတာလဲ၊ ဇေဒင်တွက်မလို့လား'
အင်စပက်တော်မသည် ကျွန်တော့် အားမျက်နှာရှုံ့မဲ့၍ကြည့်သည်ကိုတွေ့ရလေ၏။
ကျွန်တော့်မှာမူကားဒေါ်သလည်းထွက်၊ ရှက်လည်းရှက်၊ဝမ်းလည်းနည်း၊စိတ်လည်းညစ်
ဖြစ်ချင်သလိုဖြစ်ကာ ဦးနှောက်ရှုပ်ထွေး၍သွားလေရာ ထိုနေရာတွင်ပင်
လှိုက်လှိုက်လှဲလှဲဖြစ်လာပြီး မျက်ရည်ကိုမဆည်နိုင်ဘဲငိုမိပြန်လေတော့၏။
ကျွန်တော့် မှာ စိတ်နှလုံးနှောက်ကျိနေရာ ဘာတွေမေး၍ ဘယ်လိုဖြေသည်ကိုပင်
မမှတ်မိနိုင်ဖြစ်ကာ နောက်ဆုံးတွင် အင်စပိတ်တော်မက ကျွန်တော့်အား ရဲမ
နှစ်ယောက်နှင့်လိုက်သွားရန်ပြောလိုက်သည့်စကားကိုသာ မှတ်မိပေတော့၏။
'မလိုက်ဘူး၊ မလိုက်ဘူး၊ မလိုက်ချင်ဘူး၊ ကျွန်တော့်လင်အနားက မခွာနိုင်ဘူး'
ဟုငိုပြီးပြောလိုက်ရာ အချို့ရဲမတွေက ကြိတ်ပြီးပြုံးလိုက်ကြ၊ အချို့ကအံ့အားသင့်စွာ
ကြည့်နေကြသည်ကို တွေ့ရလေ၏။
'ဘယ်ကိုခေါ်မယ်ထင်လို့လဲ၊ အခုဆေးရုံပို့မလို့၊သူငယ်ရဲ့ အသက်ကိုစစ်ဆေးရမယ်၊
ဝတ္တရားအတိုင်းအလုပ်လုပ်တာ' ဟုအင်စပိတ်တော်မကပြောလိုက်ရာ ကျွန်တော့်မှာ
တရားဥပဒေကို မည်သို့မျှ မလွန်ဆန်နိုင်တော့ဘဲရှိပေ၏။ သို့နှင့် ကျွန်တော့်မှာ
ကျွန်တော်မလိုက်လို မသွားလိုဘဲလျက် တရားဥပဒေကို မလွန်ဆန်ဝံ့၍ မချစ်ဦးကို
မခွဲရက်ဘဲ ခွဲ၍ထွက်လာကာ ဆေးရုံကြီးသို့ရောက်ခဲ့ရပေတော့၏။ဆေးရုံကြီးသို့
ရောက်သောအခါ ဆရာဝန်မကြီးက ကျွန်တော်၏တကိုယ်လုံးကို ချွတ်၍
ကြည့်ရှုစမ်းသပ်စစ်ဆေးမည်ဟု သိရှိရသောအခါ ကျွန်တော့်မှာလောကတွင်
ထို့ထက်ရှက်စရာကောင်းသော အရာသည်မရှိတော့ပြီဟုအောက့်မေ့လျက်ထိုသို့
အဝတ်ချွတ်ပြရမည့်အစား သေသာသေလိုက်ချင်ပေတော့၏။

ထိုအခါ ကျွန်တော်သည် ကျွန်တော်၏ကျေးဇူးရှင်ဟုဆိုအပ်သောမိဘနှစ်ပါးကို
လွန်စွာမုန်းတီးနှလုံးနာမိပေတော့၏။လူဖြစ်ရသည့်ဘဝတွင် လွန်စွာမွန်မြတ်
သိမ်မွေ့ခြင်းဖြစ်သော အချစ်ဆိုသည့်အရာကိုပင် မိဘတို့သည် သားသမီးတို့
သဘောအတိုင်း လွတ်လပ်စွာချစ်ခွင့်မပေးကြ၊ ထိုမျှမကဘဲသားသမီးတို့ တသက်လုံး

ချစ်ခင်မြတ်နိုးစွာပေါင်းသင်းရမည့်သူမှာ မိမိတို့အချင်းချင်းချစ်ကြမှသာ တသက်လုံး ချစ်နိုင်ကြမည်ဖြစ်ပါလျက် သားသမီးတို့၏ အချစ်ဖြင့်မချစ်ရစေဘဲ မိဘအချစ်နှင့် သာ အတင်းအကြပ်ချစ်စေလိုကြ၍ မိဘအလိုအတိုင်းမချစ်နိုင်ဘဲ ကိုယ့်အလိုအတိုင်း ချစ်ကြိုက်ထွက်ပြေးကြခြင်းကိုပင် မကောင်းမှုဒုစရိုက်ကြီးပြုမိသည့်အလား တရား ဥပဒေ ပုဒ်ထီးတို့ဖြင့် ကြိုးကွင်းပစ်၍ဖမ်းကြသည်မှာ မိဘတို့မှာ ကိုယ်ချင်းစာတရား နည်းပါးလှပေ၏ ဟု ထင်မြင်ဒေါသထွက်မိပေ၏။ ထို့ထက်ဆိုးဝါးသောအရာကား ထိုသို့ မိဘတို့၏မရှုစိမ့်နိုင်ခြင်းကြောင့် တရားဥပဒေဟူသောလက်မဲကြီးသည် ချစ် သူတို့အား ဖမ်းဆီးခွဲခွာရုံမျှမကသေးဘဲ ယခုကဲ့သို့အဝတ်အစားချွတ်၍ပြရမည်မှာ လောကတွင် ထိုထက်ဆိုးဝါးသော ရှက်ဖွယ်ကောင်းသောအရာသည်မရှိတော့ပြီဟု အောက်မေ့မိတော့၏။ အကယ်၍ကျွန်တော်၏ ဖေဖေ မေမေ တို့ကအမှု မလုပ်ခဲ့ လျှင် ကျွန်တော့်မှာ ထိုသို့လိင်ချင်း ခြားနားသော မိန်းမများရှေ့တွင် ကျွန်တော်၏ ကိုယ်ကို ချွတ်၍ ပြသရဖို့ မရှိပေ။ မိဘတို့ အမှုလုပ်ခြင်းကြောင့် ကျွန်တော့်မှာ ပြရတော့မည်ဖြစ်ပေ၏။ ဤနေရာတွင် မိဘတို့အား ကျွန်တော်ကဲ့သို့ချွတ်ပြရမည် ဆိုကာ လူချင်းလဲ၍ကြည့်ပါက ချွတ်ပြကြမည်မဟုတ်ပေ၊ အဘယ်မှာသနားခြင်း ရှိပါအံ့နည်း၊ ဤအခြေအနေမျိုးအထိ သားသမီးဒုက္ခခံရမည်ကို မိဘများသည် အရှည်မျှော်၍မတွေးမိလေရော့သလား၊ အဘယ်မှာအမြင်ကျယ်ပါသနည်း။ ထိုသို့မိဘများအပေါ်တွင် ကျွန်တော်သည် စိတ်နာမိသော်လည်း စိတ်နာနေခြင်းဖြင့် မပြီးသေးချေ၊ ကျွန်တော်၏အဝတ်ချွတ်၍ပြရမည်မှာမလွဲချေ။သို့ဖြစ်၍ ဆေးခန်းထဲသို့ရောက်သောအခါကျွန်တော့်မှာ ဆရာဝန်၏အမိန့်အတိုင်း အဝတ် များကိုတခုပြီးတစ်ခု ချွတ်ရာတွင် အလွန်အမင်း ရှက်ကြောက်ဝမ်းနည်းကာ ရင်တွင်း ၌လှိုက်လှိုက်လှဲလှဲ ဖြစ်လျက်မျက်ရည်များကျဆင်းလာလေတော့၏။နောက်ဆုံး၌ ကျွန်တော်သည် ခါးဝတ်ကိုဖြုတ်လိုက်သောအခါ ကိုယ့်ကိုယ်ပင် မကြည့်ဝံ့တော့ ပေ။ သူတပါးတို့ဝိုင်းဝန်းကြည့်ရှုခြင်းကိုလည်းသည်းမခံနိုင်အောင်ရှက်လှသဖြင့် မျက်နှာကိုလက်ဝါးနှင့်အုပ်ထားရလေတော့၏။

ထိုသို့ချွတ်ပြလိုက်ရုံနှင့် စစ်ဆေးခြင်းမှာမပြီးပေ။ကိုင်တွယ်စမ်းသပ်စစ် ဆေးကြည့်ရှုဟုဆိုအပ်သော စစ်ဆေးခြင်းနှင့်ပတ်သက်သော ဝေါဟာရစကားရှိရှိ သမျှ ကုန်စင်အောင်စစ်ဆေးခြင်းခံရပေတော့၏။ ကျွန်တော့်မှာ ထိုထိုသော ဆရာ ဝန်မ များ၏ဟိုကိုင်ဒီကိုင် ဟိုဟာဆွဲဒီဟာမြောက်ဖြင့် မထိခိုက်မနာကျင်စေသော နည်းဖြင့် အရှင်လတ်လတ် ညှင်းဆဲခြင်းတစ်မျိုးကို ခံရလေရာ စိတ်၏ညှင်းဆဲ ခြင်း ထက်ကြီးမားသောဒုက္ခသည်မရှိတော့ပြီဖြစ်လေရာ ကျွန်တော့်မှာ စိတ်ထဲက သေပဟ ဟုဆိုရုံမျှနှင့် သေပစ်၍ရနိုင်လျှင် ထိုနေရာတွင်ပင်သေလိုက်ချင်ပေတော့ ၏။

ထို့ပြင်နွားဝယ်ရာတွင်စစ်ဆေးသကဲ့သို့အောက်သွားအထက်သွားဖြဲ၍ကြည့် ခြင်းကိုသည်းခံပေ၏။ ပြောရမှာရှက်စရာကောင်းသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို

လည်း ပယ်ပယ်နယ်နယ် ကိုင်တွယ်ကြည့်ရှုစစ်ဆေးခြင်းကိုလည်း သည်းခံရပေ တော့၏။ ကျွန်တော့်မှာ ငရဲခံနေရသည်ထက် ဆိုးဝါးသော အဖြစ်မျိုးကို အတန် ကြာခံစားနေရပြီး စစ်ဆေးပြီးပြီဟု ဆိုလိုက်တော့မှ အဝတ်အစားများချွတ်ထားရာ နေရာသို့ အမြန်ပြေးကာ ကမန်းကတန်းဝတ်ဆင်လိုက်ရပေ၏။ သို့ရာတွင်အားလုံး တွေ့မြင်ကြပြီးမှ ယခုကဲ့သို့ဝတ်စားပုန်းကွယ်လိုက်သော်လည်း ဘာမှမထူးတော့ သည်ကို တွေးမိသောအခါ ရှက်စိတ်နှင့် မျက်ရည်များဖြိုင်ဖြိုင်ကျ၍လာပေတော့ သတည်း။

ကျွန်တော့်မှာ ထိုသို့သော ဝဋ်ကြီးမှ လွတ်မြောက်၍လာခဲ့ပြီးသည့်တိုင် အောင် ဒုက္ခမငြိမ်းနိုင်သေးဘဲ ဂါတ်သို့ပြန်သွားရဦးမည်ဆိုသောကြောင့် လောက တွင် ကျွန်တော့်ထက်ကြီးမားသော ဒုက္ခကောင်သည်မရှိတော့ပြီ ဟုထင်မိကာ ဝမ်းနည်းစွာနှင့် ဂါတ်သို့ပြန်၍လိုက်ခဲ့ပြန်ရာ ဂါတ်တဲသို့ရောက်သည်နှင့်တပြိုင်နက် တစ်ဖက်းတစ်ယောက်သောသူကို မြင်မိကာကြက်သေသေပြီးရပ်နေမိလေတော့၏။

ကျွန်တော်၏ရှေ့တွင်တွေ့နေရသူမှာကား ကျွန်တော်၏မေမေ ပင်ဖြစ်တော့ ၏။ မေမေသည် ကျွန်တော့်ကိုမြင်လျှင် ဒေါသထွက်ခြင်း၊ ရှက်ခြင်း ဝမ်းနည်းခြင်း များဖြစ်ပေါ်သော အမူအရာဖြင့် စိမ်းစိမ်းကြီးကြည့်နေသည်ကိုတွေ့ရလေရာ ကျွန်တော့် မှာ လည်းမေမေ၏မျက်နှာကို မြင်လိုက်ရခြင်းအားဖြင့် ရှက်ကြောက်ဝမ်းနည်းခြင်းဖြစ် ကာ မျက်နှာခြင်းဆိုင်၍မကြည့်ရဲဘဲ ခေါင်းကိုငုံ့၍နေလိုက်ပြီးလျှင် ငါ့ကို ဘယ်လို များဆိုလိုက်ကြမ်းလိုက်မည်လဲဟု ရင်တွင်း၌ဖိုရှိနေပေတော့၏။

သို့ရာတွင် မေမေသည် စိတ်ခိုင်သော မိန်းမသားဖြစ်သဖြင့် ဒေါသကိုအပြင် မထွက်စေဘဲ ငြိမ်သက်တည်ကြည်စွာ ကြည့်နေသည်ကိုတွေ့ရသောကြောင့် ကျွန်တော့် မှာဆူပူခြင်းမခံရသည့်အတွက်သက်သာရာ ရပေတော့၏။
မေမေသည် ကျွန်တော့်နားသို့ကပ်လာပြီးလျှင် 'မင်းတယ် မိုက်ပါကလားခင်ရဲ့ ခင့်ဖေဖေ နေမကောင်းလို့လဲနေတာကိုတောင် ပြန်ပြီးမကြည့်ဘူး၊ ဒီလိုလုပ်သွားတာ ကောင်းရဲ့လား' ဟုကျွန်တော်တစ်ယောက်ထဲကြားအောင်ကြိတ်၍အပြစ်တင်လိုက်ရာ ကျွန်တော့်မှာ ဖေဖေ့အကြောင်းကိုကြားရလျှင်ပင် စိတ်ထဲတွင်မနေနိုင်တော့ဘဲ မျက် ရည်များ ကျလာတော့၏။

အချစ်သည် ဘာကိုမျှမမြင်နိုင်ဟု လူအပေါင်းတို့ဆိုရိုးရှိကြလေသည်မှာ မှန်၍နေပေတော့၏။ အကြောင်းမှာ ကျွန်တော်သည် အချစ်စိတ်ဖုံးလွှမ်းနေခြင်းဖြင့် ဖေဖေ၏ အဖြစ်အပျက်ကိုထောက်ထားဆင်ခြင်ခြင်း မရှိဘဲ ချစ်သူနောက်သို့ကောက် ကောက်ပါအောင်လိုက်ခဲ့မိပေတော့၏။ အကယ်၍သာ ဖေဖေသည် ထိုရောဂါနှင့်အ သက်ဆုံးသွားမည်ဆိုသော် ကျွန်တော်၏ ပယောဂမကင်းနိုင်တော့ချေ။ ကျွန်တော့်အ တွက်နှင့်ရောဂါတိုးသေရခြင်းပင်ဖြစ်မည်တကား။ ထိုသို့တွေးမိသည်တွင်ကျွန်တော် ၏ နှလုံးသားတို့သည် ဒါးမွှန်းခံရသကဲ့သို့ နာကျင်ထိခိုက်ခြင်းသည် ပြင်းစွာဖြစ် ပေါ် မိတော့၏ထိုသို့စကားမပြောနိုင်ဘဲ တွေဝေ၍နေသည်တွင် မေမေသည် အသံ

ကျယ်စွာဖြင့် 'ခင် တယ်မိုက်ပါကလား၊ ဘာပြုလို့လိုက်သွားတာလဲ' ဟုပြောပြန်ရာ ကျွန်တော့်မှာ ကျွန်တော်၏အပြစ်မှ ကင်းလိုကင်းညား သဘောထားကာ မချစ်ဦးကခေါ်လို့လိုက်ရတယ်ဟုပြောလိုက်မိရာ ထိုသို့ပြောလိုက်သည်နှင့်တပြိုင်နက် မေမေသည်အင်စပိတ်တော်မကြီးအား 'ကဲ မှတ်ထားပါမချစ်ဦးကခေါ်လို့ လိုက်ရပါတယ်တဲ့' ဟုပြောလိုက်သဖြင့် အင်စပိတ်တော်မက မှတ်ထားမည်အပြုတွင် ကျွန်တော့်မှာကျွန်တော်၏ စကားကြောင့် မချစ်ဦးအပြစ်လေးစေတော့မည်ကို ချက်ချင်းတွေးမိသောကြောင့်
'မဟုတ်ဘူး၊ ... မဟုတ်ဘူး၊ မချစ်ဦးအတင်းခေါ် တာမဟုတ်ဘူး' ဟုလျင်မြန်စွာပြော ဆိုလျက် တိုင်ချက်မရေးရအောင် ပိတ်ပင်ရလေ၏။
'အို ဒီသူငယ်စကားအမျိုးမျိုးပြောနေပါကလား၊ စဉ်းစားပြီးပြောနော်၊ သူငယ် ပြောတဲ့စကားတွေကို သက်သေထွက်ချက်အဖြစ် အကုန်မှတ်ရလိမ့်မယ်၊ နောက်ကိုပြင် လို့မရဘူး' ဟုအင်စပိတ်တော်မကြီးက သတိပေးလေ၏။ထိုအခါတွင်ကျွန်တော့်မှာ ဘယ်ဝယ်ဘယ်သို့ပြောရမည် ကိုမကြံတတ်တော့ဘဲ 'အို ဘာမှမမှတ်နဲ့၊ ခင်ဘာမှမ ပြောတတ်ဘူး၊ ခင်ဘာမှမသိဘူး' ဟုပြောပြောဆိုဆိုငိုမိလေ၏။ မေမေနှင့်အင်စပိတ် တော်မတို့သည် ကျွန်တော်၏ပြုမူပုံကိုကြည့်ပြီးနောက်နှစ်ယောက်သား တီးတိုးစကား ပြော၍နေကြသည်ကို တွေ့ရလေ၏။
'ကဲ ဒါဖြင့်ကျောင်းသားကိုကျောင်းပြန်ခေါ်သွားတော့မယ်'
'အို .. ဒီလိုမဖြစ်နိုင်ဘူး၊ သူ့သဘောအတိုင်းသွားပါစေ၊ သူမလိုက်ချင်ဘူးဆိုရင် အမှုစစ်ဆေးနေတဲ့ အတောအတွင်းမှာ စောင့်ရှောက်ရေးဌာနကို ပို့ပြီးထားရလိမ့်မယ်' ဟု အင်စပိတ်တော်မကပြောပြီးလျှင် ကျွန်တော့်အား 'မင်းဘယ်ကိုသွားချင်သလဲ' ဟုမေးလေ၏။
ကျွန်တော့်မှာ တစုံတခုသောအဖြေကိုပေးလိုက်လျှင် ရှေ့တွင်ဖြစ်ပေါ်လာမည်ကို တွေးတောဆင်ခြင်ကာ မေမေ့မျက်နှာကိုတလှည့် အင်စပိတ်တော်မကိုတလှည့် အပြန်အလှန်ကြည့်မိလေ၏။ ထိုအခိုက်တွင်ကျွန်တော်၏မျက်စိထဲတွင် အိပ်ရာပေါ်၌ လဲလျောင်းဖျားနာကာ ကျန်ရစ်ခဲ့သော ဖခင်၏မျက်နှာကို ကွက်ခနဲ ထင်မြင်လိုက်မိရာ စိတ်ထဲတွင်မချိမဆံ့နည်းဖြစ်လျက် 'မေမေရဲ့ ဖေဖေ ဘယ့်နှယ့်နေသေးသလဲ' ဟုမေးမိရာ အင်စပက်တော်မက 'ဒါတွေကိုမပြောနဲ့လေ၊ ဒီကမေးတာကိုဖြေပါဦး' ဟုစကားဖြတ်ပစ်လိုက်သော်လည်း မေမေက 'ခင့်အတွက်သာပြီးရောဂါတိုးနေတယ်၊ ခင့်ကိုချည်းတနေတယ်' ဟုစကားအဖြတ်မခံဘဲပြောလိုက်သည်တွင်ကျွန်တော့်မှာ မချိတရိဖြစ်မိရာက 'ခင် မေမေတို့ ဖေဖေတို့နဲ့ပဲပြန်ပြီးနေမယ်' ဟု အင်စပိတ်တော်မအားပြန်၍ပြောလိုက်လေတော့၏။
ထိုသို့ပြောလိုက်ပြီးမှ ကျွန်တော်သည် မချစ်ဦးကိုပြေး၍တွေးမိလေ၏။ထိုသို့ တွေးမိရာတွင် ကျွန်တော်သည် မိဘများနှင့်လိုက်မည်ဆို၍ မချစ်ဦးနှင့် ကွဲရတော့မည်ကို သိရပေတော့၏။သို့ရာတွင် ကျွန်တော်ပြောပြီးသောစကားမှာ ပြင်၍

မရနိုင်တော့ဘဲ အတည်ဖြစ်လေပြီဖြစ်ရာ ကျွန်တော့်မှာ ဖေဖေ့ကိုငဲ့ညှာလိုက်ခြင်းအားဖြင့် ချစ်သူအတွက်နစ်နာရတော့မည်ကို တွေ့ရှိနေရလေတော့၏။ သို့ဖြစ်ခြင်းအားဖြင့် ကျွန်တော့်မှာ အချုပ်ခန်းသံတိုင်ကို ကိုင်တွယ်ကာငေးမှိုင်ကြည့်ရှုနေသောမချစ်ဦးထံသို့ လျင်မြန်စွာပြေးကပ်ရင်း ‘အမယ်လေး … အမယ်လေး ချစ်ချစ်ရဲ့၊ ကွဲကြရတော့မယ်’ ဟု ငိုယိုစဉ် မေမေနှင့်ရဲမတို့သည် အနားသို့လာ၍ခွဲခွာပစ်ကြပြီးလျှင် ကျွန်တော့်အား မေမေကဆွဲခေါ် ၍သွားလေရာ ကျွန်တော့်မှာ ချစ်သူအတွက်နောက်ဆံတငင်ငင်နှင့်လှည့်ကြည့်လှည့်ကြည့်ပြုကာ မေမေ့နောက်သို့ပါခဲ့ရလေတော့သတည်း။

ကျွန်တော်အိမ်သို့ပြန်ရောက်လာပြီဆိုသည်နှင့်တပြိုင်နက်မမာရာကစိတ်ဆောင်၍ ထပြီးလာသည်ကို တွေ့ရလေ၏။ကျွန်တော်လည်းဖေဖေ့မျက်နှာကိုတွေ့ရပြီးလျှင်ပိန်ချုံးဖျော့တော့သော အသားအရေများကိုမြင်ရသောကြောင့်ဝမ်းနည်းမဆုံးယူကြုံးမရဖြစ်ကာ ငိုယိုသောမျက်နှာဖြင့် ဖေဖေ့အားပြေး၍ပွေ့ဖက်လိုက်လေ၏။ဖေဖေသည်ကျွန်တော်၏ ပွေ့ဖက်ထားခြင်းကိုခေတ္တမျှ ခံနေပြီး ကျွန်တော့်ကိုခါချလိုက်ကာ ‘ဟဲ့အမျိုးယုတ်၊ ကမြင်းထီး၊သွား ငါ့ကိုမကိုင်နဲ့၊ နင်ကလူကြီးတွေရဲ့ မျက်နှာကိုအိုးမဲသုတ်ပြီးအားရတော့မှ မျက်ရည်ခံထိုးရအောင်ကြံတာလား’ဟုဆို၍တွန်းဖယ်လိုက်ရာ ကျွန်တော့်မှာ ထိုင်ရာကမထဘဲ ဖေဖေ့အားအသနားခံသောမျက်နှာဖြင့် ဖေဖေ့မျက်နှာကိုမော်ကြည့်၍နေလေ၏။

ဖေဖေ့မှာ ဒေါသကြောင့်သာကြိမ်းမောင်းတွန်းဖယ်လိုက်ရသော်လည်းဖျားပြီးအားနည်းနေသူဖြစ်သောကြောင့် ချက်ချင်းအမောဆိုက်သွားကာ တဟွပ်ဟွပ်ချောင်းဆိုးနေသောကြောင့် ကျွန်တော်ကပင်ထ၍ပွေ့ထူကာ ကုလားထိုင်တလုံးရှိရာသို့ပို့လိုက်ရလေ၏။

‘အဟွပ် … အဟွပ်၊ အမယ်လေး တယ်တော်တဲ့သားဟဲ့၊ မိဘကောင်းကျိုးပေးမယ့်သား၊ ဒီကတော့ လူချီးမွမ်း၊ နတ်ချီးမွမ်း ခံရအောင်၊ မ ဆိုရင် ယင်ပျံမှမသန်းစေရဘဲ အမျိုးမျိုးစောင့်ရှောက်ပြီးထားပါရက်နဲ့၊ဒီကြားထဲကနေ ပြီး အလော်မာအသရမ်းဖက်၊ တိတ်တိတ်ပုန်းပျက်နေတာ၊ နင့်ကိုယ်နင်မရှက်ဘူးလားဟဲ့၊ အခုတော့နင်လူပျိုစစ်သေးရဲ့လားဟဲ့၊ အဟွပ်…အဟွပ်၊ထွီဖွမ်၊ နင်မရှက်ပေမယ့် နင်အစားတို့ရှက်တယ်ဟဲ့၊ ယောက်ျားရှင်ထီးရဲ့၊ နင်နန့်ကြော ကမြင်းကြောဆွဲတာတွေ အခုတော့နင်ဟာလူတကာရဲ့ တတွေးခွက်မှာ မှောက်ရက်သားလဲပါ ပကောလားဟဲ့’ ဟုဆိုရာကအပြင်းအထန်ချောင်းဆိုးသောကြောင့် မေမေက

‘ကိုမြရွှေကလည်း နေထိုင်မကောင်းဘဲ မောအောင်လုပ်မနေပါနဲ့၊ အလကားရောဂါတိုးနေပါဦးမယ်’ ဟုပြောကာ ‘လာလာ၊ ကိုယ့်အခန်းထဲမှာ အေးအေးအိပ်၊ ငြိမ်ငြိမ်နေပါ။အမောဆို့ပြီးအသက်ထွက်နေဦးမယ်’ ဟုဆို၍ခေါ် သွားသောကြောင့် ကျွန်တော့်မှာ ထိုခဏအတွက်တာအဖို့ ဩကြိမ်းမောင်းခံရခြင်းမှ သက်သာရာရလေတော့၏။ သို့ရာတွင်ကျွန်တော်၏ဒုက္ခမှာ ဤမျှနှင့်အပြီးမသတ်ပေ။ဖေဖေနှင့်လည်းကောင်း

မေမေနှင့်လည်းကောင်း မျက်နှာချင်းဆုံမိတိုင်းဆူပူခြင်းခံရပြန်လေ၏။ထိုသို့
ဆူပူခံရခြင်းမှာ များစွာခံရမခက်လှသေးပေ၊အကြောင်းမူကား မဆူမပူဘဲသာယာ
ညင်းပျောင်းပြောဆိုခြင်းအားဖြင့်အခံရခက်သောအချက်တစ်ချက်ကိုတွေ့ကြုံလာသော
ကြောင့်ဖြစ်ပေ၏။ ထိုအချက်မှာကားကျွန်တော့်ကိုနားချသွန်သင်ခြင်းဖြစ်ပေ၏။
'ခင် ... ဖေဖေ တစ်ခုမေးမယ်၊ မှန်တဲ့အတိုင်းပြောမလား' ဟုဖေဖေ ကမေးလိုက်သဖြင့်
ကျွန်တော်က 'ဟုတ်ကဲ့၊ ပြောပါ့မယ်ဖေဖေရယ်' ဟုဖြေလိုက်ရာ 'ခင်တို့နှစ်ယောက်ဟာ
အတော်ကိုလွန်လွန်ကြူးကြူးဖြစ်နေကြပြီလား၊' ဟုမေးလိုက်သည်တွင်ကျွန်တော့်မှာ
အဖြေရကြပ်လျက်ရှက်ဖွယ်ကောင်းသောအဖြစ်ကိုမည်သို့ဖြေရမည်နည်းဟု
မတွေးတောနိုင်အောင်ရှိပေ၏။
'ပြောမယ် ဆိုပြီးပြောလေ၊ အခုမှရှက်နေသလား၊ ဖြစ်တုန်းကဖြစ်တာတွေတော့
မရှက်ဘူးလား' ဟုပြောပြန်ရာ ကျွန်တော့်မှာ ဖြေရခက်လျက်ကျမျက်ရည်တွေတွေစီးပြီး
လျှင် ခေါင်းကြီးကို အသာအယာငုံ့၍နေလိုက်လေ၏။
'ခင် အခုလိုမပြောဘဲနေတာ ခင်တို့မှာ မှားခဲ့ယွင်းခဲ့ လွန်ခဲ့ကြလို့မဟုတ်လား'
ဟုပြောတော့မှသူ့အမေးနှင့်သူ့အဖြေပြီး၍နေသောကြောင့် ကျွန်တော်လည်းခေါင်း
ညိတ်၍ပြလျက်ဟုတ်ကဲ့ဟုဖြေလိုက်ပေတော့၏။
'အော် အခုလောက်ထိအောင်ဖြစ်နေကြမှကိုး၊မခွဲနိုင်အောင်ချစ်ကြ တာပဲလား'
'ဖေဖေရယ် ..ဖေဖေတို့လည်း ငယ်ရာကကြီးလာကြတာဘဲ၊ ကိုယ်ချင်းစာကြည့်
ပါတော့'
'တို့ကကိုယ်ချင်းစာပေမယ့်ခင့်ကောင်မရဲ့ အဖေတွေအမေတွေက ကိုယ်ချင်းမစာလို့
ဒီလိုလုပ်ရတာ၊ တကယ်ဆိုရင်ကိုယ့်သမီးကသူများသားကို ခိုးပြေးလို့ရှိရင် သားရှင်ကို
လာပြီးအကျိုးအကြောင်းပြောပါလား၊ သမီးနဲ့သားကိုရှာပြီးပြန်ပေးပါ့မယ်၊ပြန်လာရင်
လက်ခံကြပါ၊ နောက်ပြီးလူကြီးစုံရာနဲ့တောင်းရမ်းပေးပါ့မယ်ဆိုတာကိုမှ မပြောတော့
ဒီလိုမှစိတ်မဆိုးရရင် ကိုယ့်သားဟာပြည့်တန်ဆာဖြစ်ဖို့သာရှိတော့တာပဲ၊ ဒါတွေစိတ်နာ
လွန်းလို့'
'နို့ပေတဲ့ဖေဖေရယ်၊ကျွန်တော်လည်း လူပျိုပြန်ပြီးမဖြစ်နိုင်တော့ဘူး၊ ဒီလိုဖြစ်
မယ့်တူတူ၊စာနာထောက်ထားပြီးကျွန်တော်တို့အချစ်ကိုတော့ဖြင့်မခွဲချင်ပါနဲ့တော့။
ကိုယ်ချင်းစာပြီးသနားပါဦး ဖေဖေရဲ့၊ သူ့မှာလည်း ကိုယ်လေးလက်ဝန်ရှိနေပါပြီ'
'အို ... ခင်လူပျိုပြန်ပြီးမဖြစ်ချင်နေပါစေ၊ ရေဆေးပြီးယူမယ်၊ ဒင်းလိုဟာ မျိုးနဲ့တော့
မပေးစားနိုင်ဘူး၊ဒင်းမှာ ဟိုဟာရှိရုံမကလို့အရပ်တကာမှာ မွေးပစ်တဲ့ကလေးကို
ဖားကောက်သလို ပလိုင်းနဲ့လွယ်ပြီးကောက်ရပါစေ၊ မပူဘူး၊ ဒင်းကိုကလော်မှာ တာပဲ၊
ဘာပဲဖြစ်ဖြစ် ခင့်ကိုဖေဖေက ဆင်စီးပြီးမြင်းရံလို့ တင့်တင့်တယ်တယ်
ဖြစ်စေချင်တယ်၊ ဒီလိုကလေကချေ အလေနတော နန့်ကြောဆွဲတဲ့ဂျပိုးမမျိုးနဲ့တော့
သင်းအဖေအမေကိုအော့နှလုံးနာတာနဲ့ မပေးစားနိုင်ဘူး၊ သင်းကိုယူရင်ခင့်မှာသာ
တိုးပြီးနစ်ဖို့ရှိတယ်'

'ဒါဖြင့်ဖေဖေက ဘယ်လိုကြံမလို့လဲ ဖေဖေရဲ့'
'တခြားတော့ ဘာမှမကြံဘူး၊ ဒင်းနဲ့လဲ မပေးစားဘူး၊ ဒင်းတို့လဲဒုက္ခရောက်ရမယ်။'
'သနားပါဦးဖေဖေရယ်၊ သူ့အမေအဖေကို မုန်းတာနဲ့ အပြစ်မရှိတဲ့ခမျာမှာဒုက္ခ မရောက်ပါစေနဲ့'
"အို ... ရက်စက်မှုကြေကွဲသတဲ့၊ ဖေဖေ ပြောတဲ့စကားကိုခင်နားထောင်မလား၊'
'ဘယ်လိုလဲ ဖေဖေရဲ့'
'ဖေဖေတို့ကို ချစ်လို့ရှိရင် ဖေဖေပြောတဲ့အတိုင်းရုံးမှာအစစ်ခံပါ၊ ဟုတ်လား၊ ရုံးမင်းကမေးလို့ရှိရင် ကျွန်တော်မျိုးချစ်လို့ လိုက်ရတာမဟုတ်ပါဘူး၊ အတင်း လိုက်ရမယ်ဆိုပြီး ဓါးပြခေါ်သွားလို့ မအော်ဝံ့ဘဲ လိုက်သွားရပါတယ်။နောက်ဖေး ကိုဆင်းတာ အပေါ့သွားရအောင်ဆင်းတာပါ၊ ဒီလိုအဆင်းမှာ အတင်းလက်ကိုဆွဲ ပြီးခေါ် ပါတယ်၊ ကျွန်တော့်ကိုခေါ်သွားပြီး ကားပေါ်မှာမတရားကျင့်ရန်ကြံပါသေး တယ်၊ အတင်းရုန်းတာနဲ့ မအောင်မြင်ပါ၊ မကျော်တင့်တို့အိမ်ကို ညသန်းခေါင် ကျော်လောက်ရောက်ပါတယ်၊ မကျော်တင့်က ကျွန်တော်တို့နှစ်ယောက်စလုံးအခန်း ထဲမှာပိတ်ပေးပါတယ်၊ ဒီတစ်ခါမှာ မချစ်ဦးကမတရားပြုကျင့်ရန်ကြံစည်ပါတယ်။ ကျွန်တော်က ငိုပြီးတောင်းပန်သော်လည်းမရဘဲ ဓါးပြပြီး အတင်းအဓမ္မကြံစည်တာ အထမြောက်သွားပါတယ်၊ နောက်ပြီးတော့ ဖေဖေမေးစမ်းပါရစေဦး၊ အဲဒီညက'
'ရက်လွန်းလို့မပြောပါရစေနဲ့ဖေဖေရဲ့၊ ဖေဖေပြောသလို မဟုတ်တာတွေလဲ ကျမ်းကျိန်ပြီး မထွက်ပါရစေနဲ့'
'အို ဒီကျမ်းတွေဟာ မစူးနိုင်ပါဘူး၊ အိမ်ခင်းတဲ့ ကြမ်းကပြင်မှ သံစထွက်နေလို့ စူးနိုင်ဦးမယ်'
'ကျမ်းစူးမှာ ကိစ္စမရှိပါဘူး၊လူတစ်ဖက်သားနစ်နာအောင်မပြောပါရစေနဲ့၊ ကျွန်တော်ချစ်တဲ့သူအပေါ် မှာဒါလောက်မရက်စက်နိုင်ဘူးဖေဖေရဲ့၊ ကျွန်တော့်ကို သနားရင်သူ့ကိုလည်းသနားပါဖေဖေရဲ့'
'ခင့်ကိုသနားလို့သူ့ကိုမသနားတာပေါ့ ခင်ရဲ့'
'မရက်စက်သင့်ပါဘူးဖေဖေရယ်၊ မရက်စက်သင့်ပါဘူး၊ သူ့ကိုမကြိုက်နဲ့ဆိုရင် မကြိုက်ပါဘူး၊မပေးစားဘူးဆိုရင်လည်းမယူပါဘူး၊ နို့ပေတဲ့ဒါမျိုးတော့ဖြင့် မပြောပါရစေနဲ့ ဖေဖေရဲ့'
'ခင်မယူဘူးဆိုတာ ဖေဖေဝမ်းသာတယ်၊ မကြိုက်ဘူးဆိုတာလည်း ဖေဖေတို့ သဘောကျတယ်၊ နို့ပေတဲ့ ခင်ဒီလိုမထွက်ရင် ဖေဖေတို့ အကုန်လုံးဒုက္ခရောက် ကုန်လိမ့်မယ်၊ အခုအမှုလုပ်ပြီးပြီ၊ ဒီတော့ ခင်ဒီလိုမထွက်ရင် ဖေဖေတို့ လိမ်လည် တိုင်ကြားမှုနဲ့ ဒုက္ခရောက်ရလိမ့်မယ်၊ ဒါကြောင့်ဖေဖေတို့ကိုသနားရင် ဒီလိုထွက်ပါ သား ရယ်။ခင်ဒီလိုမှမထွက်ရင် ဖေဖေလည်း ခင့်အတွက်ရောဂါတိုးပြီးသေရတော့ မှာပဲ' ဟုပြောလိုက်ရာ ကျွန်တော့်မှာ ဘာမျှမပြောနိုင်အောင် အကြံရကြပ်၍သွား လေတော့၏။

ကျွန်တော့်မှာ မိဘကိုထောက်ညှာသနားမိ၍ တဖက်သို့လိုက်မည်ဆိုလျှင် ရည်းစားမက လင်မယားတမျှပေါင်းခဲ့ရသူ အချစ်ဦးကို စွန့်လွှတ်ရတော့မည်ဖြစ်ရုံ မျှမက ချစ်သူခများကိုယ်လေးလက်ဝန်ကြီးနှင့် ထောင်သွင်းအကျဉ်းခံရတော့မည် ကိုမြင်ယောင်လျက် အလွန်တရာ အသည်းနာစရာကောင်းလှသည်ကို တွေ့ကြုံရ ပေ၏။ အကယ်၍ချစ်သူအား ထိုသို့သောဒုက္ခမျိုးမှကင်းဝေးစေရန် နှလုံးပြုလျှက် ချစ်သူအား သနားငဲ့ညှာသောသဘောအားဖြင့် ချစ်သူဘက်မှ လိုက်ရမည်ဆိုသော် ကျေးဇူးရှင်မိဘနှစ်ပါးအား ဒုက္ခရောက်စေတော့မည်ဖြစ်ရကား ကျွန်တော့်မှာ ဤ ခက်ခဲကြီးလေးသော ပြသနာကြီးကို အဘယ်ပုံဖြေရှင်းနိုင်ပါမည်နည်း ဟုစဉ်း စား၍ မရနိုင်အောင်ရှိရပေတော့၏။

ဤသို့လျှင် နေ့စဉ်တွေးတောကြံစည်ပါသော်လည်း အချိန်သာကုန်၍ အကြံကောင်းမရဘဲရှိကာ တစ်နေ့တစ်နေ့ နှင့် အမှုစီရင်စစ်ဆေးမည့်နေ့သို့ ရောက်ရှိလာလေ၏။ ဤသို့ရှုပ်ထွေးပွေလီနေသည့် အတောအတွင်းမှာ ပုလိပ်တို့ က လာရောက်ရှုပ်ပွေကာ မေးလားမြန်းလားပြုလုပ်နေသည်မှာလည်း စိတ်ညစ် စရာကောင်းလှသည့်အပြင် ရှေ့နေရှေ့ရပ်တို့ကလည်း နိုက်နိုက်ချွတ်ချွတ်မေးမြန်း ပြန်ရာ ကျွန်တော့်မှာ သေချင်စရာကောင်းသောအဖြစ်မျိုးတွင်ခံစားနေရပေတော့၏။ ထိုမျှမကသေး၊ သတင်းစာတို့က သူတပါးစိတ်ညစ်ဒုက္ခရောက်ရသည်ကိုပင် သနားငဲ့ညှာခြင်းမရှိဘဲ သူတစ်ပါး၏ဒုက္ခကိုအရင်းတည်လျက် မိမိတို့စီးပွား လမ်းဖြောင့်ရာဖြောင့်ကြောင်းကိုရှာကြံကာ သတင်းစာထဲတွင်ဓါတ်ပုံများဖြင့်ထည့် သွင်းဖေါ် ပြပြန်သည်မှာ နောင်ကိုလူတောထဲတွင် မျက်နှာမဖေါ်ဝံ့အောင်ပြုလုပ်သည် နှင့်မခြားဘဲ ထိုသူငယ် ထိုယောကျ်ားကလေးသည် သူတပါး၏မတရားပြုကျင့်ခြင်း ကို ခံရပြီးသူဖြစ်နေပြီ၊ လူပျိုမစစ်တော့ပြီဟူသောအားဖြင့် တစ်သက်လုံးလူညွန့် တုန်းအောင် တစ်နိုင်ငံလုံးကြော်ညာသကဲ့သို့ရှိပေတော့၏။

သို့အားဖြင့် ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော ဟု ရှင်တော်ဘုရားဟောကြား တော်မူခဲ့သည်တွင် ချစ်သူနှင့်ကွေကွင်းရခြင်းကို ဒုက္ခဟုဆိုရုံမျှဆိုခဲ့လေရာ ယခု မူချစ်သူနှင့်အခွဲခံရခြင်း၌ အချစ်ကြောင့် စိတ်ဒုက္ခရောက်ရခြင်းအပြင်တွင် ရဲတို့ ရှေ့နေတို့၏ အနှောက်အယှက် သတင်းစာတို့၏ အနှောက်အယှက်တည်းဟူသော အလွန်ဆိုးဝါး ညစ်ညမ်းလှသော အနှေက်အယှက်များထပ်လောင်းခြင်းကြောင့် ပိယေဟိ ထက်ဆိုးသော အတိဒုက္ခော ပြောမကုန်နိုင်သည့် ဒုက္ခကြီးကိုပင် ခံစား ရပေတော့၏။ အကယ်၍သာ ကျွန်တော်၏ မိဘတို့သည် ဖြစ်ပြီးသား ပြီးစေတော့ ဟူသော သဘောထားကာ နှစ်ဦးနှစ်ဘက်စေ့စပ်ပြီးလျှင် တင့်တင့်တယ်တယ် တောင်း ရမ်းလက်ထပ်ခြင်းအမှုကိုပြုလိုက်မည်ဆိုပါက ကျွန်တော့်မှာ ဤဒုက္ခကြီးမှ ကင်း ဝေးလျက် ချစ်သူနှင့်စုံဖက်ရမည်ကို တွေးတောကာ ကျွန်တော်၏ မိဘများသည် ကျွန်တော့်အပေါ် တွင် ဤမျှလောက်မသနားလေရော့သလားဟူသော တွေးမိခြင်း ကိုဖြစ်ရလေတော့၏။ ဆင်နင်း၍မြင်းကန်ခံရတာကို မကြည့်လိုသောမိဘတို့သည်

စိတ်ညှင်း၍ ဆင်းရဲဒုက္ခခံစားရခြင်းကိုမူ ကြည့်ရက်နိုင်ကြပါသနည်းဟု ကျွန်တော့်မှာ စဉ်းစား၍မရနိုင်ဘဲ ရှိပေ၏။

သို့နှင့် အမှုစစ်ဆေးတော့မည့်နေ့သို့ရောက်ခဲ့လေတော့၏။ ထိုနေ့တွင် ကျွန်တော့်မှာ စိတ်ထဲတွင် တလှပ်လှပ်သွေးခုန်ကာ ရင်တုန်လျက်ရှိလေတော့၏။ ကျွန်တော့်မှာ ဘယ်အခါမျှ ရုံးပြင်ကနားသို့မရောက်ဖူးခဲ့ဘဲရှိရာ၊ ယခုအချိန် ပထမရောက်ရတော့မည်ဖြစ်ရာတွင် သာမညအမှုမျိုးဖြင့် ရောက်ရခြင်းမဟုတ်ဘဲ ကျွန်တော်ကိုယ်တိုင် ပါဝင်အသုံးတော်ခံလျှက် ရှက်ကြောက်စရာအလွန်ကောင်းလှသော အမှုကြီးနှင့် ပတ်သက်၍ရောက်ရခြင်းဖြစ်လေရာ မည်သို့မည်ပုံပြောရမည် ပြုမူရမည်ကိုနားမလည်ဘဲ နဂိုကဘာမျှမသိရသည့်အထဲတွင် ယခုကဲ့သို့စိတ်ခြောက်ခြားဖွယ်ကိုယ်တိုင်ကြုံတွေ့နေရာတွင် တုန်တုန်ရီရီကြီးဖြစ်လျက် မှားယွင်းစွာထွက်ဆိုမိမည်ကို စိုးရိမ်ရပြန်ပြီးလျှင် မိဘဖက်လိုက်ဖို့နှင့် ချစ်သူဖက်လိုက်ဖို့ ဝေခွဲမရနိုင်အောင် ဖြစ်ခဲ့ရခြင်းမှာ ယခုကဲ့သို့စိတ်နှလုံးတုန်လှုပ်ခြောက်ချား နေသည့်အခါတွင် ဘာမျှစဉ်းစား၍မရနိုင်အောင် ဖြစ်စေလေတော့၏။

ရုံးသို့ရောက်သောအချိန်အခါတွင် သူတပါး၏ သူတပါး၏အရှက်တကွဲ အကျိုးနည်းရသည့်အဖြစ်မှ နှစ်နှစ်ချိုက်ချိုက်ကြီးကြားသိနားထောင်လိုသူများသည် ရုံးခန်းအပြင်တွင် ပြည့်ကျပ်လျက်ရှိသည့်အပြင် ကျွန်တော် တို့ ရောက်လာသောအခါ၌ ကျွန်တော့်အား ခေါင်းနှစ်လုံးနှင့်အမြီးပေါက်သည့် လူထူးလူဆန်းသဖွယ်ပြူးကြောင်စူးစိုက်သော မျက်လုံးကြီးများနှင့် စားတော့ဝါးတော့မလိုကြည့်ကြခြင်းကို ကျွန်တော့်မှာ မခံနိုင်အောင်ရှိကာ ခေါင်းကိုငုံ့လျက် အလွန်တရာရှက်ကြောက်စွာ ခြေလှမ်းမှန်မှန် မလှမ်းနိုင်ဘဲ ၎င်းတို့အကြားမှ ဝင်ခဲ့ရလေ၏။ သူတပါး၏အရှက်ကိုခွဲရန် စောင့်စားနေကြသော ရုံးခန်းမအတွင်းရှိသတင်းထောက်မတို့ကလည်း ကျွန်တော် ဝင်လာလျှင်ပင် ပုဇွန်မျက်လုံးကဲ့သို့ပြူတ်ကျလုမတတ်ပြူး၍ကြည့်ကာ ကျွန်တော်၏အဝတ်အစား မျက်နှာပေးအမူအရာတို့ကို ခြေဆုံးခေါင်းဆုံးအကဲခတ်ကြ၏။

ရုံးခန်းသို့ရောက်လျှင်ရောက်ခြင်း ကျွန်တော်၏ မျက်စိများသည် မချစ်ဦးကိုရှေးဦးစွာရှာဖွေလျက်ရှိလေ၏။ ထိုသို့လှည့်ပတ်ကြည့်လိုက်ရာ ရဲမနှစ်ယောက်ခြံရံထားသော ဝက်ခြံကလေးထဲတွင် ရှေ့သို့ခေါင်းငိုက်စိုက်ချကာမှိုင်တွေလျက်ထိုင်နေသောမချစ်ဦးကိုမြင်ရလျင် ကျွန်တော်၏ ရင်တွင်ဆို့ကာပြေး၍ဖက်ပြီးငိုလိုက်ချင်တော့၏။ သို့ရာတွင် ကျွန်တော့်မှာ ထိုသို့ပြေး၍ဖက်ဖို့ကိုမဆိုထားဘိစိုက်၍ကြည့်မိသည်ကိုပင်မကြည့်စေရန် မေမေက ကျွန်တော်၏ပေါင်ကို ဆွဲဆိတ်ကာသတိပေးလိုက်သောကြောင့် ကျွန်တော်လည်းဘယ်နေရာကိုမျှ မကြည့်နိုင်ဘဲခေါင်းငုံ့၍ နေလိုက်ရလေတော့၏။

မကြာမီအမှုစတင်၍ခေါ် လေ၏။တရုံးလုံးရှိလူများသည် အမှုစတင်စစ်ဆေးတော့မည်ဆိုသည်နှင့်တပြိုင်နက် တရားခွင်ဖက်သို့အာရုံစိုက်နေကြလေ၏။

ပထမစစ်ဆေးခံရသူမှာ ကျွန်တော့်မိခင်ပင်ဖြစ်ပေ၏။မေမေသည်
ကျမ်းကျိန်ရွတ်ဆိုပြီးနောက် မိမိ၏အမျိုးအမည်၊ အလုပ်အကိုင်အသက် တို့ကို
ဖေါ် ပြပြီးလျှင်အမှုဖြစ်ပုံကိုထွက်ဆိုလေ၏။
'လွန်ခဲ့တဲ့ပြာသိုလဆန်း ၁၂ ရက်နေ့ညက ကျွန်တော်မတို့အိပ်ရာဝင်မယ်အလုပ်မှာ မောင်ခင်သိန်းတစ်ယောက်ထဲ အပေါ့အလေးစွန့်ဖို့ အိမ်နောက်သို့ဆင်းသွားပါသည်၊ နောက်နာရီဝက်လောက်ကြာသည့်တိုင်အောင် မောင်ခင်သိန်းပြန်မလာ စိတ်မချသည့်အတွက် ကျွန်တော်မကိုယ်တိုင် လက်နှိပ်ဓါတ်မီးနဲ့ နောက်ဖေးကို ထွက်ကြည့်ပါတယ်၊ နောက်ဖေးခြံစောင်းနားမှာ ဖြူဖြူတွေမြင်တာနဲ့ လက် နှိပ်ဓါတ်မီးနဲ့ ထိုးကြည့်လိုက်တော့ မောင်ခင်သိန်းနဲ့ အခြားမိန်းမတစ်ယောက် ကိုတွေ့ရပါတယ်၊ ဒီမိန်းကလေးက မောင်ခင်သိန်းလက်ကိုအတင်းဆွဲထားပါတယ်၊ နို့ပြီး လက်တစ်ဖက်မှာလဲ ရှစ်လက်မအသွားရှိတဲ့ ဓါးမြှောင်တစင်းကို ကိုင်ထား တာကို မီးရောင်အောက်မှာမြင်ရပါတယ်။ ဒီလိုကြည့်လိုက်တဲ့အခါ မောင်ခင်သိန်း မှာကြောက်လန့်တုန်လှုပ်နေပုံရပါတယ်၊ ဒီမိန်းကလေးဟာ ရုတ်တရက်ဘယ်သူရယ် လို့မသိပါ။မီးနဲ့ထိုးကြည့်လိုက်တဲ့အခါ လန့်ဖျပ်ပြီးမော့ကြည့်လိုက်တော့မှ သူ့ မျက်နှာကိုမြင်လိုက်ရပါတယ်။ သူဟာအခုတရားခံ မချစ်ဦးဖြစ်ပါတယ်။ ဒီလိုမီးနဲ့ထိုးလိုက်တဲ့အခါ သူလည်းတစ်ချက်ကြည့်ပြီး မောင်ခင်သိန်းကို အတင်းဆွဲခေါ် တာကိုမြင်လိုက်ရပါတယ်၊ မောင်ခင်သိန်းအော်တာကို မကြားရပါ။ ကြောက်လို့မအော်တာပါ။ ကျွန်တော်မလဲ အံ့အားသင့်ပြီးငေးနေမိပါတယ်။ မအော်မိပါ၊ မြင်ရတဲ့နေရာနဲ့ ဖြစ်တဲ့နေရာ ကိုက်၃၀၀ လောက်ရှိပါလိမ့်မယ်။ ကျွန်တော်မ လက်နှိပ်ဓါတ်မီးက ပေ၅၀၀ပြေးတယ်၊ ဓါတ်ခဲအသစ်ထည့်ထားခါစဖြစ် လို့ ကောင်းကောင်းလင်းပါတယ်၊ နှစ်ယောက်စလုံးသေသေချာချာမြင်ရပါတယ်' ဟူ၍ မေမေသည် ဖြစ်သမျှကိုပြောလိုက် မေးသမျှကိုဖြေလိုက်နှင့် အစစ်ခံ၍သွား လေ၏။

မေမေသည် အစစ်ခံသည့်အထဲတွင် လိမ်လည်ချက်များစွာမပါဘဲ ဟုတ် မှန်သည့်အတိုင်းလိုလိုပင်ဖြစ်ရာ ရှေ့နေနှင့်ရေလာမြောင်းပေး မေးခွန်းထုတ်၍ဖြေ ဆိုသည့်စကားများမှာ မချစ်ဦးအပေါ်တွင် အပြစ်လေးနက်စရာ အချက်များပါရှိ လေ၏။

တရားသူကြီးမသည်လည်းမေး၏ ထွက်ချက်များကို သေချာစွာမှတ်သား ပြီးလျှင်တရားခံအား ထပ်မံ၍နားလည်စေရန် ဖတ်ပြလေ၏။ထို့နောက်ရဲ အမှုလိုက် ကိုစစ်ဆေးလေ၏။ အမှုလိုက်ရဲမသည် အမှုအကြောင်းနှင့်ပတ်သက်၍ ပထမ တိုင်ချက်ဖွင့်သည့်အချိန်မှ ဤအမှုရုံးသို့ရောက်သည့်တိုင်အောင်အစစ်ခံလေ၏။ တရားခံမချစ်ဦးနှင့်တရားလိုသက်သေမောင်ခင်သိန်းတို့ထံကဘာပစ္စည်းတွေတွေ့သလဲ ဟု တရားသူကြီးမကမေးလေ၏။တရားလို၏တိုင်ကြားချက်မှာ ပါသွားတဲ့ လက်ဝတ်လက်စားအားလုံးပြန်ပြီးရပါတယ်။ ဒီပစ္စည်းတွေကို အကုန်ချွတ်ပြီး

သက်သေ မကျော်တင့် ကအားလုံးထုတ်ပေးပါတယ်။ နောက်ပြီးတရားခံရဲ့ ပစ္စည်းထဲက ဓါးမြှောင်တစင်းတွေ့ရပါတယ်။ ဒီပစ္စည်းတွေအားလုံး ရုံးပေါ် မှာတင်ပြထားပါတယ် ဟုအမှုလိုက်ကထွက်ဆိုလေ၏။

ထို့နောက်ကျွန်တော့်ကို စစ်ဆေးတော့မည်ဖြစ်ရာ ကျွန်တော်၏နာမည်ကို ခေါ်လိုက်သည်နှင့်တပြိုင်နက် ဒူးတုန်ရင်တုန် ဘဝင်ခုန်လျက်ရှိနေသောကြောင့် သက်သေစစ်တန်းသို့ မနည်းအားပြု၍လျှောက်ခဲ့ရလေ၏။ကျမ်းထုပ် ကိုင်လိုက်ရသောအခါ ကျွန်တော့်မှာ အမှုလိုက်ရှတ်ဖတ်ပြသည့်အတိုင်း မှန်ရာကို အစစ်ခံပါမည်ဟူသောစကားများကို မဆိုဝံ့ဘဲရှိပေ၏။ အကြောင်းမူကား ကျွန်တော့်အားအဖေသင်ပေးထားသောစကားများမှာ ကျွန်တော့်အား ကျမ်းစူးစေတော့မည်ဖြစ်ပေ၏။ သို့ရာတွင် ကျွန်တော့်မှာ ကျမ်းမကျိန်ရန်လည်းမဖြစ်၊ နေးဖင့်နေ၍လည်းမရဘဲ ကျမ်းတိုင်သွားသည့်အတိုင်းလိုက်၍ဆိုလိုက်ရပြီးနောက် တစ်ခါတည်းဝမ်းနည်းစိတ်များပေါ် လာကာ၊ ဘာမှမထွက်ဆိုနိုင်တော့ဘဲ ငိုချလိုက်မိပေတော့၏။ တရုံးလုံးမှာ ကျွန်တော်၏အမူအရာကိုတွေ့မြင်အံ့ဩ နေကြလေ၏။ တီးတိုးစကားပြောသံများမှာလည်း ပွစိပွစိဖြစ်နေကြလေ၏။ သို့ရာတွင်ကျွန်တော့်မှာ ၎င်းတို့၏ကြည့်ကြခြင်းကိုလည်း ဂရုစိုက်၍မနေနိုင်ဘဲ တဖြိုင်ဖြိုင်မျက်ရည်ကျကာ တရှုံ့ရှုံ့ ငိုကြွေးမိလေတော့၏။
'ဟော့ သူငယ်၊ ရုံးခန်းထဲမှာ ဒီလိုမငိုရဘူး' ဟုတရားသူကြီးမကပြောသဖြင့် ကျွန်တော်က 'အမယ်လေး၊ ဒီလိုမငိုရရင် ဘယ်လိုငိုရမှာလဲ' ဟုပြောလိုက်ရာ တရုံးလုံးရယ်မောလိုက်ကြသံများကို ကြားရသောကြောင့် ကျွန်တော့်မှာ ဝမ်းနည်းရသည့်အထဲတွင် လှောင်ပြောင်ခြင်းခံရပြန်သည့်အတွက် ရှက်၍ မဆုံးနိုင်ဘဲရှိလေ၏။
'ဒီမှာနားထောင်ပါဦးသူငယ်ရဲ့၊ တရားစစ်ဆေးနေတဲ့အခါ၊ ငိုလားရယ်လား မလုပ်ရဘူး၊ ရုံးတော်ကိုမထီမဲ့မြင်ပြုလုပ်မှုနှင့်အရေးယူခံရလိမ့်မ ယ်' ဟုတရားသူကြီးမက ပြောတော့မှ ကျွန်တော့်မှာ အငိုတိတ်အောင် မျိုသိပ်ကြိတ်မှိတ်ထားရလေ၏။ ထို့နောက်ကျွန်တော့်အား အမျိုးအမည်စသည်တို့ကိုထွက်ဆိုစေပြီးလျှင် တရားသူကြီးမက 'ကဲ အမှုစတင်ပြီးဖြစ်ပွားတဲ့ညက ဘယ်လိုဖြစ်တယ်ဆိုတာ ပြောစမ်းပါဦး' ဟုပြောလိုက်ရာ ကျွန်တော့်မှာ အရေးကြီးသောထွက်ဆိုချက်ကို ပြုလုပ်ရတော့မည်ဖြစ်ရကား အကြပ်ရိုက်၍နေလေ၏။ဤနေရာတွင်ကျွန်တော့်မှာ မိဘဘက်ကိုလိုက်ရမည်လော၊ ချစ်သူဘက်ကိုလိုက်ရမည်လောဟူသောပြဿနာကြီးကို ဆုံးဖြတ်ရတော့မည်ဖြစ်ပေ၏။မိဘဘက်ကိုလိုက်လျှင် ချစ်သူမှာနစ်နာရတော့မည်။ ချစ်သူဘက်သို့လိုက်လျှင် မိဘတို့မှာအရှက်တကွဲအကျိုးနည်းဖြစ်ရတော့မည် ဖြစ်သောကြောင့်မိဘအချစ်နှင့်ရည်းစားအချစ်ကိုချိန်ခွင်တွင်တင်စက်ရတော့မည် ဖြစ်ပေတော့၏။

သို့ဖြစ်၍ကျွန်တော်သည် မိဘတို့၏မျက်နှာကို ကြည့်လိုက်ရာ ပြောလေပြောလိုက် တို့မှာထားသလိုပြောလိုက်ပါလား၊ ငယ်စဉ်တောင်ကျေးကလေးဘဝကစပြီး မှဲ့ခြင်ယင်သန်း မှ မကိုက်ရအောင်စောင့်ရှောက်ပိုက်ထွေး နို့ချိုကျွေးပြီးမွေးမြူလာခဲ့ရတဲ့ ကျေးဇူးတွေကိုထောက်ထားပြီး တို့ကိုသနားရင်တို့ပြောသလိုပြောလိုက် စကားတခွန်းနဲ့ ကျေးဇူးတွေကို ကျေးမစွပ်ပါနဲ့ခင်ရယ် ဟုပြောကြားနေသကဲ့သို့ထင်နေရပေတော့၏။

တဖက်သို့လှည့်လိုက်သောအခါ သနားဖွယ်ရာ ညှိုးငယ်စွာသောအမူအရာဖြင့် ကျွန်တော့်အား အသနားခံနေသကဲ့သို့ အားကိုးအားထားပြုကာ ကြည့်နေသော မချစ်ဦး၏ မျက်နှာကိုမြင်လိုက်ရသောအခါ စောစောက မိဘတို့မျက်နှာကို တွေ့မြင်ရစဉ်ကဖြစ်ပေါ် လာသောစိတ်များသည် အားလုံးပျောက်ပျက်သွားလေတော့၏။ မချစ်ဦး၏ မျက်နှာကိုကြည့်လိုက်ရသည်တွင် ခင်ရယ် ... ချစ်ချစ်ကို မရက်စက်ပါနဲ့နော် ခင်အရင်ပြောတဲ့စကားတွေကို မမေ့ပါနဲ့၊ တကယ်လို့ ချစ်ချစ်အပေါ် မှာ မချစ်နိုင်တော့ပါဘူးလို့ ဆိုပါဦးတော့ ချစ်ချစ်ဝမ်းထဲမှာကိန်းအောင်းနေတဲ့ ခင့်သွေးသားကိုထောက်ထားပါဦးခင်ရဲ့ စသည်ဖြင့်ပြောလိုက်ဘိသကဲ့သို့ထင်ရပေ၏။ ထိုသို့ကြည့်နေသည်ကို တရားသူကြီးမကကြည့်ကာ 'ဟေ့ သူငယ် ဘယ်ကိုမှ မကြည့်နဲ့၊ ဘယ်သူ့မျက်နှာကိုမှမကြည့်ရဘူး၊ ရုံးတော်ကိုကြည့်ပါ၊ သူငယ်စိတ်မှာ ရှိတဲ့အတိုင်း ဟုတ်တိုင်းမှန်ရာတွေကိုအစစ်ခံပါ။ မတရားအစစ်ခံရင် ရုံးတော်က အရေးယူနိုင်တယ်' ဟုသတိပေးသဖြင့် ကျွန်တော့်မှာ ဘယ်ကိုမှမကြည့်ရဲတော့ဘဲ ခေါင်းငုံ့ကာ စဉ်းစား၍နေမိပြန်လေ၏။

ကျွန်တော့်မှာ ကျမ်းကျိန်ဆိုပြီးဖြစ်ခဲ့ပေပြီ၊ အလွန်တရာမွန်မြတ်သော ဘာသာတရားကြီးကို အရင်းခံပြု၍ထားသော ကိစ္စဖြစ်လေရာ ကျမ်းကိုချိုးဖောက်ခြင်းဖြင့် ကျွန်တော်၏ ကိုးကွယ်ရာဖြစ်သော ဘာသာတရားကြီးကို အလေးဂရုမပြုဘဲ ဖျက်ဆီးချိုးဖဲ့ခြင်းသို့ ရောက်တော့မည်ဖြစ်သည့်အပြင် ကျမ်းစူးခံရတော့မည်ဖြစ်ပေ၏။ ကျမ်းစူး၍အပယ်ငရဲကျခံရမည့် အခြားသောဘဝမှဖြစ်ရမည့်ကိစ္စဖြစ်၍ ယခုဘဝတွင်ပူပင်စရာမဟုတ်သော်လည်း ကျမ်းကိုချိုးဖောက်ကာ မိဘများ၏ နားချစကားအတိုင်းထွက်ဆိုခဲ့သော် လတ်တလောကျမ်းစူးခံရမည့်အဖြစ်မျိုးမှာ အသက်တမျှ ချစ်လှစွာသော မချစ်ဦးတည်းဟူသော ရည်းစားထက်ကြီးမားသော အချစ်ဖြင့် ချစ်ခဲ့သူနှင့် ကွဲကွာရမည့် ဒုက္ခကြီးပင်ဖြစ်ပေတော့၏။

သို့ရာတွင် မြင့်မိုရ်တောင်ဦးမကကျူးသည့် ကျေးဇူးရှင်မိဘနှစ်ပါး၏ ကျေးဇူးများကို ကျွန်တော်သည် ကျွန်တော်၏ကိုယ်ပိုင်စိတ်ဝိညာဉ် ကိုအနစ်နာခံကာ ကျေးဇူးမဆပ်နိုင်အံ့လော၊ မိဘအတွက်အခြားဘဝ၌ အပယ်ငရဲခံရခြင်းဖြင့် အနစ်နာခံကာ ကျေးဇူးမဆပ်နိုင်သလော ချစ်သူကိုစွန့်ခြင်းဖြင့် မိဘ၏အလို လိုက်နိုင်ပါသလော ဟုတွေးတောခြင်းများပေါ် လာပြန်လေ၏။ သို့ရာတွင်ဆက်လက် စဉ်းစားပြန်သော် ထိုသို့အနစ်နာခံခြင်းဖြင့် ကျွန်တော်သည် မိဘကျေးဇူးကို

ဆပ်ရာရောက်မည်လော ဟူသော ပြဿနာကြီးသည်ပေါ်လာပြန်လေတော့၏။ ထိုအခိုက်တွင် တရားသူကြီးမက ကျွန်တော့်အား ထပ်မံ၍သတိပေးပြန်ရာကျွန်တော့်မှာ ကြာကြာစဉ်းစားဘို့အချိန်မရတော့ဘဲ မိဘနှင့်လင်မိန်းမ ဘယ်သူ့ကို ချစ်သလဲ ဟူသောအချက်ကို ဆုံးဖြတ်၍ ထွက်ဆိုဘို့ နှလုံးပြုလိုက်ရလေတော့၏။

ထိုသို့မည်သူ့အပေါ်တွင် အချစ်ကြီးကြောင်း ကိုဆုံးဖြတ်ရမည့် ကိစ္စတွင် ကျွန်တော်၏ အချစ်ဖြင့်ချိန်စက်ခြင်း မပြုနိုင်ဘဲ ကျွန်တော့်အပေါ်တွင် ရည်းစား နှင့် မိဘတို့ကထားရှိသောအချစ်၏ အလေးအပေါ့ကို ဆုံးဖြတ်မှထင်ရှားနိုင်ပေ တော့သည်ကို စဉ်းစားမိပေ၏။

မိဘတို့သည် သားသမီးကို မုန်းရိုးမရှိဟုဆိုခဲ့ကြသည့်စကားကို ထောက်သော် အဘယ်မိဘမျှ သားသမီးကိုမမုန်းကြ၊ မမုန်းလျှင်ချစ်ကြသည်သာတည်း၊ သို့ဖြစ်၍ ကျွန်တော်၏ ဖေဖေ မေမေ တို့သည်ကျွန်တော့်အပေါ် ၌ချစ်ကြမည်မှာမလွဲပေ။ သို့ရာတွင် ကျွန်တော်တွေးမိပြန်သော အချက်တစ်ရပ်မှာ ဤကိစ္စတွင် ကျွန်တော်၏ မိဘတို့သည် ကျွန်တော့်အပေါ် ၌ မေတ္တာမထားကြ၊ သနားညှာတာခြင်းမရှိကြ၊ ကိုယ်ချင်းမစာနာကြလို့ဖြစ်ကြ၍သာ ကျွန်တော့်အား ချစ်သူနှင့် ရက်စက်စွာ ကွာ ရှင်းစေသည့်အပြင် သူတို့ အလိုပြည့်ရုံလေးမျှ မဟုတ်မမှန်ထွက်ဆိုစေ၍ သားဖြစ် သူကို ကျမ်းစူးစေလေသည်မှာ ဤအပြုအမူသည် မိဘတို့၏ချစ်ခြင်းပေလော၊ သား ဖြစ်သူ စိတ်ဆင်းရဲခြင်းကိုကြည့်ရက်သည်မှာ ဖေဖေတို့၏ချစ်ခြင်းလော၊ ဖေဖေ မေမေ တို့သည်ကျွန်တော့်အား မချစ်ကြမသနားကြပေတကား ဟုတွေးတောမိခြင်း ကို ဖြစ်လေတော့သတည်း။ မချစ်ဦးကား ကျွန်တော့်အပေါ် တွင် အသက်ပေး၍ ချစ်ခဲ့တော့၏။ အကယ်၍ကျွန်တော်သည် ကိုယ်လွတ်ရုန်း၍ပြေးမည်ဆိုပါက အရှက်တကွဲ အကျိုးနည်းရှိရတော့မည်ကိုပင် နစ်နာလျှင်နစ်နာစေလေတော့ဟု ကိုယ်ကိုအနစ်နာခံကာ တကိုယ်လုံးပုံ၍ချစ်ခဲ့တော့၏ ဟူ၍မျှတွေးတော၍မဆုံး မှီ တရားသူကြီးမက 'ကဲ … ပြောလေ၊ ဘယ်လိုဖြစ်ကြတာတုန်း၊ မင်းတို့နှစ်ယောက် ဟာ သဘောတူလို့လိုက်ပြေးကြတာလား၊ အတင်းခေါ် လို့ပါသွားတာလား' ဟု မေးလိုက်ရာ 'ကျွန်တော်တို့နှစ်ယောက် သဘောတူခိုးရာလိုက်ပြေးတာပါ၊ ကျွန်တော် တို့ သမီးရည်းစားဖြစ်နေတာကြာပါပြီ' ဟူ၍ ကျွန်တော်၏ စိတ်ထဲတွင်ရှိသမျှတို့ သည် လွတ်ကနဲထွက်သွားလေ၏။

ထိုသို့ရုတ်တရက်ထွက်လိုက်သောစကားများကို တရုံးလုံးကြားကြရသော အခါ 'ဟာ' ဟူသော အံ့ဩထွက်ဆိုသောအသံကြီးသည်ဖြစ်ပေါ်သွားလေတော့၏။ ကျွန်တော့်မှာ ထိုသို့ထွက်ဆိုလိုက်ခြင်းအားဖြင့် ဖေဖေ မေမေတို့၏မျက်နှာတွင် မည်သို့ပြောင်းလဲသွားသည်ကိုမကြည့်ရဲပေ၊ ခေါင်းငုံ့၍နေလိုက်မိလေ၏။

'ဟေ့သူငယ် သတိထားပြီးပြောနော်၊ မင်းတို့ပြောတာတွေ မင်းတို့သတိရှိရဲ့လား၊ ပြောပြီးရင်ပြင်လို့မရဘူးနော်'

'မှန်ပါ၊ ကျွန်တော်တို့ နှစ်ဦးသဘောတူလိုက်ပြေးတာ အမှန်ပါပဲ၊ ကျွန်တော်တို့

ချစ်ကြိုက်နေတာကြာပါပြီ။ အရင်ကတည်းကပဲ၊ ကျွန်တော်ကိုယ်တိုင်က ခိုးဖို့ပြောတာကြာပါပြီ၊ အဲဒီနေ့ ကျတော့မှ ကျွန်တော်တို့နှစ်ယောက် ချိန်းပြီးတွေ့ကြတဲ့အခါမှာ' ဟူ၍အစချီကာ ဖြစ်ပျက်သမျှ အလုံးစုံကို တစမကြွင်းအစစ်ခံလိုက်လေတော့သတည်း။

ဤသို့ထွက်ဆိုလိုက်ခြင်းအားဖြင့် တစ်ရုံးလုံးအံ့ဩသွားကြလေ၏။ သတင်းထောက်တို့မှာလည်း ကျွန်တော် ထွက်ဆိုသမျှတို့ကို အထူးနားစိုက်ထောင်ကာ စကားတခွန်းမှ လွတ်၍ထွက်မသွားကြရအောင်ကြိုးစားရေးသားနေသည်ကို တွေ့ရလေ၏။ ကျွန်တော်လည်း အစစ်ခံပြီးသည်နှင့်တပြိုင်နက် သက်သေစစ်တန်းမှ အထွက်တွင် ဖေဖေ မေမေ တို့အနားသို့မကပ်ရဲသောကြောင့် တရားသူကြီးမက ကျွန်တော်အား ရှေ့နေစားပွဲတွင် နေထိုင်ခွင့်ပေးလေ၏။

ကျွန်တော်ထွက်ဆိုလိုက်သောစကားများမှာ မချစ်ဦး၏ ချမ်းသာလွတ်လပ်ရာအတွက်လုံလောက်ပြီဟု ထင်မြင်မိတော့၏။ နောက်တွင် ဆရာဝန်မကြီးနှင့် ကျွန်တော်ထွက်ခဲ့သောကျောင်းမှ ဆရာမကြီးကိုစစ်ဆေးလေ၏။ ဆရာဝန်၏ထွက်ဆိုချက်တွင် ကျွန်တော်၏ရှက်ဖွယ်ရာကောင်းသော အကြောင်းအရာများပါရှိလေရာ ....။ အပြင်ကလူများနားမထောင်စေရန် တံခါးကိုပိတ်၍စစ်ဆေးရလေ၏။ ဆရာဝန်မကြီး၏ထွက်ဆိုချက်များကို ကြားရသောအခါ ကျွန်တော့် မှာ အလွန်ရှက်လှသော်လည်း အရေးကြီးသော ထွက်ချက်တစ်ခုဖြစ်သော မောင်ခင်သိန်းကိုစစ်ဆေးရာတွင် သက်တန်းစေ့ပြီးဖြစ်သည်ကို ၁ကားရသောအခါ ကျွန်တော့်မှာ ကျေးဇူးတင်ရတော့မည်သို့ရှိပေတော့၏။ ကျောင်းဆရာမကြီးကိုစစ်ဆေးရာတွင် ကျောင်းမှတ်ပုံတင်စာရင်းအရ ကျွန်တော်၏ အသက်မှာ ဆယ့်ရှစ်နှစ်ပြည့်ပြီးဖြစ်သည်ကို ထွက်ဆိုပြန်သောကြောင့် ကျွန်တော်၏ သက်တန်းစေ့ပြီဖြစ်ခြင်းမှာ ပယ်ဖျက်၍မရနိုင်ဘဲရှိကာ မချစ်ဦးအတွက် ပိုမို၍ အထောက်အခံကောင်းပေတော့၏။ထိုအခိုက်တွင် တရားသူကြီးမက တစုံတရာပြောလိုက်ရာ တရုံးလုံးအံ့အားသင့်လျက် ငြိမ်သက်စွာနားစိုက်နေကြလေ၏။

'ဤအမှုတွင် ဆရာဝန်မကြီးနှင့် ကျောင်းဆရာမကြီးတို့၏ ပူးပေါင်းထွက်ဆိုချက်အရ မောင်ခင်သိန်းမှာ အရွယ်ရောက်ပြီးဖြစ်ကြောင်း ထင်ရှားနေသည့်ပြင်၊ မောင်ခင်သိန်း ကိုယ်တိုင်ထွက်ချက်အရ မောင်ခင်သိန်းနှင့် တရားခံမချစ်ဦးတို့မှာ နှစ်ဦးသဘောတူခိုးပြေးခြင်း အမှန်ပင်ဖြစ်သည့်အတွက် ဤအမှုနှင့်ပတ်သက်၍ မချစ်ဦးနှင့်တကွ အခြားသော တရားခံများကိုပါ စစ်ဆေးရန်မလို ၊ ဤအမှုမှာလည်းစွဲချက်မတင်ထိုက်သောကြောင့် မချစ်ဦးနှင့် အခြားတရားခံများကို တရားရှင်လွှတ်လိုက်သည်' ဟု အမိန့်ချလိုက်သည်နှင့် တပြိုင်နက်တရုံးလုံးလှုပ်လှုပ်ရွရွဖြစ်သွားလေ၏။

တရားသူကြီးမက တဖန် 'မချစ်ဦးအားသွားလိုရာ သွားနိုင်ပြီ' ဟုခွင့်ပြုလိုက်သည်နှင့်တပြိုင်နက် ကျွန်တော့်မှာ မချစ်ဦးအားပြေး၍ အားရပါးရ ဖက်လိုက်မိရာ တရုံးလုံး 'ဟာ ... ဟယ် ... ဟော' ဟူသောအသံများဖြစ်ပွားလျက် ကျွန်တော်တို့၏ ဖြစ်ပျက်ပုံကို ရုပ်ရှင်သဖွယ်ကြည့်နေကြ၏။ ထိုအတွင်းဝယ် ကျွန်တော်၏

နောက်နားမှ ရုတ်ရုတ် ရက်ရက် ဖြစ်သွားသော အသံကို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ဖေဖေ နှင့်မေမေ တို့သည် ကျွန်တော့်အားဆွဲ ထားကြရန်လာကြသည်ကို တွေ့ရသောကြောင့် ကျွန်တော်သည် မချစ်ဦးအား အတင်းဖက်ထားမိလေ၏။ ထိုအခါတွင်မှ ကျွန်တော့်မှာ တဖက်က ဖေဖေ မေမေတို့ကဆွဲ၊ တဖက်က မချစ်ဦးကဆွဲလျက်ရှိနေရာ ရယ်သူများကရယ်၊ အာရုံစိုက်၍ကြည့်သူများကကြည့် သတင်းထောက်များကလည်း သတင်းထူးကြီးတစ်ခုရကာ ကျေနပ်စွာကြည့်နေကြရာ တရားသူကြီးမက မိမိဆုံးဖြတ်ပေးမည်ဟု ဆိုလိုက်မှငြိမ်သက်၍သွားကြလေတော့၏။

တရားသူကြီးမသည် မချစ်ဦးအားကြည့်ကာ 'ညီး မေတ္တာရှိလို့ခိုးပြေးတာမဟုတ်လား' ဟုမေးလေ၏။

'မေတ္တာ ရှိုးရှိုးတွင်မကပါဘူး၊ မေတ္တာအစိုင်အခဲကြီးဝမ်းထဲမှာ ရှိနေလို့ ခိုးပြေးပါတယ် ... သူကလည်းမေတ္တာရှိလို့လိုက်လာတာပါပဲ'

'အခုလည်း မေတ္တာရှိသေးရဲ့လား၊ မေတ္တာကုန်ပလား'

'မေတ္တာရှိသေးရုံမက မေတ္တာ အစိုင်အခဲကြီးတနေ့ထက်တနေ့ ကြီးကြီးလာပါတယ်' ဟုပြောလိုက်ရာ တရားသူကြီးမလည်းပြုံး၍နေပြီးလျှင်ကျွန်တော့်ဘက်သို့လှည့်လေ၏။

'မင်းကလည်း မေတ္တာဘယ်လောက်ရှိတယ်ဆိုတာ အခုဖြစ်ပုံကိုသာကြည့်ပါတော့၊ မင်းချစ်သူနဲ့ မိဘ ဘယ်သူ့နောက်လိုက်မလဲ'

'ကျွန်တော့်ချစ်သူ မချစ်ဦး အခုတော့ ကျွန်တော့်လင်ပါပဲ သူ့နောက်ကို လိုက်ပါ့မယ်' ဟုပြောလိုက်သည်တွင် တရားသူကြီးမလည်း ကျွန်တော်၏ ဖေဖေ မေမေ နှင့်တကွ မချစ်ဦး ဖေဖေ မေမေ တို့အား ...

'ကဲ ... ကဲ ခလေးချင်းမေတ္တာရှိနေတာ အထင်အရှားမြင်ကြတဲ့အတိုင်းပါပဲ၊ သူတို့မေတ္တာကိုလည်း မဖျက်ကြပါနဲ့တော့၊ အိမ်ထောင်မှုဆိုတာလဲ ကာယကံရှင်နှစ်ဦးချစ်ကြည်နူးမှု အထူးခိုင်မြဲနိုင်တဲ့အတွက် ရုံးတော်ကပဲ အောင်သွယ်ပေးလိုက်ပါရစေတော့၊ နေ့ကောင်းရက်သာရွေးပြီးတောင်းရမ်းပေးစားလိုက်ကြပါ' ဘာမှမပြောဘဲ ခေါင်းညိတ်ကာ ငုံ့၍နာခံနေကြ၏။

ထိုအခါကျမှ တရားသူကြီးမသည် ပြုံးလျက် ကျွန်တော်တို့အားကြည့်ပြီးလျှင် 'ကဲ ... မင်းတို့ချစ်သူမောင်နှံနှစ်ဦးလည်းသွားလိုရာသွားနိုင်ကြပြီ' ဟုပြောလိုက်ရာကျွန်တော်တို့နှစ်ယောက်မှာ တယောက်မျက်နှာတယောက် အားရပြုံးရွှင်စွာ ကြည့်နေကြပြီး မချစ်ဦးက ကျွန်တော်၏ခါးကလေးကိုပွေ့ဖက်လိုက်ရာ ကျွန်တော်လည်း ကျွန်တော်၏ချစ်သူရင်ခွင်တွင် ပုံ့ပုံ့ကလေးခွေဝင်ကာ တူနှစ်ဖြာယှဉ်တွဲပြီး ရုံးထဲမှ ထွက်ခဲ့ကြလေတော့သတည်း။ ။

* * * * * * * *

# ပြီးပါပြီ